# အညာဝါစိုးမိုး

## ပန်းပန်မှ နန်းဆန်တော့သည်





# ပန်းပန်မှ နန်းဆန်တော့သည်

အဏ္ဏဝါစိုးမိုး

ပုံနှိပ်မှတ်တမ်း
ပန်းပန်မှနန်းဆန်တော့သည်
အင်္ကာဝါစိုးမိုး

စာမူခွင့်ပြုချက် [ ၅၀၁၈၅၄၁၁၀၈ ]
မျက်နှာဖုံးခွင့်ပြုချက် [ ၅၀၁၆၁၄၁၁၀၈ ]

အကြိမ် - ဒုတိယအကြိမ် ၂၀၀၉-ခုနှစ်
အုပ်ရေ [ ၅၀၀ ]
တန်ဖိုး [ ၂၅၀၀ ]

မျက်နှာဖုံး၊ ပန်းချီဒီဇိုင်း
မောင်မောင်သိုက်

ကွန်ပျူတာစာစီ၊ စာမျက်နှာဖွဲ့ - စိုးလွင် (usoelwin.allstar@gmail.com)

ဖလင် - ကိုဦးနှင့်ညီများ
စာအုပ်ချုပ် - ကိုမြင့်

ထုတ်ဝေသူ - ဦးစိုးမြင့် (အင်္ကာဝါစာပေ)၊ အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊
၁၆/၃ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးကျော်ဌေး၊ ရွှေဖင်ကျော်ပုံနှိပ်တိုက်၊
၄၆၇၊ အင်းတော်လမ်း၊ ၆၄-ရပ်ကွက်၊ စက်မှုဇုန်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။

# ရှာမရှားလှသော မုဒိတာပွားစရာ

# ဝတ္ထုကောင်းတစ်ပုဒ်

## (၁)

ငယ်စဉ်ကာလ စာဖတ်ဝါသနာပါခဲ့စဉ်မှစ၍ အမျိုးမျိုး အစားစားသော ဝတ္ထုများနှင့် အကြောင်းအရာ အဖုံဖုံတို့ဖြင့် ဖန်တီး ဖွဲ့စည်းထားသော ဝတ္ထုမျိုးစုံတို့ကို ဖတ်ရှုလာခဲ့သည်မှာ များလှပြီ ဖြစ်သည်။ အသက်အရွယ်နှင့် အရေအတွက်အားဖြင့် မမှတ်သားမိလောက်အောင်ပင် ရှိခဲ့ပြီဖြစ်သည်။

သို့သော် ထိုစဉ်က အရေအတွက်အားဖြင့် များပြားသလောက် အမျိုးအစား ရွေးချယ်မနေဘဲ ဝတ္ထုမှန်သမျှ ဆွဲယူဖတ်ရှုခဲ့သည်။ ကြိုက်သည်လည်းရှိ၊ မကြိုက်သည်လည်းရှိ၊ နစ်သက်သည်လည်းရှိ၊ စာဖတ်ဝါသနာပါသည့် တစ်ခုတည်းသော အကြောင်းဖြင့်သာလျှင် ဖတ်ရှုခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင်မူ ဝတ္ထုအမျိုးအစားကို ရွေးချယ်၍ ဖတ်လာခဲ့သလို ဝတ္ထုအကြောင်းအရာကိုလည်း စီစစ်သိရှိလာခဲ့သည်။ ဝတ္ထုအကြောင်းအရာ အမျိုးအစားကလည်း များလှသည်။ အချစ်ဝတ္ထု၊ စွန့်စားခန်းဝတ္ထု၊ သည်းထိပ်ရင်ဖိုဝတ္ထု၊ စုံထောက်ဝတ္ထု၊ အိမ်ထောင်ရေးဝတ္ထု၊ ဘဝပညာပေးဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထု၊ ဘဝသရုပ်မှန်ဝတ္ထု၊ ဘာသာပြန်ဝတ္ထု စသည်ဖြင့် အမျိုးအစား များပြားသလောက် အကြောင်းအရာ အားဖြင့်လည်း စုံလင်လှသည်။

ယခု မိမိကိုယ်တိုင်က စာပေဖြင့် အသက်မွေးဝမ်းကြောင်း နေရသည့် စာရေးဆရာတစ်ယောက် ဖြစ်လာသောအခါ ဝတ္ထုအမျိုးအစား၊ အကြောင်းအရာ စုံလင်များပြားသလောက်

ယင်းဝတ္ထုများကို ဦးနောက်ကစား၍ ဖန်တီးရေးသား နေကြသည့် စာရေးဆရာများ၏ အရေအတွက် မှာလည်း ရိုက်သတ်၍ မကုန်နိုင်လောက်အောင် များပြားလှသည်ကို တအံ့တသြ တွေ့နေရသည့် ဝန်ထမ်းစာရေးဆရာများ၊ ကျောင်းသားကျောင်းသူ စာရေးနေကြသူများ၊ ကျောင်းဆရာ၊ ကျောင်းဆရာမဘဝဖြင့် စာရေးနေကြသူများ၊ တက္ကသိုလ်ပါမောက္ခအဖြစ် စာရေးနေကြသူများ၊ အမျိုးသား၊ အမျိုးသမီး ဒေါက်တာ စာရေးဆရာ ဆရာမများ၊ စစ်ဗိုလ်စစ်သား စာရေးဆရာများ စသည့် ဆရာများအပြင် ယခုနောက်ဆုံး ရှားရှားပါးပါး ဖတ်နေကြရသည်မှာ သင်္ဘောသား စာရေးဆရာများဟူ၍ ဖြစ်သည်။

(၂)

ကမ္ဘာ့စာပေ လောကတွင် သင်္ဘောသား စာရေးဆရာဟူ၍ ပေါ်ပေါက်လာခဲ့သည်မှာ ရာစုနှစ်တစ်စုမျှပင် ရှိခဲ့ပြီဖြစ်၍ သင်္ဘောသား ဘဝဖြင့် ရေးသားခဲ့သည့် ဂျက်လန်ဒန်၏ ဝတ္ထုများသည် ယနေ့ထိ ထင်ပေါ်ကျော်ကြား နေခဲ့သလို (MOBY DICK) ကဲ့သို့သော ဝတ္ထုကြီးများမှာလည်း ဂန္ထဝင် သင်္ဘောသား ဝတ္ထုကြီးအဖြစ် ကမ္ဘာ့စာပေတွင် ယနေ့ထက်တိုင် အသိအမှတ် ပြုနေကြရဆဲ ဖြစ်သည်။

သို့သော် ဤနေရာတွင် မြန်မာနိုင်ငံ၌ သင်္ဘောသား စာရေးဆရာဟု ရေတွက်ရန် လက်ငါးချောင်း မပြည့်အောင်ပင် ရှားလှသည်။ သင်္ဘောသား အတွေ့အကြုံများကို ဝတ္ထု ဇာတ်ကြောင်း ဖွဲ့၍ ဖန်တီး ရေးသားခဲ့ကြသည့် စာရေးဆရာများ မရှိမဟုတ်၊ ရှိခဲ့ကြဖူးသည်။ ရေးခဲ့ကြဖူးသည်။ သို့သော် အကြောင်းအမျိုးမျိုးကို အကြောင်းပြု၍ စာဖတ်သူများက အသိအမှတ် ပြုခြင်း မခံမီမှာပင် တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ် သွားခဲ့ကြသည်။

သည်အထဲတွင် ရှားရှားပါးပါး ယနေ့ထိ သင်္ဘောသား စာရေးဆရာဟူ၍ စာဖတ်သူများက စိုက်လိုက်မတ်တတ် အသိအမှတ် ပြုခြင်းခံရသည်အထိ စွဲစွဲမြဲမြဲ ဖွဲ့နပဲဖြင့် ရေးသားနေသည့် သင်္ဘောသား စာရေးဆရာ တစ်ယောက် ရှိနေခဲ့သည်။ ထိုစာရေးဆရာမှာ ယခုမှ စာဖတ်သူ လက်ထဲတွင် ရောက်ရှိနေသည့် 'ပန်းပန်မှ နန်းဆန်တော့သည်' ဝတ္ထုကို ရေးသားသည့် စာရေးဆရာ အဏ္ဏဝါစိုးမိုးပင် ဖြစ်သည်။

အဏ္ဏဝါစိုးမိုးကို လူချင်း တွေ့ဆုံရင်းနှီးခြင်း မရှိမီကပင် သူ့ဝတ္ထုတိုကလေးများကို တစ်ပုဒ်စ၊ နှစ်ပုဒ်စ၊ အမှတ်မထင် ဖတ်ခဲ့ရဖူးသည်။ ထိုစဉ်က သူရေးခဲ့သည့် ဝတ္ထုတိုကလေးများမှာ ဟာသ ဝတ္ထုလေးများ ဖြစ်သည့်ပြင် အဏ္ဏဝါစိုးမိုးဆိုသော ကလောင်အမည်အရ သင်္ဘောသား တစ်ယောက် ဖြစ်ရမည်ဟု သတ်မှတ်ခဲ့ မိသည်။ ဤအတောအတွင်း လုံမလေး မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရစဉ်က သူ့ဝတ္ထုတိုလေး တစ်ပုဒ်ကို မှတ်မှတ်ရရ ဖတ်လိုက်မိသည်။ ထိုဝတ္ထုတို ကလေးကို လုံမလေး အယ်ဒီတာ မမများက တည်းဖြတ်သုတ်သင် ပြင်ဆင်၍ မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ နောင် သုံးလေးနှစ်ခန့်ကြာ၍ လူချင်းရင်းနှီးတော့မှ ထိုဝတ္ထုတိုကလေး အကြောင်းကို သူက ပြန်ပြောပြ၍ ရယ်ရသေးသည်။

"တကယ်တော့ အဲဒီဝတ္ထုကို ကျွန်တော်က ဟာသဝတ္ထုအနေနဲ့ ရေးလိုက်တာဆရာရဲ့၊ ဒါပေမဲ့ လုံမလေး အယ်ဒီတာတွေက ဖြတ်တောက် ပြင်ဆင်လိုက်တော့ ဟာသဝတ္ထု မဟုတ်တော့ဘဲ အလွမ်းဝတ္ထု ဖြစ်သွားလို့ ကျွန်တော့်မှာ ကိုယ့်ဟာသဝတ္ထုကို ပြန်ဖတ်ပြီး ရယ်ရသေးတယ်" ဟု သူက ပြန်ပြောပြသည်။ မြန်မာ့ရေပြင်တွင် ဖြတ်သန်းနေသော သင်္ဘောပေါ်တွင် နားပြီး၊ လိုက်ပါလာသော မြန်မာစင်ရော်မလေး တစ်ကောင်နှင့် အာဖရိကမှ စင်ရော်အဖိုကလေး တစ်ကောင်တို့၏ အချစ်ဇာတ်လမ်းပင် ဖြစ်သည်။ ဝတ္ထုအမည်မှာ 'ချောင်းကိုပစ်တဲ့ သမီးငယ်' ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ ဟာသဝတ္ထုအဖြစ်မှ အလွမ်းဝတ္ထု ဖြစ်သွားသော လုံမလေး မဂ္ဂဇင်းမှ ယင်းဝတ္ထုလေးမှာ ဖတ်မိသူတိုင်း ကြိုက်နှစ်သက်ခဲ့ ကြသည်ကိုတော့ ကျွန်တော် ကောင်းကောင်း မှတ်မိနေခဲ့သည်။

အဏ္ဏဝါစိုးမိုးသည် သင်္ဘောသားအဖြစ် ကမ္ဘာပတ်ရင်း သင်္ဘောပေါ်တွင် အချိန်ရသမျှ စာရေးခဲ့သူ ဖြစ်သည်။ သို့သော် ရန်ကုန်မှ လစဉ်ထုတ် မဂ္ဂဇင်းတိုက်များသို့လည်း မရောက်ဖူး၊ အယ်ဒီတာ ဆိုသူများနှင့်လည်း ရင်းနှီးကျွမ်းဝင်ခြင်း မရှိ၊ ဝါသနာအလျောက် သင်္ဘောပေါ်တွင် အချိန်ရသလောက် စာရေး၍ မြန်မာပြည် ပြန်ရောက်မှ မဂ္ဂဇင်းတိုက်များသို့ စာတိုက်မှဖြစ်စေ၊ လူကြုံဖြင့်ဖြစ်စေ ပေးပို့လေ့ရှိသည်ဟု သိရသည်။

သို့ဖြင့် သူရေးထားသမျှ ဝတ္ထုတိုဆယ့်လေးငါးပုဒ်ကို လစဉ်ထုတ် မဂ္ဂဇင်းတိုက်များသို့ 'ကိုယ့်စရိတ် ကိုယ်စားပြီး၊ ဘကြီးနွား အလကားကျောင်းရင်း' ကျွန်တော်က ပေးပို့ခဲ့ရသည်။ အယ်ဒီတာ အချို့နှင့်လည်း မိတ်ဆက်ပေးခဲ့ရသည်။ ထိုသို့ ကျွန်တော်လိုက်ပို့ ပေးခဲ့ရသည့် ဝတ္ထုတိုကလေးများထဲတွင် ဟာသ ဝတ္ထုတိုကလေး တစ်ပုဒ်မှာ ကျွန်တော့်အတွက် တစ်သက်

မမေ့နိုင်စရာ ဟာသမြောက်လှသည်ကို ကျွန်တော် မှတ်မိနေခဲ့သည်။ ဇာတ်လမ်းအချုပ်မှာ မြန်မာသင်္ဘောသား တစ်စုသည် တောင်အမေရိကတိုက်က မြို့ကြီးတစ်မြို့သို့ သင်္ဘောဆိုက်ကပ်၍ လျှောက်လည်ကြသည်။ ဤတွင် တစ်ညတည်းဖြင့် ဒေါ်လာတွေ အတော်များများ ကုန်သွားသဖြင့် အဏ္ဏဝါစိုးမိုးမှာ နမြော၍မဆုံးဘဲ  နောက်တစ်နေ့တွင် ဘယ်မှထွက်မလည်တော့ဟု ဆုံးဖြတ်လိုက်သည်။ ဤတွင် သူ့သင်္ဘောမှ  မာလိန်မှူးမှာ ဂရိလူမျိုးဖြစ်၍ ထိုမြို့တွင် (အေသင့်နာ့စ်) အမည်ဖြင့် နိုက်ကလပ်ဖွင့်ထားသော အမျိုးသမီးတစ်ဦးမှာလည်း ဂရိလူမျိုးဖြစ်နေ၍ ညနေဘက်တွင် သူတို့နိုက်ကလပ်သို့ ဖိတ်ကြားခဲ့ရာ အဏ္ဏဝါစိုးမိုးမှာ သူ့အထက်အရာရှိ မာလိန်မှူး၏ အမိန့်အရ မလိုက်ချင်ဘဲ လိုက်သွားခဲ့ရသည်။ သွားခါနီးတွင် နိုက်ကလပ်ပိုင်ရှင် အမျိုးသမီးကြီးက သူတို့နိုက်ကလပ်တွင် ဒစ္စကိုအကများ ရှိသဖြင့် နိုက်ကလပ်နှင့် သင့်တော်မည့် မြန်မာသီချင်းတိတ်ခွေကောင်းကောင်းရှိလျှင် ယူခဲ့ပါဟု မှာသွားသည်။

ထိုဝတ္ထုတိုကလေးကို 'အာဂျင်းတီးနားမှ ကြေးစည်သံ' အမည်ဖြင့် သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်းအထူးထုတ် အမှတ်(၆)၊ ဇန်နဝါရီလ ၁၉၉၆ တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

(၃)

ကျွန်တော် အပါအဝင် စာဖတ်သူအများစုက ဟာသ စာရေးဆရာဟူ၍ မှတ်ယူထားသော အဏ္ဏဝါစိုးမိုး၏ ပထမဆုံး လုံးချင်း ဝတ္ထုဖြစ်သည့် 'ပန်းပန်မှနန်းဆန်တော့သည်' ဟူသော ဤဝတ္ထုကို ဖတ်ကြည့် လိုက်သောအခါ ကျွန်တော့်မှာ အကြီးအကျယ် မျက်လုံးပြူးသွားခဲ့ရသည်။ အမှန်စင်စစ် အဏ္ဏဝါစိုးမိုးသည် ဟာသစာရေးဆရာဟု ဆိုသော်လည်း ဘဝသရုပ်ဖော် ဝတ္ထုများ၊ သင်ခန်းစာပေး၊ ပညာပေး ဝတ္ထုများ ရေးရာတွင်လည်း ပီပီပြင်ပြင် ရေးနိုင်သည့် စာရေးဆရာတစ်ဦး ဖြစ်သည်။ မကောင်းမှု ဒုစရိုက်များဖြင့် ကြီးပွားချမ်းသာ၍ တစ်ရွာလုံးက ရွံရှာမုန်းတီးနေသော ရွာသူကြီးတစ်ယောက်၏ အုတ်ဂူကို ရွာထိပ်တောင်ကုန်း ပေါ်တွင် မြှုပ်နှံခဲ့ရာမှ လေကြီးမိုးကြီးရွာသဖြင့် ရေစီးထဲတွင် မျောပါသွားရသည့် သံဝေဂ ဝတ္ထုကလေးကိုလည်း ရသမြောက်စွာ ပညာပေးဆန်ဆန် 'နေရာ' အမည်နှင့် သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်း အမှတ် ၅၊ ဒီဇင်ဘာလ ၁၉၉၅တွင်

ရေးနိုင်ခဲ့သလို ဘုန်းကြီးက တရားဓမ္မပြ၍ ဆိုဆုံးမသည့် အခန်းများ ရေးသားရာ တွင်လည်း တကယ့် ဆရာတော်ကြီးများ ဟောနေသည့် လေသံအတိုင်း ပီပီပြင်ပြင် ရေးနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဟာသဝတ္ထုတိုများကို အများဆုံးရေးသားခဲ့သဖြင့် ဟာသစာရေး ဆရာအဖြစ် အသိအမှတ်ပြုထားခြင်း ခံရသော အဏ္ဏဝါစိုးမိုးသည် ယခု 'ပန်းပန်မှ နန်းဆန်တော့သည်' ဝတ္ထုတွင်မူ ဟာသလုံးဝမစွက်ဘဲ လောကဓံတရား၏ ထုထောင်း ရိုက်နက်မှုကြောင့် တစ်ရွာလုံးက 'အရူးမကလေး' ဟု သတ်မှတ်ထားခြင်း ခံရသည့် အေးနုဆိုသော ကောင်မလေး တစ်ယောက်၏ ရင့်နင့်စရာ၊ ရင်နာစရာအဖြစ်များကို ဇာတ်အိမ်ဇာတ်လမ်း အချိတ်အဆက် ပြေပြစ်စွာဖြင့် တရားသံဝေဂ ရစရာ တရားကျစရာ ရေးဖွဲ့ထားသည်မှာ အဏ္ဏဝါစိုးမိုး၏ လက်ရာမှ ဟုတ်ပါလေစဟု သံသယဖြစ်ဖွယ်ရာ ကောင်းလှသည်။ ၁၉၅၂ ခုနှစ် ပြည်တွင်း သောင်းကျန်မှု ခေတ်အခါသမယတွင် ရခိုင်ပြည်နယ် အတွင်းရှိ သံတွဲခရိုင် ကိန္နရီချောင်းရွာမှ တစ်ရွာတည်းနေ တစ်ကျောင်းတည်း အတူတက်ခဲ့ကြသော မောင်ညွှန့်တင်နှင့် မအေးနုဆိုသူ လူငယ်နှစ်ယောက်၏ ဘဝကို အသေးစိတ် ခြယ်မှုန်းပြ ထားသည်မှာ ရုပ်ရှင်ကားကောင်းကြီး တစ်ကားကို ကြည့်ရသလို အသက်ရှူမှားမတတ် ခံစားခဲ့ရသည်။

အထူးသဖြင့် မူလကပင် ရုပ်ရှင်ရိုက်ကူးရန် ရည်ရွယ်ရေးသား ထား၍လား မသိ၊ မတော်လောဘနှင့် မတော်မောဟ၊ ဒေါသ တရားများကြောင့် အဒေါ်အရင်းဖြစ်သူ ဒေါ်မြကြိုင်ကိုယ်တိုင်က မအေးနုတစ်ယောက် စိတ်ဖောက်ပြန် နေသည်ဟု ဆိုကာ အိမ်ပေါ်မှာပင် အချုပ်ခန်းဖွဲ့၍ မအေးနုကလေးကို ၁၈နှစ်တိုင်တိုင် မတရား ချုပ်နှောင်ထားသည့် အချုပ်ခန်းကို ရေးဖွဲ့ရာ၌ပင် ရုပ်ရှင်ရိုက်ကွင်းအတွက် လိုလေးသေးမရှိအောင် ရေးဖွဲ့နိုင်ခဲ့သည်။

ဖျာဟောင်းတစ်ချပ်၊ အစွပ်မပါသော ခေါင်းအုံးတစ်လုံး၊ ညစ်ထပ်ထပ် စောင်တစ်ထည်နှင့် ထန်းခေါက် ဖာတစ်လုံးထဲတွင် အဝတ်အစားဟောင်းများကို ဖြစ်သလို ပစ်ထည့်ထားသည်။

ဆယ်ပေပတ်လည်ခန့် ကျယ်သော အိပ်ခန်းပတ်ချာလည်နှင့် အပေါ်မျက်နှာကျက်ကိုပါ သုံးတစ်လက်မ သစ်သားချောင်းများဖြင့် စိပ်စိပ်ကာထားသည်။ အဝင်တံခါး ရှေ့တည့်တည့်တွင် လှောင်အိမ်အတွင်းသို့ ဝင်နိုင်ရန် လူတစ်ကိုယ်စာ ဝင်ပေါက်ပြုလုပ် ထားသော်လည်း ခြံတံခါးလုပ်၍ သော့ခတ်ထားသည်။ ပြတင်းတံခါးများကို ပိတ်လိုက်မည်ဆိုပါက လှောင်အိမ်ကြီးအတွင်း

မှောင်အတိကျ သွားမည်ဖြစ်သည် စသည်ဖြင့် ရုပ်ရှင်ဆက်တင်သမား အတွက် ဘာတစ်ခုမျှ မလိုအောင် အသေးစိပ် ရေးဖွဲ့ထားသည်မှာ အဏ္ဏဝါစိုးမိုး၏ အရည်အချင်းပင် ဖြစ်သည်။

ထို့ပြင် အဏ္ဏဝါစိုးမိုးသည် လုပ်သားများကောလိပ်တွင် မြန်မာစာအဓိကဖြင့် နောက်ဆုံးနှစ်စာတန်းပြုစု တင်သွင်းခဲ့သည့် အထိ ပညာသင်ကြားခဲ့ကြောင်းကို ကျွန်တော် ယခုမှ သိရသည်။ သို့ဖြစ်၍လည်း ကျွန်တော်တို့ စာရေးဆရာ အချင်းချင်းသာ နားလည် သဘောပေါက်ကြသော အရေးအဖွဲ့များကို တွေ့ရခြင်း ဖြစ်သည်။

"ပိတောက်ပင်အိုထက်မှ ရွက်ဝါတစ်ခက်သည် ရုပ်ပျက်ဆင်းပျက် ပြုတ်ကျသွားသည်"

"တစ်လမ်းဝင် တစ်လမ်းထွက် စည်းချက်ကျကျ နက်သွားသော ကြေးစည်သံလွင်လွင်နှင့်အတူ ဘုန်းကြီးကျောင်းသား သျှောင်ပေစူးကလေး မောင်ညွှန့်တင်၏ ကရုဏာသံလွင်လွင် ကလေးကို နေ့စဉ် ကြားကြရသည်"

ဤဝတ္ထု၏ အဓိကကျောရိုးဖြစ်သော သင်္ဘောသားအရာရှိ လူပျိုကြီးတစ်ယောက်က အရူးမ တစ်ယောက်ကို လက်ထပ်ယူ လိုက်ခြင်းမှာ ရုတ်တရက်အားဖြင့် သဘာဝမကျ ယုတ္တိမရှိဟု ဆိုနိုင်သော်လည်း အဏ္ဏဝါစိုးမိုး၏ အရေးအသားပိုင်နိုင်မှုနှင့် အချက်ကျကျ အကွက်လှလှ ရေးတတ်မှုတို့ကြောင့် သဘာဝမကျ ယုတ္တိမရှိဟု မဆိုနိုင်လောက်အောင် ဖြစ်ရသည်။

အထူးသဖြင့် ထိုဇာတ်လမ်းတွင် ပါဝင်ကြသည့် ဇာတ်ကောင်အားလုံး နလုံးစိတ်ဝမ်း ချမ်းမြေ့စရာ ကောင်းကြသူများ ဖြစ်ကြသည်။ မောင်ညွှန့်တင်နှင့် ကျောင်းနေဘက် သူငယ်ချင်း မအေးန (အရူးမ)၊ သူတို့နှင့် တစ်ကျောင်းတည်း အတူပညာသင်ခဲ့ကြသော အပျိုကြီးမမြရွှေ၊ မမြကြည်၊ လယ်သူမကြီး မတင်လှမှအစ မခွေးမအဆုံး အားလုံးတို့မှာ စာဖတ်သူများအတွက် ကြည်နူးရွှင်လန်းမှုကို ပေးစွမ်းနိုင်ခဲ့ကြသည်။ တစ်သက်လုံး ပြုလုပ်ခဲ့သော အကုသိုလ်တရား၏ ဒဏ်ရာဒဏ်ချက်ကြောင့် ဇက်ကျိုး၍ အသက်ထွက်သွားသော ဒေါ်မြကြိုင်၏ ဘဝမှာလည်း သံဝေဂရစရာ၊ တရားရစရာပင် ဖြစ်သည်။

ကျွန်တော်သည် ဤဝတ္ထုကို နစ်ညဆက်၍ အိပ်ပျက်ခံကာ ဖတ်ခဲ့ရာ၌ သင်္ဘောသား ကိုညွှန့်တင်နှင့် မအေးနတို့ မင်္ဂလာပွဲများ ပျက်သွားလေမလားဟု စိုးရိမ်မိသလို အဏ္ဏဝါစိုးမိုး

ဆန္ဒပြုထားသည့်အတိုင်း ကရဂုဏာပင့်သက်ကလေး ဖြည်းဖြည်းချခဲ့ပြီး ရံဖန်ရံခါ ဒေါသကြောင့် လက်သီးဆုပ်ခဲ့ ရသည့်နည်းတူ နောက်ဆုံး၌ ဝမ်းသာပီတိ မျက်ရည်သီသီဝေ မိသည်အထိ ဖြစ်ခဲ့ရသည်။ အချုပ်အားဖြင့် အနိဋ္ဌာရုံများ ပတ်လည်ဝိုင်းနေသော ခေတ်ခါသမယတွင် 'ပန်းပန်မှ နန်းဆန်တော့သည်' အမည်ရှိ ဤဝတ္ထုသည် ရှားမှရှားလှသည့် မုဒိတာပွားစရာ ဝတ္ထုကောင်း တစ်ပုဒ်ဟု ရဲရဲကြီး အာမခံလိုက်ရပါသည်။

**လင်းယုန်မောင်မောင်**

# မောင်ပေါ်ထွန်း၏

## ခံစားချက်

### (၁)

"ကျွန်တော် မနက်ဖြန် သင်္ဘောထွက်တော့မယ်၊ ဟောဒီမှာ ကျွန်တော့် ဝတ္ထုစာမူအစအဆုံး ကွန်ပျူတာစီပြီးပြီ၊ ဒါပေမယ့် စာအုပ်အဖြစ်ကတော့ ကျွန်တော် နိုင်ငံခြားက ပြန်ရောက်မှ ထုတ်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီစာအုပ်ဟာ ကျွန်တော့်သားဦး ဩရသပဲဆရာ၊ အဲဒီတော့ ဒီစာအုပ်ထွက်တဲ့ အချိန်မှာ ကျွန်တော်ဒီမှာပဲ ရှိနေချင်တယ်၊ ကိုယ့်မျက်စိအောက်မှာ သားဦးကလေး မွေးတာ မြင်ချင်လို့ပါ၊ အဲဒါ ဆရာ အမှာစာရေးပေးပါ၊ ဆရာ လင်းယုန်မောင်မောင်ဆီ မှာလဲ တောင်းထား ပြီးပြီ"

လွန်ခဲ့သော သုံးလခန့်က တစ်မနက်တွင် ဆရာအဏ္ဏဝါစိုးမိုး ကျွန်တော့်အိမ်သို့ ရောက်လာပြီး ယင်းသို့လျှင် မေတ္တာရပ်ခံ လာပါသည်။

ကျွန်တော်က ကျွန်တော့် 'လိုင်း' မဟုတ်၍ အတန်တန် ငြင်းသော်လည်း သူက လက်မခံပါ၊ အတင်းတောင်းခံနေသည်။

"ဟုတ်ပါတယ်၊ ဆရာဟာ ဝတ္ထုရေးဆရာ မဟုတ်သလို၊ ဝေဖန်ရေးဆရာလည်း မဟုတ်ဘူးဆိုတာ လူတိုင်းသိပါတယ်၊ ဒါပေမယ့် ဆရာ့အမှာစာကို ကျွန်တော်တောင်းတာက

ကျွန်တော့်ဝတ္ထုကို စာပေမိတ်ဆွေ တစ်ယောက်အနေနဲ့ ဆရာဘယ်လို မြင်တယ်ဆိုတာပဲ လိုချင်လို့ပါ၊ ဒီတော့ အဲဒါလေးတော့ ကူညီပါဆရာ၊ ရေးဖြစ်အောင် ရေးပေးပါ"

(၂)

နေ့ရက် အတိအကျကိုတော့ မမှတ်မိတော့ပါ။ သို့သော်လည်း ယခု ပြန်တွေးကြည့်တော့ လွန်ခဲ့သော ၁၉၈၆ - ၈၇ အတွင်းလောက်က ဖြစ်မည်ဟုထင်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ဗိုလ်အောင်ကျော်လမ်း (အထက်ဘလောက်)ရှိ 'ချယ်ရီ' မဂ္ဂဇင်းတိုက်တွင် အမှုဆောင် အယ်ဒီတာ လုပ်နေသည်။

တစ်နေ့တွင် ကျွန်တော် စာမူတွေ ထိုင်ဖတ်နေတုန်း ဒေါင်ကောင်းကောင်းနှင့် အသားဖြူဖြူ လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်တစ်ဦး ရောက်လာသည်။ သူသည် အဖြူရောင် အနားတိုဦးထုပ်ကလေး ဆောင်းပြီး ပခုံးတွင် ကြိုးတပ်သားရေ အိတ်လွယ်ထားသည်။

"ထိုင်ပါခင်ဗျား၊ ဘာကိစ္စများပါလိမ့်"

ကျွန်တော်က ပူပူနွေးနွေး အယ်ဒီတာ အသစ်မို့ ဧည့်သည်အား ယဉ်ကျေးစွာ ကြိုဆိုလိုက်သည်။

ထိုပုဂ္ဂိုလ်က "ကျေးဇူးပဲဆရာ" ဟုပြောကာ ကျွန်တော့်စားပွဲရှေ့မှာ ဧည့်ခံကုလားထိုင်တွင် ဝင်ထိုင်ပြီး နောက်.......

"ကျွန်တော့် ဝတ္ထုတိုတွေ ပို့ထားတာ လာစုံစမ်းတာပါ။ ကျွန်တော်က သင်္ဘောသားပါ။ ဒီတစ်ခေါက် သင်္ဘောထွက်တာ တော်တော်ကြာသွားလို့ မဂ္ဂဇင်းတိုက်တွေနဲ့ အဆက်ပြတ်သွားပါတယ်"

"ဒါနဲ့.... ဆရာ့ကလောင်နာမည်က..."

"အဏ္ဏဝါစိုးမိုးပါ"

"ဟာ… ဝမ်းသာလိုက်တာ ဆရာ၊ ကျွန်တော် ဆရာ့ ဝတ္ထုတွေဖတ်ပြီး လူကိုယ်တိုင် တွေ့ချင်နေတာ ကြာပြီ၊ အခုလို မမျှော်လင့်ဘဲ တွေ့ရတာ တကယ်ဝမ်းသာပါတယ် ဆရာ"

"အခုလိုကြားရတာ ကျွန်တော်က ပိုပြီးတော့တောင်မှ ဝမ်းသာပါသေးတယ်ဆရာ၊ ကျေးဇူးပါပဲ"

ယင်းသို့လျှင် ဆရာ အဏ္ဏဝါစိုးမိုးနှင့် ကျွန်တော်တို့ စတင်ဆုံစည်း ခဲ့ကြခြင်းဖြစ်၏။ ထိုနေ့က သူ့အား တာဝန်ခံ အယ်ဒီတာ ဆရာအောင်ကျော်စည်၊ အုပ်ချုပ်ရေးမှူး အစ်ကိုကြီး ဦးသိန်းလွင်တို့နှင့်ပါ ကျွန်တော်က မိတ်ဆက်ပေးသည်။ သူတို့ နှစ်ယောက်ကလည်း ဆရာ အဏ္ဏဝါစိုးမိုးနှင့် တွေ့ရ၍ ဝမ်းသာကြသည်။ ထို့နောက်တော့ ကျွန်တော်တို့လေးယောက် မဂ္ဂဇင်းတိုက်ရှေ့ လမ်းတစ်ဖက်ရှိ ပိတောက်ရိပ်အောက်မှ ပလက်ဖောင်းဆိုင်တွင် မိတ်ဖြစ်ဆွေဖြစ် လက်ဖက်ရည် သောက်ကြသည်။

ထိုအချိန်မှစ၍ ဆရာ အဏ္ဏဝါစိုးမိုးနှင့် ကျွန်တော်တို့ ခင်မင်ရင်းနှီး သွားကြသည်။ သူသည် သင်္ဘောနားသည့် ကာလများတွင် မဂ္ဂဇင်းတိုက်သို့ မကြာမကြာ ရောက်လာတတ်သည်။ ကျွန်တော်တို့ နှစ်ယောက်သား လက်ဖက်ရည်ဆိုင် ထိုင်ပြီး စာအကြောင်း ပေအကြောင်းဟု ဆိုခြင်းထက် စာပေလောက အကြောင်း မဂ္ဂဇင်းအကြောင်းဟု ဆိုခြင်းက ပို၍မှန်ပါလိမ့်မည်။

"ကျွန်တော်က စာသာရေးတာ စာပေလောက၊ မဂ္ဂဇင်းလောကအကြောင်း ဘာမှသိတာ မဟုတ်ဘူး ဆရာ၊ သင်္ဘောထွက်နေတဲ့ အချိန်ကများတော့ စာပေလောကနဲ့ အဆက်ပြတ် နေတာပေါ့" ဟု သူကဆိုသည်။

သူကသာ သူ့ကိုယ်သူ စာပေလောကနှင့် အဆက်ပြတ် နေသည်ဟု ဆိုသော်လည်း ကျွန်တော်တို့ ကတော့ သူနှင့် အဆက်မပြတ်ပါ။ သူ့ဝတ္ထုတိုများကို မဂ္ဂဇင်းများတွင် မကြာမကြာ ဆိုသလို ဖတ်နေရသည်။ သူ့ဝတ္ထုတိုများကို လက်လှမ်းမီသလောက် ကျွန်တော် စွဲစွဲလမ်းလမ်း ဖတ်ခဲ့သည်။ သူ့ကလောင်က အာဝဇ္ဇန်း ရွှင်သည်၊ အမြင်စူးသည်၊ သရော်ချက်ထက်သည်၊ ဇာတ်ပြောကောင်းသည်၊ ဇာတ်လမ်းတွေကလည်း တစ်မူထူးခြားသည်။

ထို့ကြောင့် "ထိုပုဂ္ဂိုလ် လုံးချင်းဝတ္ထုရှည် ရေးရင်လည်းကောင်းမှာပဲ" ဟု ကျွန်တော် မျှော်လင့်ခဲ့သည်။

(၃)

မျှော်လင့်သည့်အတိုင်းပင် "ပန်းပန်မှနန်းဆန်တော့သည်" ဝတ္ထုစာမူ ကျွန်တော် လက်ထဲ ရောက်လာခဲ့သည်။ ကျွန်တော် အလွန်ဝမ်းသာစွာ၊ အလွန်စိတ်ဝင်စားစွာ ဖတ်မိသည်။

ဖတ်မိသည်နှင့် လက်က မချနိုင်တော့၊ တစ်ထိုင်တည်းဖြင့် ဆုံးအောင်ဖတ်ဖြစ် သွားသည်။ သူ့ဝတ္ထုက အရေးအသား သွက်သည်။ စကားပြော ညက်သည်၊ ဇာတ်လမ်းဇာတ်ကွက် ဆွဲဆောက်မှုရှိသည်၊ ဦးတည်ချက် ကလည်း ကောင်းသည်။

ကျွန်တော်က မျက်ရည်လွယ်သူ ဖြစ်သည်။ ရုပ်ရှင်ပဲကြည့်ကြည့်၊ ဝတ္ထုပဲဖတ်ဖတ်၊ ဇာတ်လမ်းထဲ မျောပါသွား တတ်သည်။ ဝမ်းသာစရာ ဇာတ်ကွက်တွင်လည်း ပီတိ မျက်ရည်ကျသည်။ ဝမ်းနည်းစရာ ဇာတ်ကွက် တွင်လည်း ကရုဏာ မျက်ရည်ကျသည်။

"ပန်းပန်မှနန်းဆန်တော့သည်" ဝတ္ထုတွင် ဝမ်းသာစရာ၊ ဝမ်းနည်းစရာ ဇာတ်ကွက်တွေနှင့် ပြည့်နှက်နေသည်။ ဤဝတ္ထုကိုဖတ်ရင်း လေးငါးနေရာမက ကျွန်တော် မျက်ရည် မထိန်းနိုင်အောင် ဝမ်းနည်းဝမ်းသာ ခံစားခဲ့ရသည်။

သို့သော်လည်း ဤဝတ္ထုသည် အလွမ်းအဆွေး ဦးစားပေးဝတ္ထုတော့ မဟုတ်။ 'အပစ်အခတ်၊ အညစ်အပတ်' ဝတ္ထုလည်းမဟုတ်၊ 'သမုဒ်မင်ရည် ဖျော်လို့ မေရှုစုတ်တံချီ' သည့် တဏှာ ချစ်ဝတ္ထုလည်း မဟုတ်။ လူ့လောက၊ လူ့ဘဝတွင် အလွန်တရာမှ မြင့်မြတ်လှသည့် မေတ္တာချစ်ကို ရင်သိမ့်ကြည်နူးဖွယ် ပီပြင်စွာ ဖော်ကျူးထားသော ဝတ္ထုဖြစ်သည်။

ဤဝတ္ထုတွင် စာရေးဆရာသည် ဇာတ်လမ်းအလိုက် ဆိုင်ရာဆိုင်ရာ ဇာတ်ကွက်များကို နှိုက်နှိုက်ချွတ်ချွတ် ပိုင်ပိုင်နိုင်နိုင် ရေးဖွဲ့ကာ သူပေးချင်သော 'ဦးတည်ချက် (Theme) ကို စာဖတ်သူအား ထိထိရောက်ရောက် ပေးစွမ်းနိုင်သည်ဟု ဆိုချင်ပါသည်။ အချိန်ကုန်ရကျိုးနပ်ပြီး

နှစ်သိမ့်ကျေနပ်မှု အပြည့်အဝ ပေးနိုင်သည့် ဝတ္ထုတစ်ပုဒ်ကို ရှားရှားပါးပါး ဖတ်ရှုခွင့်ရသည့်အတွက် စာဖတ်သူတစ်ယောက် အနေဖြင့် ကျွန်တော် အထူးပင်ဝမ်းသာ ကြည်နူးမိပါသည်။

ဘဝအတွေ့အကြုံ၊ ပြည်တွင်း ပြည်ပ အတွေ့အကြုံရှိသော ဆရာအဂ္ဂဝါစိုးမိုး၏ ကလောင်ဖျားမှ နောက်ထပ် ဝတ္ထုကောင်းများ ဆက်လက်ပေါက်ဖွား နိုင်ပါစေဟု အထူးမျှော်လင့်လျက်...။

**မောင်ပေါ်ထွန်း**

## စာရေးသူ၏အမှာ

"အရှည်မရေးဘူးလား"

အတိုတွေရေးတာ များလာသောအခါ အပေါင်းအသင်း များကလည်းကောင်း၊ သိကျွမ်းသည့် စာရေးဆရာ၊ ဆရာမများက လည်းကောင်း မေးကြသည်။

မရေးတတ်ဘူးဟူ၍ လည်းကောင်း၊ မရေးချင်ဘူးဟူ၍ လည်းကောင်း မဖြေချင်သဖြင့် "မရေးသေးပါဘူးခင်ဗျာ" ဟူ၍သာ ဖြေခဲ့ပါသည်။

စာဖတ်သူအား စာရေသူက ပြောချင်သည့်အကြောင်း၊ ပေးချင်သည့် Message ကို အချိန်တိုတိုအတွင်း ထိရောက်စွာ ပြောပြပေးစွမ်းနိုင်သော စာစုသည် ဝတ္ထုတို ဖြစ်သည်။ သို့သော် ကျွန်တော့်ကို အရှည် ရေးစေချင်သူတို့၏ ဆန္ဒလည်း ပြည့်ဝစေ၊ ကျွန်တော့်အနေဖြင့်လည်း မသေခင် အရှည်ရေးဖူးတယ် ရှိအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဤစာအုပ်မှ စတင်ရှည်လိုက် ရပါသည်။

အရှည်ရေးရန် ရည်ရွယ်ချက် မရှိသော်လည်း လွန်ခဲ့သည့် ဆယ်နှစ်လောက်ကစပြီး သည်ဝတ္ထုရှည်ကို ရေးခဲ့ပါသည်။ ဤဇာတ်လမ်း တစ်ခုလုံးသည် ကျွန်တော့်ခေါင်းထဲတွင် ပျားအုံစွဲသလို ဝင်ရောက်ဖွဲ့စည်း နေခဲ့သည်မှာလည်း ဆယ်နှစ်ကျော်မျှ ရှိပြီဖြစ်သည်။

၁၉၈၄ ခုနှစ်လောက်က နိုင်ငံခြားသင်္ဘော တစ်စင်းပေါ်မှာ နာမည်ကြီး အကယ်ဒမီရ ရုပ်ရှင် ဒါရိုက်တာကြီး တစ်ယောက်၏ သားလူငယ်တစ်ဦးနှင့်အတူ အမှုထမ်းခဲ့ဖူးသည်။ ထိုလူငယ်က

ရုပ်ရှင်ရိုက်လို့ ကောင်းမည့် ဝတ္ထုရှည်တစ်ပုဒ်လောက် ရေးပေးပါဟု တောင်းဆိုခဲ့ပါသည်။ ကျွန်တော်က နှစ်ပေါင်းအတန် ကြာကပင် ကျွန်တော့်ခေါင်းထဲမှာ ရောက်ရှိဖွဲ့စည်းနေသော ဤဇာတ်လမ်းကို ပြောပြလိုက်ပါသည်။ ထိုလူငယ်က သဘောကျပြီး စာနဲ့ရေးပေးပါဟု တောင်းဆိုလေတော့သည်။

အရှည်ရေးရမှာ ပျင်းသော ကျွန်တော်သည် ထိုလူငယ်၏ မေတ္တာရပ်ခံမှုကြောင့် ခေါင်းထဲက ဇာတ်လမ်းကို ရုပ်ရှင်ရိုက်လို့ ကောင်းအောင် တစ်ကန့်စီ စီစဉ် ဖြုတ်ယူပြီး စာရွက်ပေါ်မှာ ချရေးခဲ့ရာ ၁၉၈၈ ခုနှစ်မှာ လုံးဝရေးသား ပြီးစီးသွားခဲ့ပါသည်။ ဦးခေါင်းထဲမှာ နှစ်ပေါင်းများစွာက နှိုအောင်းနေသော ဇာတ်လမ်းဖြစ်၍ အလိုက်သင့် ရစ်ခွေထားသော ကြိုးစကို ဆွဲယူစုပုံလိုက်နိုင်သကဲ့သို့ လွယ်ကူစွာ ရေးချနိုင်ခဲ့ပါသည်။

ဝတ္ထုရေးပြီးသွားသေအခါ ထိုလူငယ်နှင့် ကျွန်တော် ပြန်မတွေ့ရတော့သည့် အပြင် သူ့ဖခင် ဒါရိုက်တာကြီး၏ ကျန်းမာရေး မကောင်းသည့် သတင်းကို ကြားသိလိုက်ရပါသည်။ ရုပ်ရှင်မင်းသား မင်းသမီးတွေမှာလည်း ဖလင်မရလို့ လက်ဖက်ရည်ဆိုင် ဖွင့်သူဖွင့်၊ မုန့်ဟင်းခါး ရောင်းသူရောင်း၊ အသုပ်ဆိုင် ထွက်သူကထွက် ဖြစ်နေကြသဖြင့် ဤဇာတ်လမ်း ဝတ္ထုလက်ရေးမူကို ချောင်ထိုးထားလိုက်ပါတော့သည်။

လောကဓံ လှိုင်းလေ ရိုက်ပုတ်သည့်ဒဏ်ကို အလူးအလိမ့် ခံရလို့ နစ်မွန်းနေသော သူငယ်ချင်း အရှုံးမကို စွန့်စားကယ်ဆယ် လိုက်သည့် သဘော်သား လူပျိုကြီး တစ်ယောက်၏ အကြောင်းသည် ဆွတ်ပျံ့ လွမ်းမောဖွယ် ဖြင့်လည်းကောင်း၊ တရားသံဝေဂ ရဖွယ်ဖြင့်လည်းကောင်း၊ ကြည်နူးဝမ်းသာ စရာလေးများဖြင့် လည်းကောင်း ရင်ထဲမှာ အမြဲနိုတွယ် ကိန်းအောင်းလျက်ပင် ရှိနေခဲ့ပါသည်။

၁၉၉၀-၉၂ ကာလ တစ်နေ့တွင် စာမူလာတောင်းသော စာရေးဆရာ အယ်ဒီတာ၊ ဗီဒီယို ဒါရိုက်တာ တစ်ယောက်ကို ဧည့်ခံရင်း စပ်မိစပ်ရာ ပြောမိရာမှ ထိုဝတ္ထုစာမူ အကြောင်းကို ပြောမိပါသည်။ ထိုဆရာက ဖတ်ကြည့်ပါရစေဆို၍ လက်ရေးစာမူ ကော်ပီစာအုပ် ၅ အုပ်တွဲကို မိုက်မဲစွာ ပေးအပ်လိုက်မိပါသည်။ ထိုဆရာ၏ လက်ထဲတွင် ၂ နှစ်လောက် ကြာသွားခဲ့ပါသည်။ ၁၉၉၄ - ၉၅ ခုနှစ်လောက်ကျမှ 'ဘာမှ မလုပ်ဖြစ်ပါဘူး' ဆိုပြီး ပြန်ပေးပါသည်။ ပြန်ရသည့်စာမူကို

စစ်ဆေးကြည့်ရာ အရောင်ကွဲပြားသည့် မင်ဖြင့် ဘေးမှတ်၊ တို့ထိ၊ ပြင်ဆင်ထားတာတွေကို တွေ့ရ၍ တစ်လုံးမကျန် ဂရုတစိုက် ဖတ်ထားပြီးကြောင်း စစ်ဆေး တွေ့ရှိရပါသည်။

ဤဝတ္ထုတွင်ပါသော စာတစ်လုံး၊ စာတစ်ကြောင်း၊ စာတစ်ပုဒ်မှအစ၊ ဇာတ်လမ်းဇာတ်ကွက် တစ်ခုခုသည် လည်းကောင်း၊ ဇာတ်လမ်းတစ်ခုလုံးသည် လည်းကောင်း၊ အခြားဝတ္ထုတစ်ပုဒ်၊ ရုပ်ရှင်ဇာတ်ကား တစ်ခု၏ စာတစ်လုံး၊ စကားတစ်လုံး၊ စာတစ်ကြောင်း၊ စကားတစ်ခုမှအစ ဇာတ်လမ်းဇာတ်ကွက် တစ်ခုခုသည် လည်းကောင်း၊ ဇာတ်လမ်း တစ်ခုလုံးသည် လည်းကောင်း တူညီနေသည် ဆိုပါက ကျွန်တော်က ခိုးချတာ မဟုတ်ဘဲ တစ်စုံတစ်ယောက်ကသာ ကျွန်တော့်ပင်ကိုယ်ရေး ရင်တွင်းဖြစ် ဖန်တီးမှုကို ကူးယူခိုးချတာ ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ဝတ္ထု၏အမည်မှာ "ပန်းပန်မှ နန်းဆန်တော့သည်" ဖြစ်ရာ "အရှုံးမ လင်ရတော့မှပဲ အရှုံး ပျောက်တော့တယ်" ဟူ၍ ရယ်စရာ မောစရာသဘော ပြောလိုခြင်း ဖြစ်ပါသည်။ ဤနေရာတွင် 'ပန်း' နှင့် 'ပန်' တို့၏ ဆင့်ပွားအဓိပ္ပာယ်တို့ကို သိမြင်ပြီး ပြုံးပျော်ရွှင်မြူး နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

ဤဝတ္ထုကိုဖတ်ပြီး ကရုဏာ ပင့်သက်ကလေး ဖြည်းဖြည်းချမိလျှင် သော်လည်းကောင်း၊ ဒေါသဖြစ်ပြီး လက်သီးဖွဖွလေး ဆုပ်မိလျှင်သော်လည်းကောင်း၊ ဝမ်းသာပြီး ပီတိမျက်ရည် သီသီဝေမိသည်ဆိုလျှင် သော်လည်းကောင်း ကျွန်တော်ကြိုးစား ဖန်တီးရကျိုး နပ်ပါပြီ။

**စာဖတ်သူများကို လေးစားသော**

**အက္ခဝါစိုးမိုး**

## (၁)

နေအရုဏ်တက်ချိန်မှ စ၍ လေပြင်း တိုက်ခတ်လာသည်။ အာကာသ တစ်ခွင်လုံး ရုတ်တရက် အုံ့ဆိုင်း မှုန်မှိုင်းသွားပြီး မိုးသက်လေပြင်းကျ၍ မုန်တိုင်းတိုက်ခတ် လေတော့သည်။

ပိတောက်ပင်အိုထက်မှ ရွက်ဝါတစ်ခက်သည် ရုပ်ပျက်ဆင်းပျက် ပြုတ်ကျသွားသည်။ ရွက်နုတစ်ရွက်သည် ပြတ်လွင့်မျောပါ သွားပြီး လေနှင့်အတူ လူးလွန့်နိမ့်မြင့် လွင့်ပါသွားလေသည်။ ရှာဦးထိပ်ရှိ ကုန်းကမူ ပေါ်က စေတီတော်၏ ဆည်းလည်းများပင် အသံမထွက်နိုင်တော့။ စေတီတော်ကို ကျောမှီကပ်၍ လေတိုက်ရာ အရပ်ကို မျက်နှာမူပြီး ဟားတိုက်ရယ်မောနေသော အရူးမလေး မိအေးနု၏ ဆံပင်များသည် ကြောက်စရာ လေမှာ လွင့်မျောနေသည်။

နေမွန်းတည့်ချိန်လောက်တွင် မုန်တိုင်း စဲသွားသည်။ လောကကြီးသည် ဘာမှမဖြစ်ခဲ့သလို ပကတိ ငြိမ်သက်သွားသည်။ အပြေးအလွှား ရုတ်သိမ်းနေသော တိမ်လွှာဝတ်ရုံကြီးနောက်မှ ထောက်ပသော နေရောင်ခြည် လုလုလေးသည် ရှာဦးစေတီလေးပေါ်သို့ ကျရောက် ပက်ဖျန်း လိုက်သော အချိန်တွင် အရူးမလေး မိအေးနု ဘုရားရင်ပြင်ပေါ်မှာ နစ်မြုပ်စွာ အိပ်မောကျ သွားလေပြီတည်း။

အစာရှာထွက်လာကြသော ကျေးငှက်ကလေးတို့၏ တေးဆိုသံနှင့်အတူ လွမ်းဆွေး ကြေကွဲဖွယ်ရာ ဆွဲဆွဲငင်ငင် မှုတ်လိုက်သော ပုလွေသံသာသာ တစ်ချက်ကို ရှာဘက်ဆီက ကြားလိုက်ရပါတော့သည်။

(၂)

မော်ဘီမြို့ အစွန်ရှိ မော်ဘီတိုက်ကြီးသွား ကားလမ်းမကြီးဘေးမှ တစ်ထပ်တိုက် ပြားပြားလေးသည် ပေတစ်ရာပတ်လည် ခြံဝင်းကျယ်လေးအတွင်းဝယ် တင့်တယ်စွာ ငြိမ်သက်နေသည်။

နွေးထွေးသော နေရောင်ခြည်သည် ခြံဝင်းအတွင်းမှ စိုပြည်လန်းဆန်းသော သီးပင်နှင့် လှပသော ပန်းပင်တို့အပေါ်တွင် ကျရောက် ပက်ဖျန်းနေသည်။ အိမ်ရှေ့မြက်ခင်းပြင် အစပ်အထိ ထိုးထွက်နေသော ဆင်ဝင် အမိုးအောက်တွင် ဆလွန်းကား အဖြူရောင်ကလေး တစ်စီးက တစ်နေရာရာကို သွားရတော့မည့် ဟန်ဖြင့် သူ့ဆရာ အိမ်ထဲမှ ထွက်အလာကို စောင့်နေသည်။

ဆလွန်းကားလေး အနီးမှ အိမ်ရှေ့နံရံတွင် ကပ်ထားသော ပေါ်လစ်ရောင်တင် ကျွန်းသားပြား ဆိုင်းဘုတ်ကလေးက အိမ်ပိုင်ရှင် အမည်နှင့် အလုပ်အကိုင်ကို ဖေါ်ပြနေသည်။

**U NYUNT TIN (B.A)**

**Radio Officer**

**ဦးညွန့်တင် (B.A)**

**ရေဒီယိုဆက်သွယ်ရေးအရာရှိ**

ဆိုင်းဘုတ်ကလေးအနီးမှ ဘာဂျာတံခါးလေး လှုပ်ခါသွားပြီး အသက်သုံးဆယ့်ငါးနှစ် သို့မဟုတ် လေးဆယ်ဟု တိတိကျကျ အသက်အရွယ်ကို ခန့်မှန်းရခက်သည့် ခန့်ခန့်ချောချော အမျိုးသား တစ်ဦး အိမ်ထဲမှ ထွက်လာသည်။ ကော်လာကတုံး ရှပ်လက်ရှည်အဖြူ၊ တိုက်ပုံအင်္ကျီ မီးခိုးရောင်၊ ရောင်နေကာမျက်မှန်၊ ဂျိန်းစဘွန်းအိတ်ခေါ် အတက်ချိကေ့စ်တို့ကြောင့် အထက်တန်းကျလှသည်။ မလေးရှားလုံချည် နီညိုရောင် ကွက်တုံးနှင့် အုန်းခွံရောင် ကတ္တီပါဖိနပ်တို့ကြောင့် ကြက်သရေ ရှိနေသည်။ အိမ်အပြင် ရောက်သည်နှင့် ဘာဂျာ တံခါးကို ဆွဲစေ့ပြီး အပြင်မှ သော့ခတ်လိုက်ခြင်းဖြင့် ဤပုဂ္ဂိုလ်မှာ နိုင်ငံခြားသင်္ဘော လိုက်နေသော ရေဒီယို ဆက်သွယ်ရေးအရာရှိ ဦးညွန့်တင် သို့မဟုတ် ကိုညွန့်တင်ဟု သိနိုင်ပါသည်။

ကိုညွန့်တင် ကားပေါ်သို့တက်ရန် ကားတံခါးဖွင့်နေသော အချိန်မှာပင် အသက်ငါးဆယ်ခန့် အရွယ် အမျိုးသမီးကြီး တစ်ဦးသည် ပလတ်စတစ်ဆွဲခြင်း အလွတ်ကြီးတစ်လုံးကို ဆွဲပြီး အိမ်ခြေရင်းဘက်မှ သုတ်သီး သုတ်ပျာ ပြေးထွက်လာ သည်။

"ဆွဲခြင်းကြီးက ဘာလုပ်မှာတုံး ဒေါ်ဒေါ်ရဲ့"

"အိုကွယ်.... သူ့အဝတ်အစား အဟောင်းတွေနဲ့ မလျှော်ရသေးတဲ့ ကလေးအနီးတွေ ဘာတွေ ထည့်ရတာပေါ့"

"သူ့ဆီမှာလည်း တစ်လုံးရှိနေတာပဲဟာ"

"ရှိနေလည်း လိုလိုမယ်မယ်ပေါ့ကွယ်၊ အပြန် ဈေးလေးဘာလေး ဝင်ရင်လည်း ထည့်ချင်တာ ထည့်လို့ ရတာပေါ့။ ယူသွားတာ မမှားပါဘူး"

ကိုညွန့်တင် ပြုံးလိုက်မိသည်။ အရာရာတွင် စေ့စပ်သေချာလှသော ဒေါ်လှစိန်ကို သဘောကျ သွားသည်။ ကားထွက်သွားလျှင် ခြံဝင်းတံခါးပိတ်ရန် ဒေါ်လှစိန်၏ ယောကျ်ား ဦးထွန်းကြိုင်က သော့ခလောက် သီးကြီးကို ကိုင်ပြီး ကားအနီးသို့ ရောက်လာသည်။

"ဦးလေးထွန်း ကျွန်တော်တို့ ညနေခင်းလောက်မှ ပြန်ရောက်မယ်၊ ဘယ်သူလာလာ ခြံတံခါး ဖွင့်မပေးနဲ့၊ နက်ဖြန်မနက်မှ လာပါလို့ ပြောပါ"

"စိတ်ချပါ မောင်ညွန့်တင်၊ အေးအေးဆေးဆေးသာ သွားပါ၊ အပြန်လည်း မလောနဲ့၊ ကလေးနဲ့ အန္တရာယ်ဖြစ်မှာ စိုးလို့"

"စိတ်ချပါ ဦးလေးထွန်း၊ ဒေါ်ဒေါ်လာ၊ ရှေ့ ခန်းက ထိုင်လေ၊ လမ်းမှာ စကားလေးဘာလေး ပြောသွားရတာ အဆင်ပြေတာ ပေါ့"

ကားနောက်ခန်းမှ တက်ရန် ဟန်ပြင်နေသော ဒေါ်လှစိန်ကို ကိုညွန့်တင်က ကားရှေ့ခန်းတံခါး ဖွင့်ပေးလိုက်သည်။ ဒေါ်လှစိန် ကားပေါ်ရောက်သည်နှင့် ကားဖြူလေးသည် ညင်သာစွာ လိမ့်ထွက်သွား တော့သည်။

မော်ဘီဈေးအနီးသို့ ရောက်သောအခါ ဆိုက်ကား၊ သုံးဘီး၊ လေးဘီး၊ မြင်းလှည်းစသော ယာဉ်အမျိုးမျိုးနှင့် ဈေးသည်၊ ဈေးဝယ်များ ရှုပ်ထွေးလှသဖြင့် ကိုညွန့်တင်သည် ကားအရှိန်ကို လျှော့၍ သတိဖြင့် မောင်းနေရသည်။ ရန်ကုန်သို့ ထွက်မည့် ခရီးသည်တင် ဘတ်စ်ကားကြီးမှ လက်မှတ်ရောင်း ရဲဘော်၏ 'ရန်ကုန် ရန်ကုန်' ဟု တအားကုန် အော်လိုက်သော အသံကပင် အထိတ်တလန့် ရှိလှသည်။

မော်ဘီဈေးကို လွန်လာသော အခါမှတော့ လမ်းရှင်းသွားပြီ ဖြစ်၍ ကိုညွန့်တင် ဂီယာပြောင်းလိုက်သည်။ မြို့လယ် လမ်းမကြီးအတိုင်း မောင်းလာပြီး ယာဉ်အန္တရာယ် ကင်းနိုင်လောက်သည့် အမြန်နှုန်းဖြင့် ရန်ကုန်ဘက်သို့ ဦးတည် မောင်းနှင်နေသည်။ ဒေါ်လှစိန်က ကားရှေ့သို့ လက်အုပ်ချီရင်း ပါးစပ်မှ ရွစိရွစိဖြင့် တစ်စုံတစ်ခုကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း လိုက်ပါလာသည်။

"ဒေါ်ဒေါ် ကားစီးရတာ ကြောက်လို့လား"

"မဟုတ်ပါဘူး မောင်ညွန့်တင်ရယ်၊ သမီးနဲ့ မြေးလေးကို မေတ္တာပို့နေတာပါ"

"အားလုံး စိတ်ချရပါပြီ ဒေါ်ဒေါ်ရယ်၊ ပူစရာ မလိုတော့ပါဘူး"

"အေးကွယ်၊ ကျန်းမာပါစေ၊ သူ ဒေါ်ဒေါ့်ကို မှတ်မိပါ့မလား မသိဘူး"

ဒေါ်လှစိန်က တစ်ခါခံထားဖူး၍ စိုးရိမ်ပြီး မေးလိုက်ခြင်း ဖြစ်သည်။ ခံခဲ့ရသည့် အဖြစ်ကိုလည်း ပြန်လည် မြင်ယောင်လာ မိသည်။

သူ ရန်ကုန်ကို ရောက်စက ဖြစ်သည်။ မီးဖိုချောင်ထဲ ဝင်လာပြီး ခါးထောက်ကြည့်၍ ထမင်းချက်နေသော ဒေါ်လှစိန်ကို မျက်နှာတင်းတင်းဖြင့် ဟောက်ပါလေတော့သည်။

"ဒီမှာ အဒေါ်၊ ကျွန်မခြေထောက်ပေါ် ကျွန်မရပ်နိုင်ပြီ၊ အဒေါ်တို့ အကူအညီကို လုံးဝ မလိုတော့ဘူး၊ ကိုယ့်အိမ်ကိုယ်ပြန်ပါ"

ဒေါ်လှစိန်မှာ ကြောက်လွန်း၍ ဆူပွက်နေသည့် ထမင်းအိုးကြီး ပစ်ထားပြီး မိမိတို့ အိမ်လေးဘက်သို့ ထွက်ပြေးခဲ့ရသည်။ ခဏအကြာတွင် ကိုညွန့်တင် လိုက်လာပြီး တောင်းပန်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ဒေါ်ဒေါ်၊ သူ ဒေါ်ဒေါ့်ကို အမြင်မှားသွားတာပါ။ သူ့ကို ဒုက္ခပေးခဲ့တဲ့ သူ့အဒေါ်လို့ ထင်ပြီး ပြောမိတာပါတဲ့၊ အဒေါ့်ကို စိတ်ယောင်ပြီး ပြောမိတဲ့အတွက် စိတ်ထိခိုက်ပြီး ငိုနေလို့ ချော့ခဲ့ရတယ်"

"မောင်ညွန့်တင်ရယ် အဒေါ်ဖြင့် ကြောက်လိုက်တာ မပြောပါနဲ့တော့"

ဒီကိစ္စအတွက် အတော်ရှက်သွားဟန် တူသည်။ အဲဒီ နောက်ပိုင်းကစပြီး ဒေါ်လှစိန်ကို အတွေ့မခံတော့ဘဲ အိမ်တွင်းပုန်းနေ ခဲ့သည်ကိုပင် ပြန်လည် မှတ်မိသေးသည်။

ကိုညွန့်တင်သည် ဒေါ်လှစိန်၏ အမေးကို တော်တော်နှင့် အဖြေမပေးသေးဘဲ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာရှိုက် လိုက်သည်။

"မှတ်မိပါတယ် ဒေါ်ဒေါ်ရယ်၊ သူ မသိတာမှ မဟုတ်ဘဲ၊ သူ့ကို အတိတ်တစ္ဆေ အခြောက်ခံနေရတာပါ။ စောစောပိုင်းကတော့ ကျွန်တော့်ကိုတောင် မကြာခဏ အမြင်မှားပြီး ဒုက္ခပေးခဲ့သေးတယ်၊ အခုတော့ ဆေး အပေးခံရပြီးတဲ့နောက် သတိပြန်ရတဲ့ အချိန်ကစပြီး ကျွန်တော်ဟာ ဘယ်သူဘယ်ဝါ ဆိုတာကို ကြည်ကြည်လင်လင် သူသိသွားလို့ သိပ်ဝမ်းသာ နေတယ်၊ ကျွန်တော် သူ့ကို အမျိုးမျိုး စမ်းပြီးပြီ၊ သူနဲ့ကျွန်တော်တို့ ငယ်ငယ်က အကြောင်းတွေကို

မှန်မှန်ကန်ကန် ပြန်ပြောနိုင်တယ်၊ သူ သိပ်ပျော်နေတယ် ဒေါ်ဒေါ်ရယ်၊ သူ့သားကိုလည်း သိပ်ချစ်တာပဲ၊ ဆေးရုံရောက်ရင် ဒေါ်ဒေါ်တွေ့ပါလိမ့် မယ်"

"အေးကွယ် ဝမ်းသာစရာပေါ့။ မောင်ညွှန့်တင်နဲ့ သူနဲ့က ငယ်သူငယ်ချင်းတွေ ထင်ပါရဲ့"

ဒေါ်လှစိန်က မဝံ့မရဲမေးပြီးမှ အားတုံ့အားနာ ဖြစ်သွားသည်။ ကိုညွှန့်တင်က ကားကို ဂီယာပြောင်း၍ ဂရုစိုက် ထိန်းမောင်းရင်း ပြုံးလိုက်သည်။ ဦးလေးထွန်းကြိုင်နှင့် ဒေါ်လှစိန်တို့၏ ရင်မှာ ပဟေဠိ ဖြစ်နေသော ပြဿနာကို ဖွင့်ပြောဖို့ အချိန်တော်ပြီဟု နားလည်လိုက်သည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်၊ တစ်ရွာတည်းမှာ အတူမွေးပြီး၊ တစ်ကျောင်းတည်းမှာ အတူတက်ခဲ့ကြတဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေပါ၊ သူ့အကြောင်းကို မပြောခင် ကျွန်တော့် အကြောင်းကို အလျင်ပြောမှ ပြည့်စုံမှာ ဒေါ်ဒေါ်ရဲ့ ဟဲ... ဟဲ"

"အေးကွယ်၊ ဒေါ်ဒေါ်တို့မှာ သားသမီး အရင်းအချာ မရှိတော့ မောင်ညွှန့်တင်ကို သားအရင်းလိုပဲ ချစ်ပါတယ်၊ လေးလည်း လေးစားပါတယ်၊ အားလည်းကိုးပါတယ်၊ ဒါကြောင့်လဲ မောင်ညွှန့်တင်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို မေးရမှာ မဝံ့မရဲပါဘူး၊ အားလည်းနာပါတယ်၊ ဒေါ်ဒေါ်တို့မှာ မောင်ညွှန့်တင်ရဲ့ အရိပ်ကို ခိုလှုံနေရတော့ မောင်ညွှန့်တင် စိတ်ခုသွားမှာကို အထူးစိုးရိမ်ပါတယ်"

"ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်ဘဝမှာ လူလားမမြောက်ခင် ကလေးဘဝ အရွယ်ကတည်းက မိဘနှစ်ပါးလုံး ဆုံးသွားကြလို့ ဦးလေးထွန်းတို့ ဒေါ်ဒေါ်တို့ကိုပဲ မိဘလို သဘောထားနေမိ ပါတယ်"

"သာဓုကွယ်.... သာဓု.... သာဓု"

ကိုညွှန့်တင်သည် ကားကို ဂရုစိုက် ထိန်းမောင်းရင်းမှ ဆက်ပြောသည်။

"ကျွန်တော်တို့မှာ မွေးချင်းညီအစ်ကို သုံးယောက် ရှိပါတယ်၊ ကျွန်တော်က အငယ်ဆုံးပါ ဒေါ်ဒေါ်၊ မြန်မာပြည် လွတ်လပ်ရေး ရပြီးတော့ ကွန်မြူနစ်တွေ တောခိုကြတဲ့အခါ ကျွန်တော့်အစ်ကို အကြီးဆုံးဟာ သူ့ယုံကြည်ချက် တစ်ခုကြောင့် တောခိုသွားခဲ့ပါတယ်။ အစ်ကိုကြီး တောခိုတဲ့ ကိစ္စနဲ့

ပတ်သက်ပြီး ကျွန်တော့် အဖေနဲ့အမေဟာ ရွာမှာ မနေနိုင်အောင် ဖြစ်ခဲ့ရတယ်၊ ရဲဘော်ဖြူက ခေါ်စစ်လိုက်၊ အလံနီက ခေါ်ညှဉ်းဆဲ လိုက်နဲ့ နောက်ဆုံး ရွာမှာ မနေရဲတော့တာနဲ့ အဖေရော အမေရော အစ်ကိုကြီးနောက်ကို လိုက်သွားပြီး တောခိုခဲ့ကြရတယ်"

"ကွန်မြူနစ်တွေ တောတွင်းမှာ အချင်းချင်း သတ်ကြဖြတ်ကြလို့ ကျွန်တော့် အစ်ကိုကြီး ကျဆုံးသွားပြီ ဆိုတာ သတင်းစကား ကြားလိုက်ရပါတယ်၊ အလောင်းတောင် မမြင်လိုက်ရပါဘူး၊ အဖေနဲ့အမေကတော့ ၁၉၉၅ ခုနှစ်လောက်မှာ ရွာကို ပြန်ရောက်လာနိုင်ခဲ့ပေမဲ့ တောတွင်းက ရလာတဲ့ ငှက်ဖျားရောဂါနဲ့ပဲ ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်ခဲ့ကြတယ်။ အဲဒီတုန်းက ကျွန်တော့် အသက်ဟာ ဆယ်နှစ်တောင် မပြည့်သေးပါဘူး"

"ကျွန်တော့် အစ်ကိုလတ် ဦးညွန့်လှိုင်ဆိုတာ အခုထိ ရေတပ်မတော်ထဲမှာ ရှိနေပါတယ်၊ ဒုအရာခံ ဗိုလ်တောင် ဖြစ်နေပြီ၊ အဲဒီတုန်းက အစ်ကိုညွန့်လှိုင်က လူပျိုပေါက်ကလေးပေါ့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို အဘိုးနဲ့ အဘွားက မနိုင်ရင်ကာ ကျွေးမွေး စောင့်ရှောက်ခဲ့ရတယ်၊ မြေးတွေက စားတုန်း၊ အဘိုးနဲ့ အဘွားက ခါးကုန်း၊ နောက်ဆုံး မကျွေးနိုင် မမွေးနိုင်တော့တာနဲ့ ရွာဦးကျောင်း ဆရာတော်ထံမှာ အပ်ပြီး ဆွမ်းကျန် ဟင်းကျန်လေးတွေ ကျွေးပါဘုရား၊ ခိုင်းစရာ ရှိတာလည်း ခိုင်းပါဘုရားဆိုပြီး အပြီးအပိုင် အပ်ခြင်းခံခဲ့ရတယ် ဆိုပါတော့ ဒေါ်ဒေါ်ရယ်"

ကိုညွန့်တင်သည် အစ မကောင်းခဲ့သော သူ့ဘဝ အကြောင်းကို ပြောပြရာတွင် ဆို့နင့်ကြေကွဲသံ ပါလာသည်။ နေကာမျက်မှန် တပ်ထား၍ မျက်ရည်ဝဲနေသလား မသိရသော်လည်း အသံတိမ်ဝင် သွားသည်ကို ဒေါ်လှစိန် သတိပြုမိလိုက်သည်။ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ပြီး စိတ်ကိုထိန်းလိုက်သည်။ လမ်းဖြတ် ကူးလာသော နွားတစ်အုပ်ကို အရှိန်လျှော့၍ ရှောင်ပေး လိုက်သည်။

"ဆရာတော်က အစ်ကိုညွန့်လှိုင်ကို သင်္ကန်းစည်းပေးတယ်၊ ကျွန်တော့်ကိုတော့ ငယ်သေးလို့ သင်္ကန်းမနိုင် ဘူးဆိုပြီး ကျောင်းသားလေးဘဝနဲ့ ထားတယ်၊ ကျောင်းသားကြီးတွေက ဆွမ်းတောင်းထမ်း၊ ကျွန်တော်က ကြေးစည်ရိုက်၊ အစ်ကိုကိုရင်က သပိတ်ပိုက်လို့ပေါ့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ ဇာတိ ကိန္နရီချောင်းရွာကြီးမှာ ဆယ်နှစ်လောက် ကြာခဲ့ပါတယ်၊ ကျွန်တော်တို့

ညီအစ်ကိုအတွက် စိတ်ချသွားရပြီး ဖြစ်လို့ ထင်ပါ့ရဲ့၊ အဘိုးနဲ့ အဘွားလည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြပါတယ်၊ လူ့ဘဝအလယ်မှာ ညီအစ်ကို နှစ်ယောက်တည်း မျက်နှာငယ်ငယ်နဲ့ ကျန်ခဲ့ကြပါတယ် ဒေါ်ဒေါ်ရယ်”

ကားဖြူလေးသည် မော်ဘီမြို့ မှ ထွက်၍ ရန်ကုန်သို့ ဦးတည် ပြေးသွားနေတော့သည်။

(၃)

"ဆွမ်းတော်ခင်ဗျာ၊ ဒူဝေဝေ...ဒူဝေဝေ"

သံတွဲခရိုင်၊ ဂွမြို့ နယ်ရှိ ကိန္နရီချောင်းကျေးရွာကြီး အတွင်းက လမ်းများပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက် စည်းချက်ကျကျ နက်သွားသော ကြေးစည်သံလွင်လွင် နှင့်အတူ ဘုန်းကြီးကျောင်းသား သျှောင်ပေစုံးလေး မောင်ညွန့်တင်၏ ကရုဏာသံ ရှင်ရှင်လေးကိုပါ နေ့စဉ် ကြားကြရသည်။

ရွာလယ်လမ်းဆုံမှ တရုတ် အရောင်၏ 'ပြည်တော်သာ' ခေါက်ဆွဲဆိုင်ရှေ့ ရောက်ပြီဆိုလျှင် ကြေးစည်သံကို အဆက်မပြတ် တီးခတ်၍ ဆွမ်းလောင်းမည့်သူ ထွက်မလာမချင်း "ဆွမ်းတော်ခင်ဗျာ" အော်နေတတ်သည်။ ကောက်ကြီးဆန်ထမင်းနှင့် ဟင်းကောင်းကောင်း လောင်းတတ်သည်သာမက၊ နေ့စဉ် ဝတ်မပျက် ဆွမ်းလောင်းသောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ အရောင်၏ဇနီး ဒေါ်အေးမြ ထွက်လောင်းသည်။ တစ်ခါတစ်ရံ ဒေါ်အေးမြ၏ သမီးကြီး မအေးခင် ထွက်လောင်းသည်။

မအေးခင်မှာ ဒေါ်အေးမြဘက်က ပါသော သမီးအပျို ဖြစ်သည်။ သမီးတစ်ယောက်ရှိသော မုဆိုးမ ဘဝဖြင့် ပင်းပန်းဆင်းရဲစွာ လုပ်ကိုင်စားနေရစဉ် မြို့မှရောက်လာသော တရုပ်လူမျိုး ကိုအရောင်နှင့် ညားခဲ့ကြခြင်း ဖြစ်သည်။ ထိုအချိန်က ရေကြည်ရာ မြက်နုရာ အရှာအဖွေ ထွက်လာကြသော တရုတ်ကုလားများ တောရွာများသို့ ရောက်လာကြသော အခါသမယဖြစ်သည်။

မောင်ညွန့်တင်တို့ ကိန္နရီချောင်းရွာကြီးသို့လည်း ဒိုဘီ၊ ဆံသကုလား ဘာဆာများဆိုသူနှင့် ခေါက်ဆွဲဆိုင်၊ အရက်ဆိုင် တရုတ်အရှောင်ဆိုသူတို့ ရောက်လာကြသည်။

အားကိုးရာ ရှာနေသော မုဆိုးမ ဒေါ်အေးမြမှာ တရုတ်အရှောင်ကို ဒုတိယ အိမ်ထောင်အဖြစ် လက်ဆက်လိုက်ပြီး ရွာလယ်လမ်းဆုံ လွမ်းခွပေါ်က အိမ်ကိုပါ ထိုးအပ် လိုက်တော့သည်။ ကိုယ့်ထက် အသက်ငယ်သည့် လူမျိုးခြားကို ယူရပါမည်လားဟု တစ်ဆွေလုံး တစ်မျိုးလုံးက သေးခန်းဖြတ်ကြသည်။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်းအဖျင်း ပြောတတ်သူများကတော့ "အေးမြတစ်ယောက် အချောင်သမားနဲ့ တွေ့သွားပြီ၊ နာမည်ကိုက အချောင်တဲ့၊ သမီးလိုချင်လို့ မအေကို ကြံတာအေ့" စသည်ဖြင့် ချိုးချိုးဖွဲ့ဖွဲ့ ပြောကြသည်။ မုဆိုးမ ဘဝနှင့် ငုတ်နေတုန်းက ဘယ်သူကမှ တစ်ဆုပ်တစ်ခဲ ကျွေးဖော်ပေးဖက်မရ၍ ဒေါ်အေးမြကလည်း ဘယ်သူ ဘာပြောပြော ဂရုမစိုက်ပေ၊ မကြာမီ အကြံအဖန်ကောင်းသော ကိုအရှောင်က ခေါက်ဆွဲဆိုင်၊ အရက်ဆိုင် ဖွင့်ပြီး ကြီးပွားချမ်းသာလာခဲ့သည်။ အလုပ်ကိုကြိုးစား၍ ချွေတာစုဆောင်းသော ဦးဘာဆာများက အဝတ်လျှော်ရင်း ဆံပင်ညှပ်ရင်းဖြင့် ရွာလယ်မှာ ကုန်စုံဆိုင်ကြီး ဖြစ်လာခဲ့ကြသည်။

ဒေါ်အေးမြမှာ အသက်လေးဆယ် ပြည့်ခါနီးမှာ ကိုအရှောင်နှင့် သမီးတစ်ယောက် ထပ်မွေးသည်။ တရုတ်သွေးပါသူလေးမို့ ဖြူဖြူဖွေးဖွေး ချစ်စရာလေးဖြစ်သည်။ မအေးနုဟု အမည်ပေးထားသည်။ မောင်ညွန့်တင်နှင့် သက်တူရွယ်တူပင် ဖြစ်နေပါပြီ။ နေ့စဉ် ဆွမ်းလောင်းသည့် အလုပ်မှာ မအေးနုလေး၏ အလုပ်ဖြစ်သည်။ မအေးနု အဆော့လွန်နေ၍ အိမ်မှာမရှိမှသာ ဒေါ်အေးမြ သော်လည်းကောင်း၊ မအေးခင် သော်လည်းကောင်း ထွက်လောင်းသည်။ ယနေ့တော့ မအေးနုလေး ဆွမ်းလောင်းခွက်ကိုင်၍ ပြေးထွက်လာသည်။

"တစ်ရုတ်မ၊ ကြာလိုက်တာ ဘာတွေလုပ်နေမှန်း မသိဘူး"

မောင်ညွန့်တင်က ဆီးဟောက်လိုက်သည်။ အေးနုလေးက ကိုရင့်သပိတ်ထဲ ဆွမ်းလောင်း ထည့်နေရင်းက ကြောက်စရာ မျက်စောင်းကြီး ထိုးကြည့်လိုက်သည်။ ဆွမ်းလောင်းပြီးတော့မှ မောင်ညွန့်တင်ကို ရင်ဆိုင်လိုက်သည်။

"အုန်းသီးနော် အုန်းသီး၊ ပါကျိုးသွားမယ် နားလည်လား"

မောင်ညွန့်တင်၏ပါးကို လက်ဝါးလေး ထောင်ပြပြီး ဟန်ပါပါ ရန်တွေ့လိုက်သည်။ အုန်းသီးခေါ် မောင်ညွန့်တင်က စပ်ဖြဲဖြဲ အမူအရာဖြင့် မအေးနု၏ နားဝအနီးကပ်၍ ကြေးစည်ကို တအားနက်ပြီး ကိုရင်ရှေ့ သို့ရောက်အောင် ပြေးထွက် သွားလေတော့သည်။ တရုတ်မဟု အခေါ်ခံရ၍ စိတ်ဆိုးသူက အုန်းသီးဟု ပြန်ခေါ်လိုက်ရ၍ ကျေနပ်ပြီး အိမ်ထဲဝင်သွား လေတော့သည်။

ဘုန်းကြီးကျောင်းသားနှင့် ရွာကျောင်းသားဟူ၍ နှစ်မျိုးရှိသည်။ မိဘ ချမ်းသာသော သားသမီးများနှင့် မိန်းကလေးများက ခေတ်ပျက် အလုပ်လက်မဲ့ ကျောင်းဆရာကြီး ဦးစံငွေ ဖွင့်ထားသည့် အလွတ်ပညာသင် ကျောင်းတွင်တက်ကြသည်။ သူတို့ကို ရွာကျောင်းသားဟု ခေါ်သည်။ ကျောင်းလခအဖြစ် တစ်လတွင် ငွေသုံးကျပ် သို့မဟုတ် စပါးတစ်တင်း ပေးကြရသည်။ အင်္ဂလိပ်စာ၊ မြန်မာစာနှင့် သင်္ချာ သုံးဘာသာ သင်ပေးသည်။ ဆရာကြီး ဦးစံငွေ၏ ခြေတံရှည် အိမ်မြင့်ကြီးအောက်တွင် စာသင်ခန်း လုပ်ထားသည်။ မအေးနုတို့က ဆရာကြီးဦးစံငွေ ကျောင်းတွင် တက်ကြသည်။

မောင်ညွန့်တင်တို့လို မိဘမဲ့ကလေးများနှင့် မိဆင်းရဲ ဘဆင်းရဲ သားသမီးများမှာ ရွာဦးကျောင်း ဆရာတော်ကိုသာ အားကိုးကြရသည်။ ရွာကျောင်းသားများက ဘုန်းကြီးကျောင်းသား များကို နှိမ်ကြသည်။ 'ဘုန်းကြီးကျောင်းသား အုန်းသီးတောင်းစား' ဟု အော်ပြီး စကြသည်။ နောက်တော့ ဘုန်းကြီးကျောင်းသား ဆိုလျှင် အတိုကောက်အခေါ်ဖြင့် 'အုန်းသီး' ဟုသာ ခေါ်ကြတော့သည်။

ဆွမ်းခံထွက်လာသော မောင်ညွန့်တင်တို့ ဦးစံငွေအိမ်ရှေ့ အရောက်တွင် နံနက်ပိုင်း ကျောင်းလွှတ်ချိန်နှင့် ကြုံတတ်သည်။ မောင်ညွန့်တင်နှင့် ရွယ်တူကောင်လေးများက ဆံပင် သျှောင်ပေစုးလေး မောင်ညွန့်တင်ကို ကြည့်ပြီး 'အုန်းသီး၊ အုန်းမှုတ်ခွက်' ဟု အော်ပြောလေ့ ရှိကြသည်။

ကောင်လေးတွေထဲတွင် ကွန်မြူနစ်ဗိုလ် ဦးမြင့်ဖေ၏သား မြင့်နိုင်ဦးဆိုသည့် အကောင်လေးက အကဲဆုံး ဖြစ်သည်။ 'အုန်းသီး' ဆိုတာကတော့ ဘုန်းကြီးကျောင်းသားဟု စခြင်းဖြစ်သည်။ 'အုန်းမှုတ်ခွက်' ဆိုသည်မှာ မောင်ညွန့်တင်၏ ဆံပင်ကြာရစ်ကလေးမှာ အုန်းမှုတ်ခွက် ဆောင်းထားသည်နှင့် တူသောကြောင့် ဖြစ်သည်။

မောင်ညွန့်တင်ကလည်း သတ္တိနည်းသူတော့ မဟုတ်ပေ။ ကြေးစည်တုတ်နှင့် လိုက်ပစ်သည်။ ကောင်လေးတွေက လျှာထုတ်ပြပြီး ထွက်ပြေးသည်။ မဟုတ်လျှင် မခံတတ်သော တရုတ်မ အေးနုက အဖေ့အရှိန်အဝါဖြင့် လူပါးဝနေသော မြင့်နိုင်ဦးကို မုန်းနေပုံရသည်။ မောင်ညွန့်တင်ကို မြှောက်ပေးသည်။

"တုတ်နဲ့ မပစ်နဲ့ဟဲ့၊ ကြေးစည်နဲ့ လိုက်ခုတ်ပါလား"

"တစ်နေ့နေ့တော့ ဒီကောင့်ကို ငါလုပ်ပြမယ် အေးနုရာ၊ နင်ကြည့်နေပါ"

မောင်ညွန့်တင်သည် လုံ့ချည်ပြင်ဝတ်ပြီး ကြေးစည်တုတ်ကို လိုက်ကောက်သည်။ ကိုရင်နှင့် ဆွမ်းတောင်းထမ်း ကျောင်းသား နှစ်ယောက်က ဝေးသွားပြီဖြစ်၍ ကြေးစည်နက်ရင်း ပြေးလိုက်သွားလေသတည်း။

(၄)

မော်ဘီလေတပ်အဝင် လေယာဉ်နှစ်ကောင်ခေါ် လေယာဉ်ပျံငယ်နှစ်စီး တည်ရှိရာဘက်သို့ ကားအဖြူလေး ရောက်လာသည်။ ကားပေါ်တွင် ပါလာသူ ဒေါ်လုစိန်က ဝေဒနာတစ်ရပ်ကို တစ်ဘက်လူနှင့် ထပ်တူထပ်မျှ ခံစားနေရသော အမူအရာဖြင့် ကြေကွဲစွာ ပြောလိုက်သည်။

"အင်း..... ဒေါ်ဒေါ်တို့လဲ မောင်ညွှန့်တင်လိုပါပဲ၊ ငယ်ငယ်က ပညာမသင်ခဲ့ရပါဘူးကွယ်၊ လယ်သမား ချောင်းသမား သားသမီးပီပီ သေစာရှင်စာလေးလောက် ရေးတတ် ဖတ်တတ်အောင် ဦးလေးဖိန္နော ဆရာတစ်ယောက်ဆီမှာ သင်ခဲ့ရတယ်ကွဲ့"

ကိုညွှန့်တင်သည် လက်ကိုင်ဘီးကို ထိန်း၍ ဂီယာချိန်းလိုက်သည်။ စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိလိုက်သည်။

"လူ့ဘဝမှာ ကံတရားရဲ့ အလှည့်အပြောင်းလေးတွေဟာ အလွန် ဆန်းကြယ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်တို့ ညီအစ်ကိုရဲ့ အနာဂတ်ဟာ မရေမရာ လမ်းစပျောက်နေခဲ့ပေမဲ့ ဖြစ်ချိန်တန်လာတဲ့ အခါကျတော့ သူ့ဟာနဲ့သူ ဖြစ်လာခဲ့ပါတယ်၊ ကျွန်တော်ထင်တယ်၊ ၁၉၅၆ ခုနှစ်လောက်မှာ ကျွန်တော်တို့ရွာ အတွက် အစိုးရ မူလတန်းကျောင်းလေး ရပါတယ်၊ လွတ်လပ်ရေး မရမီက ရှိခဲ့တဲ့ ကျောင်းလေးကိုလည်း သူပုန်က မီးရှို့ပစ်လိုက်လို့ လောလောဆယ် ကျောင်းအဆောက်အဦး မရှိသေးတာနဲ့ ဆရာတော်က ဥပုဒ်ဇရပ် တစ်ဆောင်ကို ကျောင်းအဖြစ်သုံးဖို့ ခွင့်ပြုပါတယ်။ ဆရာကြီးဦးစံငွေပဲ ကျောင်းအုပ်ဖြစ်လာပါတယ်။

"အဲဒီမှာ ဆရာတော်က ကျွန်တော့်ကို ဆရာကြီးဦးစံငွေ ထံမှာအပ်ပြီး ကျောင်းတက်စေပါတယ်၊ ဆယ်နှစ်သားလောက်ကျမှ ကျောင်းစနေရတယ် ဆိုပါတော့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော့် အစ်ကိုကတော့ ကျောင်းဟောင်းမှာတုန်းက ခုနစ်တန်းလောက်အထိ နေခဲ့ဖူးတယ် ဆိုတော့ စကောစက ဘယ်မှတက်လို့ မရတာနဲ့ ကိုရင်ဝတ်နဲ့ပဲ ဆက်နေတယ်၊ ဆရာကြီးက ကျွန်တော့်ကို အစမ်းသဘောနဲ့ လေးတန်းမှာ တက်ခိုင်းထားတယ်၊ ကျွန်တော်ကလည်း နှစ်တန်း သုံးတန်းသာ မအောင်သေးပေမဲ့ အေဘီစီဒီနဲ့ ဂဏန်းသင်္ချာကို ဦးပဥ္စင်း ပညာဝံသ သင်ပေးထားလို့ အတော်အတန် တီးခေါက်မိနေပါပြီ၊ ခြောက်လလောက် ကြာတော့ စာလိုက်နိုင်တယ်ဆိုပြီး လေးတန်းမှာ မှတ်ပုံတင်စာရင်း သွင်းခံရပါတယ်"

ကိုညွန့်တင်သည် စကားဖြတ်၍ ဂီယာပြောင်းလိုက်သည်။ ကားလေးသည် အရှိန်မြင့်တက်သွားပြီး လေယာဉ်နစ်ကောင်ကို ဖြတ်ကျော်၍ ရန်ကုန်ဘက်သို့ ဦးတည်ပြေးသွား လေတော့သည်။

(၅)

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

## ပညာရေးဝန်ကြီးဌာန

## အစိုးရမူလတန်းကျောင်း

## ကိန္နရီချောင်းကျေးရွာ၊ သံတွဲခရိုင်၊

## ရခိုင်ပြည်နယ်

အိမ်မိုးသွပ်ပြားဟောင်းကို ဖြန့်၍ ဘောင်ခတ်ပြီး သင်္ဘောဆေး အနက်ရောင်ပေါ်တွင် ဆေးအဖြူဖြင့် မသေမသပ် ရေးထားသော အထက်ပါ ဆိုင်းဘုတ်ကလေးကို ရွာဦးကျောင်း ဥပုသ်ဇရပ်ရှေ့ အလယ်တိုင်တွင် ခန့်ညားစွာ ချိတ်ဆွဲထားသည်။

ဥပုသ်ဇရပ် ပတ်ချာလည်တွင် ပြေးလွှားဆော့ကစား နေကြသော ကျောင်းသား ကျောင်းသူလေး များသည် ကျောင်းတက်ခေါင်းလောင်း တီးသံ ကြားလိုက်သည်နှင့် တပြိုင်နက် ဇရပ်ပေါ် ပြေးတက်သွားကြ တော့သည်။ ဇရပ်ပေါ် ရောက်တော့လည်း ချွေးတလုံး သန်တစ်လုံးဖြင့် သူတို့မို့လို့ မမောနိုင်၊ မပမ်းနိုင် အဆော့က မရပ်ကြသေး၊ တို့ကြဆိတ်ကြ၊ စာအုပ် ထုတ်ကြ၊ ခဲတန်ချွန်ကြဖြင့် လက်ပံပင် ဆက်ရက်ကျသလို ဆူညံနေတော့သည်။ ဆရာကြီးက

ကျောက်သင်ပုန်းကြီးကို ကြိမ်ဖြင့် တဖျန်းဖျန်း မြည်အောင်ရိုက်၍ တုတ်သံပေးလိုက်တော့မှ မီးကို ရေနဲ့ဖြန်းလိုက်သလို ငြိမ်သွားတော့သည်။

"ပါးစပ်တွေ ပိတ်ထားကြစမ်း၊ တစ်ယောက်မှ အသံမထွက်နဲ့"

ဆရာကြီးသည် မိတစ်ရာသားတွေကို ကြိမ်လုံးပြပြီး အသံ တိတ်ခိုင်းလိုက်သည်။ မကြာမီကမှ မြို့ကရောက်လာသော ဆရာမလေးကို အတန်းအပ်ပြီးသည်နှင့် ရုံးလုပ်ငန်းတွေကို ဆက်လုပ်နေတော့သည်။ ဆရာမလေးသည် ပြုံးရွှင်သော မျက်နှာဖြင့် တပည့်လေးတွေကို နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ ဆရာမ"

"မနေ့က ပေးလိုက်တဲ့ အိမ်စာတွေ တွက်ခဲ့ကြရဲ့လားကွဲ့"

"တွက်ခဲ့ပါတယ် ဆရာမ"

"ကောင်းပြီ၊ အကုန်လုံး စုပြုံထလာတာကို မလိုချင်ဘူး၊ ရှေ့တန်းကစပြီး တစ်ယောက် လာပြပါ။ မမြရွှေထ"

ရှေ့တန်းတွင် ထိုင်ရသော မိန်းကလေး ရှစ်ယောက်အနက်မှ ယာအစွန်မှာ ထိုင်သော မမြရွှေကို ဆရာမက ခေါ်လိုက်သည်။ မမြရွှေက ထသွားပြီး သချ်ာတွက်ထားသော စာအုပ်ကို ဆရာမလက်သို့ ရိုရိုသေသေ ပေးလိုက်သည်။ ဆရာမရှေ့တွင် လက်ပိုက်ပြီး ရပ်နေသည်။ ဆရာမက ပွဲစ္စာငါးပုဒ်လုံး မှန်ချက်ပေး၍ 'တော်တယ်' ပြောပြီး စာအုပ်ပြန်ပေးလိုက်သည်။ မမြရွှေ သူ့နေရာမှာ ပြန်ထိုင်သည်။ နောက်တစ်ယောက် မတင်ညို၊ နောက်တစ်ယောက် မမြကြည်၊ နောက်တစ်ယောက်၊ ပြီးတော့ နောက်တစ်ယောက်ပြီး တစ်ယောက် ထပြရသည်။ အားလုံး မှန်ကြသည်။

မအေးနသည် ဝဲဘက်အစွန်ဆုံး နံပါတ်ရှစ်နေရာတွင် ထိုင်ရင်း သူ့အလှည့်ကို စောင့်နေသည်။ မောင်ညွှန့်တင်သည် မအေးန၏ နောက်မှနေ၍ မအေးန၏ အဖြေစာအုပ်ကို ကြည့်လိုက်ရာ သင်္ချာငါးပုဒ်တွင် အောက်ဆုံးနှစ်ပုဒ် မှားနေသည်ကို သွားတွေ့သည်။

"ဟော့တရုတ်မ မှားနေပါပြီကွယ်၊ အရိုက်ခံရတော့မယ်"

မောင်ညွှန့်တင်သည် သီချင်းဆိုသလိုဆို၍ မအေးနကို သတိပေးလိုက်ရာ မအေးနမှာ ပျာလောင်ခတ် သွားတော့သည်။ မောင်ညွှန့်တင် ပြောတာကို မယုံ၍ ငါးမှတ်အပြည့်ရပြီး ပြန်လာသည့် မခွေး၏ အဖြေတွေနှင့် သူ့စာအုပ်မှ အဖြေကို တိုက်ကြည့်ရာ အောက်ဆုံးနှစ်ပုဒ်နှင့် အဖြေမတူကြောင်း တွေ့ရတော့မှ ခေါင်းနပန်းကြီး သွားတော့သည်။ သာမန်အချိန်မှာသာ ဆိုပါက သူ့ကို တရုတ်မဟု ခေါ်သော အုန်းသီးကို ရန်တွေ့လိုက်ဦးမည် ဖြစ်သည်။ အခုတော့ မိန်းကလေးတန်မှဲ့ တစ်ဦးတည်း ကွက်ပြီး အရိုက်ခံရတော့မည်ဟု တွေးပူပြီး ယောက်ယက်ခတ်နေတော့သည်။

မောင်ညွှန့်တင်က မအေးန၏ စာအုပ်ကို ဆွဲယူပြီး အချိန်မီပြင်ပေးရန် ကြိုးစားနေစဉ်မှာပင် မအေးန၏ အလှည့်သို့ ရောက်လာတော့သည်။ မောင်ညွှန့်တင်က ဘာမှ စဉ်းစားမနေတော့ဘဲ သူ့စာအုပ်ကို မအေးနထံ ထိုးပေးလိုက်တော့သည်။ မအေးနကလည်း ခပ်တည်တည်ပင် ထသွားပြီး မောင်ညွှန့်တင်၏ စာအုပ်ကို သွားပြရာ ငါးမှတ် အပြည့်ရလာခဲ့ပြီး ရင်ခုန်ခဲ့ရသော ပြဿနာကြီး အေးသွားတော့သည်။

ဤလုပ်ရပ်အားလုံးကို အစအဆုံးမြင်သော မြင့်နိုင်ဦးနှင့် အပေါင်းအပါတစ်စုက မျက်လုံးပြူး မျက်ဆံပြူးဖြင့် တိုးတိုးတိတ်တိတ် ကြိတ်ပြီး ခြိမ်းခြောက်နေတော့သည်။

"ဆရာမနဲ့ တိုင်ပြောမယ်ကွယ်"

မောင်ညွှန့်တင်က မြင့်နိုင်ဦးကို မျက်စောင်းထိုးကြည့်ပြီး ဂရုမစိုက်သည့် အမူအရာ ပြလိုက်သည်။ မအေးန၏ စာအုပ်မှ အမှားကို အချိန်မီပြင်ပေးရန် ကြိုးစားပါသော်လည်း အချိန်မမီတော့ပေ။ မအေးန ပြန်ရောက်လာပြီး ထိုင်လိုက်သည်နှင့် ယောကျ်ားလေးတန်းမှ

မောင်ညွန့်တင်က စပြီး ထပြရတော့သည်။ သုံးပုဒ်မှန် နှစ်ပုဒ်မှား၍ လက်ပိုက်ခံပြီး ဆရာမ၏ ကြိမ်ဒဏ်နှစ်ချက်ကို လုလုပပကြီး ခံလိုက်ရတော့သည်။

ကျောင်းဆင်းသောအခါ မအေးနုက မောင်ညွန့်တင်ကို ကျေးဇူးတင်ကြောင်းနှင့် သူ့ကိုယ်စား အရိုက်ခံရ၍ စိတ်မကောင်းကြောင်း လာပြောသည်။

"ကျေးဇူးတင်တယ်ဟယ် ညွန့်တင်ရယ်၊ ဒါပေမယ့် နင် အရိုက်ခံနေရတာကို မြင်တော့ ငါ ဝမ်းနည်းသွားတယ်ဟဲ့ သိလား"

"အောင်မယ်လေး အေးနုရယ်၊ ဒီလောက်တော့ တို့က အပျော့ပါ၊ ကျောင်းမှာ စာမကျက်လို့ ဆော့လို့ ဆရာတော် ဆော်တာကမှ ရေရေလည်လည် အီစလံဝေတာ၊ ဒီအတွက်တော့ ဝမ်းမနည်းပါနဲ့၊ နင် အရိုက် မခံရတာကိုပဲ ငါ ဝမ်းသာလှ ပါပြီ"

မောင်ညွန့်တင်၏ စကားကြားရတော့ မအေးနု ဝမ်းသာသွားသည်။ သူတို့နှစ်ယောက် စကားပြောနေသည်ကို မြင်သော မြင့်နိုင်ဦးက လှောင်ပြောင်ချင်သည့် အမူအရာဖြင့် ပါးစပ်ဆော့ လေတော့သည်။

တရုတ်မ အုန်းသီးကြိုက်ပါသည်၊ ခြေဆေးရန် အုန်းမှုတ်ခွက် ယူခဲ့ပါ"

ကျောင်းစာ အော်ကျက်သကဲ့သို့ အော်လိုက်ရာ ကျောင်းသားများအားလုံး ဝိုင်းရယ်ကြ သည်။ မအေးနု ရှက်ပြီး မျက်နှာနီရဲသွားသည်။ တစ်ခုခု လုပ်တော့မည့်ဟန်ဖြင့် ကျောင်းလွယ် အိတ်ကို စလွယ်သိုင်း ဖြတ်လွယ်ပြီး ထဘီတိုတို တင်းတင်း ပြင်ဝတ်လိုက်သည်။ ရှေ့ရောက်သွားပြီ ဖြစ်သော မြင့်နိုင်ဦး၏ နောက်သို့ ပြေးလိုက်ပြီး ကျောပေါ်သို့ ခုန်အုပ် လိုက်တော့သည်။ မာန်ဖီနေသော ကျားသစ်မလေး တစ်ကောင်ကဲ့သို့ မိရာဖမ်းကုတ် ကိုက်ဖွဲ့လုပ်တော့သည်။

နှစ်ယောက်သား ထွေးလားလုံးလား ဖြစ်နေကြစဉ် မောင်ညွန့်တင်က ပြေးဝင်လာပြီး မြင့်နိုင်ဦးကို ချုပ်ကိုင်ပေးသည်။ မအေးနုက မြင့်နိုင်ဦး၏ ပါးကို ခပ်စပ်စပ် ရိုက်ပစ်လိုက်သည်။ မြင့်နိုင်ဦးက ရုန်းထွက်လိုက်ပြီး မောင်ညွန့်တင်ကို လက်သီးဖြင့် ထိုးသည်။ မအေးနုက မြင့်နိုင်ဦး၏ ကျောင်းလွယ်အိတ်ကို နောက်ကနေ တအား ဆောင့်ဆွဲလိုက်ရာ မြင့်နိုင်ဦး ဟန်ချက်ပျက်သွားသည်။

မောင်ညွှန့်တင်က မြင့်နိုင်ဦး၏ ဟန်ချက်အပျက်တွင် အလစ်ဝင်ထိုးသည်။ ကျောင်းသားကျောင်းသူများက ကြက်ပွဲကြည့်သလို ဝိုင်းအုံ ကြည့်နေကြသည်။

စာအုပ်တွေပိုက်ပြီး ကျောင်းမှထွက်လာသော ဆရာကြီးဦးစံငွေသည် လမ်းဘေးမှ ရိုက်တန်ကောင်း သစ်ကိုင်းတစ်ခုကို ချိုးယူပြီး ရန်ဖြစ်နေသော သုံးကောင်လုံးကို ပြေးဝင်ရိုက်လိုက်တော့မှ လူစုကွဲပြီး ထွက်ပြေး ကုန်ကြတော့သည်။

(၆)

နွေအကြွင်းအကျန်၏ နေရောင်ခြည်သည် ရှာဦး စေတီတော်လေးကို လာရောက်ဦးချနေသည်။ စေတီတော်လေးသည် ထုံးဖြူဖွေးဖွေးဖြင့် တောင်ကမူ စိမ်းညိုညိုလေးပေါ်တွင် သပ္ပါယ်စွာ အဖူးမြော်ခံနေသည်။ မြူးမြူးကလေး တိုက်ခတ်လိုက်သော နွေနှောင်းလေပြေကြောင့် စေတီတော်၏ ဆွဲလည်းလေးများက သာယာ နာပျော်ဘွယ်သော ဓမ္မတေးလေးများကို သီဆိုနေကြသည်။ အနောက်ဘက် တောင်ကုန်းပေါ်ရှိ ပင်မြင့်ထက်မှ လွမ်းလွမ်းဆွေးဆွေး ငိုကြွေးနေသော ဖေါ်ဝေးငှက် တစ်ကောင်သည် သူ့အမည်ကိုဖေါ်၍ အော်ငိုနေသည်။ ဥသြ ဥသြ တဲ့။

တစ်နှစ်တစ်ရာသီအတွက် တာဝန်ပြီးဆုံး၍ ထွက်ခွာသွားတော့မည့် နွေကို နှုတ်ဆက်လက်ပြလိုက်သော မုတ်သုန်ရာသီ၏ လေပြည်သည် မိုးရနံ့လေးများကို သယ်ဆောင်လာတတ်သည်။ စေတီငယ် ရင်ပြင်အနီးမှ ထန်းပင်အိုကြီး၏ အလက်များကရှဲကနဲ အသံထွက်အောင် သက်မကြီးချသံကို ကြားလိုက်ရသည်။

မနေ့ညက မိုးချုပ်မှ ဆရာကြီးဦးစံငွေ ဘိုင်စကယ် တစ်စီးဖြင့် မြို့မှ ပြန်ရောက်လာသည်။ စာမေးပွဲ အောင်စာရင်း ပါလာသည်။ မိုးလင်းမှ လမ်းခွဆုံမှာ ကပ်မည်ဟုပြောပြီး လာမေးသူများကို မောင်းထုတ်နေသည်။ မြင့်နိုင်ဦးကတော့ သူအောင်ကြောင်းကို မနေ့ညကတည်းက သိနေသည်။ သူ့အဖေ ကွန်မြူနစ် ခေါင်းဆောင် ဦးမြင့်ဖေက ဆရာကြီးအိမ်ကို လိုက်သွားပြီး မေး၍ သိခဲ့ရသည်ဟု ဆိုကြသည်။

နံနက် ၉ နာရီတွင် ဆရာကြီးသည် အလွန်ကျက်သရေ ရှိသော ပီတိအပြုံးကြီးဖြင့် ရွာလယ်လမ်းမပေါ် လျှောက်လာသည်။ စာမေးပွဲ အောင်စာရင်းဟု ထင်ရသော စာရွက်တစ်ရွက်နှင့် ကော်တစ်လက်ကိုလည်း လက်မှာ ကိုင်လာသည်။ ကျောင်းသား ကျောင်းသူများက ဆရာကြီးနောက်မှ ဝိုင်းအုံ လိုက်လာကြသည်။ ကျောင်းသား မိဘများက ကျွန်တော့်သမီး အောင်လား၊ ကျွန်မကလေး အောင်လား၊ ထွက်မေးကြသည်ကို လုံးဝ ပြန်မဖြေဘဲ မကြားယောင်ဆောင်၍ ဆက်လျှောက် သွားသည်။ ကျောင်းသား မိဘအချို့ပါ နို့စို့ကလေးချီ၍ တစ်မျိုး၊ ရေအိုးကြီးရွက်၍ တစ်ဖုံ ပုံစံအမျိုးမျိုးဖြင့် ဆရာကြီးနောက်သို့ လိုက်ကြရတော့သည်။

ဆရာကြီးသည် ရွာလယ်လမ်းမဆုံရှိ မအေးနတို့ပိုင် ပြည်တော်သာ ခေါက်ဆွဲဆိုင်အနီးက ညောင်ပင်ကြီးတွင် အောင်စာရင်းစာရွက်ကို သံချက်နက်၍ ကပ်လိုက်ပြီးမှ ကျောင်းသားများဘက်သို့ လှည့်၍ ဂုဏ်ယူ ဝင့်ကြွားသော အသံကြီးဖြင့် အော်ပြောလိုက်သည်။

"ငါ့တပည့်တွေ သိပ်တော်တယ်၊ အားလုံးအောင်တယ်"

ကျောင်းသား ကျောင်းသူလေးများ ဝမ်းသာ၍ ကသူက၊ ခုန်သူခုန်၊ ကျွမ်းထိုးသူထိုး၊ မိဘများကလည်း ဝမ်းသာစရာ သတင်းကို အိမ်ကိုပြေး ပြောသူကပြော၊ ပီတိအပြုံးတွေဖြင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြသည်။ ပျော်နေသူများ အထဲတွင် ညှိုးငယ်နေသော မောင်ညွန့်တင်။

"အေးနမ သိပ်ပျော်နေတယ်ပေါ့လေ"

"ပျော်တာပေါ့ဟဲ့ နင်ကော မပျော်ဘူးလားလို့"

"ပျော်တော့ ပျော်တာပေါ့ဟာ၊ ဒါပေမဲ့"

မောင်ညွန့်တင်က သူ့ဆံပင်ဂျာရစ် ကြက်တောင်စည်းလေးပေါ်တွင် လက်နှစ်ချောင်းတင်ပြီး ပြောရင်း စကားကို ရပ်ပစ်လိုက်သည်။ ဒါပေမဲ့ မြို့ကိုသွားပြီး အလယ်တန်းကျောင်း ဆက်မတက်နိုင်လို့ ဝမ်းမသာနိုင်ဘူးဟု ဆိုလိုခြင်း ဖြစ်သည်ကို မအေးနက သိလိုက်ပါသည်။

"သွားတော့မယ်ဟာ၊ ဆွမ်းခံထွက်ရဦးမယ်"

ရွာဦးကျောင်းဘက်သို့ ပြေးထွက်သွားသော မောင်ညွန့်တင်ကို ငေးကြည့်ရင်း မအေးနက သက်ပြင်းချ လိုက်ပါသည်။

နောက်တစ်နေ့ နံနက်တွင် စာမေးပွဲအောင် ကျောင်းသားများ ဝတ်ကောင်းစားလှလေးတွေ ကိုယ်စီဖြင့် ဆရာကြီး အိမ်ဘက်သို့ သွားနေကြသည်။ လက်ထဲမှာလည်း ငှက်ပျောဖီးကြီး၊ သဘော်သီးကြီး၊ နာနတ်သီး အလုံးကြီးကြီး၊ ဖယောင်းတိုင်ထုပ်၊ ဆေးပြင်လိပ်ထုပ် စသည်ဖြင့် မိမိတို့ တတ်နိုင်သမျှ ဆရာကန်တော့ လက်ဆောင်လေးများ အသီးသီး ကိုင်ဆောင်၍ ဆရာကြီးကို ကန်တော့ရန် သွားနေကြခြင်း ဖြစ်သည်။

မောင်ညွန့်တင် တစ်ယောက်ကတော့ နေ့စဉ်ဝတ်နေကျ အင်္ကျီနွမ်းနွမ်းပွပွ၊ လုံချည်ညစ်ထပ် ထပ်လေးကို ခါးပုံစ တွဲလောင်းချဝတ်၍ လမ်းဆုံလမ်းခွမှာ ယောင်ချာချာ ဖြစ်နေရှာသည်။ ဘာလက်ဆောင်မှ မရှိသဖြင့် အများနှင့် ရောလိုက်ရကောင်းနိုး‌နိုး၊ ဘုန်းကြီးကျောင်းကို ပြန်ရကောင်းနိုးနိုးဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်နေရှာသည်။ ဝတ်ကောင်းစားလှများ ဝတ်၍ ဆရာကြီး အိမ်ဘက်ကို သွားနေကြသော သူငယ်ချင်းတွေကို ကြည့်ပြီး လက်ပိုက်လျက် ရပ်နေသည်။ မြင့်နိုင်ဦးကတော့ ဘောင်းဘီရှည်၊ ရှူးဖိနပ်တွေ ဘာတွေနှင့် စမတ်ကျ နေသည်။ စက္ကူဘူး အနီရောင်ဖြင့် ထုပ်ထားသော လက်ဆောင်ပစ္စည်း အထုပ်တစ်ခုကို လက်နှစ်ဖက်ဖြင့် မကိုင်သွားသည်။

မအေးနသည် ဂိုးလ်ဒင်းပါ့ဖ် မုန့်ကြွပ် ပုံးကြီးကို ကိုင်ပြီး အိမ်မှ ပြေးထွက်လာသည်။ ပြောင်လုံချည် အပြာနရောင်နှင့် အင်္ကျီလက်ရှည် အဖြူဝတ်ထားပြီး နှုတ်ခမ်းနီ ပါးနီတွေပါ ဆိုးထားသဖြင့် သူ့အသားလေး ဖြူဖြူမို့ တအားလှနေတော့သည်။ ဖဲကြိုးအဝါလေး စည်းထားသော ဆံပင်ကလေးမှာ အုပ်လုံးသိမ်းစ ဆံတောက်ကလေးချပြီမို့ တကယ် အပျိုလေးနှင့်ပင် တူသေးတော့သည်။ နောက်ကျနေ၍ ခပ်သွက်သွက်လေး ပြေးအထွက်တွင် လက်ပိုက်ပြီး သူငယ်ချင်းတွေကို ရပ်ကြည့်နေသော မောင်ညွန့်တင်ကို မြင်လိုက်တော့ ပါးစပ်က "ဟယ်" ကနဲ အသံ ထွက်သွားသည်။

"ညွန့်တင် နင် မသွားဘူးလား"

"ငါ မသွားတော့ပါဘူးဟာ"

မအေးနလေးသည် မောင်ညွှန့်တင်၏ အဝတ်အစားတွေကို ကြည့်ပြီး သက်ပြင်းကြီး တစ်ချက် ဆွဲတင်၍ ဖြည်းညှင်းစွာ ပြန်ချလိုက်သည်။ ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည်။

"ကဲ... လာ"

မောင်ညွှန့်တင်၏ အကျီလက်မောင်း ပွပွကြီးကို ဆွဲပြီး ဦးဘာဆာမြား၏ ကုန်စုံဆိုင်ကြီးထဲသို့ ဆွဲသွင်းသွားတော့သည်။

"ဦးလေး ပုသိမ်ဟာလဝါ တစ်ဘူး ဘယ်လောက်လဲ"

"ဘူးကြီး နားကျပ်၊ ဘူးတေး တုန်းကျပ် ကန်မာကလေး"

"ဘူးကြီးတစ်ဘူး ပေးပါ"

ကုလားကြီးသည် ပုသိမ်ဟာလဝါဘူးကြီး တစ်ဘူးကိုချိတ်မှ ဖြုတ်ယူပြီး မအေးနလက်သို့ လှမ်းပေးလိုက်သည်။

"ဦးလေး၊ နေ့လည်ကျရင် ကျွန်မ ပိုက်ဆံလာပေးပါ့မယ်၊ မယုံရင်ရော့၊ ဒီဆွဲကြိုး ယူထားလိုက်"

လည်ပင်းမှ ဆွဲကြိုးကို ချွတ်ယူပြီး ကုလားကြီး ဦးဘာဆာမြား ရင်ဘတ်ဆီသို့ ပစ်ပေးလိုက်သည်။ ကုလားကြီး ကြောင်သွားပြီးမှ သတိရပြီး လှမ်းအော်လိုက်သည်။

"ဟော့ ကန်မကလေး၊ နာမယူဘူး၊ ပြန်ယူသွား နင့် ဆွဲကြိုး၊ ပွန်ဆန်နားကျပ် လာပေးရင် ပြီးရော့ပေါ့၊ အလကား ဆုတ်တယ်"

ကုလားကြီး၏ လက်မှ ဆွဲကြိုးကို ပြန်ယူဝတ်ပြီး ဟာလာဝါဘူးကြီးကို မောင်ညွှန့်တင် လက်သို့ ထည့်ပေးလိုက်သည်။ နောက်ကျနေကြပြီ ဖြစ်၍ မပြေးရုံလေး လျှောက်သွားကြသည်။

ဆရာကြီးအိမ် အပေါ်ထပ်တွင် ဆရာကြီးနှင့် ဆရာကြီးကတော်တို့သည် ကုလားထိုင် တစ်လုံးစီပေါ်တွင် ထိုင်နေကြပြီး ဝမ်းသာကြည်နူးမှု အပြုံးတွေ ကိုယ်စီဖြင့် တပည့်လေးတွေကို

ကြည့်နေကြသည်။ မိဘတို့မည်သည် သားသမီးတွေ ထွန်းထွန်းပေါက်ပေါက် ဖြစ်တာမြင်က ဝမ်းသာကြည်နူးကြသည်။ ဆရာတို့ မည်သည်မှာလည်း မိမိတပည့်တွေ အောင်မြင်တာ မြင်ရတော့ ဝမ်းသာပီတိ ဖြစ်ကြသည်။ လှိုက်လှဲဝမ်းသာသည့် ပီတိအပြုံး မျိုးဆိုသည်မှာ တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲ့ မြင်တွေ့ရခဲလှပေသည်။ ဝမ်းသာလွန်းလို့ ဆရာကြီးနှင့် ဆရာကြီးကတော်တို့ ပီတိမျက်ရည် သီသီဝေ နေကြသည်။

လက်ထောက် ဆရာမလေးသည် ဆရာကြီးကတော်၏ ကုလားထိုင်အနီးက ကြမ်းပြင်ပေါ်တွင် ဖျာခင်း၍ ထိုင်နေသည်။ ထမင်းစား စာပွဲဝိုင်းကြီးပေါ်တွင်မူ တပည့်လေးတွေ ယူလာကြသည့် လက်ဆောင် ပစ္စည်းတွေဖြင့် ပြည့်နေသည်။

နောက်ကျနေသော မအေးနနှင့် လက်ဆောင် ပစ္စည်းတွေထဲမှာ အကောင်းဆုံးဖြစ်နိုင်သည့် ပုသိမ် ဟာလဝါဘူးကြီးကို ဆွဲလာသော မောင်ညွန့်တင်ကို ဆရာကြီးက တအံ့တသြ ကြည့်နေသည်။

လူစုံပြီဖြစ်၍ သြကာသရွတ်ဆိုပြီး ကန်တော့ကြသည်။ သြကာသဆုံး၍ ညီညီညာညာ ဦးချကန်တော့ လိုက်ကြသောအခါ ဆရာကြီးက အားရပါးရ ဆုပေးပါသည်။

"သာဓု...သာဓု...သာဓု၊ လိုအပ်သောဆုနှင့် တလုံးတစ်ဝ ပြည့်စုံကြပါစေ၊ ငါ့တပည့်တွေ အခုလို ဆရာ့ကို ကန်တော့ကြသော အကျိုးကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်းတို့နှင့် ပြည့်စုံကြ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ မိနှင့်ဘနှင့် အိုအောင်မင်းအောင် ပေါင်းသင်းကြရခြင်းဆိုတဲ့ ဆုထူးကြီးကို ခံစားကြပြီးလျှင် ဘဝတိုတိုနှင့် မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြပါစေ၊ မဂ်ဖိုလ်မရမီ စပ်ကြား ဖြစ်လေရာဘဝများစွာ သံသရာမှာ လူဖြစ်လျှင်လည်း လူချမ်းသာ၊ နတ်ဖြစ်လျှင်လည်း နတ်ချမ်းသာ စသော ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ စည်းစိမ်းဥစ္စာ ရတနာ ရွှေ ငွေ ပေါများသော ဘုရား ဒါယကာ၊ ကျောင်းဒါယကာများ ဖြစ်၍ အသက်ရာကျော် ရှည်ကြပါစေဗျာ၊ ဆရာ့တပည့်တွေ ကျန်းမာကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ပြိုင်တူအော်ကြပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်ကြသည်။ ကြမ်းပေါ်တွင် ကျုံ့ကျုံ့ ကလေးတွေ ထိုင်ကြပြီး ဆရာကြီး ပြောကြားလာမည့် သြဝါဒစကားတွေကို နားထောင်နေကြသည်။

"တပည့်တို့ကို ဝမ်းသာစရာတစ်ခု ပြောရဦးမယ်၊ ဆရာတို့ ရွာအတွက် အလယ်တန်းကျောင်း ပြန်ချပေးဖို့ အမိန့်ကျနေပါပြီ၊ နယ်မြေ မအေးချမ်းလို့ ခေတ္တရုပ်သိမ်းထားခဲ့တာ အခုပြန်ရပါတော့မယ်၊ နောက်နှစ်လောက်မှာ ကျောင်းပြန်ဖွင့် နိုင်လိမ့်မယ်လို့ ဆရာထင်တယ်၊ အဓိက ပြဿနာကတော့ အဆောက်အဦး ပြဿနာပဲ၊ အရင် မီးလောင်သွားတဲ့ ကျောင်းကြီးထက်ကြီးတဲ့ အဆောက်အဦးဆောက်ဖို့ ရည်ရွယ်တယ်လို့ ဆရာ သိခဲ့ရတယ်၊ ခရိုင်ပညာဝန်ကြီး မကြာခင် ရွာကို လာပါလိမ့်မယ်၊ မကြာခင် အကောင်အထည် ပေါ်ပါတော့မယ်၊ ဒီနှစ်အောင်ကြတဲ့ တပည့်တွေ အတွက်ကတော့ နည်းနည်း ကသီလင်တ နိုင်သွားပြီပေါ့ကွယ်၊ တတ်နိုင်တဲ့သူ တွေက မြို့ကျောင်းကို သွားတက်ကြ၊ မတတ်နိုင်တဲ့ သူတွေကတော့ စောင့်ကြရလိမ့်မယ်၊ ဒါပေမယ့် အားမငယ်ပါနဲ့၊ ဆရာ့အိမ်မှာ ငါးတန်း၊ ခြောက်တန်း အလွတ်သင်နိုင်အောင် ဆရာ ကြိုးစားကြည့်ပါဦးမယ်၊ ဒီက မင်းတို့ရဲ့ ဆရာမလည်း ရှိနေပြီပဲ၊ ဆရာတို့ တိုင်ပင်ပါဦးမယ်၊ စိတ်ဓာတ်မကျ ကြပါနဲ့နော်၊ အေး... အေး သာဓုကွယ်... သာဓု၊ ဒါနဲ့ မောင်ညွန့်တင်က ဘယ်က ပိုက်ဆံရလို့ ဟာလဝါဘူးကြီး ဝယ်လာတာလဲကွဲ့"

ဆရာကြီးသည် တပည့် မောင်ညွန့်တင်ကို ကရုဏာ မျက်လုံးများဖြင့် ကြည့်ပြီး မေးလိုက်သည်။ မောင်ညွန့်တင်၏ အဖြေကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြသည်။ မောင်ညွန့်တင်ထံမှ ဘာသံမှ ထွက်မလာဘဲ ခေါင်းငုံ့ထားသဖြင့် မျက်လုံးပေါင်းစုံ ဝိုင်းကြည့်ခြင်း ခံနေရသည်။ မောင်ညွန့်တင်မှာ ပုသိမ်ဟာလဝါဘူးကြီး ဝယ်နိုင်ရန် ပိုက်ဆံငါးကျပ် မပြောနှင့် ငါးပြားတောင် မကိုင်နိုင်တာကို လူတိုင်း သိနေကြ၍ ဖြစ်သည်။

"သူ့မှာ ဝယ်စရာ ပိုက်ဆံမရှိလို့ ကျွန်မ ဝယ်ပေးလိုက်တာပါ ဆရာကြီး"

မအေးနုက ဝင်ပြောလိုက်ရာ ဆရာကြီးမှာ တအံ့တသြ ဖြစ်ပြီး ပါးစပ်မှ "ဟော" ဟု အသံထွက် သွားသည်။ ကျောင်းသားများက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးစိစိ လုပ်နေကြသည်။ မြင့်နိုင်ဦးတို့ အုပ်စုကတော့ ဆရာကြီး မမြင်အောင် ကျိတ်ပြီး ရယ်နေကြသည်။ မောင်ညွန့်တင်ခမျာ ရှက်လွန်း၍ ခေါင်းကို ငုံ့ထားလိုက်သည်မှာ ဒူးနှစ်လုံးကြားထဲ ဝင်လုမတတ် ဖြစ်နေတော့သည်။

ဆရာကြီးသည် မောင်ညွန့်တင်ကို ကရုဏာ အပြည့်ပါသော မျက်လုံးများဖြင့် ကြည့်ပြီး ခေါင်းတညိမ့် ညိမ့် လုပ်ရင်း တဖြည်းဖြည်း ပြုံးလာသည်။ ပြီးတော့မှ လေးနက်သော စကားကို မိန့်ကြားလေသည်။

"တပည့် မောင်ညွန့်တင်ရဲ့ သဒ္ဓါတရားနဲ့ တပည့်မလေး မအေးနုရဲ့ စေတနာကို ဆရာ အသိအမှတ် ပြုတယ်ဟေ့၊ ဒါပေမဲ့ တပည့်တို့ ဒီနေ့ကစပြီး မှတ်သွားကြစမ်းကွဲ့၊ ရတနာ သုံးပါးနဲ့ ဆရာမိဘတည်းဟူသော အနန္တော အနန္တ ငါးပါးကို ပူဇော်ကန်တော့ရာမှာ ဘာလက်ဆောင်မှ ပါစရာ မလိုဘူးကွဲ့၊ အဲ တစ်ခုပဲ ပါဖို့လိုတယ်၊ အဲဒါက ဘာလဲဆိုတော့ ရိုသေလေးစားခြင်း တည်းဟူသော ဂရုဂါဝရ စေတနာ သဒ္ဓါတရား လက်ဆောင် ပစ္စည်းပါပဲ၊ ဆရာသမားတို့ မည်သည် မနိုင်ရင်ကာ လာကန်တော့တဲ့ တပည့်ရဲ့ လက်ဆောင် ပစ္စည်းမျိုးကို သိလျက်နဲ့ လက်မခံကောင်းဘူးကွယ့်နော်၊ မှတ်ထားကြ၊ အေး...အေး သာဓုကွယ် သာဓု၊ ဣစ္ဆိတံ ပတ္တိတံ တုံယှံ ခိပ္ပမေဝ သမိဇ္ဈတု ငါ့တပည့်တို့ လိုအပ်သောဆုနှင့် ပြည့်စုံကြပါစေ၊ ကဲ အိမ်ကို ဖြောင့်ဖြောင့်တန်းတန်း ပြန်ကြ"

ကျောင်းသားများ အားလုံးပင် ဆရာကြီးကို ကန်တော့လိုက်ကြပြီး ထိုင်ရာမှ ထလိုက်ကြသည်။ မြင့်နိုင်ဦးနှင့် အပေါင်းအသင်း တစ်စုက လှေကားသို့ အလျင်ဦးအောင် ပြေးသွားကြသည်။ လမ်းပေါ် ရောက်တော့လည်း အော်ဟစ်ခုန်ပေါက်ပြီး ကြွားလိုက်သေးသည်။

"တို့ကတော့ မြို့ကျောင်းတက်မယ်ကွ၊ မြို့မှာ ငါတို့အဒေါ်နဲ့ ဦးလေး ရှိတယ်၊ ကျောင်းနဲ့ နီးနီးလေးပဲ"

ဂါးသမ္ဘာန်ပိုင်ရှင် ကုန်သည်သူဌေးသား အောင်တင်ကလည်း အားကျမခံ ကြွားပြန်သည်။

"ငါတို့အဖေက ငါ့ကို မြို့ကျောင်း လိုက်ပို့ဖို့ နွားလှည်းတောင် ပြင်ထားပြီးပါပြီကွ၊ ရုပ်ရှင်ရုံနားက ငါ့အစ်မအိမ်မှာ နေရမှာ"

ကိန္နရီချောင်းရွာကြီးမှ သံတွဲမြို့သို့ မိုင်လေးဆယ်ဝေးသဖြင့် ကလေးများ ခြေကျင် မသွားနိုင်ကြ၊ လူကြီးများသာ တစ်ညအိပ်ခရီးဖြင့် ခြေကျင်သွားကြသည်။ မြို့သွားလမ်းသည် တော်လှန်ရေးကာလ အတွင်းက ရေတိုက်စား၍ ချောက်ကြီးတွေ ဖြစ်ပြီး နွားလှည်းပင် ခက်ခက်ခဲခဲ

မောင်းနေရသည်။ သံတွဲမြို့မှ ထွက်လာသော မော်တော်ကားများသည် မြို့မှ ဆယ်မိုင်အကွာ ဇလွန်ရွာတွင် ခရီးဆုံးတော့သည်။

"လှဖေ မင်းကော မြို့ကျောင်း တက်မှာလား"

ဆရာကြီးအိမ်ပေါ်မှ ဆင်းလာကြ၍ လမ်းပေါ်ရောက်သောအခါ မောင်ညွှန့်တင်က ကျောင်းမှာ တစ်ခုံတည်း အတူထိုင်သော သူငယ်ချင်း လှဖေကို မေးစမ်းကြည့်ရသည်။ လှဖေမှာ မိစုံဘစုံရှိသော်လည်း ဆင်းရဲသား လယ်သမားသားဖြစ်၍ သိပ်တော့ မျှော်လင့်ချက် ရှိပုံမရ၍ မေးကြည့်မိခြင်း ဖြစ်သည်။

"မသိပါဘူးကွာ၊ အဖေက ဘာမှ မပြောသေးဘူး"

မအေးနုတို့ မမြရွှေတို့ မိန်းကလေးအုပ်စု အနားရောက်လာကြ သဖြင့် တစ်ယောက် တစ်ပေါက် ဆူညံလာသည်။ တရွေ့ရွေ့လျှောက်လာကြရင်း ကိုယ့်အိမ်ရှေ့ရောက်လျှင် ဝင်သွားကြ သမို့ တဖြည်းဖြည်း လူစုကွဲသွားကြသည်။ ဘုန်းကြီးကျောင်းဝိုင်းသို့ ပြန်ရမည့် လှဖေနှင့် မောင်ညွှန့်တင်တို့က လမ်းဆုံအထိ အတူသွားရမည့် မအေးနုကို စောင့်ပြီး အတူလျှောက် လာကြသည်။

"အေးနုမ၊ ကျေးဇူးတင်တယ်ကွာ၊ နင့်ကျေးဇူးကို ငါဘယ်တော့မှ မမေ့ဘူး၊ တစ်နေ့နေ့မှာ ငါတတ်နိုင်တဲ့ နည်းနဲ့ နင့်ကို ကျေးဇူးဆပ်မယ်"

"မလိုပါဘူး ညွှန့်တင်ရယ်၊ ဒီလောက်ကလေးက ငါ့အတွက် အပန်းမကြီးပါဘူး၊ ဒီအတွက်တော့ ကျေးဇူးမတင်ပါနဲ့၊ နင့်ရဲ့စေတနာကို ဆရာကြီး သိခွင့်ရသွားတာကိုပဲ ငါက ဝမ်းသာလှပါပြီ"

သင်္ချာနှစ်ပုဒ်များ၍ မိန်းကလေးတန်မဲ့ အရိုက်ခံရတော့မည့် အခြေအနေမှ မိမိကိုယ်တိုင် အရိုက်ခံပြီး ကယ်တင်ခဲ့စဉ်က မအေးနုက ကျေးဇူးတင်စကား ပြောလာသည်ကို မိမိက ပြန်ပြောခဲ့သည် လေသံအတိုင်း ယခု မအေးနုက ပြန်ပြောလိုက်ခြင်း ဖြစ်သည်ဟု မောင်ညွှန့်တင် သဘောပေါက်လိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် မအေးနကတော့ သူတတ်နိုင်သည့် နည်းဖြင့် ကျေးဇူးတုန့်ပြန် တတ်ကြောင်း လက်တွေ့ ပြသွားပေပြီ၊ မိမိကရော ဘယ်အချိန်မှာ ဘယ်လိုကျေးဇူး တုံ့ပြန်နိုင်ပါ့မလဲဟု မောင်ညွှန့်တင် စဉ်းစားနေမိသည်။

"နင်ကော မြို့ကျောင်းကြီး တက်မှာလားဟင်"

မောင်ညွှန့်တင်က မအေးနကို မအေးနကို မေးကြည့်သည်။

အမှန်တော့ မေးစရာပင် မလို။ မအေးနတို့က ရွှေနဲ့ငွေနဲ့ နေ့စဉ် ဝင်ငွေနဲ့ဆိုတော့ မြို့ကျောင်းမှာ တက်မှာ သေချာသည်။

"တက်မှာပေ့ါဟဲ့၊ ကျောင်းတက်မှ ပညာတတ်မှာပေ့ါ"

"မြို့ကျောင်းတက်ပြီး မြို့သူကြီး ဖြစ်သွားရင် ငါတို့တောသားလေးတွေကို မေ့သွားတော့မှာပေ့ါနော် ဟဲဟဲ"

လှဖေက အရွှတ်အနောက်သမားပီပီ မအေးနကို စလိုက်သည်။ ဇတ်ဇတ်ကြဲ အေးနကလည်း နည်းနည်းမှ ခံတတ်သူ မဟုတ်လေတော့ ပြန်ပက်လိုက်တော့သည်။

"သောက်ကောင်၊ ငါ့ကို ပေါက်ကရတွေ လာမပြောနဲ့နော်၊ မြို့ပဲရောက်ရောက် နတ်ပြည်ပဲ ရောက်ရောက် ငါ့ရွာ၊ ငါ့အမေနဲ့ သူငယ်ချင်းတွေကို ဘယ်တော့မှ မမေ့ဘူးဆိုတာ နင်မြဲမြဲမှတ်ထား သိလား"

မအေးန သူ့အိမ်ထဲ ဝင်သွားပြီမို့ လှဖေနှင့် မောင်ညွှန့်တင်တို့ ရွာဦးကျောင်းသို့ သွားရာလမ်းအတိုင်း လျှောက်သွားကြ တော့သည်။

မောင်ညွှန့်တင် နေထိုင်သော ဘုန်းတော်ကြီးကျောင်းတွင် ယနေ့ ထူးခြားမှုတစ်ခုခု ဖြစ်နေသည်။ ရွာမျက်နှာဖုံး ကျောင်းဒါယကာကြီး သုံးလေးယောက်နှင့် ဆရာတော်တို့ တစ်စုံတစ်ခု အတွက် အချီအချ ဆွေးနွေးနေကြသည်။ မကြာမီ ကျောင်းဒါယကာကြီးများ ပြုံးပြုံးရွှင်ရွှင်ဖြင့် ရယ်ကာမောကာ ပြန်သွားကြသည်။

နေ့ဆွမ်းစားပြီးလောက်တွင် ကိုရင်သည် ညီငယ်မောင်ညွန့်တင်ကို လက်တို့ခေါ်ပြီး သိမ်တော်ကြီး အတွင်းသို့ ခေါ်သွားလေသည်။ သိမ်တော်ကြီး အတွင်းရောက်သော် ဘုရားကို ဝတ်ပြုပြီး ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ကိုရင်သည် ညီလေးကို အလွန်ချစ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ပြီး လေးလေးနက်နက် ပြောလေသည်။

"ညီလေး ဆရာတော့် ဆုံးမစကားကို နားထောင်ပြီး လိမ်လိမ်မာမာ နေရစ်တော့၊ ဦးပဋ္ဌင်းပညာဝံသနဲ့ ငါနဲ့ ရန်ကုန်ကို သွားပြီး စာသွားသင်ကြရမယ်၊ ငါ့မှာ အစီအစဉ်တစ်ခုရှိတယ်၊ အခုတော့ မင်းသိဖို့ မလိုသေးလို့ ငါ မပြောသေးဘူး၊ ငါ ရန်ကုန်ကို ရောက်ပြီးရင် မင်းဆီကို စာရေးမယ်၊ ဆရာကြီး ဦးစံငွေက တစ်ဆင့် မင်း စာရလိမ့်မယ်၊ မင်း တစ်ခုမှတ်ထားရမှာက စာထဲမှာပါတဲ့ အကြောင်းအရာတွေကို ဘယ်သူ့ကိုမှမပြောဘဲ မင်းဝမ်းထဲမှာပဲ ထားရမယ်၊ စာကိုဖတ်ပြီးတာနဲ့ ဆုတ်ဖြဲပစ်လိုက်ပါ။ ငါတို့ နက်ဖြန်မနက်ပဲ သံတွဲမြို့ကို သွားကြရတော့မယ်၊ သဘောလက်မှတ် ရပြီးပြီ၊ လိမ်လိမ်မာမာ နေရစ်နော်၊ မဆော့နဲ့၊ ထိမိခိုက်မိလို့ အနာတရ ဖြစ်နိုင်တယ်၊ အမြင့်က လိမ့်ကျလို့ ခြေကျိုးလက်ကျိုး ဖြစ်နိုင်တယ်၊ ငါ စိတ်ချသွားမယ်၊ ငါမရှိရင် မင်းကို ဂရုစိုက်မယ့်လူ မရှိတော့ဘူး"

မောင်ညွန့်တင်သည် အစ်ကိုထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ ဝမ်းနည်းပြီး ငိုချင်စိတ် ပေါက်သွားသည်။ အားငယ်စိတ်က ရင်းတွင်းမှ လှိုက်တက်လာသည်။ နာရည်ယိုရွှဲ မျက်ရည်ဝဲလာသည်။ အစ်ကို့မျက်နှာ တစ်ကျွှာထင်ပြီး နေခဲ့သော လူမမယ်လေး မောင်ညွန့်တင်မှာ အားကိုးရာမဲ့ ပြန်ချေပြီ။ အစ်ကို့ရှေ့မှာ မျက်ရည်မကျအောင် အောင့်ထားသော်လည်း မျက်ရည်လုံးကြီးက လျှောခနဲ စီးကျသွား တော့သည်။ ကိုရင်သည် ညီလေး၏ မျက်ရည်များကို သင်္ကန်းစလေးဖြင့် တို့ပြီး သုတ်ပေးသည်။

"မငိုနဲ့ ညီလေး၊ လောကမှာ ကြီးတယ် ငယ်တယ်ရယ်လို့ မဟုတ်ဘူး၊ လူတိုင်းလူတိုင်းဟာ လောကဓံတရား ရှစ်ပါးနဲ့ တွေ့ကြုံရတာပဲ၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံ နည်းခြင်း၊ ချစ်တဲ့သူနဲ့ ကွေးကွင်းရခြင်း၊ မချစ်မနှစ်သက်သော သူနှင့် အတူတကွ ပေါင်းဖက်ရခြင်းဆိုတဲ့ လောကဓံရဲ့ သဘောတွေပဲ၊ ဒီဒဏ်ကို ခံနိုင်ဖို့ အရေးကြီးတယ်၊ တစ်နေ့ကျရင် မင်းနားလည်လာလိမ့်မယ်၊ ကဲ... ထ အချိန်မရှိဘူး၊ ငါတို့ သွားဖို့ ပြင်ဆင်ရဦးမယ်"

မောင်ညွန့်တင်သည် မိမိဘဝ ရှေ့ရေးအတွက် အလွန် အားငယ်နေသည်။ တောင်တွေးမြောက်တွေး ဖြင့်ပင် အိပ်ရာဝင်ခဲ့သည်။ အိပ်၍မပျော်၊ ဆွမ်းစားချိန်တွင် တီးရသော ကြေးစည်ကြီး ကပ်ချိတ်ထားသည့် ကျောင်းတိုင်ကြီးကို ခေါင်းတိုက်ပြီး လဲလျောင်းနေသည်။ ဘာဘူစောင် အဟောင်းလေးကို ကိုယ်တစ်ပိုင်း လုံအောင် ခြုံထားသည်။

အတွေးပုံရိပ်တွင် အရုပ်တွေ စုံသည်။ အိုအောင်မင်းအောင် အတူမနေလိုက်ရသည့် အဖေနှင့်အမေတို့ ပုံရိပ်များ ပေါ်လာသည်။ ပျောက်သွားသည်။ အိုကြီးအိုမ ကျခါမှ မြေးကလေး နှစ်ယောက်နှင့် ဒုက္ခများခဲ့ကြသည့် အဘိုးနှင့် အဘွားတို့ ပုံရိပ်များသည်လည်း ကြာကြာမခံ ပျောက်ကွယ်သွားပြန်သည်။ မိမိဘဝမှာ မြင့်မိုရ်တောင်ကြီးပမာ အားကိုးစရာ ကျန်နေသေးသည့် အစ်ကို ကိုရင်သည် တိမ်လွှာတွေကြားတွင် ရှာန်ကြွ၍ မျောနေကြသည်။ သံဃာစင်ရှေ့တိုင်တွင် ကပ်ချိတ်ထားသော တိုင်ကပ်နာရီကြီးမှ ညသန်းခေါင်ယံ နာရီပြန် တစ်ချက်တီးသံကို မပီမသ ကြားလိုက်သလိုလို မကြားလိုက်သလိုလို။

(၇)

"တုံ… တုံ… တုံ… တုံ တုံ တုံ တုံ တုံ တုံ"

စည်းချက်ကျကျ နက်လိုက်သော တုံးခေါက်သံကြောင့် လန့်နိုးလာပြန်သည်။ နံနက်လေးနာရီတွင် အချိန်မှန်မှန် ခေါက်လေ့ရှိသော ဆရာတော်ဘုရား၏ တုံးမောင်းခေါက်သံ ဖြစ်သည်။ အသံအကျယ်ဆုံး၊ သံစဉ်အမြင့်ဆုံးမှ တဖြည်းဖြည်း သံစဉ်နိမ့်လာပြီး ခေါက်ချက်စိပ်လာသည်။ ဆယ့်ငါးချက်၊ အချက်နှစ်ဆယ် ခန့်တွင် အဖျားသွယ်၍ ပျောက်သွားတော့သည်။

စက္ကန့်အနည်းငယ် ကြာသောအခါတွင် "တုံတုံ . . . တုံတုံ"ဟု နှစ်ချက်တွဲ နှစ်ခါခေါက်ခြင်းဖြင့် လေးနာရီ ထိုးပြီ၊ ဘုရားဝတ်တက်ရန် ထကြတော့၊ ရွာထဲကဆွမ်းချက်လှည့် ကျသူများလည်း ဆွမ်းချက်ရန် ထကြလော့ဟု နှိုးဆော်လိုက်ခြင်းပင် ဖြစ်သည်။ တုံးခေါက်သံကြားသော လင်းကြက်တို့ အပြိုင်အဆိုင် တွန်သံကို ရွာဘက်ဆီမှ ကြားနေရသည်။

မောင်ညွှန့်တင်သည် မိမိအိပ်ရာလေးကို သိမ်းလိုက်ပြီး ကျောင်းတိုင်ကြီးကို မှီပြီး ထိုင်နေသည်။ တစ်နေရာဆီသို့ အဓိပ္ပါယ် ကင်းမဲ့စွာ ငေးကြည့်နေသည်။ နာရီပိုင်းအတွင်းတွင် အစ်ကိုနှင့် ခွဲရတော့မည် ဆိုသော အသိကြောင့် သောက ဖြစ်နေသည်။ အစ်ကိုသွားမည်ဆိုသည့် ရန်ကုန်မြို့နှင့် သူ့ဘဝ မည်သို့မှ မပတ်သက်၍ စိတ်လည်း မဝင်စားခဲ့၊ အခုတော့ စိတ်ဝင်စားရပါပြီ၊ အစ်ကို့ကို မခေါ်ပါနဲ့ ရန်ကုန်မြို့ကြီးရယ်ဟု စိတ်ထဲက တောင်းပန်နေမိသည်။

အလင်းရောင်လေး ပေါ်လာသည်နှင့် ကျောင်းဝင်းအတွင်းသို့ နွားလှည်းတစ်စီး မောင်းဝင်လာသည်။ လှည်းပေါ်တွင် ကော်ဇောခင်းထားသည်။ ဦးလေးဦးညီပု၏ လှည်းဖြစ်သည်။ နွေမိုးဆောင်း သုံးရာသီတွင် ဘယ်ရာသီမှာမှ အင်္ကျီဝတ်လေ့ မရှိသော ဦးညီပုပင် အင်္ကျီတွေ ဘာတွေဝတ်၍ ဇန်းမော်တဘက်ခေါ် မျက်နှာသုတ်ပဝါကြီးကို ခေါင်းပေါင်းထားသည်။

လှည်းရောက်လာသည်နှင့် ဦးပဋ္ဌင်းပညာဝံသနှင့် ကိုရင်တို့၏ သံသေတ္တာနှစ်လုံးကို ကျောင်းသားကြီးများက ကျောင်းပေါ်မှ ထမ်းချပြီး လှည်းပေါ်သို့ တင်လိုက်ကြသည်။ ဦးပဋ္ဌင်းနှင့် ကိုရင်တို့သည် ဆရာတော်ဘုရားကို ကန်တော့ကြသည်။

"ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ သာသနာ့အကျိုးကို သယ်ပိုးနိုင်တဲ့ ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေ၊ ကဲ . . . သွားကြ"

မောင်ညွန့်တင်သည် အစ်ကို ကိုရင်အနီးသို့ သွားပြီး ခြေအစုံကို ဦးတိုက် ရှိခိုးကန်တော့လိုက်သည်။ ပြီးတော့မှ ကိုရင်၏ ခြေထောက်ကို ဖက်ထားပြီး ငိုပါလေတော့သည်။

လူမမယ်ကလေးအရွယ်သာ ရှိသေးသည့် မောင်ညွန့်တင်မှာ အဖေအမေလည်း မရှိ၊ အဘိုးအဘွားလည်း မရှိလေတော့ သည်အစ်ကို တစ်ယောက်ကိုပဲ အားကိုးပြီး နေလာခဲ့သည်။ အခုတော့ အစ်ကိုကလည်း သူ့ကို ခွဲခွာ၍ သွားရတော့မည် ဆိုတော့ အားငယ်ပေမပေ့။ ကိုရင်က ဆို့နင့်သောအသံကို ထိန်း၍ ဣန္ဒြေကြီးဖြင့် ပြောလိုက်သည်။

"ဆရာတော့် ဆုံးမစကားကို နားထောင်ပြီး လိမ်လိမ်မာမာ နေရစ်ခဲ့"

ကိုရင်သည် မောင်ညွန့်တင်၏ လက်မှခြေထောက်ကို ဆွဲရုန်းလိုက်ပြီး လှည်းရှိရာသို့ ကြွသွားလေသည်။ ကိုရင် လှည်းပေါ် ရောက်သည်နှင့် ဦးညီပုသည် သူ့နွားကြန်စုံကိုနှင်၍ လှည်းယာဉ်ကြော့ကို သော့သော့လေး မောင်းထွက်လိုက်တော့သည်။

မောင်ညွန့်တင်သည် လှည်းနောက်မြီးကိုကိုင်၍ ရှာရှိုးတစ်လျှောက် လိုက်ပါလာသည်။ လက်တစ်ဖက်က မျက်ရည်စလေးများ သုတ်ရင်း ရှိုက်ရင်း ရှိုက်ရင်း လိုက်ပါလာသည်။ ကိုရင်သည် ညီလေးကို သနားလွန်း၍ လှည်းနောက်မြီးကို ကိုင်ထားသော မောင်ညွန့်တင်၏ လက်ကလေးကို သူ့လက်ဖြင့် ဆုပ်ကိုင်ထားသည်။

တိုက်တိုက်ဆိုင်ဆိုင် ရွာလမ်းတစ်လျှောက်တွင်ကား မြို့တွင် ကျောင်းနေရန် သွားကြမည့် သူငယ်ချင်းများ ဖြစ်ကြသည့် မြင့်နိုင်ဦး၊ စိန်လှ၊ အောင်ပု၊ အောင်တင်၊ မမြရွှေ၊ မအေးနုတို့ လှည်းတွေက ဝန်စည်စလယ် အပြည့်ဖြင့် အဆင်သင့် ဖြစ်နေကြသည်ကို တွေ့ရပြန်သည်။ ကျောင်းသားများက အိမ်နီးချင်းတွေကို လိုက်လံ နှုတ်ဆက်နေကြ သည်။ ဝတ်ကောင်း စားလှလေးများဖြင့် ပျော်နေကြသည်။ လိုက်ပို့ကြမည့် မိဘများကလည်း သေတ္တာ၊ ဆန်အိတ်၊ ဆီပုံး၊ ငါးခြောက်တောင်း၊ ငါးပိအိုးမှ အစ လိုအပ်တာမှန်သမျှ မကျန်ရအောင် စီစဉ်နေကြသည်။

ဦးပဋ္ဌင်းတို့လှည်းကို ဦးစားပေးသည့် အနေဖြင့် ရှေ့က သွားခိုင်းကြသည်။ ဦးပဋ္ဌင်းတို့လှည်း ရှေ့ရောက်သွားတော့မှ ကျောင်းသားတို့၏ လှည်းများ စတင်ထွက်ခွာကြတော့သည်။ နောက်ဆုံးထွက်မည့် လှည်းပေါ်သို့ တက်ရန် လာနေသော မအေးနုသည် ဦးပဋ္ဌင်းတို့ လှည်းနောက်မြီးကို ကိုင်လိုက်နေသော မောင်ညွှန့်တင်ကို လှမ်းမြင်လိုက်သဖြင့် လှည်းပေါ် မတက်သေးဘဲ ဦးပဋ္ဌင်းတို့ လှည်းနောက်သို့ ပြေးလိုက် သွားလေတော့သည်။ ပါးစပ်မှလည်း အော်ခေါ်လိုက်သည်။

"ဟော့ ညွှန့်တင်ရေ.......ညွှန့်တင်"

နောက်က ပြေးလိုက်လာနေသော မအေးနုကို ကိုရင်က မြင်သွားသဖြင့် မောင်ညွှန့်တင်ကို ချော့မော့ပြီး ကျန်ခဲ့တော့ရန် ပြောရသည်။

"ညီလေး၊ ဟိုမှာ မအေးနု ပြေးလာနေတယ်၊ ကျန်ခဲ့တော့နော်၊ ကိုရင် မှာခဲ့တာတွေကို မမေ့နဲ့ သွားတော့၊ သွားတော့"

မောင်ညွှန့်တင်သည် လှည်းနောက်မြီးမှ လက်လွှတ်လိုက်ပြီး မြေမှာထိုင်ချ၍ အစ်ကို ကိုရင်ကို နောက်ဆုံး ဦးချကန်တော့လိုက်သည်။ အရှိန်မပျယ်သေးသော ဦးညီပု၏ နွားလှည်းက တဖြည်းဖြည်း အလှမ်းဝေးသွားတော့သည်။ ကန်တော့ရာမှ ထရပ်လိုက်စဉ်မှာပင် မအေးနုက အမောတကောဖြင့် အနား ရောက်လာသည်။

"ငါနင့်ကို နှုတ်ဆက်ချင်နေတာ၊ အတော်ပဲဟာ၊ ဘုန်းကြီးကျောင်းကို မလာဝံ့လို့၊ ဟယ် နင် ငိုနေတယ် ဟုတ်လား"

မျက်ရည်စ အကြွင်းအကျန်လေးများကို သုတ်နေသော မောင်ညွန့်တင်ကို မအေးနက တအံ့တသြ မေးလိုက်သည်။ မောင်ညွန့်တင်က မငိုပါဘူးဆိုတဲ့ သဘောဖြင့် ခေါင်းခါပြလိုက်သည်။ သို့သော် သူ့မျက်နှာလေးက မဲ့နေသေးသည်။

"ဦးပဥ္စင်းနဲ့ ကိုရင်တို့က ဘယ်ကိုကြွတာလဲဟင်"

မအေးနက တအိအိရွေ့သွားနေသော ဦးပဥ္စင်းတို့ လှည်းဘက်ကို ကြည့်ပြီး မေးလိုက်သည်။

"နင်တို့ သံတွဲမြို့ကို ကျောင်းနေဖို့ သွားကြသလို ဦးပဥ္စင်းနဲ့ ငါ့အစ်ကိုတို့က ရန်ကုန်မြို့ကို စာသင်ဖို့..."

မောင်ညွန့်တင်မှာ စကားမဆုံးမီ ဆို့တက်လာပြန်သဖြင့် တုံးတုံးတိတိဖြင့် ရပ်သွားတော့သည်။

"ဟောတော့၊ တို့က အလှူဖိတ်လို့ ဆွမ်းစားကြွကြတယ် ထင်နေတာ"

မအေးနသည် မောင်ညွန့်တင်အတွက် စိတ်မကောင်းသဖြင့် သက်ပြင်းတစ်ချက် ဝအောင်ဆွဲရှူပြီး ဖြည်းညှင်းစွာ ပြန်မှုတ်ထုတ်လိုက်သည်။ အားပေးစကား ပြောလိုက်သည်။

"အားမငယ်ပါနဲ့ သူငယ်ချင်းရယ်၊ ကျောင်းကြီးပိတ်ရင် တို့တတွေလည်း ပြန်လာကြမှာပါ။ ကဲ ငါ သွားတော့မယ်"

မအေးနသည် မောင်ညွန့်တင်အား နှုတ်ဆက်ပြီး သူတို့ လှည်းရှိရာသို့ ထွက်ပြေးသွားသည်။ မြင့်နိုင်ဦး တို့လှည်း လာနေသဖြင့် လမ်းဖယ်ပေးလိုက်ရသည်။

"ဟေ့ အုန်းသီး၊ ဆွမ်းခံ မထွက်သေးဘူးလားကွ"

"ဟား ဟား ဟား ဟား"

မြင့်နိုင်ဦးတို့အုပ်စုက လှည်းပေါ်မှ စသွားလိုက်ကြသေးသည်။ ဘာများ တတ်နိုင်ပါဦး မည်နည်း၊ ခေါင်းငိုက်စိုက်ချ၍ ခံရရုံသာ ရှိတော့သည်။ လမ်းဘေးမှရပ်၍ တရွေ့ရွေ့ ထွက်ခွာသွားနေကြသော လှည်းတန်းကြီးကို ကြည့်နေမိသည်။

နယ်မြေအေးချမ်းမှု မရှိသေးသဖြင့် နွားလှည်းများ အုပ်စုဖွဲ့၍ သွားကြခြင်း ဖြစ်သည်။ မအေးန နှင့် သူ့အမေ ဒေါ်အေးမြတို့ လိုက်ပါသွားသောလှည်းက နောက်ဆုံးမှ ဖြစ်သည်။ မအေးနလေးသည် မျက်စိတစ်ဆုံး မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ မောင်ညွှန့်တင်ကို လက်ပြနှုတ်ဆက် သွားခဲ့လေသည်။

(၈)

ဆလွန်းကားအဖြူလေးသည် မှော်ဘီ - ရန်ကုန် လမ်းမကြီးပေါ် ဆပ်သွားတော ရွာလေးအတွင်း သို့ မောင်းဝင်လာခဲ့သည်။

ကားပေါ်တွင် ပါလာသော ဒေါ်လှစိန်သည် ဆွဲခြင်းတောင်းအတွင်းမှ ပိုက်ဆံအိတ်ငယ်ကို ဖွင့်၍ လက်ကိုင်ပဝါလေးကို ထုတ်ယူလိုက်သည်။ ကရုဏာစိတ်ကြောင့် မျက်ဝန်းအစုံမှာ ခိုတွဲနေကြသော မျက်ရည်စလေးများကို အသာအယာ တို့ယူလိုက်သည်။

"ဒေါ်ဒေါ်ဖြင့် မောင်ညွှန့်တင်ရဲ့ အဖြစ်ကို ကြားရတာ ဝမ်းနည်းပမ်းနည်း ဖြစ်မိပါတယ်ကွယ်"

ရွာလယ်လမ်းမကြီးပေါ်ဖြစ်၍ ကိုညွှန့်တင်သည် ကားကို အထူးဂရုစိုက် မောင်းနေသည်။ အမြန်နှုန်းကို လျှော့နိုင်သမျှ လျှော့ချ၍ ယာဉ်အန္တရာယ်ကင်းစေရန် သတိထား မောင်းနေသည်။ အရှိန် ပြင်းစွာ မောင်းလာသော ကုန်ကားကြီးတစ်စီးကို ရှောင်ပေးလိုက်သည်။

"ဒါတင် ဘယ်ကမလဲ ဒေါ်ဒေါ်ရယ်၊ ဦးပဠင်းနဲ့ ကိုရင်တို့ရွာက ထွက်သွားကြပြီး သုံးလလောက် အကြာမှာ ရွာကို သတင်းတစ်ခု ရောက်လာတယ်၊ ကိုရင်ဟာ စာသင်တိုက်ကနေ ထွက်ပြေးသွားတဲ့ အကြောင်း၊ စာသင်တိုက်ကလည်း စည်းကမ်းပျက် ကိုရင်မို့ အပြီး ထုတ်ပယ် လိုက်ပြီ ဖြစ်တဲ့အကြောင်း သတင်းရောက်လာတယ်၊ မျက်နှာငယ်လိုက်ရတာ မပြောနဲ့တော့ ဒေါ်ဒေါ်ရယ်"

"ရပ်ရွာက ထောက်ပံ့တဲ့ ပညာသင်စရိတ်နဲ့ လွှတ်လိုက်တာဆိုတော့ ရပ်ထဲရွာထဲမှာ ပြောကြဆိုကြပေါ့၊ ဆရာတော်လည်း တပည့်မိုက်ကြောင့် စိတ်ညစ်သွားရှာတယ်၊ ဆရာတော်က တရားရှိတဲ့ ပုဂ္ဂိုလ်မို့ တရားနဲ့ ဖြေနိုင်သော်လည်း တရားမရှိတဲ့ ရပ်သူရွာသားတွေက ပြစ်တင်ရှုံ့ချကြတယ်လေ၊ အလကားပဲ၊ အဆိပ်ပင် ရေလောင်းသလိုပေါ့၊ ကွန်မြူနစ်တွေက မွေးတဲ့ သားသမီးတွေဘယ်ကောင် လိမ္မာလို့လဲ၊ နောက်တစ်ကောင်လည်း ဒီပုပ်ထဲက ဒီ 'ပဲ' ပဲ နေမှာပေါ့ စသဖြင့်ပေါ့ ဒေါ်ဒေါ်ရယ်၊ မြေနိမ့်ရာ လှံစိုက်ပြောလိုက်ကြတာ ခေါင်းမဖော်နိုင်ပါဘူး၊ ကလေးတန်မဲ့ လူတကာ မျက်စောင်းထိုး လက်ညှိုးထိုးခံပြီး နေလာလိုက်တာ တစ်နှစ်လောက်ကြာသွားတယ်၊ အစ်ကိုဆီက စာလည်း မလာ၊ ဘာသတင်းမှလည်းမရ၊ သေသလား ရှင်သလားလည်း မသိရ၊ ဒီလိုနဲ့ တစ်နေ့ ဆွမ်းခံထွက် သွားတော့..."

(၉)

တောရွာဘုန်းကြီးကျောင်းတို့ ထုံးစံအတိုင်း နွေရာသီ အလှူအတန်း ပေါများချိန်တွင်သာ ကျောင်းသား ကိုရင်များဖြင့် စည်စည်ကားကား ရှိခဲ့သော်လည်း မိုးတွင်း ရောက်လာပြီဆိုလျှင် အကြောင်းအမျိုးမျိုးပြ၍ ကျောင်းမှ ထွက်ပြေးကုန်ကြတော့သည်။ မောင်ညွှန့်တင်တို့လို မိဘမဲ့ ခိုးကိုးရာမဲ့ လူငယ်များသာ ကျောင်းဆွေး၊ လူဆွေး၊ မပျော်လည်းနေ၊ ပျော်လည်းနေ၊ နေကြရ တော့သည်။

မောင်ညွှန့်တင်သည် ဆွမ်းတော်ဆိုင်း ထမ်းတံပိုးကို သပိတ်တစ်ဖက်၊ ဆွမ်းဟင်းခွက်တွေ တစ်ဖက် မျှထမ်း၍ ကြေးစည်ကို ကိုယ်တိုင်တီးပြီး ဆွမ်းခံထွက်လာခဲ့သည်။

ဆွမ်းတော်ခင်ဗျာ ဟူသော အသံလေးကိုပေး၍ တစ်လမ်းဝင် တစ်လမ်းထွက် ကြေးစည်နက်၍ လျှောက်လာသည်။

ဆရာကြီး ဦးစံငွေ အိမ်ရှေ့ရောက်သောအခါ အိမ်ထဲမှ အော်ပြောသော ဆရာကြီးကတော် အသံကို ကြားလိုက်ရသည်။

"ဆွမ်းတော်ရပ်ပါဦး၊ မောင်ညွှန့်တင်ရေ၊ ခဏနေပါဦး"

"မောင်ညွှန့်တင်သည် ဆရာကြီးကတော် ဆွမ်းလောင်းမည် ဖြစ်၍ ကြေးစည်ရိုက်ရင်း ရပ်စောင့်နေသည်။ ဆရာကြီး ကတော်သည် ဆွမ်းခွက်ကိုင်ပြီး ထွက်လာသည်။ ရိုရိုသေသေ ဆွမ်းလောင်းသည်။ ပြီးတော့မှ မောင်ညွှန့်တင်ကို တိုးတိုးပြောသည်။

"မောင်ညွှန့်တင်၊ မင်းဆရာကြီးက ကိစ္စရှိလို့တဲ့၊ နေ့လည် ဆွမ်းစားပြီးရင် အိမ်ကို ခဏလာခဲ့ပါ တဲ့ကွဲ့"

"ဟုတ်ကဲ့ ကြီးကြီး၊ ကျွန်တော် လာခဲ့ပါမယ်"

ဆရာကြီးကတော် အိမ်ထဲပြန်ဝင်သွားသည်။ မောင်ညွှန့်တင်သည်လည်း ကြေးစည်ရိုက်၍ ဆက်လျှောက် သွားတော့သည်။

နေ့ဆွမ်းစားပြီးသော အခါ သပိတ်နှင့် ဆွမ်းဟင်းခွက်များကို ဆေးကြောသည်။ အဝတ်ဖြင့်သုတ်၍ မှောက်သည်။ တံမြက်စည်းလှည်းသည်။ ကိစ္စအားလုံးပြီး၍ ကျောင်းမှ ထွက်လာသောအခါ နေ့လည် ဆယ့်နှစ်နာရီတောင် ထိုးပြီးပေပြီ။

မအေးနတို့ အိမ်ရှေ့ရောက်သောအခါ မအေးနကို သတိရသဖြင့် အိမ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ခေါက်ဆွဲဆိုင် အရက်ဆိုင်တွင် လူရှင်းချိန်ဖြစ်၍ မည်သူ့ကိုမျှ မတွေ့ရဘဲ အိမ်ဝတွင် ချိတ်ဆွဲထားသည့် 'ပြည်တော်သာ ခေါက်ဆွဲဆိုင်' ဆိုင်းဘုတ်ကလေးက မောင်ညွှန့်တင်ကို သရော်နေသယောင် ရှိတော့သည်။

ဆရာကြီးအိမ်ရောက်၍ အပေါ်ထပ်ကို တက်သွားသောအခါ ပက်လက်ကုလားထိုင်တွင် ဆေးပြင်းလိပ်ခဲပြီး မှိန်းနေသော ဆရာကြီးကို တွေ့ရသည်။ ကုန်းကုန်းကလေးသွား၍ အနားတွင် ဝင်ထိုင်လိုက်သည်။ ဆရာကြီးသည် ကုလားထိုင်အနီးရှိ စားပွဲအံဆွဲထဲမှ စာတစ်စောင်ကို ထုတ်ယူပြီး မောင်ညွှန့်တင်ကို လှမ်းပေးရင်း မေးလိုက်သည်။

"ဒါ မင်းအစ်ကို ကိုရင်ဆီက စာ မဟုတ်လား"

မောင်ညွှန့်တင်သည် စာအိတ်ကလေးကိုကြည့်ပြီး တုန်တုန်ယင်ယင်ဖြင့်ပင် ဝမ်းသာနေသည်။ (ဘုန်းကြီးကျောင်းသား မောင်ညွှန့်တင်၊ မှ/တစ်ဆင့်၊ ဆရာကြီး ဦးစံငွေ၊ ကိန္နရီချောင်း

ကျေးရွာ၊ သံတွဲ ခရိုင်) ဟု လိပ်တပ်ထားသည်။ ဆရာကြီးကို မော့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်ရတော့သည်။

"ဖတ်စမ်းပါဦးကွဲ့ ဘာတဲ့တုံး"

မောင်ညွှန့်တင်ခမျာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ ကိုရင် မသွားမီက မှာခဲ့သော စကားကို ပြန်လည်ကြားယောင် လာမိသည်။

"မင်း တစ်ခု မှတ်ထားရမှာက စာထဲမှာပါတဲ့ အကြောင်းအရာတွေကို ဘယ်သူ့မှ မပြောဘဲ မင်းဝမ်းထဲမှာ ထားရမယ် စာကို ဖတ်ပြီးတာနဲ့ ဆုတ်ဖြဲပစ်လိုက်ပါ"

မောင်ညွှန့်တင်သည် ဆရာကြီးကို ကြောက်ရွံ့ရှိသေသော အကြည့်ဖြင့် မျက်ခွံလှန်၍ ကြည့်လိုက်သည်။ ဆရာကြီးသည် မောင်ညွှန့်တင်၏ အခက်အခဲကို ရိပ်မိဟန်တူသည်။ လေးနက်သော စကားကို ဆိုသည်။

"မောင်ညွှန့်တင်၊ ဆရာ တစ်ခုပြောမယ်၊ နားထောင်၊ ဆရာတို့မည်သည်မှာ တပည့်ကောင်းစားတာကိုသာ မြင်လိုတွေ့လိုတယ်၊ အန္တရာယ်ဖြစ်မယ့်ကိစ္စ၊ အကျိုးယုတ်မယ့် ကိစ္စဆိုလျှင် တားတန်တားရလိမ့်မယ်၊ အကျိုးဖြစ်မယ့် ကိစ္စဆိုလျှင်တော့ တတ်နိုင်တဲ့ဘက်က ကူညီပေးရမှာ ဆရာ့မှာ တာဝန်ရှိတယ်၊ ဒါကို ပြောချင်တာပါ"

ဆရာကြီးသည် အမြော်အမြင် ကြီးမားသော စကားကို ဆိုလေသည်။ ကိုရင်သည် ညီလေး ကောင်းစားရေးတွက် တစ်စုံတစ်ရာ စီစဉ်သည်ဆိုပါက မိမိ တတ်နိုင်သည့်ဘက်မှ ကူညီရန်ဆန္ဒရှိသည်။ မြေခွေးမြီးပြတ်ကဲ့သို့ သူခိုး သေဖော်ညှိသော ကိစ္စမျိုးဆိုပါက မောင်ညွှန့်တင်၏ အကျိုးကို ရှေ့ရှု၍ တားတန်းတာရ လိမ့်မည်ဟု စိတ်ကူးထားသည်။

မောင်ညွှန့်တင်သည် မလွှဲမရှောင်သာတော့ သဖြင့် စာအိတ်ကလေးကို အသာအယာ ဖေါက်လိုက်သောအခါ ရေတပ်သားဝတ်စုံ အဖြူဖြင့် ရိုက်ထားသော အစ်ကိုညွှန့်လှိုင်၏ ကိုယ်တစ်ပိုင်းပုံ ဓာတ်ပုံလေးနှင့်အတူ ဆယ်တန်ငွေစက္ကူ နှစ်ရွက်ထွက်ကျ လာလေတော့သည်။ ဓာတ်ပုံလေး ကိုကြည့်ပြီး အလွန်ဝမ်းသာသွားသည်။ ဖော်မပြတတ်သော ဘဝ၏ အနာဂတ် ရောင်ခြည်အတွက် ပီတိ ဖြစ်သော ဝမ်းသာမှုကြောင့် မျက်ဝန်းလေးအစုံမှာ မျက်ရည်ဥလေးတွေ

စိုစုလာသည်။ ဓာတ်ပုံလေးကို ဆရာကြီးအား ကမ်းပေးလိုက်ပြီး မျက်ရည်စလေးများကို သုတ်လိုက်သည်။ မိမိ ဘဝမှာ တစ်ခါမှ မကိုင်ဖူးသေးသော ဆယ်တန်ငွေစက္ကူ နှစ်ရွက်ကို အထူးအဆန်းသဖွယ် ဖင်လှန်ခေါင်းပြန် ကြည့်နေရှာသည်။ ဆရာကြီးသည် ဓာတ်ပုံကိုကြည့်ပြီး ပီတိပြုံးပြုံး၍ ခေါင်းတညိတ်ညိတ် ဖြစ်နေတော့သည်။

"ဖတ်စမ်းပါဦးကွဲ၊ ဘာတဲ့တုံး"

မောင်ညွှန့်တင်သည် စာရွက်ခေါက်ကလေးကို ဖြန့်၍ ဆရာကြီး ကြားနိုင်လောက်သော အသံဖြင့် ဖတ်ပြလိုက်သည်။

ရန်ကုန်မြို့

၇-၁၂-၅၈

ညီလေး-

အစ်ကိုလေး သတိရ အောက်မေ့စွာနဲ့ စာရေးလိုက်တယ်။ ဆရာတော်ဘုရားနဲ့ ညီးလေးတို့ ကျန်းမာကြပါစေဆိုတာ နေ့စဉ် မေတ္တာပို့သလျက် ရှိပါတယ်။ ဆရာတော် ဘုရားနဲ့ ညီလေးတို့ ပို့သတဲ့ မေတ္တာကြောင့် အစ်ကိုလေးလည်း ကျန်းမာစွာနဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်လျက်ရှိပါတယ်။

အစ်ကိုလေး ကိုရင်ဝတ်က ထွက်ပြီး ရေတပ်မတော်ထဲကို ဝင်လိုက်ပြီး၊ သင်တန်း တက်နေရလို့ ညီလေးရဲ့ ဆရာတော်ထံကို စာမရေးနိုင်ခဲ့ခြင်း ဖြစ်တယ်။ အခု သင်တန်းဆင်းပြီးလို့ ရတနာပုံ ရေတပ်စခန်းမှာ တာဝန်ကျနေပါပြီ။ ဒီစာကိုရလျှင် ဆရာတော်ကို ခွင့်ပန်ပြီး သံတွဲမြို့ကို ထွက်လာခဲ့ပါ။ လမ်းမှာ အန္တရာယ် မဖြစ်အောင် လူကြုံ ကောင်းကောင်းရှာပြီး လိုက်ခဲ့ပါ။ ဆရာကြီး လခ ထုတ်သွားမည့်နေ့မှာ လိုက်လာပါက အကောင်းဆုံးဖြစ်မည်။ သံတွဲမြို့ကိုရောက်လျှင် သိမ်ကုန်းကျောင်းက ဦးပဉ္ဇင်း ဉာဏုတ္တရဆီမှာ တည်းပါ။ မင်းနာမည်နဲ့ ပို့ထားတဲ့ ငွေတစ်ရာကို စာတိုက်မှာ ထုတ်ယူပါ။ ပိုက်ဆံ ထုတ်ပြီးပါက အကျီအိတ်မှာထည့်ပြီး တွယ်ချိတ်နဲ့ ချိတ်ပြီးပိတ်ထားပါ။ သင်္ဘောလက်မှတ်ဝယ်ပြီး ရန်ကုန်ကို လိုက်လာခဲ့ပါ။ သံတွဲကနေ ထွက်လာမယ်

ဆိုတာကို ငါ့ဆီကို ကြေးနန်းကြိုရိုက်ပါ။ ပိုက်ဆံကို အိတ်က ထုတ်သုံးပြီးတိုင်း အကျီအိတ်ကို ချိတ်နဲ့ ပြန်ချိတ်ဖို့ မမေ့နဲ့။

သင်္ဘောလက်မှတ်ရလျှင် ရဲရဲတင်းတင်းသာ လိုက်ခဲ့ပါ။ ဘာမှ မကြောက်နဲ့၊ သင်္ဘောကြီး ကုန်းပတ်ပေါ်တွေ လက်တန်းတွေအနား လျှောက်မသွားနဲ့၊ ရေထဲကျသွားနိုင်တယ်၊ သတိထားပါ၊ သင်္ဘော ဆိုက်မယ့်နေ့မှာ ငါ လာကြိုနေမယ်၊ အခြားခရီးသည်တွေနဲ့ အတူ သင်္ဘောပေါ်က ဆင်းလာခဲ့ပါ။ အကော်ခွန်ဌာနက စစ်ဆေးပြီးလို့ရှိရင် ငါ့ကို မတွေ့မချင်း၊ ဘယ်မှ မသွားဘဲ အကောက်ခွန် အရာရှိစားပွဲနားမှာပဲ ရပ်နေပါ။ ငါ စောစော ရောက်နိုင်အောင် ကြိုးစာမယ်။ အကယ်၍ နောက်ကျလျှင် မတွေ့မချင်း စောင့်နေပါ။ အခု ဓာတ်ပုံထဲမှာ ပါတဲ့အတိုင်းပဲ၊ ဘောင်းဘီတိုအဖြူ ဝတ်လာမယ်၊ စာထဲမှာ မှာသည့်အတိုင်း တိတိကျကျ လိုက်နာပါ။

ဆရာတော်ထံကို နောက်မှ သီးခြား စာတစ်စောင် ရေးပါမယ်။ သံတွဲကို ရောက်ပါက သင်္ဘော ထွက်မည့်နေ့ကို ကြိုတင် ကြေးနန်းရိုက်ဖို့ မမေ့နဲ့၊ တော်သေးပြီး။

ကျန်းမာပါစေ/၏။

ညွှန့်လှိုင်
တပ်သားသစ်၊ အောင်ဆန်းရိပ်သာ၊
ရတနာပုံရေတပ်စခန်း၊
သန်လျက်စွန်း၊ ရန်ကုန်မြို့။

စာဆုံးသွားသောအခါ ဆရာကြီးသည် ပေါင်ကို လက်ဝါးဖြင့် ဖျန်းခနဲမြည်အောင် ပုတ်လိုက်ပြီး အားရပါရ ပြောချလိုက်သည်။

"ကောင်းတယ်ဟေ့၊ ငါ့တပည့်အတွက် အောင်မြင်မှု လမ်းစပေါ်မှာ ခြေချမိပြီကွ၊ ဘဝအသိနဲ့ သတိရှိပါစေကွ၊ ကြိုးစားမှုနဲ့ လုံ့လဝီရိယ ရှိပါစေကွ၊ ငါ လခထုတ်မယ့်ရက်အထိ စောင့်နေရရင် လကုန် သွားလိမ့်မယ်၊ ငါ့ဘိုင်စကယ်ကလည်း နစ်ယောက်စီးလို့ မရဘူး၊

နက်ဖြန်မနက်ပဲ မင်းရွာက ထွက်ရမယ်၊ ဦးညီပုရဲ့ လှည်းကို ငါ ငှားပေးလိုက်မယ်၊ ဆရာတော်ကိုလည်း ငါ ကိုယ်တိုင် လျှောက်ပေးမယ်၊ ကဲ... မင်း ဆံပင် သွားညှပ်ပေတော့"

မောင်ညွှန့်တင်သည် ဆရာကြီးအိမ်မှ ပြန်လာခဲ့သည်။ ကြည့်၍ မဝနိုင်သော အစ်ကို့ ဓာတ်ပုံလေးကို လမ်းလျှောက်ရင်း ကြည့်လာခဲ့သည်။ အစ်ကိုသည် ဓာတ်ပုံထဲတွင် တည်ငြိမ်လေးနက်သော အသွင်ကိုဆောင်နေသည်။ နာကြည်းသမျှကို အသာစီးရအောင် ကြိုးစားမဟဲ့ဆိုသည့် မာန်လေး ပေါ်လွင်နေသည်ဟု ထင်ရသည်။ မောင်ညွှန့်တင်၏ ရင်ထဲတွင် ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ဝေဒနာကို ခံစားနေရသည်။ ဇာတိ ချက်ကြွေ မွေးရပ်မြေနှင့် သူငယ်ချင်းတွေကို ခွဲခွာ၍ တစ်မြို့တစ်ရွာသို့ သွားရတော့မည်ဆိုသည့် အသိကြောင့် ဝမ်းနည်းမှုက အလေးသာနေသည်။ မအေးနတို့ အိမ်ရှေ့ရောက်တော့ မအေးနကို သတိရလာသည်။ မအေးနတို့ အိမ်ထဲ လှည့်ဝင်လိုက်သည်။ ပြည်တော်သာ ခေါက်ဆွဲဆိုင် ဆိုင်းဘုတ်ရှေ့တွင် ရပ်ပြီး အော်ခေါ်လိုက်သည်။

"ကြီးတော်ရေ"

"ဟေ ဘယ်သူလဲဟေ့၊ ဝင်ခဲ့လေကွယ်"

"ကျွန်တော်ပါ၊ ညွှန့်တင်ပါ"

အိမ်ထဲမှ ဝင်ခဲ့လေကွယ်ဟု ခွင့်ပြုသော ကြီးတော် ဒေါ်အေးမြ၏ အသံကြားရသဖြင့် အိမ်တွင်း ဝင်သွားသည်။ ပြန်ထွက်လာသောအခါ မအေးန လိပ်စာရေးထားသော စာရွက်ဖြူလေး ကိုင်ပြီး ပြန်ထွက်လာသည်။ စာရွက်ကလေးကိုခေါက်ပြီး အင်္ကျီအိတ်တွင် သေသေချာချာ ထည့်လိုက်ပြီး ဦးထွန်းတင်၏ ဆံပင်ညှပ်ဆိုင်လေး ဘက်သို့ ထွက်ခွာသွားလေသတည်း။

## (၁၀)

နံနက် အရုဏ်ဆွမ်းကပ်ခြင်းကိစ္စ ပြီးသောအခါ အလုပ်များအားလုံးကို လက်စသတ်လိုက်သည်။ ပြုဖွယ်ကိစ္စများ ပြီးသောအခါ ဆရာတော်ဘုရား၏ ကျက်သရေခန်းဘက်သို့ သွားပြီး ဆရာတော်ကို ရိုရိုသေသေ ဦးချ ကန်တော့လိုက်သည်။ ဆရာတော်သည် တည်ငြိမ်အေးမြသော အသံဖြင့် ဆုံးမ စကားကို ဆိုပါသည်။

"သာဓု... သာဓု... သာဓု၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ လိုရာခရီးသို့ ချောမောစွာ ရောက်ပါစေ၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတည်းဟူသော အနန္တော အနန္တငါးပါးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို မမေ့နဲ့၊ ဆရာကောင်းတပည့် ပန်းကောင်း ပန်ဆိုတဲ့အတိုင်း ပန်းကောင်း ပန်တာကိုပဲ မြင်လိုတယ်၊ ကြားလိုတယ်၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ ကဲ...ကဲ သွားတော့"

မောင်ညွန့်တင်သည် ဆရာတော်ကို နောက်ဆုံးအနေဖြင့် ဦးသုံးကြိမ်ချ ကန်တော့လိုက်ပြီး လက်အုပ်ချီလျက် နောက်ဆုတ် ထွက်ခွာလာခဲ့သည်။

ကျောင်းမှ ထွက်လာပြီးမှ အသက်သခင် ကျေးဇူးရှင် ကျောင်းတော်ကြီးကို သမင်လည်ပြန် လှည့်ကြည့် လိုက်မိသေးသည်။ သူငယ်ချင်းလှဖေကို ဝင်နှုတ်ဆက်သည်။ မြို့ကျောင်း ဆက်မတက်နိုင်သော လှဖေတစ်ယောက် နွားကျောင်းထွက်ရန် ဟန်ပြင်နေသည်။

ဂျာရစ်ဆံပင် ကြက်တောင်စည်းဘဝမှ ဘိုကေလှလှလေး ညှပ်ထားသော ညွန့်တင်ကို မြင်သောအခါ လှဖေမှာ တအံ့တသြ ဖြစ်သွားသည်။ ဒီနေ့ပဲ ရန်ကုန်ကို သွားတော့မည်ဆိုသောအခါ ပို၍ အံ့သြရပြန်သည်။

"ဝမ်းသာတယ် သူငယ်ချင်းရယ်၊ တစ်ရွာမပြောင်း သူကောင်း မဖြစ်ဘူး၊ ဒါပေမယ့် တို့ရွာနဲ့ တို့သူငယ်ချင်းတွေကို မမေ့နဲ့နော်"

လှဖေက တမ်းတမ်းတတ မှာရှာသည်။ ညွန့်တင်က လွမ်းလွမ်းဆွေးဆွေး ကတိပေးခဲ့သည်။

"စိတ်ချပါ သူငယ်ချင်း၊ ငါ့အဘိုးအဘွားနဲ့ ငါ့အဖေ အမေတို့ကို မြှုပ်နှံထားတဲ့ ဒီရွာသုသာန်ကို ငါ ဘယ်လိုလုပ်ပြီး မေ့နိုင်ပါ့မလဲ၊ ကျေးဇူးရှင် ဆရာတော်ဘုရားနဲ့ ဆွမ်းလောင်းလှူကြတဲ့ ရပ်သူရွာ သားတွေကိုလည်း ငါ မမေ့နိုင်ပါဘူး သူငယ်ချင်းရာ၊ ဘဝနောင်ရေး အတွက် မလွှဲသာလို့ ခွဲခွာသွားရ မှာပါ၊ ကဲ သွားမယ် သူငယ်ချင်း၊ အချိန်မရှိတော့ဘူး"

လှဖေမှာ အလွန်ချစ်ခင်ရင်းနှီးသည့် သူငယ်ချင်းမို့ ရင်တွင်းရှိသမျှတွေကို အားရပါးရ ပြောချလိုက်သည်။ ပြီးတော့မှ ကသုတ်ကရက် နှုတ်ဆက်ပြီး ဆရာကြီး အိမ်ဘက်သို့ ထွက်သွားတော့သည်။ လှဖေသည် ညွန့်တင်ကို မျက်စိတဆုံး ကြည့်ပြီး ရပ်ကျန်ခဲ့သည်။ သြော်၊ အချိန်တန်တော့လည်း သူ့ ဟာနဲ့သူ အသီးသီး ပြောင်းလဲ ဖြစ်ပေါ်လာကြတာ မမွတာပါပဲလားဟု တွေးနေမိသည်။

မောင်ညွန့်တင် ဆရာကြီးအိမ်ရှေ့ ရောက်သောအခါ ဦးညီပု၏ နွားလှည်း ရောက်နေသည်ကို တွေ့ရသည်။ အိမ်အပေါ် ထပ်ရောက်သောအခါ ဆရာကြီးနှင့် ဆရာကြီးကတော် တို့သည် ကုလားထိုင်မှာ ထိုင်ပြီး စောင့်နေကြသည်။ ဦးညီပုက ကြမ်းပေါ်မှာထိုင်ပြီး ရေနွေးကြမ်း သောက်နေသည်။

"ကဲ မောင်ညွန့်တင်၊ ဟောဒီမှာ မင်းကြီးတော်က မင်းအတွက် လက်ဆောင်တဲ့၊ လုံချည်တစ်ထည်၊ အင်္ကျီတစ်ထည်နဲ့ ဦးထုပ်တစ်လုံး၊ တစ်ခါတည်း လဲလိုက်၊ မင်းအင်္ကျီ အဟောင်းတွေ ဟောဒီ အိတ်ထဲမှာထည့်၊ မြန်မြန်လုပ်၊ နေမပူခင် ခရီးပေါက်ဖို့ အရေးကြီးတယ်"

မောင်ညွန့်တင် အဝတ်အစား လဲနေသည်ကိုကြည့်ပြီး ဆရာကြီးကတော်သည် ခေါင်းတညိတ် ညိတ်ဖြင့် ပီတိဖြစ်နေသည်။ လူ့ဘဝ၏ အလှည့်အပြောင်းလေးတွေကို တွေးမိပြီး တရားသံဝေဂ ရနေပုံ ရသည်။

"ဒီလိုဆိုတော့လည်း ငါတူက လူချောပဲကွ"

လှည်းသမား ဦးညီပုက မောင်ညွန့်တင်ကို ကြည့်ပြီး ချီးကျူးစကားဆိုသည်။ မောင်ညွန့်တင်က ရှက်ပြုံးလေးပြုံးလိုက်သည်။ အဝတ်ဟောင်းများကို ဆရာကြီးပေးသော သားရေတု ဘေးလွယ်အိတ် အသစ်ကလေးထဲတွင် ခေါက်ထည့်လိုက်သည်။ လွယ်အိတ်ကလေးမှာ ဦးဘာသာဆာမြား၏ ဆိုင်တွင် တွေ့ဖူးသော အိတ်ကလေးဖြစ်သည်။ အိတ်ဘေးတွင် စာတန်းကလေး တစ်ခုပါသည်။ 'ပြည်တော် သာရမည်' တဲ့။

မောင်ညွန့်တင်သည် ဆရာကြီးနှင့် ဆရာကြီးကတော်ကို ဦးချကန်တော့လိုက်သည်။ ဆရာကြီး ပါးစပ်မှ တစ်စုံတစ်ခုကို ရွတ်ဆိုပြီး ဆုပေးနေသည်။ ပြီးတော့မှ အသင့်ရေးထားသော စာတစ်စောင်ကို မောင်ညွန့်တင်အား ကမ်းပေးလိုက်သည်။

"ရော့... သံတွဲမြို့ရောက်ရင် ဒီစာကို သွားပေး၊ အဲဒါ ငါတပည့် တစ်ယောက်ပဲ၊ သူ့အိမ်မှာ တည်းလျှင်လည်း ရတယ်၊ မင်းကို သင်္ဘောပေါ် ရောက်တဲ့အထိ အစအဆုံး အကူအညီ ပေးဖို့ ရေးထားတယ်"

မောင်ညွန့်တင်သည် ဆရာကြီးပေးသော စာအိတ်ကလေးကို ရိုရိုသေသေ လှမ်းယူပြီး လွယ်အိတ်ကလေးအတွင်း သေသေချာချာ ထည့်သိမ်းလိုက်သည်။ ဆရာကြီးကတော် ကမ်းပေးသော ဦးထုပ်ကို ယူဆောင်းလိုက်သည်။ မျက်နှာလေးကတော့ ညိုးလျက်နေပါသည်။ လွယ်အိတ်ကလေးကို ကောက်လွယ်လိုက်သည်။ လွယ်အိတ်ကလေးဘေးမှ စာတန်းကလေး ပေါ်လာသည်။ 'ပြည်တော်သာ ရမည်' တဲ့။

မောင်ညွန့်တင် လှည်းပေါ်ရောက်သည်နှင့် ဦးညီပုသည် သူ့နွား နီဝါကြီးနှစ်ကောင်ကို ကြိမ်တို့ လိုက်တော့သည်။ ရွာလမ်းတစ်လျှောက် အတန်ငယ် မောင်းပြီးသောအခါ မောင်ညွန့်တင်ကို သယ်ဆောင်လာသော ဦးညီပု၏ လှည်းကြီးသည် ရွာမှ ထွက်လေပြီ၊ ရွာဦးထိပ် တောင်ကမူလေး

ပေါ်ရှိ ရွာဦး စေတီလေးအနီးသို့ ရောက်သောအခါ မောင်ညွန့်တင်သည် လှည်းပေါ်မှ ထိုင်လျက်ပင် လက်အုပ်ချီလိုက်သည်။ ဆွဲလည်းလေးများတွင် ချိတ်ဆွဲထားသော ဖောဓိညောင်ရွက် ကလေးတွေက လက်ဝှေ့ယမ်းပြ၍ နှုတ်ဆက်ကြသည်။

ရွာဘက်ဆီမှ ကြက်တွန်သံ၊ ခွေးဟောင်သံ၊ ယာသမား ကြီးတစ်ဦး၏ နွားငေါက်သံနှင့် ဆရာတော်ဘုရားကြီး ကျောင်းမှ တုံးမောင်းခေါက်သံ တို့သည် ဝေး၍ဝေး၍ ကျန်ခဲ့ပါတော့သည်။

(၁၁)

ဆပ်သွားတော ရွာကလေးသည် ဝေး၍ဝေး၍ ကျန်ခဲ့ပါတော့သည်။ ကိုညွန့်တင်သည် ရှေ့တည့်တည့်မှ လာနေသော ကုန်ကားကြီးတစ်စီးကို သတိထား၍ ရှောင်လိုက်သည်။ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာရှိုက်လိုက်သည်။

"အေးကွယ်… လူ့ရဲ့ကံတရားနဲ့ ဘဝ အလှည့်အပြောင်းလေးတွေဟာ အတော်ဆန်းကြယ်တယ်နော်၊ သူတော်ကောင်းမို့ နတ်ကောင်း မ, တာပေါ့ကွယ်၊ ဒါနဲ့ ရန်ကုန်ရောက်တော့ ဘယ်လိုနေထိုင်ရလဲ၊ ပြောပါဦး"

"ရွာကထွက်လာပြီး နောက်တစ်နေ့ည မိုးချုပ်မှ သံတွဲမြို့ကို ရောက်သွားတယ်၊ ဆရာကြီးရဲ့တပည့်အိမ်မှာပဲ တည်းပါတယ်၊ ဆရာကြီးစာအရ အိမ်ရှင် အစ်ကိုကြီးက အားလုံးလိုက်လံ ဆောင်ရွက် ပေးပါတယ်၊ ဆရာကြီးက စာထဲမှာ ကျွန်တော့်ကို သူ့တူအရင်းလို့ ရေးလိုက်တယ် ထင်ပါရဲ့၊ မင်းဦးလေးဟာ ငါ့ရဲ့ ငယ်ဆရာ အရင်းကွလို့ ပြောတာကိုး၊ ကျွန်တော်ကလည်း ငယ်သေးတော့ မြို့မှာ မသွားတတ် မလာတတ်နဲ့ မအေးနုကို တွေ့ပြီး နှုတ်ဆက်ခဲ့ချင်ပါသော်လည်း တွေ့ခွင့်မရခဲ့ပါဘူး ဒေါ်ဒေါ်ရယ်၊ အိမ်ရှင်မှာလည်း ကျွန်တော့်ကိစ္စနဲ့ အလုပ်များနေတော့ ပြောရမှာ အားနာပြီး မပြောရဲတော့ဘူး၊ မြို့ရောက်ပြီး နောက်နေ့မှာပဲ ငွေထုတ်ရ၊ ကြေးနန်းရိုက်ရနဲ့ ချာလပတ်လည်နေတော့ ဘယ်လိုမှ အခွင့်မသာဘူး၊ သဘော်ာ လက်မှတ်ကလည်း ရောင်းနေပြီ၊

အဲဒီနေ့ဟာ နောက်ဆုံးပဲ၊ မရလိုက်ရင် နောက်ဆယ်လေးရက် စောင့်ရမယ်၊ အဲဒီနေ့ညမှာပဲ သင်္ဘောကြီးဟာ စစ်တွေကနေ သံတွဲမြို့ရဲ့ လုံးသာဆိပ် ကမ်းကို ရောက်လာတယ်၊ နောက်တစ်နေ့ မနက်မှာ ခရီးသည်တွေအားလုံး သင်္ဘောပေါ် တက်ကြရတယ်၊ အခု စစ်သင်္ဘောလုပ်ထားတဲ့ ပြည်တော်အေးဆိုတဲ့ သင်္ဘောဟာ အဲဒီတုန်းက ခရီးသည်တင် သင်္ဘောပေါ့"

ကိုညွန့်တင်သည် စီးကရက်ပြာကို ခြွေလိုက်ပြီး ဂီယာပြောင်း၍ လက်ကိုင်ဘီးကို ထိန်လိုက်သည်။

"သံတွဲမြို့က ထွက်လာပြီး တစ်ညအိပ်ကြာတော့ နောက်တစ်နေ့ နေ့လည်၊ သုံးနာရီလောက်မှာ ရန်ကုန်ကို ရောက်ပါတယ်၊ အားလုံး အဆင်ပြေပါတယ်၊ ဒေါ်ဒေါ်ရယ်။ အစ်ကို ညွန့်လှိုင် လာကြိုနေပါတယ်၊ အစ်ကို့ကို တွေ့တော့ ဝမ်းသာပြီး ပျော်သွားတယ်၊ အဝီစိကနေ နတ်ပြည်ကို ရောက်လာသလိုပဲ၊ အဲဒီတုန်းကများ ရန်ကုန်မြို့ကြီးဟာ စည်ကားလိုက်တာ ဒေါ်ဒေါ်ရယ်။

ကြိုက်တာယူပါ နှစ်ကျပ်ခွဲ၊ လာပါ ယူပါ နှစ်ကျပ်ခွဲနဲ့ မြင်းလှည်းခေတ်ပေါ့၊ ရန်ကုန်မြို့ အစွန်ရပ်ကွက်တွေမှာ မြင်းလှည်းတွေ ဆွဲနေတုန်းပဲ၊ မော်တော်ကားတွေကလည်း အခုလို နံပါတ်တွေ မပာတ်သေးဘူး၊ ရွက်လှေတို့ ပုဇွန်တို့ပေါ့၊ ကမ်းနားလမ်း သွားချင်ရင် ရွက်လှေတံဆိပ်ကို စီး၊ ပုဇွန် တောင် သွားချင်ရင် ပုဇွန်တံဆိပ်ကို စီး၊ မြင်းကွင်းဘက် သွားချင်ရင် မြင်းဖြူ မြင်းနီ၊ မြင်းကျား ကြိုက်တာစီး ရောက်တယ်"

"ဒေါ်ဒေါ်တို့ ရန်ကုန်ပြောင်းလာကြတော့ မီလိုက်ပါသေးတယ်၊ ဒေါ်ဒေါ်တို့က ထောက်ကြံ့ဘက် ကို ပြန်ရတော့ ကြံ့ရုပ်ပါတဲ့ကားကို စီးရတယ်ကွဲ့ မှတ်မိပါသေးတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်အစ်ကိုဟာ ပုသိမ်ညွှန့် ကျူးကျော် ရပ်ကွက်ထဲမှာ ရှိတဲ့ ရခိုင်ဦးပဉ္စင်းလေး တစ်ပါးရဲ့ကျောင်းမှာ ကျွန်တော့်ကို အပ်ထားပါတယ်၊ အဲဒီကျောင်းက ဦးပဉ္စင်းတွေ ကိုရင်တွေနဲ့အတူ အလွတ်ပညာသင် ကျောင်းတစ်ခုမှာ တက်ရပါတယ်၊ ဘုန်းကြီးကျောင်းသား ဘဝကကို မလွတ်နိုင် သေးပါဘူး ဒေါ်ဒေါ်ရယ်၊ ဒါပေမယ့် ထူးခြားတာ တစ်ခုကတော့ ရွာကျောင်းမှာနေတုန်းက မင်္ဂလသုတ်နဲ့ ပရိတ်ကြီး ရွတ်ရတယ်၊ ရန်ကုန်ရောက်တော့ အင်္ဂလိပ်

ကျောင်းတက်ရတယ်၊ ဒါ ကွာတာပေါ့ ဒေါ်ဒေါ်ရယ်၊ အဲ ပြီးတော့ ကြေးစည်နက်ပြီး ဆွမ်းခံ မထွက်ရဘူးပေါ့ ဟဲ… ဟဲ။

"အစ်ကိုက ကျောင်းထားပေးတော့ ဘုန်းကြီးကျောင်းသား စာကျက်သလို ကျက်ပြီး စာမေးပွဲဝင် ဖြေတာ၊ ၁၉၅၉ ခုနှစ်မှာ အစိုးရစစ် သတ္တမတန်းကို နှစ်ချင်းပေါက် အောင်တယ် ဒေါ်ဒေါ်ရယ်၊ အဲဒီ တုန်းကတော့ ခုနစ်တန်းအောင်ရင် ကျောင်းဆရာ၊ ဒုရဲအုပ်၊ လုပ်ချင်တာ ဖြစ်နိုင်တယ်၊ ပြည်တော်သာ ခေတ်ကိုး၊ အဆက်အသွယ်ကောင်းရင် ဗိုလ်သင်တန်းတောင် တက်လို့ရတယ်၊ အသက်က ငယ်သေးတော့ အစ်ကိုက ကျောင်းဆက်တက်ခိုင်းတယ်၊ ရှစ်တန်း၊ ကိုးတန်း၊ ဆက်တိုက် အောင်သွားတာပေါ့၊ အဲဒီတုန်းကတော့ အခုခေတ်လို (က) စာရင်း၊ (ခ) စာရင်းဆိုတာတွေ မရှိသေးဘူး၊ နောက်နှစ်တွေမှာ ဆယ်တန်းကို ဆက်ဖြေတယ်၊ မအောင်ဘူး၊ တဘုံးဘုံးကျတာပဲ၊ လူပျိုဖြစ်လာပြီ ဆိုတော့ ကျွန်တော်အတွက် ကုန်ကျစရိတ်က တစ်နေ့တခြား ကြီးထွားလာတယ်၊ ဒီကြားထဲ အစ်ကို မိန်းမရပြန်တော့ ဝန်ထုပ် ဝန်ပိုးက ပိုကြီးလာတယ်၊ အစ်ကို့ကို သနားတာနဲ့ ကျွန်တော်လည်း ရေတပ်မတော်ထဲကို ဝင်လိုက်ပါတယ်၊ ရေဒီယို ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးအရာရှိ စာမေးပွဲကို တပ်ထဲက ဝင်ဖြေတာ အောင်တာနဲ့ တပ်က ထွက်ပြီး ကြယ်ငါးပွင့် သင်္ဘောလိုင်းမှာ ခေတ္တ ဝင်လုပ်ပါသေးတယ်၊ နှစ်နှစ်လောက်ကြာတော့ ထွက်ပြီး နိုင်ငံခြားလိုင်း လိုက်သွားခဲ့ပါတယ် ဒေါ်ဒေါ်"

ကိုညွန့်တင်သည် စီးကရက်မီးခိုး မှုတ်ထုတ်လိုက်ပြီး ကားကို ဂရုစိုက် ထိန်မောင်းနေသည်။ သူ့ ဘဝ အတိတ်ဇာတ်လမ်းရှည်ကြီးကို ပြောလိုက်၍ မောသွားဟန်တူသည်။

ကိုညွန့်တင်က ရေတပ်သားဘဝ၊ ရေဒီယိုအရာရှိဘဝ အကြောင်းတွေ ပြောတော့မှ ဒေါ်လှစိန်သည် ကိုညွန့်တင်၏ အိမ်ဧည့်ခန်းအတွင်း ဝင်ရောက်၍ သန့်ရှင်းရေးလုပ်းပေစဉ်က တွေ့ရသော ဓာတ်ပုံများကို ပြန်လည်မြင်ယောင်မိသည်။ သူ့အစ်ကို ဒုအရာခံဗိုလ် ဦးညွန့်လှိုင်၏ ပုံကြီးကို ခေါင်းရင်းခန်းမှာ တရိုတသေ ချိတ်ထားသည်။ ကိုညွန့်တင် ရေတပ်သားဘဝက ဟက်ဒ်ဖုန်း (နားကြပ်) တပ်၍ ကြေးနန်းဖမ်းနေပုံနှင့် ရေဒီယိုအရာရှိ စာမေးပွဲအောင်စာရင်း ထွက်သောနေ့က စထရင်းဟော်တယ်မှာ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး စားသောက်နေကြ ပုံများကို မှန်ဘောင်သွင်း၍ စာရေးစားပွဲပေါ်မှာ ထောင်ထားသည်။ နိုင်ငံခြားသင်္ဘော ရေဒီယိုဆက်သွယ်ရေး

အရာရှိ ယူနီဖောင်း အပြည့်အစုံဖြင့် ရိုက်ထားသော ပုံကိုမှ တယ်လီဗေးရှင်း ပေါ်တွင် ထောက်ကလေးထောက်ပြီး တင်ထားသည်။

"အသက်ကလည်း ကြီးလာတော့ မိန်းမပဲရရ၊ တစ်ကိုယ်ရေ တစ်ကာယ လူပျိုကြီးဘဝနဲ့ပဲ နေနေ၊ အိမ်ပိုင်ရာပိုင်လေး တစ်လုံးလောက်တော့ ရှိမှဖြစ်မယ်ဆိုပြီး အိမ်ရှာနေတုန်း မော်ဘီမှာနေတဲ့ သဘော်သား မိတ်ဆွေတစ်ယောက်က အဆွယ်ကောင်းတာနဲ့ ဒီအိမ်ကို ဝယ်လိုက်ရတာ ဒေါ်ဒေါ်ရေ့"

ဒေါ်လှစိန်သည် အိမ်အရောင်း အဝယ်ကိစ္စ၊ အပြီးသတ်ငွေချေ လွှဲပြောင်း လက်ခံသည့်နေ့ကို ပြန်လည် အမှတ်ရနေသည်။ မူလအိမ်ပိုင်ရှင် ကုလားသူဌေးက အိမ်ဝယ်သူ ဦးညွန့်တင် သဘောတူပါက ဦးထွန်းကြိုင် ဒေါ်လှစိန်တို့ ဤခြံအတွင်း ဆက်နေကြ၊ ဦးညွန့်တင် သဘောမတူပါက ယနေ့ပင် ပြောင်းရွှေ့ပေးကြပါဟု မိမိတို့ လင်မယားကို နို့တစ် ပေးခဲ့သည်။

"ဦးညွန့်တင် ဟောဒါ ကျွန်တော့ကားကို မောင်းခဲ့ဖူးတဲ့ ဒရိုင်ဘာ ဦးထွန်းကြိုင်နဲ့ သူ့ဇနီး ဒေါ်လှစိန်ပါ၊ ကျွန်တော်က ရန်ကုန်မှာနေတော့ သူတို့ပဲ ဒီအိမ်နဲ့ခြံကို စောင့်ရှောက်လာခဲ့ကြတာ ငါးနှစ် လောက်ရှိပါပြီ၊ ခြံနောက်ဘက်မှာ သူတို့အိမ်ကလေးနဲ့ သူတို့ သီးခြားနေပါတယ်၊ အဲဒါ ဦးညွန့်တင် သဘော၊ ဆက်ထားချင်ထား၊ မလိုချင်ဘူးဆိုရင်လည်း ဒီနေ့ပဲ သူတို့ ထွက်ပေးကြလိမ့်မယ်"

ကိုညွန့်တင်သည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည်။ ပြီးတော့မှ လေးလေး မှန်မှန် ပြောလိုက်ပါသည်။

"ဦးလေးနဲ့ ဒေါ်ဒေါ်တို့က ဒီက ထွက်သွားတာကတော့ ဟုတ်ပါပြီ၊ နေစရာ အိမ်ကော ရှိကြရဲ့လား"

"ငါ့တူရယ်၊ ဦးလေးတို့မှာ သားထောက် သမီးခံလည်း မရှိ၊ နေစရာလည်း မရှိပါဘူး၊ ဦးလေးတို့ အတွက်နဲ့ ငါ့တူမှာ တာဝန်မကြီးစေရဘူး၊ ဦးလေးမှာ ပင်စင်လစာ တစ်ရာကျော် ရှိပါတယ်၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားပါ့မယ်၊ ဦးလေးတို့ ဒီမှာပဲ ဆက်နေပါရစေလို့ ဦးလေး တောင်းပန် ပါတယ်ကွယ်"

ကိုညွန့်တင်သည် ဦးထွန်းကြိုင်ကို သနားသွားဟန်တူသည်။ သက်ပြင်းတစ်ချက် ချ၍ ပြောလိုက်သည်။

"ကောင်းပြီးလေ၊ အခု လောလောဆယ်တော့ ဦးလေးတို့ ဒေါ်ဒေါ်တို့ ဒီမှာပဲ ဆက်နေကြပါ။ အရင်လိုပဲ အမြင်မတော်တာလေးတွေ ရှိရင် ထိန်းသိမ်းစောင့်ရှောက် ကြပါလို့ မေတ္တာရပ်ခံ ချင်ပါတယ်"

"စိတ်ချပါ သားရယ်၊ အဒေါ်တို့အပေါ်မှာ သဘောမတွေ့တာ ရှိရင်လည်း ဖွင့်ပြောပါနော်၊ အား မနာပါနဲ့၊ ခိုင်းစရာရှိရင်လည်း အားမနာပါနဲ့ ခိုင်းပါ"

"ကောင်းပါပြီခင်ဗျား"

"သာဓုကွယ်... သာဓု... သာဓု၊ ဘုန်းကြီးလို့ သက်ရှည်ပါစေတော်"

ကိုညွန့်တင်သည် အတက်ချိုကေ့စ်ကိုဖွင့်ကာ ချက်လက်မှတ်ကို ထုတ်ပြီး လက်မှတ်ထိုး၍ ကုလားသူဌေးလက်သို့ ပေးလိုက်သည်။ ဒီတော့မှ သောက ဖြစ်နေခဲ့ရသော အလုံးကြီး ရင်ထဲမှ ကျသွားသည်။ မိမိတို့လင်မယားမှာ တူအရွယ် သားအရွယ် ကိုညွန့်တင်ကို ထိုင်ရှိခိုးတော့မတတ် ကျေးဇူး တင်ခ်ရပုံကို ပြန်လည် သတိရမိသည်။

နောက်တစ်နေ့တွင်ပင် ကိုညွန့်တင် အိမ်ပြောင်းလာခဲ့သည်။ အိတ်ထောင်ပရိဘောဂ ဘာတစ်ခုမှမပါ၊ စာအုပ်တွေနှင့် ရုပ်မြင်သံကြားစက်ရယ်၊ ဗီဒီယိုဆိုလား အဲဒါ တစ်ခုရယ်သာ ကားပေါ်မှာ ပါလာ၍ ကူသယ်ချပေးလိုက်ရသည်။ အဝတ်အစားတွေ နင်းသိပ် ထည့်ထားဟန် တူသော သားရေသေတ္တာ အကြီးကြီးတစ်လုံးတော့ ပါသည်။ လူပျိုကြီးပီပီ မီးဖိုချောင်ပစ္စည်းတော့ ရှိဟန်မတူ။ အမှန်တော့ ဒီအိမ်ကို ဝယ်သူအတွက် ရှိစရာ ပါလာစရာလည်း မလိုပေ။ အိမ်ရောင်းသော ကုလားသူဌေးက မယားငယ် နောက်တစ်ယောက်နှင့် လိုက်ပြေးလို့ အိမ်တွင်း ပရိဘောဂတွေပါ ထည့်ရောင်းတဲ့အတွက် အားလုံး ပြည့်ပြည့်စုံစုံ ရှိနေသည်။

အိမ်ပြောင်းလာပြီး တစ်ပတ်ခန့်အကြာတွင် ကိုညွန့်တင် သံတွဲမြို့သို့ သွားမည်ဆို၍ ဦးထွန်းကြိုင်ကိုယ်တိုင် ကားမောင်းပြီး လေဆိပ်သို့ ပို့ပေးလိုက်ရသည်။ ရွာမှ ထွက်လာခဲ့သည်မှာ အနှစ် (၂၀) ကျော်ပြီဖြစ်၍ သွားလည်ဦးမည်ဟု ပြောသွားခဲ့သည်။

တစ်လကျော်ကျော် နှစ်လနီးပါး ကြာသောအခါ ပြန်ရောက်လာသည်။ သွားတုန်းက တစ်ယောက်တည်း ပြန်လာသောအခါ တစ်ယောက်တည်း မဟုတ်တော့။ သူနှင့် သက်တူရွယ်တူ အသားဖြူဖြူ ရုပ်ချောချော အမျိုးသမီးတစ်ယောက် ပါလာသည်။

"ဒေါ်ဒေါ် ကျွန်တော် မိန်းမ ရလာပြီ၊ သူ သိပ်ပြီး စိတ်မမှန်ဘူး၊ ကျွန်တော်တို့ နှစ်ယောက်စာ ထမင်းကိုတော့ ဒေါ်ဒေါ်ကိုပဲ ချက်ခိုင်းရတော့မှာပဲ" တဲ့။

ဒီတော့မှ အမျိုးသမီးကို သတိထားကြည့်မိသည်။ လူတွေကို ကြောက်နေသည်ဟု ထင်ရသည်။ တစ်ခါတစ်ရံ ခေါင်းငုံ့ထားရင်းက ပြုံးနေတတ်သည်။ ပြုံးနေရာမှ ရုတ်တရက် တည်တည်ကြီး ဖြစ်သွားပြန်သည်။ အမျိုးသမီးကို ကြည့်ပြီး ကြောက်လာသဖြင့် ဦးထွန်းကြိုင်ကို ပြောလိုက်မိသေးသည်။

"အသက်လေးဆယ် ပြည့်ခါနီးအထိ လူပျိုကြီး လုပ်လာပြီးခါမှ မိန်းမ ယူတော့လည်း စိတ်မနှံ့တဲ့ မိန်းမမှ ရှာကြံယူလာရ သလားတော်၊ သဘော်သား အရာရှိပဲ၊ ဆရာဝန်မ၊ စစ်ဗိုလ်မ၊ ရုပ်ရှင်မင်းသမီး၊ အဆိုတော် ကြိုက်ရာ တစ်ယောက်ယောက်ကို ခေါင်းခေါက်ပြီး ယူလို့ရရဲ့သားနဲ့ ရှာရှာဖွေဖွေ အရူးမကိုမှ ရွေးယူလာရတယ်လို့၊ ငါ့နယ် အံ့ပါရဲ့"

ထမင်းချက်ကျွေးရတာ အပန်းမကြီးသော်လည်း အရူးမနှင့် နီးနီးနားနား နေရမှာ ကြောက်သဖြင့် ပြောမိပြောရာ ပြောလိုက်မိခြင်း ဖြစ်သည်။ ဦးထွန်းကြိုင်က မျက်စောင်းထိုး ကြည့်ပြီး သတိပေးစကား ပြောသည်။

"နင်ပါးစပ်ကို ပိတ်ထား၊ သူဟာသူ အရူးမပဲ ယူယူ၊ အနူမပဲ ယူယူ၊ ကိုယ့်အလုပ် မဟုတ်ဘူး၊ ဒီ အိမ်နဲ့ခြံဟာ အဲဒီ အရူးမပိုင်တဲ့ အိမ်နဲ့ခြံဖြစ်သွားပြီ၊ နင် နားလည်းလား"

မှန်သည်။ ကိုညွန့်တင်နှင့် အဆင်မပြေလျှင်သော် လည်းကောင်း၊ အရူးမနှင့် အဆင်မပြေလျှင်သော် လည်းကောင်း၊ မိမိတို့မှာ နေစရာမရှိ၊ ဘုံပျောက် သွားနိုင်သည်။ အလိုက်သင့် ပေါင်းရပေတော့မည်။

"အိမ်လည်း ဝယ်ပြီးရော မိန်းမလည်း ရရော ဆိုပါတော့ ဒေါ်ဒေါ်ရယ်၊ ဟဲ...ဟဲ"

ကိုညွန့်တင် ရုတ်တရက် ပြောလိုက်သော အသံကြောင့် ဒေါ်လုစိန်၏ အတွေးမျှင်များ လွင့်စင် ပျောက်ကွယ်သွားသည်။ ကိုညွန့်တင်က ပြောပြီး ရယ်လိုက်သောကြောင့် ဒေါ်လုစိန်ပါ ရောပြီး ရယ်လိုက်ရသည်။ ကိုညွန့်တင်က သူ့အတွေးနှင့်သူ ရယ်သလို ဒေါ်လုစိန်ကလည်း သူ့အတွေးနှင့်သူ ရယ်သည်။ ရယ်ချင်သည့် အကြောင်းအရာ ချင်းကတော့ မတူဖြစ်နေသည်။

ကားကလေးသည် မော်ဘီ တပ်နယ်အတွင်းသို့ ဝင်လာခဲ့သည်။ 'အ' သုံးလုံးကျောင်းအနီး ရောက်လာသည်။

"ကျွန်တော် ရေတပ်သားဘဝတုန်းက ဟောဒီကျောင်းလေးမှာ တက်ဖူးသေးတယ် ဒေါ်ဒေါ်"

'အ'သုံးလုံးကျောင်း ဆိုင်းဘုတ်ကလေးကို ပြိုင်တူလှမ်း ကြည့်လိုက်မိကြသည်။

"ကြည်း၊ ရေ၊ လေ ပူးပေါင်း ပညာရေးကျောင်း လာတက်တာပါ။ ကျွန်တော် ဆယ်တန်းကို ဒီကျောင်းက အောင်ခဲ့ပါတယ်၊ ရေတပ်သားဘဝနဲ့ လုပ်သားကောလိပ် ဆက်တက်ပြီး ဘွဲ့ရခဲ့ပါတယ်၊ တပ်မတော်ဟာလည်း ကျွန်တော့်ဆရာ ဘုန်းကြီးလိုပဲ၊ ကျွန်တော့်အပေါ်မှာ ကျေးဇူးရှိပါတယ်၊ တပ်မတော်က သင်ပေးလိုက်တဲ့ ပညာနဲ့ အသက်မွေး ဝမ်းကျောင်း ပြုနေရတာပါ ဒေါ်ဒေါ်၊ ကျွန်တော့် အကြောင်းကတော့ ဒီမှာတင် ဇာတ်လမ်းဆုံးပါတယ်၊ သူ့အကြောင်းပဲ ဆက်ပြောရတော့မှာပဲ"

"အေးကွယ် ပြောစမ်းပါဦး"

ဒေါ်လုစိန်က ကိုညွန့်တင်အကြောင်းကို သိပ်ပြီး စိတ်ဝင်စားလှသည် မဟုတ်။ အရှုံးမ အကြောင်းနှင့် အရှုံးမကို ဘာသဘောကျပြီး လက်ထပ်ယူလာတယ် ဆိုတာကိုသာ သိချင်နေသည်။

"နှစ်ပေါင်းနှစ်ဆယ်လောက် ရွာကို ပြန်မရောက်နိုင်တဲ့ ကာလတွေမှာ ရွာကလာကြတဲ့ ကုန်သည်တွေ၊ ဘုရားဖူးတွေ၊ ဆေးကုလာကြတဲ့ သူတွေဆီက တစ်ဆင့် ရွာသတင်းလေးတွေ ကြားရပါတယ်၊ သက်ကြီးရွယ်အိုတွေထဲက ဘယ်သူဘယ်ဝါ တွေဖြင့် ကွယ်လွန်ကုန်ကြပြီ၊ ဆရာတော် ပျံလွန်တော်မူသွားပြီ၊ ဦးပဍ္ဍင်း ပညာဝံသ ကျောင်းထိုင်ဆရာတော် ဖြစ်နေပြီ စသည်ဖြင့်ပေါ့ ဒေါ်ဒေါ်ရယ်၊ အဲဒီအထဲမှာ စိတ်မကောင်းစရာ အကောင်းဆုံးကတော့ မအေးနုတို့ မိသားစု သတင်းပဲ၊ ဦးအရှောင်နဲ့ မယားပါသမီး မအေးခင်တို့ မှားမှားယွင်းယွင်း ဖြစ်ကြလို့ မအေးခင်

အဆိပ်သောက် သေတယ်တဲ့၊ ဦးအရှောင် ရွာက ထွက်ပြေးသွားတယ်တဲ့၊ မအေးနကို ဆွေမကောင်း မျိုးမကောင်းသူများက စောင့်ရှောက်ထား ရတယ်ဆိုတာတွေ တစ်ဆင့်စကား ကြားရတယ်၊ မအေးနအတွက် စိတ်မကောင်း ဖြစ်မိတာကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူး၊ ကိုယ့်ကိစ္စ မဟုတ်တော့လည်း ကြာတော့ မေ့သွားတော့တာပေါ့ ဒေါ်ဒေါ်ရယ်၊ အဲ ပြီးခဲ့တဲ့နှစ်က ပထမဦးဆုံးအခေါက် ကျွန်တော် ရွာကို ပြန်ရောက်သွားတော့မှ လှဖေ ပြောပြလို့ အကြောင်းစုံ သိရတဲ့အပြင် မအေးန အဖြစ်ကို တွေ့လိုက်ရတာ ရင်နင့်စရာ ကောင်းလိုက်တာ ဒေါ်ဒေါ်ရယ်”

ကားဖြူလေးသည် မော်ဘီတပ်နယ်မှ ထွက်၍ ရန်ကုန်ဘက်သို့ ဦးတည် ပြေးသွား ပါတော့သည်။

(၁၂)

သံတွဲမြို့မှလာသော ခရီးသည်တင် လော်လီကားကြီးသည် နေ့လည် နှစ်နာရီခန့်တွင် ကိန္နရီချောင်းရွာကြီး အတွင်းသို့ ဟွန်းတီး၍ ဝင်လာခဲ့သည်။ ရပ်နေကျနေရာ ဖြစ်ဟန်တူသော ရွာလယ် လမ်းခွဆုံ လက်ဖက်ရည်ဆိုင်ရှေ့တွင် မောကြီးပန်းကြီးဖြင့် ရပ်လိုက်သည်။ ကိန္နရီချောင်းမှာ ဆင်းမည့် ခရီးသည်များ ဆင်းကြသည်။ ကိုညွှန့်တင်သည် သူ့ခရီးဆောင်အိတ်များကို ဆွဲ၍ အခြားခရီးသည် များနှင့်အတူ ဆင်းလိုက်သည်။

နှစ်ပေါင်း ၂၀ ကျော် ကွဲကွာနေခဲ့သော ဇာတိချက်ကြွေ မွေးရပ်မြေပေါ်သို့ ခြေချလိုက်သော အခါ ဝမ်းနည်းသလိုလို ဖြစ်သွားသည်။ နှစ်ပေါင်းနှစ်ဆယ် ဆိုသော ကာလအတွင်းမှာ ရွာ၏ အသွင်အပြင်တို့သည် အများကြီး ပြောင်းလဲသွားခဲ့သည်။ သံတွဲမြို့မှ ငွေမြို့အထိ မိုင်ရှစ်ဆယ် ကားလမ်း ပေါက်နေပြီ ဖြစ်သည်။ အိမ်ရာ၊ အဆောက်အဦးတွေလည်း ပုံစံပြောင်းနေကြသည်။ မျက်နှာသစ် လူတွေလည်း အတော်များနေသည်။ ကားပေါ်တွင် ပါလာသော ကိန္နရီချောင်း ရွာသားဆိုသူများကို ကိုညွှန့်တင် မသိပေ။ သူတို့ကလည်း ကိုညွှန့်တင်ကို မသိကြပေ။

လီဗိုက်စ်ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင် ဝမ်းဆက်ကိုဝတ်၍ ရေဘင်နေကာ မျက်မှန်တပ်ပြီး၊ အဲဒီတာ့စ် ဝေါ့ကင်းရှူး စီးထားသော သူ့ကို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ ကင်နွန် အမျိုးအစား ကင်မရာနှင့် မာရှယ်အမျိုးအစား သားရေအိတ်ကို ပုခုံးတစ်ဖက်စီတွင် လွယ်၍

ဆင်မ်ဆိုနိုက် အတာချီကေ့စ် ကိုဆွဲပြီး၊ ဘယ်သွားရမှန်း မသိဘဲ ယောင်လည်လည် ရပ်နေသော ကိုညွန့်တင်ကို ရပ်သူရွာသားများ ဝိုင်းအုံကြည့်နေကြသည်။

ကိုညွန့်တင် ပြုံးလိုက်မိသည်။ အပြုံး၏ နောက်တွင် အဓိပ္ပါယ်ပါသည်။ အတိတ်မှ အရိပ်တွေ ပေါ်လာသည်။ ဟို လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကျော်က လေးတန်းအောင်သည့် ကျောင်းသား ကျောင်းသူများ ဝတ်ကောင်းစားလှလေးများဖြင့် ဆရာကြီးကို ကန်တော့ရန် သွားနေကြပုံကို ပြန်လည် မြင်ယောင်လာသည်။ မိမိမှာ ကန်တော့လက်ဆောင်ပစ္စည်း မတတ်နိုင်၍ လက်ပိုက်ရပ်ပြီး သူငယ်ချင်း တွေကို ရပ်ကြည့်နေခဲ့သည်မှာ ယခုရပ်နေသည့် နေရာပင် ဖြစ်တော့သည်ဟု သတိထားလိုက်မိပြီး လူ့ဘဝ အလှည့်အပြောင်း လေးများ၏ ဆန်းကြယ်ပုံကို ဆင်ခြင်မိ၍ ပြုံးလိုက်မိခြင်းဖြစ်သည်။

ထိုစဉ်ကတော့ ပိုက်ဆံလေး ငါးမတ်တစ်ကျပ်တန် ဖယောင်းတိုင်ထုပ်ကိုပင် မဝယ်နိုင်၍ မျက်နှာငယ်ခဲ့ရသည်။ မအေးနုက ငါးကျပ်တန် ဟာလဝါဘူးကြီး ဝယ်ပေးပြီး ကူညီခဲ့သည်။ ယခုအခါ မှာတော့ နှစ်ထောင်ခန့်တန်သော ဆင်မ်ဆိုနိုင်အတာချီကေ့စ်ထဲမှာ ဆယ်တန်အုပ် ငါးအုပ်နှင့် ရာတန်တစ်အုပ် ဘဏ်ထုတ်မပျက် ပါလာကြောင်းကို သူ့ကို လှောင်ပြောင်ခဲ့ကြသည့် မြင့်နိုင်ဦးတို့၊ အောင်ပုတို့ သိလျှင် အံ့သြကြမည် ထင်သည်။

ဒါထက် အခု ဘယ်ကို သွားမလဲ၊ ဘုန်းကြီးကျောင်းကိုပဲ သွားရမလား၊ လှဖေတို့အိမ်ကိုပဲ သွားရမလား၊ မစဉ်းစားတတ်အောင် ဖြစ်နေတော့သည်။ အိမ်ရာ အဆောက်အဦး ပုံစံတွေက သိသိသာသာကြီး ပြောင်းလဲနေကြသဖြင့် ဘယ်ဟာ ဘယ်သူ့အိမ်ဆိုတာကို မှတ်တောင် မမှတ်မိအောင် ဖြစ်နေသည်။ မအေးနုတို့ ခေါက်ဆွဲဆိုင်မှာ ပျက်စီးယိုယွင်းပြီး မြက်ရိုင်းကြီးတွေ ပေါက်၍ တောစီးနေသည်ကို တွေ့ရသည်။ ယခင်က မရှိခဲ့သော လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကိုလည်း လမ်းဆုံလမ်းခွမှာ တွေ့ရသည်။ အိမ်ကြီး အိမ်းကောင်းတွေလည်း အတော်များ လာသည်။ အထက်တန်းကျောင်း၊ စာတိုက်၊ ကျေးရွာ ပြည်သူ့ကောင်စီရုံး၊ ကျေးရွာစာကြည့်တိုက်၊ သမဆိုင်၊ လျှပ်စစ်ဓာတ်မီးတိုင် တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေပေပြီ။

လက်ဘက်ရည်ဆိုင်ထဲက လူများနှင့် အိမ်တွေထဲမှ လူများသည် သူ့ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။ တိုးတိုး တိုးတိုးဖြင့် ထင်ကြေးတွေ အမျိုးမျိုး

ပေးနေကြသော ရွာသူရွာသားများကို တစ်ယောက်မှ မသိအောင် ဖြစ်နေသည်။ တစ်ရွာလုံးမှာလည်း လူသစ်၊ မျက်နှာသစ်တွေက များနေဟန် တူသည်။ ပြည်တွင်း သောင်းကျန်းမှု နှိမ်နင်းရေး ကာလတုန်းက ဖြတ်လေးဖြတ်စနစ်ကို အကောင်အထည် ဖေါ်ရာတွင် ရွာသိမ်ရွာငယ်များမှ ပြည်သူများကို ရွာကြီးများသို့ ပြောင်းရွှေ့စေခဲ့ သည်။ ပြောင်းရွှေ့လာသူများကို ရွာရောင်ဟု ခေါ်ကြသည်။ ကိန္နရီချောင်းရွာကြီးတွင်လည်း ရွာရောင်တွေ များနေသဖြင့် ကိုညွန့်တင်ကို သူတို့ မသိကြပေ။ ကိုညွန့်တင်ကလည်း သူတို့ကို မသိ။ ကိုညွန့်တင် ရွာကထွက်သွားသည့် နှစ်တွင် မွေးသော ကလေးများပင် လူပျို ဖြစ်နေကြပေပြီ၊ လူအို လူဟောင်း အများစုကတော့ မရှိကြတော့ပြီ။

လှဖေတို့အိမ်သည် ဘုန်းကြီးကျောင်းသို့ သွားသောလမ်းပေါ်တွင် ရှိသဖြင့် လှဖေကို တွေ့လျှင်လည်း လှဖေတို့အိမ်သို့ ဝင်မည်၊ မတွေ့လျှင်လည်း ဘုန်းကြီးကျောင်းကိုပင် သွားတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ကျောင်းလမ်းမကြီးအတိုင်း ဖြည်းဖြည်းလျှောက်လာခဲ့သည်။ လမ်းတစ်လျှောက်တွင် သိသူလူဟောင်း အချို့ကို တွေ့သော်လည်း သူ့ကို သူတို့က မမှတ်မိ၊ သူကလည်း သူတို့နာမည်တွေ မေ့နေ၍ နှုတ်မဆက်နိုင်ဖြစ်နေသည်။ နာမည်သိသူကို နှုတ်ဆက်လိုက်ပြန်လျှင်လည်း မိမိ ဘယ်သူဘယ်ဝါဆိုတာ ရှင်းလင်းနေရတာနဲ့ သံသရာ ရှည်နေမည်စိုး၍ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ ဆက်လျှောက် လာခဲ့သည်။ လမ်းတစ်လျှောက် ရှေ့၊ နောက်၊ ဝဲ၊ ယာဝယ် ဒီညွှေ့သည် ဘယ်အိမ်ဝင် မလဲဟု သိလို၍ လမ်းထွက်ပြီး သူ့ကို ရပ်ကြည့်နေသော ပရိသတ်ကလည်း မနည်းလှပေ။

ဘုန်းကြီးကျောင်း လမ်းမကြီး၏ ပုံပန်းသဏ္ဍာန်နှင့် အိမ်ရာ အဆောက်အဦး ခြံဝင်းပုံစံ တို့မှာလည်း ပုံစံပြောင်းနေကြ ပြီဖြစ်၍ လှဖေတို့အိမ် တည်နေရာကိုပင် မခန့်မှန်းတတ်အောင် ဖြစ်နေသည်။ လှဖေတို့အိမ်ဟု ထင်ရသော အိမ်တစ်အိမ်သို့ ကွေ့ဝင်လိုက်သည်။ မျက်စိမှုန်မှုန်ကြီးဖြင့် ဆန်စပါးလုံးရွေးနေသော လှဖေ၏ အမေ ဒွေးလေး ဒေါ်အေးပုကို တွေ့၍ ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"ဒွေးလေး၊ နေကောင်းတယ် မဟုတ်လား"

"ဟေ-အေး၊ နင် ဘယ်သူလဲဟဲ့"

"ကြည့်ပါဦး၊ ဘယ်သူလဲ၊ မမှတ်မိဘူးလား"

နေကာမျက်မှန်ကို ချွတ်ပြလိုက်သည်။ အနားကပ်၍ သေသေချာချာ ကြည့်သည်။ မှတ်မိပုံ မရ၊ အတော် ဦးနှောက် ခြောက်သွားဟန်တူသည်။

"ဆွမ်းတော်ခင်ဗျာ ဟဲ... ဟဲ၊ ကဲ... မမှတ်မိသေးဘူးလား"

"ဒုက္ခပါပဲဟဲ့၊ ဘယ်သူပါလိမ့်ဟယ်"

အိမ်ရှေ့မှ ဆူဆူညံညံ အသံကြား၍ လုဖေ၏ဇနီးဟု ယူဆရသော အမျိုးသမီး တစ်ယောက်သည် နို့စို့အရွယ် ကလေးငယ်ကို ခါးထက်ခွချီ၍ အိမ်ထဲမှ ပြေးထွက်လာပြီး ကြည့်သည်။ ကိုညွန့်တင်သည် ဒေါ်အေးပု အနီးတွင် ဝင်ထိုင်လိုက်ပြီး ရယ်လိုက်သည်။

"ဒွေးလေး ကျွန်တော်ညွန့်တင်ပါ၊ ရန်ကုန်က လာတာ"

"ဟေ မောင်ညွန့်တင်၊ အောင်မယ်လေး သားရယ်၊ ဒွေးလေး ဝမ်းသာလိုက်တာကွယ်"

ဒေါ်အေးပုသည် ဆန်ဇန်းကြီးကို ဝေးရာသို့ တွန်းရွှေ့လိုက်ပြီး ကိုညွန့်တင်၏ လက်ကို မလွှတ်တမ်း ကိုင်ထားတော့သည်။ အလွန်ဝမ်းသာ အံ့သြသော မျက်နှာဖြင့် အိမ်နီးချင်းတွေကို အော်ခေါ်တော့သည်။ ဟော့ ဘယ်သူရေ၊ ဘယ်ဝါရေ၊ လာကြည့်ပါဦး ဟဲ့ မောင်ညွန့်တင် ပြန်လာပဟဲ့ဆိုပြီး ကြေညာလိုက်ရာ ငါးမိနစ်အတွင်း တစ်လမ်းလုံး သတင်းပြန့်သွားတော့သည်။ လာကြည့်ကြသူတွေထဲမှာ သိသူရော မသိတွေပါ ပါနေသည်။

"ဒွေးလေး၊ လုဖေ တစ်ယောက်ကော"

"အိမ်နောက်က လယ်ကွက်ထဲမှာ နွားတွေ သွားကြည့်တယ်၊ အခု လာပါလိမ့်မယ်၊ ကဲ အိမ်ပေါ်တက်ထိုင်၊ အောင်မယ်လေး မောင်ညွန့်တင်ရယ် ဒွေးလေးတို့မှာ ငါ့တူကို အောင့်မေ့ လိုက်ရတာ အခုမှပဲ ပေါ်လာတော့တယ်ကွယ်၊ မင်းဦးလေး ဆုံးသွားတာ သုံးနှစ်လောက်ရှိပြီ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကြားပါတယ် ဒွေးလေး"

အမှန်တော့ ကြားလည်း မကြား၊ သိလည်း မသိခဲ့ပါ၊ အဘွားကြီး စိတ်ကျေနပ်အောင်သာ ပြောလိုက်ရသည်။

လုံချည်တိုတို၊ အင်္ကျီကိုယ်ကျပ်နှင့် ဆေးတံခဲထားသော လယ်သမားကြီးလှဖေ၊ လူအုပ်ကြား ထဲဖြဲဝင်လာသည်။ သူ့ဇနီးက သတင်းဦး သတင်းထူးမို့ ပြေးပြီး ပြောလိုက်ဟန်တူသည်။ ကိုညွန့်တင်ကို မြင်လိုက်တာနဲ့ သူ့အသံသြကြီးဖြင့် ဝမ်းသာအားရ အော်ခေါ် လိုက်သည်။

"ဟော့ကောင် ညွန့်တင်" တဲ့

"ဟော့ သူငယ်ချင်း လှဖေ၊ အသားတွေလည်း မည်းလို့ပါကကားကွ"

ငါလခွီး၊ အရင်ကော ဖြူလို့လား၊ တို့ တောသားတွေကတော့ ဒီလိုပါပဲ၊ မင်းကိုတော့ လမ်းမှာတွေ့ရင် ဘယ်လိုမှ မှတ်မိမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲကွ၊ သိပ်ချောနေလို့လား ဟဲ...ဟဲ"

"အေးပေါ့ကွ၊ မင်းက မြို့ သား ဖြစ်နေပြီဆိုတော့ တသွေးတမွေး ဖြစ်နေတော့တာကိုး"

သူငယ်ချင်းနစ်ယောက် အချီအချ ပြောနေကြသည်ကို ဝိုင်းအုံပြီး နားထောင်နေသည့် ပရိသတ်ကလည်း မနည်းလှ၊ ရေအိုးရွက်လျက် အချို့၊ ကလေးကို ခါးထစ်ခွင်ချီလျက် တစ်ဖုံ၊ ပုံစံအမျိုးမျိုးပါသည်။ သိသူလည်း ပါသည်။ မသိသူလည်း ပါသည်။

"ကဲ...မင်း ဘယ်မှာတည်းဖို့ စီစဉ်ထားသလဲ"

"ငါ့မှာ တည်းစရာအိမ်မှ မရှိဘဲ၊ ဘုန်းကြီးကျောင်းပဲ သွားရမှာပေါ့ကွာ"

"ဘုန်းကြီးကျောင်းလည်း မသွားရဘူး၊ ဘယ်မှလည်း မသွားရဘူး၊ ငါ့အိမ်မှာပဲ တည်းရမယ်"

ဒီလိုနဲ့ ကိုလှဖေအိမ်မှာ ဧည့်စာရင်း ဝင်သွားတော့သည်။ ရန်ကုန်ကပါလာသည့် ကန်တော့ပစ္စည်းလေးများဖြင့် ဦးပညာဝံသကို ညနေဘက်တွင် သွားကန်တော့သည်။ နောက်တစ်နေ့ နံနက်တွင် ဆရာကြီးဦးစံငွေကို သွားကန်တော့သည်။ ဆရာကြီးကတော် ဆုံးသွားပြီဟု သိရသည်။

ဆရာကြီးလည်း ပင်စင်ယူပြီးကတည်းက ကျန်းမာရေး သိပ်မကောင်းတော့ဘူး ဆိုသဖြင့် ဆေးဝါးဓာတ်စာ လိုရာသုံးရန် ငွေငါးရာ ကန်တော့လိုက်သည်။ ဆေးဝါးကုသရန် ရန်ကုန်သို့ လိုက်လိုပါက မိမိအပြန်တွင် လိုက်ခဲ့ရန်နှင့် အစစ တာဝန်ယူကြောင်း အားပေးစကား ပြောကြားခဲ့သည်။

လက်လုပ်မီသလောက် အပေါင်းအသင်းများကို တွေ့ဆုံ နှုတ်ဆက်ပြီးသောအခါ မအေးနကို တွေ့ချင်သဖြင့် လှဖေကို မေးရသည်။ မအေးနကို သတိတရ သတင်းမေးသံကြားတော့ ဒေါ်အေးပုက ပြောင်းဖူးဖက်ဆေးလိပ်ကြီး ဖွာလျက်က တအံ့တသြ ပြောလိုက်သည်။

"အောင်မယ်လေး မောင်ညွန့်တင်ရယ်၊ သတင်းမေးမဲ့ လူရှားလို့ အရှုံးမ မိအေးနကိုမှ မေးရသလားဟဲ့၊ သွားတွေ့ချေ နင့်မယားကို၊ မြကြိုင်တို့ အိမ်အနောက်ဘက်က ဝက်ခြံထဲမှာ သွက်သွက်လည်အောင် ရူးနေလို့ သော့ခတ်ထားရတယ်"

ဒေါ်အေးပု၏ စကားကို ကြားလိုက်ရတော့ ကိုညွန့်တင်၏ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ မအေးန ရူးနေသည်ဟု တစ်ခါမှ သတင်းစကား မကြားဖူးခဲ့၊ အခုတော့ သွက်သွက်လည်အောင် ရူးနေ၍ လှောင်အိမ်ထဲမှာ သော့ခတ်ထားရသည်ဟု ကြားလိုက်ရသောအခါ မအေးနအတွက် ယူကြုံးမရ ဖြစ်သွားမိသည်။

"ဘယ်လိုဖြစ်သွားတာလဲ လှဖေရာ"

"အိုကွာ... အမေသေ၊ အစ်မသေ၊ အဖေက စွန့်ပစ်သွားတော့ စိတ်ထိခိုက်သွားတာပေါ့၊ ဒီကြားထဲ အပျိုဖော်ဝင်စမှာ စိတ်ထိခိုက်စရာတွေနဲ့ ကြုံရလေတော့ သွေးလေက မမှန်တော့ဘူးနဲ့ တူပါတယ်၊ စိတ် ကယောက်ကယက်ဖြစ်ပြီး ငိုလိုက်ရယ်လိုက် ဖြစ်လာတယ်၊ ဒေါ်မြကြိုင် တို့ကလည်း ပိုက်ဆံကုန်မှာ ကြောက်ပြီး ခေတ်မီတဲ့ ဆရာဝန်တွေ ဘာတွေနဲ့ မပြဘဲ ဒေါက်တာရမ်းကုတွေ ပယောဂဆရာတွေနဲ့ လက်တည့်စမ်းလိုက်ကြတာ သွက်သွက်လည်သွားတော့တာပါပဲ"

လှဖေက ရေနွေးကြမ်းကရားကိုငုံ့ရင်း စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ ကိုညွန့်တင် သက်မကြီးချ၍ ခေါင်းကို ယမ်းခါလိုက်မိသည်။

"ကြီးတော် ဒေါ်အေးမြတို့ကတော့ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲကွာ၊ ကံဆိုးလိုက်ကြတာ"

"အင်း…သူတို့အဖြစ်ကလည်း အတော်ရှက်စရာ ကောင်းတယ်ကွ၊ ဒေါ်အေးမြနဲ့ ဦးအရှောင်နဲ့ ညားစဉ်ကတည်းက သမီးကို လိုချင်လို့ အမေကို ယူတာလို့ ပတ်ဝန်းကျင်က ပြောခဲ့ကြတာ မင်းလည်းမှတ်မိမှာပေါ့၊ အခု တကယ်ဖြစ်လာတော့ ဒေါ်အေးမြလည်း အကြီးအကျယ် ရှက်သွားတယ်နဲ့ တူပါတယ်"

"ဟုတ်ကော ဟုတ်လို့လားကွာ၊ မအေးခင် ဒါလောက်မိုက်ပါ့မလား"

"ဟုတ်ရုံ ဘယ်ကမလဲ၊ မင်းကလည်း ကိုယ်ဝန်ရှိနေလို့ ကျိတ်ပြီး ဖျက်ဆီးတာ မရတော့တာနဲ့ မအေးခင် အဆိပ်သောက်လိုက်တာ ကိုယ့်လူရေ့၊ အဲဒီမှ မြင့်နိုင်ဦးတို့၊ အောင်ပုတို့၊ လွန်းရွှေတို့ ကာလသားအုပ်စုက အိမ်ကို ခဲနဲ့ဝိုင်းပေါက်ကြတော့ ဦးအရှောင် ရွာက ထွက်ပြေးရတယ်၊ ဒေါ်အေးမြ ကတော့ ရှက်လွန်းလို့ ကြိုးဆွဲချ သေလိုက်တယ်၊ သေမယ့်နေ့ ညနေပိုင်းမှာ မအေးနကိုခေါ်ပြီး သားအမိနှစ်ယောက် ဘုရားပေါ်သွားကြတယ်၊ ဘာသွား လုပ်ကြသလဲတော့ မသိဘူး၊ မအေးနကို မေးတော့ ပန်း၊ ဆီမီးလှူပြီး ဆုတောင်းတယ်လို့ပဲ ပြောတယ်၊ ဘုရားက ပြန်လာပြီး ညမှာ သေတာပဲ၊ မအေးန ရူးသွားတော့လည်း အဲဒီ ဘုရားပေါ်ကိုပဲ သွားနေတာပဲ၊ နေပူမရှောင် မိုးရွာမရှောင်၊ လူမလစ်နဲ့ လစ်တာနဲ့ ဘုရားပေါ်ကို ပြေးတာပဲ၊ တစ်ခါတလေ ညကြီးမိုးချုပ် သွားလိုသွား၊ အပျိုဖြစ်နေပြီးဆိုတော့ လူမသမာတွေနဲ့ တွေ့သွားရင် အစော်ကား ခံရမှာစိုးလို့ဆိုပြီး ခြံလှောင်သော့ခတ်ထားရတယ်၊ တချို့ကတော့ ပြောကြတယ်၊ ဒေါ်အေးမြဟာ မကျွတ်ဘဲ ဘုရားမှာ အစောင့်ဖြစ်နေတယ်၊ ဒါကြောင့် အေးနက သူ့အမေကို သွားသွားတွေ့နေတယ် ဘာညာပေါ့ကွာ"

"ဒါနဲ့ အခု၊ မအေးနကို စောင့်ရှောက်ထားကြတဲ့ ဦးကြာခိုင်တို့ ဒေါ်မြကြိုင်တို့နဲ့က ဘယ်လို တော်စပ်တာလဲ"

ဒီမေးခွန်းကိုတော့ ရှေ့ မီနောက်မီ ဒွေးလေး ဒေါ်အေးပုက ဝင်ဖြေသည်။

"အောင်မယ်လေး စပ်နိုင်မှ တော်တာပါအေ၊ မအေးမြရဲ့ အရင်ယောက်ျား မအေးခင်ရဲ့အဖေ ဘိုးရင်ဆိုတာက မြကြိုင်ရဲ့ အစ်ကိုအရင်း၊ မအေးနုတို့အမေ အေးမြနဲ့ မြကြိုင်နဲ့က သမီးယောင်းမ၊ မအေးနုနဲ့ဆိုရင် ဘာမှ မတော်ဘူး၊ အေးနုက တရုတ်အရှောင်နဲ့ မွေးတာ၊ အေးမြသေတော့ ကျန်လိုက်တဲ့ပစ္စည်းတွေ နည်းသလား၊ ငွေသားချည်းသက်သက် တစ်သောင်းကျော်တယ်၊ အတွင်းပစ္စည်း အားလုံးနဲ့ ကောင်းမလေးကိုယ်ပေါ်က လက်ဝတ်လက်စားတွေ အားလုံးကို မြကြိုင်တို့က အပိုင်စီးလိုက်ကြတာ၊ ကလေးမလေးကလည်း အရွယ်မရောက်သေးတော့ စောင့်ရှောက်ဖို့ အရင်းနီးဆုံး ဆွေမျိုးက သူတို့ပဲ ရှိတာကိုး၊ ကောင်မလေးကို မေတ္တာရှိလို့ မဟုတ်ပါဘူးအေ၊ ပစ္စည်းမက်လို့ပါ၊ အေးမြမှာ ရွှေကျပ်ချိန် တစ်ဆယ်ကျော်ရှိတယ်ဆိုတာ တစ်ရွာလုံး သိနေကြတာပဲ၊ ဝယ်ထားတာတွေရော အပေါင်ဆုံး တွေရော နည်းသလား၊ အေးမြသေတဲ့နေ့က အရပ်လူကြီးတွေနဲ့ ပစ္စည်းစာရင်း လုပ်ကြတဲ့အခါ ရွှေနဲ့ တူတာဆိုလို့ တစ်ရွေးသားတောင် မတွေ့တော့ဘူး၊ ကုန်ကုန်ပြောရရင် အေးမြရဲ့အလောင်းမှာ နားကပ်တောင် မတွေ့ဘူး၊ အဲ... အေးနုဝတ်ထားတဲ့ ဆွဲကြိုးတစ်ကုံး၊ နားဆွဲတစ်ရံနဲ့ လက်စွပ်ကလေးတစ်ကွင်းပဲ စာရင်းမှတ်စရာ ကျန်တော့တယ်၊ ကျန်တာတွေ ဘယ်ရောက်ကုန်လဲ မပြောတတ်"

ဒွေးလေး ဒေါ်အေးပုက ပြောင်းဖူးဖက်ဆေးလိပ်ကြီးဖွာရင်းက မဲ့ကာရွဲ့ကာ ပြောလိုက်သည်။

"ရွှေတွေကို ဒေါ်မြကြိုင်တို့ မရတာတော့ အမှန်ပဲကွဲ၊ ဘာလို့လဲဆိုတော့ ဒေါ်အေးမြ လည်ပင်းမှာ ကြိုးတန်းလန်းနဲ့ သေနေတာကို မနက်မိုးလင်းမှ မအေးနုအော်ငိုပြီး အိမ်နီးပါးချင်းတွေကို အော်ခေါ်ပြလို့ သိကြရတာ၊ သူကြီး ဦးရွှေဆိုင်နဲ့ လမ်းမှူးရောက်လာပြီး အတော်ကြာမှ တခြားရွာသူရွာသားတွေ နဲ့အတူ ဒေါ်မြကြိုင်တို့ ရောက်လာကြတာ၊ မအေးနုလည်း အိမ်ပေါ်မှာ လူကြီးတွေနဲ့အတူ ရှိနေတာမို့ တစ်ယောက်ယောက်က လက်ဦးရယူသွားတာ မဖြစ်နိုင်ဘူး၊ သူကြီးနဲ့ လမ်းမှူးကလည်း ချက်ချင်းပဲ ရပ်ရွာလူထုရှေ့ မှာ ပစ္စည်းစာရင်း လုပ်တာပဲ၊ ရ- လ- က ဥက္ကဋ္ဌကြီးနဲ့ ရဲစခန်းမှူးတို့က မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်အောင် ကြပ်မပ်ပေးခဲ့ပါတယ်၊ ဒေါ်မြကြိုင်တို့ ရမသွားတာ သေချာတယ်၊ နောက်ပိုင်းမှာလည်း မအေးနုကို ချော့တစ်ခါ ချောက်တစ်လှည့်နဲ့ ဒီရွှေကိစ္စကို မကြာခဏ မေးတယ်လို့ သိရတယ်၊ အမှန်တော့ကွာ၊ မအေးနု အခုလောက် အခြေအနေ ဆိုးသွားရတာကလည်း ဦးကြာနိုင်တို့ ဒေါ်မြကြိုင်တို့ မိသားစု ပယောဂ မကင်းဘူးကွ"

ကိုလှဖေက အတော် အတွင်းကျကျ သိပုံရသည်။ ကိုညွန့်တင်ကလည်း အဖြစ်မှန်ကို သိချင်သည်။

"အဲဒီတုန်းက ရ- လ- က ခေတ်ကွ၊ ရွာသူကြီးတို့၊ လမ်းမှူးတို့ခေတ်၊ အခုလို ကျေးရွာပြည်သူ့ကောင်စီတွေ ဘာတွေ မရှိသေးဘူး၊ ရွာမှာလည်း အလယ်တန်းကျောင်းရလို့ မအေးနတို့ မြို့ ကနေ ရွာပြန် ကျောင်းတက်နေကြပြီ၊ ဒေါ်အေးမြ ရက်လည် ဆွမ်းသွပ်တဲ့နေ့မှာပဲ မအေးနကို စောင့်ရှောက်ဖို့ ရပ်ရွာလူကြီးစုံရာ ရှေ့မှာ ဦးကြာခိုင်နဲ့ ဒေါ်မြကြိုင်တို့က တာဝန်ယူကြတယ်"

ကိုလှဖေသည် ရေနွေးကြမ်းကရား နှုတ်သီးမှ ထွက်ကျလာသော ရေနွေးကြမ်းကို ပန်းကန်ထဲသို့ တည့်တည့်ကျအောင် ဂရုစိုက် ထည့်လိုက်သည်။

(၁၃)

ရှာသူကြီး ဦးရွှေဆိုင်သည် မြှောက်ကိုင်ထားသော ရေနွေးကြမ်းကရားကို ပြန်ချ၍ ရေနွေး ကြမ်းပန်းကန်ကို ကောက်ကိုင်ပြီး တစ်ငုံသောက်လိုက်သည်။

မအေးနုတို့ အိမ်ပေါ်တွင် ရွာသူကြီး ဦးရွှေဆိုင်နှင့် လင်မယားများ၊ အိမ်နီးချင်းများ ရပ်ရွာမှ လူကြီးလူကောင်းများနှင့် စိတ်ပါဝင်စားသူများ စုံညီစွာ ရောက်ရှိနေကြသည်။ မအေးနုလေးမှာ အပျိုဖော်ဝင်စ လှသွေးကြွယ်စ၊ ကြီးကောင်ဝင်စ အရွယ်လေးမျှသာ ရှိသေးသည်။ အရွယ်နှင့်မမျှသော ပရိဒေဝ သောကမီးလောင်ခြင်း ခံနေရသဖြင့် မျက်နှာလေး ညှိုးမဲ့နေသည်။ ရပ်ရွာလူကြီးများ အားလုံးနှင့် ရပ်သူရွာသားများအားလုံးပင် မအေးနုလေးကိုကြည့်ပြီး ရင်ထုမနာ ဖြစ်ကြရရှာသည်။ ရွာသူကြီး ဦးရွှေဆိုင် ပြောလာမည့်စကားကို အားလုံးပင် စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

"အားလုံးပဲ နားထောင်ကြပါ၊ ကျွန်တော်တို့ ဒီမှာ ရပ်ရွာလူကြီးတွေလည်း စုံပါတယ်၊ ဗိုလ်ကြီးနဲ့ စခန်းမှူးကတော့ တာဝန်နဲ့ ခရီးထွက်သွားကြလို့ ကျုပ်ကိုပဲ တာဝန်ပေးခဲ့ပါတယ်၊ ဗိုလ်ကြီးကိုယ်တိုင် သဘောကျပြီး သင့်တော်ကြောင်း မှတ်ချက်ရေးထားတဲ့ စာချုပ်ကို ဖတ်ပြပါ့မယ်၊ ကာယကံရှင်များက လိုတာပိုတာတွေကို ဖြည့်စွက်ပယ်ဖျက်ခွင့် ရှိပါတယ်၊ ကျွန်တော် ဖတ်ပြပါ့မယ်၊ နားထောင်ပါ။ အဟမ်း..."

ပန်းနာရောဂါရှိသော သူကြီးမင်း လည်ချောင်းရှင်းလိုက်သည်။ ပြီးတော့မှ အောက်ပါ စာချုပ်ကို လေးလေးမှန်မှန် ဖတ်ပြပါသည်။

**အမွေစားအမွေခံသမီးအဖြစ် မွေးစားခြင်း**

**သဘောတူစာချုပ်**

၁၃၂၅ ခု၊ တပို့တွဲလဆုတ် (၃) ရက်။

အဘ ဦးအရှောင်နှင့် အမိ ဒေါ်အေးမြ (ကွယ်လွန်) တို့၏ သမီး မအေးနု အသက် (၁၅) နှစ်အား၊ ဦးလေးနှင့် အဒေါ်ဖြစ်သူ ဦးကြာခိုင် + ဒေါ်မြကြိုင် တို့က အမွေစားအမွေခံ သမီးအဖြစ် မွေးစားရာတွင် အောက်ပါအတိုင်း သဘောတူကြ၍ ရပ်ရွာလူကြီးများ ရှေ့မှောက်တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြသည်။

၁။ မအေးနုအား ဦးကြာခိုင် ဒေါ်မြကြိုင်တို့က မိမိတို့၏ ရင်မှဖြစ်သော သမီးအရင်းနှင့် မခြား ကျွေးမွေးစောင့်ရှောက်၍ မိဘတို့ ဝတ္တရားနှင့် အညီ ဆောင်ရွက်ရန် သဘောတူသည်။

၂။ မအေးနု၏ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ကို လုံးဝ တာဝန်ယူရန် သဘောတူသည်။

၃။ မအေးနု၏ အသက် (၁၈) နှစ်၊ တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးပါက မအေးနု၏ ဆန္ဒအရ အတူနေလိုက နေနိုင်ပြီး အိုးအိမ်ခွဲနေလိုပါက နေခွင့်ပြုရန် သဘောတူသည်။

၄။ မအေးနု၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍ မအေးနု ဆန္ဒရှိသောအချိန်တွင် မအေးနုကိုယ်တိုင်က သဘောကျ နှစ်သက်သော သူနှင့်သာ ထိမ်းမြားပေးရန်နှင့် မင်္ဂလာစရိတ်အပြင် ငွေငါးထောင်ကျပ် ၅၀၀၀ တက်မနည်းစေရဘဲ လက်ဖွဲ့ပေးရန် သဘောတူသည်။

၅။ မအေးနု၏ မိဘများမှ ကျန်ရစ်သော ငွေသား တစ်သောင်းငါးရာ (၁၀၅၀၀) ကျပ် အနက်မှ အသုဘစရိတ် နှုတ်ပြီး ကျန်ငွေတစ်သောင်း (၁၀၀၀၀) ကျပ်ကို ဦးကြာခိုင်နှင့် ဒေါ်မြကြိုင်တို့က ထိန်းသိမ်း၍ မအေးနု အတွက် လိုအပ်သလို သုံးစွဲရန် သဘောတူသည်။

၆။ မအေးနပိုင် လက်ဝတ်ရတနာများ ဖြစ်သော နားဆွဲတစ်ရံ၊ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်းနှင့် အဝတ်အစားမှ အပဖြစ်သော အိမ်တွင်း ပရိဘောဂများကို ဦးကြာနိုင်နှင့် ဒေါ်မြကြိုင်တို့က ထိန်းသိမ်းထား၍ လိုအပ်သလို စီမံခန့်ခွဲနိုင်ရန် သဘောတူသည်။

၇။ မအေးနပိုင် ပြည့်တော်သာ ခေါက်ဆွဲဆိုင်ဟု ခေါ်သော အိမ်ကို အသိသက်သေအဖြစ် အောက်တွင် လက်မှတ်ရေးထိုးကြသော ရပ်ရွာလူကြီးများနှင့် ရွာဦးကျောင်း ဆရာတော်၏ ထိန်းသိမ်းမှု အောက်တွင် ခေတ္တထား၍ မအေးန အသက် (၁၈) တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးပါက မအေးန၏ ဆန္ဒအရ ဆောင်ရွက်ပေးရန် လက်မှတ် ရေးထိုးကြပါသည်။

| | |
|---|---|
| ပုံ-မအေးန | ပုံ-ဦးကြာနိုင် + ဒေါ်မြကြိုင် |
| (မွေးစားခံသူ) | (မွေးစားသူများ) |

အသိသက်သေများ

၁။ ဦးရွှေဆိုင် ရွာသူကြီး

၂။ ဦးကျီးညို လမ်းမှူး

၃။ ဦးပုလေး လယ်သမား

၄။ ဦးမဲကျော် ကုန်သည်

၅။ ဦးစံငွေ ကျောင်းအုပ်ဆရာကြီး

"ကိုင်း...ဦးကြာနိုင်တို့က ဘာများ ပြင်ဆင်ဖြည့်စွက်ချင်တာ ရှိပါသေးလဲ"

"မရှိပါဘူး သူကြီးမင်း ခင်ဗျား"

"မအေးနကကော ဘာပြောချင်လဲ၊ ပြောချင်တာ ပြောနော် သမီး၊ မကြောက်နဲ့၊ ဒါ သမီးဘဝအတွက် အရေးကြီးတဲ့ကိစ္စပဲ၊ သမီးအတွက် အကောင်းဆုံးဖြစ်အောင် ဘကြီးတို့ ဆောင်ရွက်ပေးနေတာ၊ ပြောစရာရှိတာ ပြော၊ ပြင်ချင်စရာရှိရင် ပြင်ရတယ်"

မအေးနက ခေါင်းငုံ့ထားလျက် ခေါင်းခါပြသည်။ ပြင်စရာမရှိပါဘူးဆိုတဲ့ သဘော၊ ကလေးသာသာ ရှိသေးတာ ဘာနားလည်လို့ ပြင်တတ်မှာတုန်း၊ အဲဒီတော့ ခေါင်းခါပြပြီး သဘောတူလိုက်ရတော့သည်။ ခေါင်းညိတ်ပြီး သဘောတူခဲ့သည် မဟုတ်သော ထိုစာချုပ်သည် သူ့ကို ဒုက္ခလှလှကြီး ပေးတော့သည်။

"ကဲ...ဒါဆိုရင် ဒီမှာ လက်မှတ်ထိုးကြပါ"

ဦးကြာခိုင် ဒေါ်မြကြိုင်တို့ စတင်ထိုးကြသည်။ ပြီးတော့ မအေးနထိုးသည်။ မျက်နှာလေးမဲ့၍ လက်ကလေး တုန်နေသည်။ အသိသက်သေ လူကြီးများ တစ်ယောက်ပြီးတစ်ယောက် ဆက်ထိုးကြသည်။

စာချုပ်နှစ်စောင်အနက် ဦးကြာခိုင်တို့အတွက် စာချုပ်ကို ဦးကြာခိုင် ဒေါ်မြကြိုင် အားပေး၍ မအေးနအတွက် စာချုပ်ကို ရွာဦးကျောင်း ဆရာတော်ထံတွင် အပ်နှံသိမ်းဆည်းထားရန် သူကြီးဦးရွှေဆိုင်က ယူသွားသည်။ နေ့လည် ၂ နာရီခန့်တွင် စာချုပ် ချုပ်ဆိုပွဲ ပြီးဆုံးသွားတော့သည်။

မအေးနမှာ ရွာလယ်လမ်းဆုံအိမ်မှ ပြောင်းရွှေ့၍ ကမ်းနားရပ်ရှိ ဦးကြာခိုင်တို့အိမ်သို့ လိုက်နေရတော့သည်။ ဒေါ်မြကြိုင်တို့နှင့် ဆွေမျိုးတော်စပ်သည်ဟု သိသော်လည်း အသွားအလာ အဝင်အထွက် မရှိခဲ့၊ သူ့သား အောင်ပုနှင့် ကျောင်းမှာ အတန်းတူသော်လည်း မျက်နှာကြောမတည့်၍ နှုတ်ဆက်စကားပြော မလုပ်ဘဲနေသည်။ အောင်ပုတို့က ရမ်းကားသည်။ မိုက်ရိုင်းသည်။ အခုတော့ မတည့်သူနှင့် တစ်အိမ်တည်း အတူနေရတော့သည်။ မအေးန လုံးဝမပျော် ဖြစ်နေသည်။

မအေးန တငေးငေး တငိုင်ငိုင် ဖြစ်နေသည်။ ကျောင်းမှန်မှန် တက်သော်လည်း စာကျက်၍မရ ဖြစ်နေသည်။ သတ္တမတန်း စာမေးပွဲမှာ အစိုးရစစ်ဖြစ်၍ အောင်စာရင်း ထွက်သောအခါ စာမကျက်နိုင်သော မအေးန စာမေးပွဲ ကျလေတော့သည်။

ကျောင်းပြန်ဖွင့်သောအခါ သူငယ်ချင်းတွေက ရှစ်တန်းတက်ရန် မြို့ကျောင်းသို့ ပြောင်းသွားကြပြီဖြစ်၍ ခြောက်တန်းမှ တက်လာသော လူသစ်များနှင့်အတူ သတ္တမတန်းတွင် ပြန်တက်ရသောအခါ ရှက်လာသည်။ ကျောင်းတက်မမှန် ဖြစ်လာသည်။ အိမ်မှာနေတော့လည်း

ဒေါ်မြကြိုင်တို့ မိသားစုနှင့် ဆက်ဆံရေးမှာ အဆင်မပြေမှုတွေက တစ်နေ့တခြား များလာသည်။ ဒေါ်မြကြိုင် မကြာခဏ မေးလေ့ရှိသော မေးခွန်းတစ်ခုရှိသည်။

"ဟဲ့...အေးန၊ နင့်အမေ ရွှေတွေ ဘယ်မှာ ထားခဲ့တယ်ဆိုတာ နင် တကယ် မသိဘူးလား"

မအေးနက 'မသိဘူး'ဟု ပြောသောအခါ ဖက်ဆေးလိပ်ကြီး ဖွာနေသော ဒေါ်မြကြိုင်က မျက်စောင်းကြီး ထိုးကြည့်ပြီး 'ညည်း သိမှာပါအေ' ဟု ပြောတတ်သည်။ သူ့သား ကြက်သမား ပေါက်စ၊ အရက်သမား ယောက်ဖ၊ အောင်ပုက 'ဒီလိုမေးလို့ ဘယ်ရမလဲ၊ ရတဲ့နည်းကို သုံးပြီး မေးမှ ရမှာပေါ့' ဟု မကြားတကြား ပြောတတ်သည်။

မအေးန စိတ်ညစ်သည်။ ဖြစ်နိုင်လျှင် ဒီအိမ်၊ ဒီမိသားစုနှင့် ဝေးဝေးကင်းကင်း နေချင်သည်။ အသက် ဆယ့်ရှစ်နှစ် ပြည့်ဖို့ကလည်း နှစ်နှစ်လောက် လိုသေးသည်။ အိမ်ကို ဧည့်သည် လာလျှင် ဒေါ်မြကြိုင် အမြဲပြောသော စကားတစ်ခု ရှိသည်။

"အေးနကို ကျုပ်တို့ဝမ်းနဲ့လွယ်ပြီး မမွေးရပေမယ့် သမီးအရင်းလို့ပါပဲအေ၊ ဒါကြောင့် အချိန်တန် အရွယ်ရောက်လို့ရှိရင် ဖိတ်စရာရှိ ကိုယ့်အိတ်ထဲ ဖိတ်အောင် ပြောထားရတယ်၊ အေးနကလည်း သဘောတူပါတယ်"

သူ့သားအောင်ပုနဲ့ ပေးစားဖို့ စီစဉ်ထားပြီးပြီဆိုတဲ့ သတင်းကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး လွှင့်ပေးနေသည်။ ရပ်ထဲရွာထဲမှ လူပျိုကာလသား သဘာဝ၊ ပိုးချင်ပန်းချင်သူများမှာ ချောသောလှသော မအေးနကို လက်ရှောင်ကြသည်။ အောင်ပုအတွက် မှတ်ပုံတင်ပြီးဟု နာလည်းထားကြရတော့သည်။ မအေးနရင်မှာ ဝေဒနာတစ်မျိုးကို ခံစားနေရသည်။ ဒေါသထွက်သည်။ ရှက်သည်။ ဟားတိုက်၍ ရယ်ချင်သည်။ တအားအော်၍ ငိုလိုက်ချင်သည်။ သီလရှင်ဝတ်လိုက်ရ ကောင်းမလား၊ ခြေဦးတည့်ရာ လျှောက်သွားရ ကောင်းမလား၊ မစဉ်းစားတတ်အောင် ဖြစ်နေသည်။ စိတ်ပြေလက်ပျောက်ရှိစေရန် ရွာဦးစေတီလေးဘက်သို့ ထွက်လာခဲ့သည်။

စေတီတော်လေးသည် သောကကင်းဝေးစွာ ခမ္ဘတေးလေးများကို သီဆိုနေသယောင် သာယာငြိမ့်ညောင်းသည့် ဆွဲလည်းသံလေးများကို ပေးနေသည်။ မအေးနသည် စေတီတော်လေး၏ အရှေ့မြောက်အရပ်ရှိ တနင်္ဂနွေဂြိုဟ်တိုင်ရှေ့တွင် ထိုင်ချလိုက်ပြီး လက်အုပ်ချီလိုက်သည်။

"အရှင်ဘုရား.. ဘုရားတပည့်တော်မ ဤသို့ရှိခိုး ကန်တော့ရသော အကျိုးကြောင့် မချစ်မနှစ်သက်သော သူတို့နှင့် အတူတကွ နေရခြင်းဘဝမှ ကင်းလွတ်၍ ချစ်ခင်စုံမက် နှစ်သက်သူနှင့် ပေါင်းဖက်ရပါလို၏ အရှင်ဘုရား"

မအေးနုသည် စေတီတော်လေးနှင့် မိမိမွေးနေ့ဂြိုဟ်တိုင်ကို ရှိရှိသေသေ ဦးချကန်တော့လိုက်ပါသည်။

"အမေ... သမီးပြုသမျှ ကုသလကို ရောက်ရာဘဝမှ သာဓုခေါ်ပါ၊ အမျှ... အမျှ... အမျှ"

ထိုအခိုက်ဝယ် လေးရူးတစ်ချက် ဆောင့်တိုက်လိုက်သောကြောင့် စေတီတော်၏ ဆည်းလည်းလေးများက သံစုံမြည်၍ သာဓုခေါ်လိုက်ကြသည်။ ထန်းပင်ကြီး၏ အလက်များက ရှဲခနဲ အသံပေးပြီး အသိအမှတ်ပြုကြသည်။

"အောင်မယ်လေး ဘုရားဒကာမ၊ တယ်လည်း သတ္တိကောင်းပါလား၊ အိမ်ကလူတွေမှာဖြင့် ခေါင်းမီးတောက်နေကြပြီ၊ ညည်း ကလေး မဟုတ်တော့ဘူးအေ့၊ အပျို ဖြစ်နေပြီ၊ ဒုက္ခတွေ့ သွားမယ်၊ နားလည်းလား"

ဘယ်ကနေ ဘယ်လိုသတင်းရပြီး လိုက်လာကြမှန်းမသိသော ဒေါ်မြကျိုင် ဦးဆောင်သည့် လူစုက မဲ့ကာရွဲ့ကာ ပြောလိုက်သည်။ သူ့သား အောင်ပုနဲ့ အောင်ပုရဲ့ သူငယ်ချင်း အရက်သမားပေါက်စ လွန်းရွှေတို့က ခါးလက်ထောက်ပြီး ရပ်ကြည့်နေသည်။ မအေးနုက ဖြေရှင်းချက်လည်း မပေးချင်၊ သူတို့နှင့် စကာလည်း မပြောချင်သဖြင့် ထိုင်ရာမှထ၍ ဘုရားကုန်းတော်ပေါ်မှ ခပ်တည်တည် ဆင်းလာခဲ့သည်။

သူတို့ကို မထီမဲ့မြင် လုပ်ရပါမည်လား ဟူသော အမူအရာဖြင့် အောင်ပုက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်သည်။

"မျိုးမစွန့်ချင်တဲ့စိတ်နဲ့ လူတွေကို သောက်ရက်ခွဲဖို့တော့ မကြံနဲ့နော်၊ အားလုံး ဒုက္ခများကုန်မယ်"

မျိုးမစွန့်ချင်တဲ့စိတ်နဲ့ ဆိုသည်မှာ အကျင့်မကောင်းတဲ့ အမျိုး၊ ပထွေးကို လင်လုပ်တဲ့ အမျိုးဟု ဆိုလိုက်ခြင်းဖြစ်သည်။ ဘယ်စကား ဘယ်လိုပြောလို့ ဘယ်ရောက်မှန်း မသိတဲ့ ဝတုံးဟု မအေးနု စိတ်ထဲက ဆဲလိုက်မိသည်။ ပထွေးကို လင်လုပ်ခဲ့သော မအေးခင်မှာ သူ့အစ်မ တစ်ဝမ်းသာကွဲသည်ကို မေ့သွားဟန်တူသည်ဟု တွေးလိုက်မိသည်။

မအေးနုသည် အချိန်မဟုတ် အခါမဟုတ် အိမ်ကလူကြီးတွေကို အသိမပေးဘဲ သွားချင်ရာ သွားတတ်သောကြောင့် အန္တရာယ်ရှိသည်ဟု အကြောင်းပြပြီး မအေးနု၏ လည်ပင်းမှ တစ်ကျပ်သားခန့် ရှိသော ဆွဲကြိုးကို ဖြုတ်သိမ်းခြင်း ခံလိုက်ရတော့သည်။ အကြောင်းပြချက်က 'ပစ္စည်းလိုချင်လို့ လူကိုသတ်သွားတော့ ဘယ့်နယ့်လုပ်မလဲ' တဲ့။ စိုးရိမ်သည့် လေသံဖြင့် ပြောရှာသည်။ အခုတော့ လူသေသွားလျှင်လည်း ပစ္စည်း သူတို့ လက်ထဲမှာ ကျန်အောင် အပိုင်လုပ်လိုက်ပြီး ဖြစ်သည်။

ရွာဦးကျောင်း ဆရာတော်၏ အန္တိမဈာပန အခမ်းအနား ပွဲတော်တွင် ဝတ်ဆင်ရန် ရွှေဆွဲကြိုးကို ပြန်တောင်းသည့် ကိစ္စဖြင့် စကားများကြရတော့သည်။

"အဒေါ်တို့ သိမ်းထားရမယ့် ပစ္စည်းစာရင်းထဲမှာ အဲဒီဆွဲကြိုး မပါဘူး၊ စာချုပ်ကို ပြန်ဖတ်ကြည့်ဦး"

မအေးနုက သူပြောတတ်သလိုပင် ပြောလိုက်မိသည်။ ဒီတော့လည်း ဒေါ်မြကြိုင်က သူပြောချင်သလို ပြန်ပြောသည်။

"အောင်မယ်လေးဟဲ့၊ စာတတ်မရဲ့ ပစ္စည်းကိုမက်လို့ ညည်းကို မွေးစားတာထင်လို့လား၊ အဖေလည်းမရှိ၊ အမေလည်းမရှိလို့ ဆွေစိတ်မျိုးစိတ်နဲ့ သားသမီးအရင်းလို စောင့်ရှောက် ထားတာ အေရဲ့၊ နားလည်ရဲ့လား၊ ရှင်းရှင်းပြောရရင် ဟိုအတန်းကို ရောက်သွားမှာ စိုးလို့အေ့၊ ကဲ့...ရှင်းပလား"

ကဲ ဘာများ တတ်နိုင်ပါဦးမည်နည်း၊ စကားကလည်း တတ်သည်။ အာဘောင် အာရင်းကလည်း သန်သည်။ အပြောကလည်း ကောင်းသည်။ အကြောင်းမသိသူတွေက ကြည်ညို လေးစားကြသည်။ မအေးနုမှာ တစ်သက်မှ တစ်ခါသာ ကြုံရသော ဘုန်းကြီးပျံ ကွင်းထဲမှာ ကပြသော ရန်ကုန်ဇာတ်ကို ကြည့်ရန် သူငယ်ချင်းတွေက လာခေါ်သည်။

"အေးနုရေ...ပွဲသွားမယ်ဟေ့"

"အေးနု နေမကောင်းလို့ အိပ်နေတယ်ဟဲ့၊ လိုက်နိုင်မှာ မဟုတ်ဘူး၊ နင်တို့ဟာနင်တို့ သွားကြ"

ဒေါ်မြကြိုင်က ပြန်ဖြေသည်။ ညကြီးမင်းကြီး ရွှေဆွဲကြိုးမဝတ်ဘဲ သွားရမည့်ကိစ္စမှာ တောင်မှ သားသမီးချင်း ကိုယ်ချင်းမစာဘဲ မသွားဖြစ်အောင် အဟန့်အတား လုပ်လိုက်သေးသည်။ သူ့သား အောင်ပုကတော့ ဘုန်းကြီးပျံပွဲ စသည့်နေ့ကစပြီး အိမ်နားမကပ်သည်မှာ ခုနစ်ရက်ခန့် ရှိပေပြီ။ မအေးနုမှာတော့ ခေါင်းအုံးကိုဖက်၍ မျက်ရည်ကို အဖော်ပြုပြီး နေလိုက်ရတော့သည်။

မအေးနုသည် ကျောင်းလည်း မတက်ချင်တော့၊ စာကျက်၍လည်း မရတော့၊ ထမင်းကိုလည်း စားချင်မှ စားသည်။ ဟင်းအိုးကို ဘယ်မှာထားမှန်း မသိ၍ မေးလည်း မမေးချင်သောအခါ ခါမျိုးတွင် ထမင်းကို ဆားဖြူးပြီး စားပစ်လိုက်သည်။ အာဟာရချို့တဲ့၍လား၊ စိတ်ညစ်လွန်း၍ လားမသိ၊ ကျန်းမာရေးပါ ချို့တဲ့လာသည်။ အမျိုးသမီးသဘာဝ သွေးမပေါ်သည်မှာ သုံးလခန့် ရှိပေပြီ။ ပေါ်ပြန်တော့လည်း အလွန်နည်းသည်။ မအီမသာ ဝေဒနာကို ခံစားရပြီး ခေါင်းမရှင်း ဖြစ်နေသည်။ အလိုလိုနေရင်း စိတ်တိုနေသည်။ ဒီအိမ်ရှင် မိသားစုထဲက တစ်ယောက်ယောက်ကို ကုတ်ဖဲ့ကိုက်ဆွဲ လုပ်ပစ်လိုက်ချင်သည့် စိတ်ပေါက်နေသည်။

တစ်နေ့မှာတော့ လုပ်လိုက်မိတော့သည်။ ထမင်းဆာ၍ မီးဖိုဆောင်ဝင်ပြီး ထမင်းအိုး ဟင်းအိုးတွေ ဖွင့်ရှာနေသော မအေးနုကို အောင်ပုက တွေ့သွားသည်။

ဒါ လူထမင်းစားတဲ့အချိန် မဟုတ်ဘူး၊ ရှာမနေနဲ့၊ ဘာမှ မရှိတော့ဘူး၊ ခွေးကျွေးပစ် လိုက်လို့ ကုန်ပြီ"

မအေးနု အသားတွေ တဆတ်ဆတ် တုန်လာပြီး အောင်ပုကို ရင်ဆိုင်လိုက်သည်။ အနီးထွက်လုမတတ် ဒေါသဖြစ်နေသော မျက်လုံးက ကျွတ်ထွက်လုမတတ် ပြူးပြီး အောင်ပုကို ကြည့်နေသည်။ အောင်ပုက မခိုးမခန့် အမူအရာဖြင့် မေးလိုက်သည်။

"ဘာလုပ်ချင်လို့လဲ လုပ်လေ၊ စမ်းကြည့်ပါလား၊ အကြောင်းသိသွားရအောင်"

မအေးနသည် ကျားသစ်မလေး တစ်ကောင်ကဲ့သို့ လက်သည်းများကိုထုတ်ပြီး အောင်ပု၏ မျက်နှာကို ခုန်အုပ်တော့သည်။ အောင်ပုမှာ ရုတ်တရက်မို့ နောက်လန် လဲကျသွားသည်။ မအေးနသည် အောင်ပုကို အပေါ်မှစီး၍ လက်သည်းဖြင့်ကုတ်၊ ပါးစပ်ဖြင့် မိရာဖမ်းကိုက်တော့သည်။

မီးဖိုဆောင်မှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံကြား၍ ပြေးဝင်လာသော ဒေါ်မြကြိုင်က မအေးနကို ဖြန်ဖြေသလိုလိုဖြင့် ကိုင်ချုပ်ပေးသည်။ အောင်ပုသည် လဲနေရာမှထလာပြီး မအေးန၏ ပါးကို တအားလွှဲရိုက် လိုက်တော့သည်။ မအေးနက အောင်ပုကို ခြေဖြင့် လှမ်းကန်သည်။ ဒေါ်မြကြိုင်၏ လက်ထဲမှလည်း ရုန်းထွက်လိုက်သည်။ ဒေါ်မြကြိုင်က ခါးထောက်ပြီး အော်မေးလိုက်သည်။

"ဒါ ဘယ်လိုဖြစ်ကြတာလဲ ဟင်၊ နင်တို့က လူက မွေးထားတာတွေမှ ဟုတ်ကြသေးရဲ့ လားဟဲ့...ဟေ"

"ဒီကောင်မ လူမဟုတ်ဘူး၊ ခွေးမ ခွေးမ၊ ခွေးမမို့လို့ လူကို ကိုက်တာပေါ့၊ ခွေးစုတ်မ သိမယ်"

အောင်ပုက အကိုက်ခံလိုက်ရသော လက်ဖျံမှ ဒဏ်ရာကိုကြည့်ပြီး သူ့အမေကို အော်ပြောလိုက်သည်။

ဦးကြာနိုင် ဝင်လိုက်လာတော့မှ အောင်ပုက အိမ်ရှေ့ထွက်သွားသည်။ ရန်ပွဲကို ဖျဉ်သလိုလိုနဲ့ သူ့သား အခွင့်သာအောင် မအေးနကို ချုပ်ကိုင်ပေးသော ဒေါ်မြကြိုင်ကို ကြည့်ပြီး မအေးနက ဟက်ဟက်ပက်ပက်ကြီး ရယ်လိုက်သည်။

"ဟား ဟား ဟား ဟား... သိပ်တရားတယ်ပေါ့၊ သိပ်တော်၊ သိပ်ကောင်း၊ အလွန်ကောင်း ဟား ဟား ဟား ဟား ဟား"

မအေးနကိုကြည့်ပြီး ဦးကြာနိုင်ရော ဒေါ်မြကြိုင်ပါ ကြောင်နေကြသည်။ ဒီကလေးမ စိတ်မှ မှန်ရဲ့လားဟူသော အတွေးဝင်သွားကြဟန် တူသည်။ မအေးနကတော့ သူတို့လင်မယားကို ဂရုမစိုက်တော့ဘဲ တဟားဟား အော်ရယ်ရင်း သူ့အခန်းတွင်းသို့ ဝင်သွားသည်။ အခန်းတံခါးကို ဆောင့်ပိတ်လိုက်သည် အခန်းတွင်းမှ ရှိုက်ကြီးတငင် ငိုသံကြီးကို ကြားရပြန်သည်။

မအေးနကို ပယောဂဝင်ပူး၍ ဝိုလိုက် ရယ်လိုက် ဖြစ်နေပြီဟူသော သတင်းမှာ တစ်ရွာလုံး ပျံ့သွားတော့သည်။ အချို့ကလည်း ဒေါ်အေးမြ ဥစ္စာစောင့်ဖြစ်နေပြီ၊ သူ့သမီးကိုပါ လာခေါ်နေပြီ စသည်ဖြင့် ထင်တာတွေ ပြောနေကြသည်။ မအေးန၏ အခြေအနေမှာလည်း တစ်နေ့တခြား ဆိုးရွားလာသည်။ အိပ်ခန်းအတွင်း ရှိသမျှ ဘူးခွက်၊ ပုလင်းများကို ရိုက်ခွဲဖျက်ဆီး၊ နံရံကို တဒုံးဒုံးထုရိုက်၊ အဝတ်အစား အချို့ကိုဆုတ်ဖြဲ ထင်တိုင်းကြဲ နေတော့သည်။

အလွန် နာမည်ကြီးသော ပယောဂဆရာကြီး ဆရာရှိန်ကို ဒေါ်မြကြိုင် သွားပင့်သည်။ ပုတီးကို လည်မှာဆွဲထားသော သျှောင်ဆံထုံးနှင့် ဆရာကြီးသည် ရဟန္တာယပ်ထမ်းရုပ်ပါသော ကြိမ်လုံးကြီးကို ကိုင်ပြီး လိုက်လာသည်။ အိမ်ပေါ်ရောက်သည်နှင့် ဘုရားဝတ်ပြုသည်။ ဘုရားငါးဆူအား ရည်မှန်း၍ ဖယောင်းတိုင် ငါးတိုင် ထွန်းညှိပူဇော်သည်။

ဘုရားသောက်တော် ရေအိုးမှ ရေတစ်ဖန်ခွက် စွန့်ယူ၍ တစ်စုံတစ်ခုကို တိုးတိုးရွတ်ဆို မန်းမှုတ် အသင့်ပြင်ပြီး လူနာ မိန်းကလေးကို ခေါ်ထုတ်ခဲ့ရန် အမိန့်ပေးလိုက်သည်။

ဆရာကြီး ရောက်နေပြီဆိုသည့် သတင်းကိုကြားသည်နှင့် အိမ်နီးချင်းများ စုရုံးရောက်ရှိလာကြသည်။ ဒေါ်မြကြိုင်၏ အိမ်ပေါ်မှာ လူနှစ်ဆယ် အစိပ်ခန့်ဖြစ်သွားသည်။ ဦးကြာခိုင်က ဆရာကြီးအနီးမှာ ရိုသေတုပ်ကွစွာ ထိုင်၍ ကွမ်းဆေး လက်ဘက်များဖြင့် ဧည့်ခံနေသည်။ ဒေါ်မြကြိုင်က အောင်ပု၏ အကူအညီဖြင့် မအေးနကို အခန်းတွင်းမှ ဆွဲထုတ်လာသည်။ မအေးနမှာ ရုန်းကန်ရင်း လိုက်ပါလာသည်။

မအေးန၏ ပုံပန်းသဏ္ဌာန်မှာ အရူးမရုပ် ပေါက်နေပေပြီ၊ ဆံပင်က စုတ်ဖွားဖွား၊ အင်္ကျီလုံချည်က ကို့ယို့ကားယား၊ ဖိုသီဖတ်သီဖြစ်နေသည်။ ခန္ဓာကိုယ်လည်း အတော် ပိန်ကျသွားသည်။ ပွဲကြည့်ပရိသတ်ထဲက ကလေးတွေက မအေးနကို မြင်တော့ ကြောက်ပြီး အိမ်ပေါ်မှ ဆင်းပြေးကြသည်။ မအေးနသည် ဒေါ်မြကြိုင်၏ လက်မှ ရုန်းရင်းကန်ရင်း အော်ငိုသည်။

"ကျွန်မကို ဘာလုပ်ကြမလို့လဲ၊ ကျွန်မ မရူးဘူး၊ ကျွန်မဘာမှ မဖြစ်ဘူး၊ ဟီးဟီး"

ဒေါ်မြကြိုင်နှင့် အောင်ပုတို့က မအေးန၏ လက်မောင်းကို အတင်းဆွဲယူပြီး ဆရာကြီးရှေ့မှာ အတင်းထိုင်ခိုင်းသည်။

အတွေ့အကြုံများစွာ ရှိဟန်တူသော ဆရာကြီးသည် ဣန္ဒြေရရဖြင့် တင်ပျဉ်ခွေထိုင်နေသည်။ ထွေးခံဆွဲယူပြီး ကွမ်းတံတွေးကို ဟန်ပါပါ ထွေးထည့်လိုက်သည်။ မအေးနု သူ့ရှေ့မှာထိုင်မိသည်နှင့် တပြိုင်နက် ရေမန်းခွက်ကို ကောက်ကိုင်ပြီး လက်နစ်ဖက်ဖြင့် ကိုင်မြှောက်၍ ဆိုရာပိုင်ရာတို့ကို ပင့်ဖိတ်တိုင်တည် လိုက်သည်။

"ဇေယျတု သဗ္ဗမင်္ဂလာ၊ အောင်အတိတ်နှင့် နိမိတ်ကို ယူတော့မှာမို့ နစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို လည်းကောင်း၊ တစ်သောင်းနစ်ထောင် ကုန်သော ဘုရားရှင်တို့ကို လည်းကောင်း၊ ငါးသိန်းကုန်သော ဘုရားရှင်တို့ကို လည်းကောင်း ကျွန်ုပ် ဒေဝတာရက္ခဆရာ မင်္ဂလာရှိန်သည် ဦးနိမ့်ရှိကျိုး ရှိခိုးကန်တော့ လိုက်ပါ၏။ ဂင်္ဂါဝါဠု သဲစုမက ပရိနိဗ္ဗာန် ပြုသွားကြပြီးကုန်သော ဘုရားရှင်တို့၏ တရားတော် ဒေသနာတော်များနှင့် တပည့်သား သံဃာတော် အရှင်မြတ်တို့အား ရှိခိုးပူဇော်ရသော အကျိုးကြောင့် တစ်ပါးမက များလှကုန်သော အမှောင့်ပယောဂ အန္တရာယ်ရန်စွယ် ဟူသမျှတို့သည် ကြွင်းကျန်မရှိ ပကတိ ကင်းပျောက်ပါစေ သတည်း။ မအေးနုတွင် ပူးကပ်ဝင်ရောက် နှောင့်ယှက်နေသော စုန်းကဝေ၊ တစ္ဆေ၊ မြေဘုတ်ဘီလူး၊ အထူးထူးသော မှော်စက် ပညာခေါ် ဇော်ဂနီ၊ ဇော်ဂနက် အဖျက်ရန်သူ ဟူသမျှတို့သည် ရတနာသုံးပါး၏ တန်ခိုး၊ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်း တို့၏ တန်ခိုး၊ ငါဆရာ အာဏာစက်၏ တန်ခိုးတို့ကြောင့် ယခုချက်ချင်း ပြေးကြလော့၊ ရှောင်ကြလော့၊ ရှားကြလော့၊ ဗုဒ္ဓ သိဒ္ဓိမဟိဒ္ဓိ၊ ဓမ္မ သိဒ္ဓိမဟိဒ္ဓိ၊ သံဃ သိဒ္ဓိမဟိဒ္ဓိ၊ ဒေဝတာ သိဒ္ဓိမဟိဒ္ဓိ၊ မယ သိဒ္ဓိမဟိဒ္ဓိ၊ သွားဆြာသွား၊ ရှား ဆြာရှား"

ဆရာကြီးသည် ရေမန်းခွက်ကို ကိုင်မြှောက်ထားရမှ ဖြည်းညှင်းစွာ ပြန်ချ၍ ရေမန်းခွက်ထဲမှ ရေဖြင့် ခေါင်းငုံ့ထားသော မအေးနု၏ မျက်နှာကို တောက်လိုက်သည်။ မအေးနုသည် ခေါင်းငုံ့ထားရာမှ ခေါင်းမော့လာသည်။ ဆရာကြီးသည် သဘောကျသွားပြီး မအေးနု၏ မျက်နှာနှင့် ကိုယ်ခန္ဓာ နေရာအနှံ့အပြားသို့ ရေမန်းဖြင့် တောက်ဖျန်းပြီး ပါးစပ်မှလည်း ပွစိပွစိဖြင့် တစ်စုံတစ်ခုကို ရွတ်ဆိုနေသည်။ မအေးနုသည် ဆရာကြီးကိုကြည့်ပြီး ရယ်ချင်လာဟန် တူသည်။ အားပါးတရ ရယ်လိုက်ပြီး ဆရာကြီးလက်ထဲမှ ရေမန်းခွက်ကို ရုတ်တရက် ပုတ်ချလိုက်သည်။ ဒေါ်မြကြိုင်ဘက်သို့ လှည့်ကြည့်ပြီး ဒေါသဖြင့် တအားကုန် အော်လိုက်သည်။

"ကျွန်မ ဘာမှ မဖြစ်ဘူး၊ ကျွန်မ မရူးဘူး၊ ဘကြီး ရွှေဆိုင်ကို ခေါ်ပေးပါ၊ ကျွန်မ ဒီအိမ်မှာ မနေဘူး၊ ဟီး ဟီး"

သူကြီးဦးရွှေဆိုင်ကို ခေါ်ပေးရန် တောင်းဆိုသည်။ ပြီးတော့ မော့ကြီးပန်းကြီးဖြင့် အော်ငိုသည်။ ဆရာကြီးသည် ရေမန်းခွက် ပုတ်ချခ်ရ၍ ရှက်သွားဟန်တူသည်။ အရှက်ပြေ ရယ်လိုက်သည်။ ဓာတ်လုံးဟု ယူဆရသော ပြောင်ပြောင်လက်လက် အရောင်ထွက်သော တစ်စုံတစ်ခုကို တိုက်ပုံအင်္ကျီအိတ်တွင်းမှ ထုတ်ယူပြီး စိုက်ကြည့်လိုက်သည်။

"ဟဲ ဟဲ တွေ့ပါပြီ၊ တွေ့ပါပြီ၊ လက်စသတ်တော့ အားကိုးရှိလို့ အာခံတာကိုး၊ နယ်နယ်ရရ မဟုတ်ဘဲ၊ အစိမ်းသေ နှစ်ကောင်တောင် ရံထားပါလား၊ တွေ့ကြသေးတာပေ့ါ၊ ဆရာ့ဆေး ကြိမ်လုံးက သူကြီးရဲ့ နှစ်လုံးပြူးထက် စွမ်းပါတယ်၊ ကျောင်းဒကာမကြီး ဒေါ်မြကြိုင် နမ်းဆီစစ်စစ် နည်းနည်းလောက် ပေးပါ"

ပွဲကြည့်ပရိသတ်များ ခေါင်းချင်းပူး၍ ရှုစိရှုစိ ဖြစ်ကုန်ကြသည်။ မအေးခင်နှင့် ဒေါ်အေးမြတို့ကို သတိရလိုက်ကြ၍ဖြစ်သည်။ ဒေါ်မြကြိုင်က ရေနွေးကြမ်းပန်းကန်ဖြင့် နမ်းဆီ ယူလာပြီး ပြောလိုက်သည်။

"ကျွန်မ ထင်ပါတယ်၊ ဒါကြောင့် ကိုကြာခိုင်ကို ပြောနေတာ ကြာပြီ၊ ကျုပ် ထင်ရင် လွှဲခဲတယ်၊ အခုတော့ ဘယ့်နယ့်ရှိစ၊ အိမ်နားမကပ်ရဲအောင် နှင်ပေးပါ ဆရာကြီးရယ်"

"စိတ်ချ စိတ်ချ"

ဆရာကြီးက အားကိုးလောက်သော လေသံဖြင့် ကတိပေးလိုက်ပြီး နမ်းဆီကို မန်းမှုတ်၍ ရဟန္တာရုပ်ပါသော ကြိမ်လုံးမှာ သုတ်လိုက်သည်။ ရှင်သီဝလိလား၊ ရှင်မဟာမောဂ္ဂလာန်လား မသိရသော ရဟန္တကိုယ်တော်မြတ်မှာ ဂျမ်းတိုးလိုက်၊ ဦးဖောက်မှောက်ခုန်ဖြစ်လိုက်၊ ပက်လက် လန်လိုက် ဖြစ်နေတော်မူရှာသည်။

"ကျွန်မကို မရိုက်နဲ့၊ ကျွန်မမှာ ဘာပယောဂမှ မရှိဘူး"

မအေးနက ငိုမဲ့မဲ့ မျက်နှာလေးဖြင့် ဆရာကြီးကို ကြည့်ပြီး ပြောလိုက်သည်။ ဆရာကြီးသည် မအေးနကို သရော်ပြုံးပြုံး၍ ကြည့်ပြီး ပြန်ပြောလိုက်သည်။

"ဟဲ ဟဲ ဟဲ အင်မတန် ပရိယာယ် မာယာများတဲ့ မိစ္ဆာကောင်တွေ၊ သိကြရောပေါ့ လာခဲ့စမ်း ဒီနားကို၊ ဟင်း... ဟင်း ဒေဝတာရက္ခ ဆရာရှိန်ရဲ့ ဣန္ဒာစက္က ယမထာကြိမ်ဆိုတာ မကြားဘူးလား၊ ကဲဟာ၊ ကဲဟာ၊ ကဲဟာ"

ဆရာကြီးသည် မအေးနု၏ ဆံပင်စုတ်ဖွားကြီးကို ဆွဲယူပြီး ကျောပြင်နှင့် တင်ပါးကို ကြိမ်ဖြင့် သုံးချက် ဆက်ရိုက်လိုက်သည်။

"အောင်မယ်လေးတော့ အောင်မလေးတော့၊ ကြောက်ပါပြီ ဆရာကြီးရဲ့၊ အောင်မယ်လေးတော့၊ ကြောက်ပါပြီ ဆရာကြီးရဲ့ ဟီး... ဟီး"

မအေးနုမှာ နာရာလွန်း၍ ငါးရံ့ပြာလူး အရှူးပျားတုတ် ခံရသည့် ပုံမျိုးဖြင့် ကြိမ်ချက်ကျသည့် ကျောပြင်နှင့် တင်ပါးနေရာများကို ပွတ်သတ်ပြီး ငိုနေရှာသည်။ ဆရာကြီးက အောင်နိုင်သော အပြုံးဖြင့် ကွမ်းမြုံ့ရင်း ပြောလိုက်သည်။

"ကြောက်ပါပြီ ဟုတ်လား၊ ဒါတောင် ရတနာသုံးပါး အတွက် သုံးချက်ပဲ ပူဇော်ရသေးတယ်၊ ဆရာ၊ မိဘနဲ့ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းအတွက် မပါသေးဘူး၊ ကဲ လက်အုပ်ချီစမ်း"

မအေးနုမှာ ကြောက်ရာလွန်း၍ တုန်တုန်ယင်ယင်ဖြင့် ဆရာကြီးကို လက်အုပ်ချီပြီး ရှိုက်နေသည်။

ဆရာကြီးသည် ဘုရားသောက်တော်ရေအိုးမှ ရေတစ်ခွက်စွန့်ယူပြီး မန်းမှုတ်၍ မအေးနုကို ကမ်းပေးလိုက်သည်။

"ကဲ...လိုက်ဆိုစမ်း၊ ကျွန်ုပ်တို့သည်..... မအေးနုအား လည်းကောင်း.... အခြားသူများ အားလည်းကောင်း... ဝင်ရောက်ပူးကပ်ခြင်း... နှောင့်ယှက်ခြင်း... မပြုတော့ပါ.. ဤအိမ်မှ လည်းကောင်း... ဤအိမ်၏ ဥပစာမှ လည်းကောင်း... ဝေးရာသို့... ထွက်ခွာသွားပါမည်... ကတိမတည်... ဖောက်ဖျက်ကျူးလွန်မိပါက... ယခုသောက်သော သစ္စာရေသည်... သံရည်ပူကဲ့သို့... ဝမ်းမှာပူစေသတည်း... ကမ္ဘာတစ်သိန်း.. ကာလပတ်လုံး... ဘုရား အဆူဆူ ချွတ်သော်လည်း.. အစိမ်းသရဲ ဘဝမှ ... မကျွတ်မလွတ် ရှိပါစေသတည်း... ကဲ သောက်လိုက်စမ်း"

ဆရာကြီးက တစ်လုံးချင်း တိုင်ပေးသည်ကို မအေးနုက လိုက်ဆိုရသည်။ ကဲ သောက်လိုက်စမ်း ဆိုသည်နှင့် မအေးနုက ဖန်ခွက်ထဲမှ ရေကို သောက်လိုက်ရသည်။

"သာဓု သာဓု သာဓု၊ ကဲကောင်းသွားပါပြီဗျား၊ သမီးမအေးနုလည်း ချမ်းသာပါပြီး၊ ဦးကြာခိုင်နှင့် ဒေါ်မြကြိုင်တို့လည်း စိတ်ချမ်းသာရပါပြီ၊ သတ္တဝါအားလုံး ကျန်းမာကြပါစေ"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကဲ… သမီး မအေးနု ဆရာကြီးကို ကန်တော့လိုက်လေ"

ဒေါ်မြကြိုင်က ဆရာကြီးကို ကျေးဇူးတင်စကား ပြောကြားပြီး အိတ်ကပ်ထဲမှ ဆရာကန်တော့ခ ပိုက်ဆံ နှိုက်နေသည်။ မအေးနုက စိတ်မပါ လက်မပါဖြင့် ပေါက်စိန်ပေါက် ကန်တော့လိုက်သည်။

ဆရာကြီးသည် ဆေးကုခရသော ငွေတစ်ဆယ်ကို တိုက်ပုံအင်္ကျီ အတွင်းအိတ်မှာ သေချာအောင်ထည့်၍ ကန်တော့ပွဲမှ ဖြုတ်သော လက်ရင်းဖီး ငှက်ပျောသီး သုံးဖီးကို ဆေးကြိမ်လုံးဖြင့် လျှိုထမ်း၍ လာလမ်းအတိုင်း ပြန်ကြွသွားလေတော့သည်။

မအေးနုမှာတော့ ဂျပန်ခေတ်က အရက်ပုန်းချက်ရောင်း၍ သူကြီးမင်း၏ ကြိမ်ရိုက်ခံရသော မိန်းမကဲ့သို့ တွဲယူသွားရသည်။ အိပ်ခန်းအတွင်းသို့ ရောက်သောအခါ ခေါင်းအုံးကို မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

"အမေ သမီးကို ခေါ် လှည့်ပါတော့ အမေရယ်"

ငိုရှိုက်သံကြီးဖြင့် တိုးတိုးပြောလိုက်သည်။

(၁၄)

တပေါင်းလေရူးသည် မုတ်သုန်မိုးဦးကို သဘောမတူဘဲ ခိုးယူ ပေါင်းသင်းလာခဲ့ဟန် တူသည်။ ယခုနှစ် သင်္ကြန်လက်ဆေးမိုး စောစောရွာချသည်။ ရွာလမ်းတစ်လျှောက်မှ ပိတောက်ပင်များ အလုအယက် အပြိုင်အဆိုင် ပွင့်ကြသည်။

ပိတောက်တွေ ပွင့်ပြီဆိုတော့ မအေးနအသက် တစ်နှစ် ပိုကြီးလာသလို ဦးကြာခိုင် ဒေါ်မြကြိုင်တို့၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက်ရန် တစ်နှစ် ပိုနီးလာပြီ ဖြစ်သည်။ တစ်နှစ်ဆိုသည့် ကာလကို စောင့်ရဦးမည့် မအေးနအဖို့ ရှည်ကြာလွန်းသည်ဟု ထင်သော်လည်း မအေးန အိမ်ပေါ်က ဆင်းသွားမှာကို တွေးကြောက်နေသည့် ဒေါ်မြကြိုင် အဖို့မူ ရက်တွေလတွေ ကလည်း ကုန်လွယ်လိုက်တာဟု ထင်နေသည်။

နောင်နှစ် ယခုလို အချိန်ဆိုလျှင် မအေးန အသက် (၁၈) နှစ် ပြည့်တော့မည်။ တချုပ်ပါ သဘောတူညီချက်အရ မအေးနကို လွတ်လပ်စွာ သွားလာ၊ နေထိုင်ခွင့် ပေးရတော့မည်။ မအေးနပိုင် ရွှေ ငွေ လက်ဝတ်လက်စားများကို ပြန်ပေးရတော့မည်။ မအေးနကို တစ်စုံတစ်ယောက်က လက်ထပ်ယူလိုက်ပါက ငွေငါးထောင် လက်ဖွဲ့ပေးရမည်။ ငွေကလည်း လက်ထဲမှာ မရှိတော့။ နွားဝယ်၊ ကျွဲဝယ်၊ လှည်းဝယ်လိုက်၍ တတိတိဖြင့် ခမ်းနေပြီ၊ ဒီကြားထဲ အောင်ပုက အရက်ကလေး တမြမြ၊ ကြက်ကလေး တသသ ဖြစ်နေသည်။ မအေးန ပြန်လည် ကျန်းမာလာပြီး လင်ယူမည်ဆိုပါက ရင်ဆိုင်ရမည့် ပြဿနာမှာ မသေးဟု ဒေါ်မြကြိုင် တွေးပူနေမိသည်။ သူ့သား အောင်ပုနှင့် ပေးစားမည့် ကိစ္စကလည်း လုံးဝ မဖြစ်နိုင်တော့။ အောင်ပုနှင့် မအေးနတို့၏ ဆက်ဆံရေးက ရှားစောင်းစေးနဲ့

မျက်ချေးဖြစ်နေသည်။ မအေးန ကျန်းကျန်းမာမာဖြင့် အသက်ကြီးလာမှာကို တွေးကြောက်ပြီး ဒေါ်မြကြိုင်၏ ရင်မှာ သောကမီး တောက်လောင်နေသည်။

မအေးနသည် ပယောဂဆရာကြီး တိုက်သော သစ္စာရေကို သောက်ပြီး တစ်ပတ်ဆယ်ရက်ခန့် ငြိမ်နေသည်။ အမေနှင့် အစ်မတို့ကို ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘုရားအဆူဆူ ချွတ်သော်လည်း မကျွတ်မလွတ်ဘဲ ရှိပါစေသတည်းဟု ကတိပေးခဲ့ရသည်ကို တွေးမိပြီး ကြက်သီးမွေးညှင်းထ၍ ကြောက်စိတ်ဝင်နေသည်။ အမေနှင့် အစ်မတို့အတွက် စိုးရိမ်ပြီး အနေအထိုင် ဆင်ခြင်နေရသည်။

ကြာလောတော့ မအေးန စဉ်းစားလာခဲ့သည်။ အမေနှင့် အစ်မတို့သည် ငါ့အား တကယ် ဝင်ပူးခဲ့သည် မဟုတ်၊ သူတို့ ဘယ်ဘုံဘယ်ဘဝ ရောက်နေမှန်းလည်း ငါမသိ၊ ဆရာကြီး တိုင်ပေး၍ သစ္စာဆိုခဲ့ရသူမှာ ငါသာဖြစ်သည်။ ဆရာကြီး၏ ကြိမ်လုံးကို ကြောက်၍ သစ္စာရေ သောက်ခဲ့ရ သူမှာလည်း ငါသာ ဖြစ်သည်။ အမေတို့ အစ်မတို့နဲ့ ဘာမှမဆိုင်ဟု တွေးမိသည်နှင့် တပြုံးနက် ဝမ်းသာပြီး ပြုံးလိုက်မိသည်။ ပြုံးရာမှ ဒေါ်မြကြိုင်တို့ ကြားလောက်အောင် တဟားဟား အော်ရယ်လိုက်တော့သည်။

"ဟား...ဟား...ဟား....."

လူ့ဘဝကို ရလာပြီး ခဏသာ ပျော်ပျော်ရွှင်ရွှင် နေလိုက်ရသည်။ အဖေနှင့် ရှင်ကွဲ ကွဲခဲ့ရသည်။ အမေ အစ်မတို့နှင့် သေကွဲ ကွဲခဲ့ရသည်။ အဖေသည် တစ်နေရာရာတွင် အသက်ရှင်လျက် ရှိနေနိုင်သော်လည်း ဤရွာ ဤမြေသို့ ပြန်လည်အခြေချ၍ မျက်နှာမပြရဲသော ဘဝကြောင့် အစပျောက်သွားခဲ့ရသည်။ အဖေလည်း မရှိ၊ အမေလည်း မရှိသောအခါ ဆွေမျိုးတစ်စ တော်စပ်၍ အားကိုးရမလားလို့ ယုံကြည်ပြီး ခိုလှုံခဲ့သော ဒေါ်မြကြိုင်တို့ မိသားစုကလည်း အစားခံဖို့လာသော သားကောင်ကို အသားနည်းသည်ဟု မကျေနပ်သော ခြင်္သေ့ကဲ့ သို့ မိမိအပေါ်တွင် အညှိုးထား ဆက်ဆံနေကြသည်ကို တွေးမိသောအခါ ဝမ်းနည်းလာသည်။ အဖြစ်ဆိုးလှသော မိမိရဲ့ဘဝကို ယူကျုံးမရ ဖြစ်လာသည်။ တဖြည်းဖြည်း မဲ့လာသည်။ တစ်လှိုက်လှိုက် ရှိုက်လာသည်။ တအီးအီး အော်ညည်းလာသည်။ နောက်ဆုံးတွင် တအား အော်ငိုလိုက်တော့သည်။

" ဟီး....ဟီး....အီး....ဟီး......အီး......ဟီး"

ဒီတော့လည်း မအေးနု ပြန်ဖောက်နေပြီ။ ငိုလိုက်ရယ်လိုက် ဖြစ်နေပြီ။ မန္တလေးပြန်၊ ယောပြန်၊ ဆောပြန် ဆရာကြီး ဦးရိုန်တောင် လက်လျှော့လိုက်ပြီ၊ ကုမရတော့ဘူးဆိုသည့် သတင်းဆိုးကြီးက စောင်ခြုံထဲမှာ လေလည်သည်သို့ တစ်ရွာလုံး ပျံ့သွားတော့သည်။

ဒေါ်မြကြိုင်တို့က ဆရာရိုန်လက်သို့ အပ်လိုသေးသည်။ သို့သော် ဆရာရိုန်က သူ့အကြောင်းနှင့်သူ လက်မခံဝံ့တော့ပေ။ ဘာကြောင့်ဟူ၍တော့ ထုတ်ဖော်မပြော၊ ဒီတော့ ဆရာရိုန် လက်လျှော့လိုက်ပြီဟုသာ သတင်းကြီးသွားတော့သည်။

အမှန်မှာမူ ပထမအကြိမ်ကုပြီးစက ရ- လ- က ဥက္ကဋ္ဌ ဗိုလ်ကြီး၏ အမိန့်ဖြင့် သူကြီးက ဆရာရိုန်ကို ခေါ်တွေ့သည်။ နောင်အလားတူ ဆေးဝါးကုသမှုမျိုး ပြုလုပ်ပါက ထိရောက်စွာ အရေးယူမည်ဟု ပြင်းထန်စွာ သတိပေးခံခဲ့ရခြင်းကြောင့် ဖြစ်သည်။ ကံကောင်း၍ မအေးနုခမျာ နောက်ထပ် အရိုက်ခံရမည့်ဘေးမှ လွတ်ခဲ့သည်။

မအေးနုသည် ဒေါ်မြကြိုင်တို့ မိသားစုကို ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အိပ်ခန်းမှ ထွက်လာခဲ့ပြီး လမ်းပေါ်မှာ ရပ်လိုက်သည်။ သူ့အပေါ်တွင် အမြင်မမှန်သော ရွာသူရွာသားများနှင့် သူငယ်ချင်းတွေကို စိတ်ဆိုးနေမိသည်။ တစ်ရွာလုံးကို အရွဲ့တိုက် ပြလိုက်ချင်စိတ်တွေ ပေါ်လာသည်။ သူငယ်ချင်းတွေကပါ သူ့ကို အခေါ်အပြော မလုပ်ကြတော့ဘဲ စိတ်မနှံ့သူအဖြစ်မြင်ပြီး အဝေးက ကြည့်နေကြသည်။ ကလေးတွေက ကြောက်ပြီး ထွက်ပြေးကြသည်။ ပတ်ဝန်းကျင်သည် မအေးနု ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုန် ဖြစ်ရန်အတွက် တွန်းအား ပေးနေလေပြီ။

မအေးနုသည် လမ်းပေါ်မှာ လက်ပိုက်ရပ်၍ သူ့ကိုယ်သူ ပြန်လည်သုံးသပ်နေမိသည်။ ငါ တကယ်ပဲ ရူးနေပြီလား၊ အမှန်တော့ ငါမရူး၊ ငါ ရူးနေပြီလို့ သူတို့ ထင်နေကြတာ၊ သူတို့သာ ရူးနေကြတာ၊ တစ်ရွာလုံး ရူးနေကြတာ၊ လူတစ်ယောက်ရဲ့ ပုဂ္ဂလိက ခံစားမှုဝေဒနာ အတိမ်အနက်ကို နားမလည်ဘဲ ရူးနေပြီဟု ဝိုင်းပြီးလက်ညှိုး ထိုးနေကြသူ တွေကို ကြည့်ပြီး ဟားတိုက်ရယ်ချင်သည်။ တကယ်လည်း ရယ်ပစ်လိုက်သည်။

"ဟား ဟား ဟား ဟား"

ဒီတော့ ဘာဖြစ်သနည်း၊ အရှုံးမလေး မအေးနုကို ထိုးသည့် လက်ညှိုးတွေက အချောင်းရေ ပိုများလာသည်။ ဝိုင်းကြည့်ကြသည့် မျက်လုံးအရေအတွက်တွေ ပိုများလာသည်။ အဘွားကြီး တစ်ယောက်က ကရုဏာဖြင့် ပြောရှာသည်။

"ဒီကလေးမရဲ့ အဖြစ်ကလည်း ရှုးလောက်ပါတယ်ကွယ်"

ကရုဏာရှင် အဘွားကြီးကို ကြည့်ပြီး မအေးနု သနားသွားသည်။ သေခါနီးအထိတောင် အမြင်တုံးဆဲ၊ ဇဟုသုတ ခေါင်းပါးဆဲပါလားဟု တွေးလိုက်မိသည်။ နှုတ်ခမ်းဖြဲ၍ မျက်စောင်းထိုး ကြည့်လိုက်မိသည်။ အချို့က ရယ်ကြသည်။

မအေးနုသည် ထဘီကို တိုတို ပြင်ဝတ်လိုက်သည်။ ချိုးချထားသော ပိတောက်ကိုင်းမှ ပိတောက်ပန်းများကို ပြေးချိုးယူပြီး သူ့ခေါင်းမှာ အားပါးတရ ပန်လိုက်သည်။ သူ့ကို ဝိုင်းကြည့်နေသူများကို ခါးလက်ထောက်၍ ပြန်ကြည့်လိုက်သည်။ ပြီးတော့မှ အော်ပြောလိုက်သည်။

"ငါရူးနေပြီပေ့ါ၊ မြရွှေတို့ မြကြည်တို့ ငါရူးနေပြီဟဲ့၊ ငါ့အနား မလာကြနဲ့"

မမြရွှေ၊ မမြကြည်၊ မချေးမ၊ မလှတင် စသော ကျောင်းနေဘက် သူငယ်ချင်းတစ်စုမှာ စိတ်မကောင်းစွာဖြင့် ကြည့်နေကြသည်။ ကလေးတွေကတော့ အရေးရယ် အကြောင်းရယ် ဆိုလျှင် ပြေးဖို့အတွက် ခြေလှမ်း ပြင်ထားကြသည်။ လောကကြီးထဲက လူတွေဟာ တစ်ခါတစ်ခါ အတော်ရယ်စရာ ကောင်းပါလားဟု တွေးမိပြီး အူလှိုက်သည်းလှိုက် ရယ်လိုက်မိသည်။ ကျိုးကျ နေသော ပိတောက်ကိုင်းကြီးမှ အပွင့်အခိုင်များကို ချိုးယူလိုက်သည်။ အချို့ကို လက်မှာ ပွေ့ပိုက်၍ အချို့ကို ပန်လိုက်ပြန်သည်။ မအေးနု၏ ခေါင်းပေါ်မှာ ပိတောက်ပန်းတွေ ပုံပျက်ပန်းပျက် ဝေဆာနေသည်။ ပန်းပန်ပြီးသည်နှင့် သီချင်းအော်ဆိုတော့သည်။

"ပန်းပန်ရင် နန်းဆန်တယ်တော့၊ ငွေကြေးကုသိုလ် ကြေးကုသိုလ်ရှင့်"

ချစ်ပန်းသဇင် ဇာတ်ကားထဲက မင်းသမီး မြင့်မြင့်ခင်၏ အမူအရာဖြင့် သီဆိုကပြလိုက်ရာ ပရိတ်သတ်များ ပွဲကျသွားတော့သည်။

"ဟား ဟား ဟား"

တစ်ရွာလုံး ရယ်လိုက်သော အသံကို မကြားနိုင်တော့သော မအေးနုသည် ပိတောက်ပန်းများကို ပွေ့ပိုက်ပြီး နားနစ်ဖက်ကို လက်ဖြင့်ပိတ်၍ ရွာဦးစေတီသို့ ထွက်ပြေးသွားလေတော့သည်။

မအေးနု ရူးသွားလေပြီ။

ရွာဦးစေတီလေးသည် နေခြည်နုနုအောက်တွင် သပ္ပါယ်စွာ စံပါယ်တော်မူနေသည်။ ဆွဲလည်းလေးများသည်လည်း ဓမ္မတေးများကို ဝတ်မပျက် သီဆိုနေကြသည်။

အရူးမလေး မအေးနုသည် သူမ၏ မွေးနံဂြိုဟ်မင်းစံရာ တနင်္ဂနွေဂြိုဟ်တိုင်ကို ဦးခေါင်းပြု၍ ငြိမ်းချမ်းစွာ အိပ်ပျော်နေသည်။ မအိပ်မီက ဘုရားပန်းအိုးနှင့် မွေးနံဂြိုဟ်တိုင်တွင် ပိတောက်ပန်းတွေ ကပ်လှူခဲ့သေးသည်။

ဦးကြာနိုင် ဒေါ်မြကြိုင် ဦးဆောင်သော အောင်ပု၊ လွန်းရွှေ စသည် တုတ်၊ ဓားကိုင်လူတစ်စုတို့ ဆူညံစွာ ရောက်ရှိလာ ကြသောကြောင့် သာယာအေးငြိမ်းသော ဓမ္မပရဝုဏ်လေးသည် ရုတ်ချည်း အကျည်းတန် အရုပ်ဆိုး သွားလေတော့သည်။ အောင်ပုနှင့် လွန်းရွှေတို့က အိပ်ပျော်နေသော မအေးနုကို ဆွဲထူလိုက်ပြီး ဘေးတစ်ဖက်တစ်ချက်မှ ညှပ်ကိုင်၍ ဘုရားကုန်းတော်ပေါ်မှ ဆွဲချသွားတော့သည်။

"ကဲ ကိုကြာနိုင် တစ်ဆွေလုံး တစ်မျိုးလုံး သောက်ရှက်ခွဲမယ့် အကောင်မကို ဒီလိုထားလို့တော့ မရတော့ဘူး၊ ခြေလှောင်ပြီးသော့ခတ်မှ ရတော့မယ်"

ဒေါ်မြကြိုင်အကြိုက် အကွက်ဝင်သွားလေပြီ။ မအေးနု အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်ရန် ဆယ်လခန့် အလိုတွင် အပိုင်ချုပ်မိ သွားလေတော့သည်။

(၁၅)

ကိုလှဖေသည် မအေးနု၏ ရှည်လျားလှသော နေ့များအကြောင်းကို ပြောပြလိုက်ရ၍ မောသွားဟန်တူသည်။ ရေနွေးကြမ်းပန်းကန်ကို ကောက်ယူသောက်လိုက်သည်။ ကိုညွှန့်တင်သည် မအေးနုအတွက် သက်ပြင်းတစ်ချက်ကို ဝအောင် ဆွဲရှူ၍ ဖြည်းညှင်းစွာ ပြန်ချပြီး မေးလိုက်သည်။

"ခြံလှောင်ထားတယ်ဆိုတော့ အိမ်ပေါ်မှာလား၊ တခြားနေရာမှာလား"

"အိမ်ပေါ်မှာပဲ မအေးနုရဲ့ အိပ်ခန်းကို အတွင်းက သစ်သားချောင်းတွေ စိတ်စိတ် ရိုက်ကာပြီး သော့ခတ်ထားတယ်လို့ ပြောကြတာပဲ၊ ငါတို့လည်း တစ်ခါမှ သွားမကြည့်မိပါဘူး"

"သူငယ်ချင်း၊ ဒီကိစ္စဟာ ရာဇဝတ်မှုပဲ၊ လူသား တစ်ယောက်ကို နှစ်ပေါင်းနှစ်ဆယ်လောက် ချုပ်နှောင်ထားတာကို တရားဥပဒေအရ အရေးယူလို့ ရတယ်"

ကိုညွှန့်တင်က တရားဥပဒေစကား ပြောလိုက်တော့မှ ကိုလှဖေ စဉ်းစားတွေဝေ သွားသည်။ ကြာလည်း ကြာခဲ့ပေပြီ။ ခေတ်ပြောင်း တော်လှန်ရေးကာလ၊ အုပ်ချုပ်ရေး အပြောင်းအလဲတွင် ဖြစ်ပွားခဲ့သော လူမှုရေး ပြဿနာတစ်ရပ်သာ ဖြစ်သည်။ ထိုစဉ်က ကိုလှဖေ အသက်နှစ်ဆယ် မပြည့်သေး။ ယခုဆိုလျှင် ကိုလှဖေပင် အသက် သုံးဆယ်ရှစ်နှစ် ပြည့်ပေပြီ။

"ခက်တာက အေးနုဟာ စိတ်မနံ့တဲ့ အမျိုးသမီး အပျိုတစ်ယောက် ဖြစ်တဲ့အတွက် သူ့ရဲ့ အန္တရာယ် လုံခြုံမှုအတွက် ကာကွယ်ထားတာလို့ပဲ လူတိုင်းက လက်ခံထားကြတယ်ကွ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူတို့မှာ လူတစ်ယောက်ကို ဒီလို ချုပ်နှောင်ထားနိုင်ခွင့် အာဏာမရှိဘူး၊ စိတ်မနှံ့ရင် စိတ္တဇဆေးရုံကို ပို့လိုက်ရုံပဲ ရှိတယ်၊ ဒါ သက်သက်မဲ့ စီးပွားရေး ပြဿနာပါတဲ့ အနိုင်ကျင့်မှုပဲ"

ကိုညွှန့်တင် ဒေါသသံလေးနဲ့ ပြောလိုက်တော့ ကိုလှဖေ လေးလေးနက်နက် စဉ်းစားပေပြီ။ ခေါင်း တဆတ်ဆတ် ညိတ်ပြီး ပြောလိုက်သည်။

"အေးကွ၊ တို့တောသူ တောင်သားတွေ ဆိုတာကလည်း မင်းသိတဲ့အတိုင်း ရိုးရိုး အအချည်းပဲ၊ ဘယ်သူကမှ မင်းလို နက်နက်ရှိုင်းရှိုင်း မတွေးမိကြဘူး၊ နေ့စဉ် ထမင်းနှစ်နပ် ပုံမှန် စားနိုင်ဖို့အတွက် အာရုံစိုက် လုံးပန်းနေကြရတော့ ကိုယ့်ကိစ္စမဟုတ်တဲ့ သူများကိစ္စ တွေကို စိတ်မဝင်စားနိုင်ကြဘူး၊ ကြာတော့လည်း မေ့တောင်နေပြီ၊ အခု မင်းက မေးတော့မှသာ အေးနုကို ငါသတိရတော့တယ်"

ကိုညွှန့်တင်သည် မအေးနုအတွက် ယူကြုံးမရ ဖြစ်သွားဟန်တူသည်။ သက်ပြင်းချ၍ ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

"လှဖေ၊ ငါ မအေးနုကို တွေ့ချင်တယ်ကွာ၊ ကျေးရွာ လူကြီးတွေရဲ့ အကူအညီနဲ့ စီစဉ်ပေးပါလား"

"ရပါတယ်၊ သူငယ်ချင်း တစ်ယောက်အနေနဲ့ သတင်းသွားမေးတာ ကျေးရွာအကူအညီ မလိုပါဘူး"

"ဒေါ်မြကြိုင်တို့ အောင်ပုတို့က တွေ့ခွင့်မပေးမှာ စိုးလို့ပါ"

"အဲဒီအခါကျတော့လည်း လိုအပ်ရင် အကူအညီ တောင်းရတာပေါ့၊ ငါကိုယ်တိုင်လည်း ကျေးရွာတရားသူကြီး အဖွဲ့ဝင်ပဲ"

"ဟာ နေရာကျလိုက်တာ သူငယ်ချင်းရာ၊ နက်ဖြန်မနက် သွားကြရအောင်ကွာ"

ထိုညက နှစ်ယောက်သား အတော်ညဉ့်နက်မှ အတွေးကိုယ်စီဖြင့် အိပ်ရာဝင်ခဲ့ ကြသည်။ ကိုညွန့်တင်၏ အတွေးနယ်မှာ ငယ်ငယ်က ပုံရိပ်များသည် အမြန်ပြ ရုပ်ရှင်ကားတို လေးများသဖွယ် ပေါ်လိုက်ပျောက်လိုက် ဖြစ်ပြီး နောက်ဆုံးတွင် အားလုံးပျောက်ကွယ် သွားတော့သည်။

နောက်တစ်နေ့ ရှစ်နာရီခန့်တွင် ကိုလှဖေနှင့် ကိုညွန့်တင်တို့ ဒေါ်မြကြိုင် အိမ်ဘက်သို့ ထွက်လာခဲ့ကြသည်။ မလေးရှားလုံချည်၊ ကတ္တီပါ ပိန်းတန်းဖိနပ်နှင့် စပို့ရှပ် အကောင်းစားကို ဝတ်ပြီး လမ်းလျှောက်သွားသော ကိုညွန့်တင်ကို ရွာသူ ရွာသားများ ဝိုင်းအုံကြည့်ခြင်း ခံရပြန်သည်။

ဒေါ်မြကြိုင်တို့အိမ်သို့ ရောက်သောအခါ ကိုလှဖေက အောင်ပုကို လှမ်းခေါ်ပြီး အိမ်ထဲ ဝင်လိုက်သည်။ ကိုညွန့်တင်က ကိုလှဖေ၏ နောက်မှ ဝင်လိုက်သွားသည်။ အောင်ပုကို မတွေ့ရဘဲ အိမ်ရှေ့ဧည့်ခန်းမှာ ရေနွေးကြမ်းသောက်ရင်း ဆေးလိပ်ဖွာနေသော ဒေါ်မြကြိုင်ကို တွေ့လိုက်ရသည်။ အတော် အိုစာ သွားပြီပဲ ကိုညွန့်တင် သတိထားလိုက်မိသည်။

"ဘယ်သူတွေလဲ ဟဲ့"

ဒေါ်မြကြိုင်က မျက်စိနှစ်လုံးအပေါ်မှာ လက်ဝါးကိုမိုး၍ ကြည့်ပြီး မေးလိုက်သည်။

"ကျွန်တော်ပါ ကြီးတော်၊ လှဖေပါ"

"မောင်လှဖေလား၊ သူက ဘယ်သူ"

"ကြည့်ပါဦး၊ မမှတ်မိဘူးလား"

ဒေါ်မြကြိုင်သည် ကိုညွန့်တင်ကိုကြည့်ပြီး မေးလိုက်သည်။ လှဖေက မှတ်မိအောင် ကြည့်ခိုင်းသည်။ ကိုညွန့်တင်က ဒေါ်မြကြိုင်ကို ကြည့်ပြီး ပြုံးနေသည်။ သူ့အမေသာရှိလျှင် ဒီအရွယ် ရှိပေလိမ့်မည်ဟုလည်း တွေးနေမိသည်။

ကိုညွန့်တင် ရန်ကုန်မှ ရွာပြန်ရောက်လာပြီး လှဖေတို့ အိမ်မှာ တည်းနေသည်ဆိုသော သတင်းက တစ်ရွာလုံး ပျံ့နေသည့်အပြင် ကိုညွန့်တင် ဝတ်စားထားပုံနှင့် ဆွတ်ဖျန်းထားသော အဆင့်အတန်း ရှိသည့် အမွှေးနံ့တို့ကြောင့် ဒေါ်မြကြိုင် ချက်ချင်း သတိရသွားဟန်တူသည်။

"ဟဲ့ ဒါမောင်ညွန့်တင် မဟုတ်လား"

"ဟုတ်ပါတယ် ကြီးတော်၊ ကျွန်တော် ညွန့်တင်ပါ"

"အေးအေး၊ ကဲ အိမ်ပေါ် တက် ထိုင်ကြလေကွယ်၊ အေးကွယ် နင်တို့ ညီအစ်ကို နှစ်ယောက် ရန်ကုန်မှာ ကြီးပွားချမ်းသာ နေကြပြီဆိုတာ ကြားရလို့ ကြီးတော်တို့ ဝမ်းသာပါတယ်၊ ဒီက နင့်သူငယ်ချင်း အောင်ပုကတော့ အိမ်ထောင်နှစ်ဆက် သုံးဆက်ကျပြီး အရက်သမား ဖြစ်နေပြီကွဲ့"

ကိုညွန့်တင်နှင့် ကိုလှဖေတို့ ဒေါ်မြကြိုင်ရှေ့မှ ရေနွေးဗန်း အနီးတွင် ဝင်ထိုင်လိုက်ကြသည်။ အောင်ပု၏ လက်ရှိဇနီး ဖြစ်ဟန်တူသော အမျိုးသမီးတစ်ဦးက မီးဖိုဆောင်ဘက်မှ ထွက်လာပြီး ရေနွေးကရားတွင် ရေနွေး ထပ်ဖြည့်ပေးသည်။

"ကြီးပွား ချမ်းသာနေကြတာ မဟုတ်ပါဘူး ကြီးတော်ရယ်၊ ရန်ကုန်မြို့ကြီးမှာ နေနိုင်တယ် ဆိုရုံပါပဲ၊ အောင်ပုလို နေ့တိုင်း အရက် မသောက်နိုင်ပါဘူး၊ ဟဲဟဲ"

ကိုညွန့်တင်က နောက်သလိုလိုဖြင့် ပြောလိုက်သည်။ အောင်ပုအကြောင်း ပြောနေစဉ်မှာပင် အောင်ပုသည် ကြက်တစ်ကောင် ပိုက်ပြီးဝင်လာသည်။ ကိုလှဖေနှင့် ကိုညွန့်တင်ကို မြင်လိုက်တော့ အားနာသလိုလိုကြီး ဖြစ်သွားသည်။

"သူငယ်ချင်းအောင်ပု၊ စီးပွားရေးတွေ လုပ်နေပြီထင်တယ် ဟဲဟဲ"

ကိုညွန့်တင်က အောင်ပုကို ကလိလိုက်သည်။ လေးတန်းကျောင်းသား ဘဝတုန်းက မိဘ အရှိန်အဝါဖြင့် အောင်ပုတို့ မိမိအပေါ် ဗိုလ်ကျခဲ့သည်များကို ပြန်တွေးမိပြီး ပြုံးလိုက်မိသည်။ အောင်ပုသည် သူ့ကြက်ကို သင့်တော်ရာမှာ ထားခဲ့ပြီး ရှက်ကိုးရှက်ကန်း မျက်နှာကြီးဖြင့် သူ့အမေ အနီးမှာလာထိုင်သည်။

"ဖိလစ်ပိုင်နိုင်ငံမှာတော့ တရားဝင် ခွင့်ပြုထားတဲ့ ကြေးကြီး ကြက်တိုက်တဲ့ လောင်းကစား ဝိုင်းတွေ အများကြီး ကြည့်ခဲ့ရတယ်ကွ၊ ကြက်ခြေထောက်တွေမှာ အတက်အစား သံချွန်လေးတွေ ပူးချည်ပြီးတိုက်ကြတယ်၊ မင်းတို့လည်း အဲဒီလို လုပ်ပါလား၊ ဟီးဟီး"

ကိုညွန့်တင်က သူငယ်ချင်း အောင်ပုကို ကြက်သမားတစ်ယောက်ဟု သိပြီးဟန်ဖြင့် ပြောလိုက်သည်။ အောင်ပုက မျက်နှာ ပျက်ပျက်ကြီးဖြင့် ပြန်ပြောသည်။

"ကြက်က တိုက်ဖို့ မဟုတ်ပါဘူး၊ အလှမွေးထားတာပါ"

အောင်ပု ဖဲရိုက်သည်။ ကြက်တိုက်သည်။ အရက်သောက်သည်။ မိန်းမ သုံးလေးယောက် ရပြီးပြီ ဆိုတာ လှဖေပြောပြ၍ ကိုညွန့်တင် အားလုံး သိပြီးဖြစ်သည်။

"ဒါ့ထက် မြင့်နိုင်ဦး တစ်ယောက်ကောကွ၊ ဘယ်ရောက်နေလဲ"

အောင်ပုတို့ အုပ်စုထဲက ဇာတ်လိုက်ကြီး မြင့်နိုင်ဦးကို သတိရ၍ မေးကြည့်ရပြန်သည်။

"ထောင်ကျနေတယ်"

အောင်ပုက တိုတိုပင် ဖြေသည်။

"ဟာ ဘာဖြစ်လို့လဲကွ"

ကိုညွန့်တင်၏ နောက်ထပ် မေးခွန်းကိုတော့ ကိုလှဖေကဖြေသည်။

"သူ့မယား မြို့သူမနဲ့ ဖောက်ပြန်တဲ့ အကောင်ကို ဓားနဲ့ ထိုးသတ်လို့ ထောင် ဆယ်နှစ် ကျသွားတယ်၊ စစ်တွေထောင်မှာ ကျနေတာ ငါးနှစ်လောက် ရှိသွားပြီ၊ အခု ပုလဲဂန့်ဂေါ် လမ်းဖောက်ရတဲ့ ရဲဘက် စခန်းမှာ ရောက်နေတယ်လို့ သတင်းရတယ်"

ရှေးဟောင်း နှောင်းဖြစ်တွေ ပြောနေလျှင် စကားကြောရှည်ပြီး အချိန် ကြာမည်စိုး၍ ကိုညွန့်တင်က ကိုလှဖေကို မျက်ရိပ်မျက်ခြည် ပြလိုက်ရတော့သည်။ ကိုလှဖေ သဘောပေါက်သွားပြီး ဒေါ်မြကြိုင်ကို ခွင့်ပန်ရန် စကားပလ္လင် ခံလိုက်သည်။

"ကြီးတော် ကျွန်တော်တို့၊ အောင်ပုတို့ ညွန့်တင်တို့ဟာ မအေးနုနဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေပါ၊ မအေးနု စိတ်ရောဂါ ဖြစ်နေတဲ့အကြောင်း ကျွန်တော် ပြောပြမှ ညွန့်တင် သိရပါတယ်၊ မအေးနုအတွက် စိတ်မကောင်း ဖြစ်ရတာပေါ့ ကြီးတော်ရယ်"

ဒေါ်မြကြိုင်ရော အောင်ပုပါ စိတ်မကောင်းသည့် အမူအရာ ပြကြသည်။ ဒေါ်မြကြိုင်က ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ပြာခံခွက်ပေါ် တင်ပြီး ပြောလိုက်သည်။

"အေးကွယ်၊ ဒီကလေးမ ကုသိုလ်ကို ဆိုးပါတယ်၊ ကြီးတော်တို့လည်း တတ်နိုင်သလောက် ကြိုးစားပြီး ကုပါတယ်၊ ဆရာကိုစုံလို့ ရှိသမျှ စီးပွားလည်း သူ့ကို ဆေးကုတာနဲ့ ကုန်တာပဲ၊ ဖွတ်မရ ဓားမဆုံးတဲ့ အဖြစ်ပါပဲ၊ ကံနာ ဝဋ်နာလို့ပဲ သဘော ထားလိုက်ရတော့တာပဲ၊ ဒီကြားထဲ နင်တို့ ဘကြီးကဆုံး၊ ဒီအကောင်က အိမ်ထောင်ပျက်၊ ဒုက္ခတွေ များလိုက်တာ ဆိုတာ မပြောပါနဲ့တော့"

မအေးနုအစား သူ့ကိုပင် သနား ရတော့မလို ဖြစ်နေတော့သည်။ ဘယ်ဆရာနဲ့မှ ထိထိရောက်ရောက် မကုဘဲ ခြံလှောင် ထားခဲ့သည်ကို ကိုလှဖေ အသိဆုံး ဖြစ်သည်။ စီးပွားပျက်တာကတော့ ဝင်ငွေက မရှိ၊ ရှိတာထိုင်စား၊ နွားလှည်းခ၊ လှည်းငှားခ ရငွေကိုလည်း အောင်ပုက ဖြုန်းလို့ ကုန်ခြင်း ဖြစ်သည်။

"ဒီက ညွန့်တင်က သူ့သူငယ်ချင်း မအေးနုကိုတွေ့ချင် မြင်ချင်ပါတယ်တဲ့ ကြီးတော်၊ အဲဒါ ကျွန်တော်တို့ မအေးနုကို ကြည့်ပါရစေ"

ဒေါ်မြကြိုင် မျက်စိမျက်နှာ ပျက်သွားပြီး အောင်ပုကို လှည့်ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် အောင်ပုကလည်း သူ့အမေ၏ မျက်နှာကို ကြည့်လိုက်သည်။ မအေးနုကို ခြံလှောင်ပြီးချိန်မှ စ၍ မည်သူ့ကိုမျှ တွေ့ခွင့်ကြည့်ခွင့် မပေးခဲ့သည်မှာ အနှစ် နှစ်ဆယ်ရှိပေပြီ။ ယခုလည်း ကိုလှဖေနှင့် ကိုညွန့်တင်တို့ကို ခွင့်ပြုချင်ပုံ မရပေ၊ သို့သော် ကိုလှဖေမှာ ကျေးရွာ တရားသူကြီး အဖွဲ့ဝင် ဖြစ်နေသည့်အပြင် သူငယ်ချင်းမို့ လူနာသတင်း မေးသည့် ကိစ္စကို မည်သို့သော အကြောင်းပြချက်ဖြင့် ကန့်ကွက် နိုင်ပါမည်နည်း။ ခွင့်ပြုရုံမှ တစ်ပါး အခြား မရှိပြီ။ ဒါပေမယ့် ရလိုရငြား ဒေါ်မြကြိုင်က လေသံ ပျော့လေးဖြင့် တားကြည့်သေးသည်။

"မကြည့်ချင်ပါနဲ့ကွယ်၊ မင်းတို့အတွက် စိတ်ထိခိုက်ရုံပဲ ရှိတော့မပေါ့၊ ဘာအကျိုး ထူးမှာမို့လဲ၊ တစ်ခါတစ်လေများ သူလုပ်နေပုံက မင်းတို့လို ယောကျ်ားတွေ ကြည့်ဖို့ မသင့်ဘူး၊ ဝတ်ထားတဲ့ ထဘီ အင်္ကျီတွေကို ဆုတ်ဖြဲ၊ ထမင်းလုံးတွေကို အခန်းထဲမှာကြဲ၊ ကြမ်းပြင်ကို ဖနောင့်နဲ့ပေါက်၊ အိုကွယ် မကြည့်သင့်ပါဘူး"

"ကိစ္စမရှိပါဘူး ကြီးတော်၊ ကျွန်တော်တို့ကလည်း မတော်မျက်စိနဲ့ ကြည့်ကြမှာ မဟုတ်ပါဘူး၊ ဒုက္ခရောက်နေတဲ့ သူငယ်ချင်းတစ်ယောက်၊ ညီမလေး တစ်ယောက် ဆိုတဲ့ ကရုဏာ မျက်စိနဲ့ ကြည့်ကြမှာပါ။ ကျွန်တော်တို့ကို ခွင့်ပြုပါ ကြီးတော်ရယ်"

ကိုညွန့်တင်က အနူးအညွတ် တောင်းပန်တော့မှ ဒေါ်မြကြိုင်က စိတ်မပါ လက်မပါဖြင့် အောင်ပုကို တစ်စုံတစ်ခု တာဝန် ပေးလိုက်သည်။ အောင်ပု ထိုင်ရာမှ ထပြီး အိမ်နောက်ဘက် အခန်း အတွင်းသို့ ဝင်သွားသည်။ မကြာမီ ပြန်ရောက်လာပြီး အခြေအနေ ကောင်းကြောင်း သူ့အမေကို တိုးတိုး သတင်းပို့သည်။

"ကဲ သွားကြည့်ကြ၊ သွားကြည့်ကြ၊ အထဲတော့ မဝင်ကြနဲ့ကွယ်၊ မင်းတို့ကို အန္တရာယ် လုပ်လိမ့်မယ်၊ ကြီးတော်တို့လည်း မဝင်ရဲလို့ ထမင်း ပန်းကန်ကိုတောင် အပေါက်က ထိုးသွင်းပြီး ကျွေးနေရတယ်ကွယ့်၊ အပြင်ကလည်း တိုးတိုးတိတ်တိတ် ကြည့်ကြ"

အောင်ပုက ဦးဆောင် ခေါ်သွားသဖြင့် ကိုလှဖေနှင့် ကိုညွန့်တင်တို့ ထလိုက်သွားကြသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်က ဆောက်ခဲ့သည့် ဆယ်ပေခန်းဖွင့်၊ လေးပင် သုံးခန်းအိမ်ကြီး ဖြစ်၍ အိမ်အကြီးမှာ နောက်ဘက်သို့ ပေငါးဆယ်ခန့် ရှည်လျားနေသည်။ အပေါ်ထပ်မှာ အပြည့် မဟုတ်ဘဲ အလယ်ခေါင်တိုင် အထိသာ ရှိသဖြင့် ထပ်ခိုး တပ်အိမ်ကြီးဟု ခေါ်နိုင်သည်။ အိမ်နောက်ဘက် မီးဖိုခန်းဘက်သို့ ဝင်သော စင်္ကြံလမ်း အတိုင်း လျှောက်လာ ကြသော ကိုလှဖေနှင့် ကိုညွန့်တင်တို့သည် အောင်ပု ရပ်လိုက်သော အခန်း တစ်ခုရှေ့တွင် ရပ်လိုက်ကြသည်။ မီးဖိုခန်း၊ ထမင်းစားခန်းနှင့် အနီးဆုံး ဖြစ်သောခြေရင်းဘက် ထောင့်ခန်း ဖြစ်သည်။

အခန်းတံခါးကို စေ့ရုံသာ စေ့ထားသည်။ အောင်ပုက ဖြည်းဖြည်း ဆွဲဖွင့်လိုက်သည်။ တံခါး ပွင့်သွားသည်နှင့် မအေးနကို မြင်လိုက်ရသော ကိုလှဖေနှင့် ကိုညွန့်တင်တို့ လန့်သွားကြသည်။

မအေးနသည် လာကြည့်သူတို့ကို နောက်ခိုင်းပြီး ထိုင်နေသည်။ ဘုရား ရှိခိုးနေသလား၊ တရားရှုမှတ် နေသလားဟုပင် ထင်ရလောက်အောင် ငြိမ်နေသည်။ မလျှော် မရှင်းသည်မှာ ကြာပြီ ဖြစ်ဟန်တူသော ဆံပင်တို့မှာ ခြောက်သယောင်းပြီး ပွယောင်းယောင်း စုတ်ဖွားဖွားကြီး ဖြစ်နေသည်။

ဘော်လီ အင်္ကျီခံ ဝတ်မထားသောကြောင့် နောက်ကျောမှ စုတ်ကျနေသော ညစ်ထပ်ထပ် အင်္ကျီ အပြဲကြီးမှ ကျောကုန်းသား ဖြူဖြူကြီးကို မြင်နေရသည်။ အပွင့် မပေါ်တော့သော ထဘီဟောင်းကို တိုတို ဝတ်ထားသလား၊ ဆုတ်ဖြဲထားသလား မသိ ရသော်လည်း ခြေသလုံးမှ ဒူးဆစ်အထိ ပေါ်နေတာကို မြင်ရသည်။

မအေးနု၏ အနီးတွင် အလုပြင်စရာ ဘာညာ စသော အဆောင်အယောင် ဘာတစ်ခုမှ မရှိ၊ ဖျာဟောင်းတစ်ချပ်၊ အစွပ် မပါသော ခေါင်းအုံး တစ်လုံး ညစ်ထပ်ထပ် စောင်တစ်ထည်နှင့် ထန်းခေါက်ဖာ တစ်လုံးထဲတွင် အဝတ်အစား ဟောင်းတွေကို ဖြစ်သလို ပစ်ထည့်ထားသည်။

အိပ်ရာ ခြေရာ ထောင့်တွင် စဥ့်အိုးငယ် တစ်လုံးကို ခမောက်စုတ်ဖြင့် ဖုံးအုပ်ထားသည်။ ချိုးရေအိုး ဖြစ်ဟန်တူသည်။ စဥ့်အိုးငယ် အနီးတွင် အလေးအခင်း သွားရန် သစ်သား ကြမ်းခင်းပြင်ကို ဖောက်ထားသော ရှည်မျောမျော အပေါက်ငယ် တစ်ပေါက်ရှိသည်။ စားသောက်ပြီး မဆေးမကြောဘဲ တွန်းရွှေ့ ထားဟန် တူသော ထမင်းကျန် ဟင်းကျန်များ ပေနေသည့် ပန်းကန်ပြား တစ်ချပ်က အိပ်ခန်းအဝင် အပေါက်နားမှာ ပက်လက် လန်နေသည်။ အခန်းအပြင်က အလွယ်တကူ ဆွဲယူနိုင်စေရန် မအေးနုက တွန်းရွှေ့ ပေးထားဟန်တူသည်။

ဆယ်ပေပတ်လည်ခန့် ကျယ်သော အိပ်ခန်း ပတ်ချာလည်နှင့် အပေါ် မျက်နှာကျက်ကိုပါ သုံးတစ်လက်မ သစ်သားချောင်းများဖြင့် စိပ်စိပ် ကာထားသည်။ ခြင်္သေ့လှောင်အိမ် အကြီးစားကြီးနှင့်ပင် တူသေးတော့သည်။ ခေါင်းရင်းဘက်တွင် ပြတင်းပေါက်၊ လက်ဝဲဘက်တွင် ပြတင်း တစ်ပေါက်ရှိ၍ အလင်းရောင် ကောင်းစွာ ရနေသည်။ အဝင်တံခါး ရှေ့တည့်တည့်တွင် လှောင်အိမ် အတွင်းသို့ ဝင်နိုင်ရန် လူတစ်ကိုယ်စာ ဝင်ပေါက် ပြုလုပ်ထားသော်လည်း ခြံတံခါး လုပ်၍ သော့ခတ်ထားသည်။ ပြတင်းတံခါးများကို ပိတ်လိုက်မည် ဆိုပါက လှောင်အိမ်ကြီး အတွင်း မှောင်အတိကျသွားမည် ဖြစ်သည်။ ကျန်းမာရေးနှင့် လုံးဝ မညီညွတ်သော နေရာဖြစ်သည်။

ကိုလုဖေနှင့် ကိုညွှန့်တင်တို့သည် သစ်သားချောင်းများ အကြားမှာ မျက်နှာကပ်၍ မအေးနုကို ကြည့်နေ ကြသည်။

"လုဖေ ခေါ်ကြည့်ရအောင်ကွာ"

"ခေါ် လိုက်လေ"

"ငါ့ကို မှတ်မိမှာ မဟုတ်ဘူး၊ မင်းခေါ် လိုက်ပါ"

ကိုလှဖေနှင့် ကိုညွန့်တင်တို့ အချီအချ ပြောနေသည်ကို ကြားနေသော မအေးနုသည် နတ်ပူးသလို တုန်တုန်ပြီး ရှိုက်လာသည်။ အရှိုက်ပြင်းပြီး တဟီးဟီးဖြင့် ငိုတော့သည်။

ကိုလှဖေနှင့် ကိုညွန့်တင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြောင်နေကြသည်။ ခဏအကြာတွင် မအေးနု ပြန်ငြိမ်သွားသည်။ ငြိမ်သွားတော့မှ ကိုလှဖေက လှမ်းခေါ် လိုက်သည်။

"အေးနုရေ.... အေးနု၊ ဒီမှာ ဒီဘက်ကို လှည့်ကြည့်ပါဦး"

ကိုလှဖေက လှိုက်လှိုက်လှဲလှဲ ခေါ် လိုက်သော်လည်း မအေးနုက လှည့်မကြည့်ဘဲ ခေါင်းအုံးပေါ် မျက်နှာ မှောက်ချ လိုက်ပြီး တသိမ့်သိမ့် တုန်၍ ငိုနေလေတော့သည်။ အားရပါးရ ငိုပြီးသောအခါ ငြိမ်သွား ပြန်သည်။ ခေါင်းအုံးပေါ် မှောက်ချ နေရာမှ ရုတ်တရက် ပြန်မတ်လိုက်ပြီး တဟားဟား ရယ်လေတော့သည်။ မအေးနု ရယ်ပြီး ရပ်သွားသည်နှင့် ကိုလှဖေက ခေါ်ကြည့်ပြန်သည်။

"မအေးနု.... ဒီဘက်ကို လှည့်ကြည့်ပါဦး၊ ဒီမှာ နင့်သူငယ်ချင်း ညွန့်တင်လေ၊ ရန်ကုန်က လာတာ၊ နင့်ကို တွေ့ချင်လို့တဲ့"

မအေးနုသည် ညွန့်တင်ဆိုသော နာမည်ကို ကြားတော့မှ သံပတ် ပေးထားသော စက်ရုပ်ကြီးကဲ့သို့ တစ်ကိုယ်လုံး လှည့်လာသည်။ ဆံပင်က စုတ်ဖွားဖွား၊ အင်္ကျီက ဖိုးရိုးဖားရားမှာ လည်ပင်းနားက ကြယ်သီးနှစ်လုံး ပြုတ်နေသဖြင့် ရင်သားနှစ်မွှာ ပေါ် လုမတတ် ဖြစ်နေသည်။ မျက်ရည် စီးကြောင်းများဖြင့် မျက်လုံးကြီး ပြူးပြီး ကိုညွန့်တင်ကို ကြည့်နေသည်မှာ ကြောက်စရာ ကောင်းနေသည်။ မချယ်မသသည်မှာ ကြာလှပြီဖြစ်သော မျက်နှာမှာ ယခင်က ရှိခဲ့သော အလှအပတွေကို ရှာမရအောင် ဖြစ်နေသည်။ မြင်လိုက်ရသည့် ပုံပန်းသဏ္ဌာန်ကြောင့် ကိုညွန့်တင်၏ ရင်မှာ ကျဉ်ခနဲ ခံစားလိုက်ရသည်။

"အေးန.... ဒီမှာ သူ့ကိုသိလား၊ ညွှန့်တင်လေ၊ ရန်ကုန်ကလာတာ"

မအေးန ပြုံးပြီး ခေါင်းငုံ့သွားသည်။ ပေါ်နေသော ဒူးဆစ်ကို လုံအောင် ထဘီဖြင့် ဆွဲဖုံးလိုက်သည်။ ကိုညွှန့်တင် အတော် ဝမ်းသာသွားသည်။ ရက်တတ်သည့် အသိလေး ရှိနေသေးသည်မှာ သေချာသည်ဟု နားလည်လိုက်သည်။ မအေးနသည် ပြုံးရာမှ မဲ့လာသည်။

"မသိပါဘူး၊ ဘယ်က ညွှန့်တင်လဲ၊ မသိဘူး၊ မသိဘူး၊ သွားကြ၊ တစ်ယောက်မှ မလာကြနဲ့"

အောင်ပုက ပြန်သင့်ကြပြီဟူသော ပုံစံဖြင့် လူဖေကို သတိပေးသည်။ ကိုညွှန့်တင်က အောင်ပုကို ခေတ္တလေး သည်းခံပါရန် တောင်းပန်ရသည်။

မအေးနက မိမိကို မသိဘူး ဆိုသည်မှာ တကယ်ပဲ မသိတာလား၊ မသိဟန်ဆောင် တာလား၊ စိတ်ရှုပ် လာ၍ ပြောမိပြောရာ ပြောတာလားဟု ကိုညွှန့်တင် စဉ်းစားသည်။ မသိဘူးဆိုလျှင် သိနိုင်သည့် အခေါ် သညာ တစ်ခုခုကို ပြောကြည့်လျှင် ကောင်းမည်ဟု စိတ်ကူးရလိုက်သည်။

"တရုတ်မ၊ ငါ ညွှန့်တင်လေ....ဘုန်းကြီးကျောင်းသားလေ၊ မမှတ်မိတော့ဘူးလား"

မအေးနသည် သူ့ကို တရုတ်မဟု ခေါ်လျှင် အလွန် စိတ်ဆိုးသည်။ ယခု ကိုညွှန့်တင်က တရုတ်မဟု ခေါ်လိုက်သောအခါ ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ ခါးကို လက်ထောက်၍ ကိုညွှန့်တင်ကို ကြည့်ပြီး ရယ်လိုက်သည်။

"ဟား ဟား ဟား၊ သိပါတယ် အုန်းသီးရယ်၊ ဟား ဟား"

ကိုညွှန့်တင်သည် ဖျောင်းခနဲမြည်အောင် လက်ဖျောက် တီးလိုက်ပြီး အကြီးအကျယ် ဝမ်းသာသွားသည်။

"အေး.... ဟုတ်တယ် တရုတ်မ၊ ငါ အုန်းသီးပဲ၊ မှတ်ထားနော် မမေ့နဲ့၊ ငါတို့ ညနေကျရင် လာခဲ့ဦးမယ်၊ ဘာမှ အားမငယ်နဲ့"

ကိုညွှန့်တင်က ဝမ်းသာအားရဖြင့် မအေးနကို အားပေးစကားပြောပြီး အောင်ပုကို ကျေးဇူးတင်စကား ပြောလိုက်သည်။

"ကျေးဇူးပဲ သူငယ်ချင်း၊ လာ အိမ်ရှေ့သွားကြစို့"

မအေးနု အခန်းရှေ့မှ ပြန်လာခဲ့ကြပြီး အိမ်ရှေ့တွင် ထိုင်နေသော ဒေါ်မြကြိုင် အနီးတွင် ဝင်ထိုင်လိုက်ကြသည်။

"ကျေးဇူးတင်ပါတယ် ကြီးတော်၊ သူ ကျွန်တော့်ကို မှတ်မိ သွားပါပြီ၊ ကျွန်တော်တို့ကို ညနေကျရင် တစ်ခေါက်လောက် လာခွင့်ပြုပါဦး၊ သူ့အတွက် အစားအသောက်နဲ့ လိုအပ်တာလေး တွေပါ ကူညီပါရစေ ကြီးတော်ရယ်....နော်"

အဘွားကြီး အတော် သဘောကျသွားဟန် တူသည်။ ဆင်ဖြူတော် မှီပြီး ကြံစုတ် ရတော့မည်ဟု တွက်လိုက်ဟန်လည်း တူသည်။

"အေးကွယ်... သာဓု သာဓု သာဓု၊ အေးနုဟာ မင်းတို့ရဲ့ သူငယ်ချင်းပါကွယ်၊ စောင့်ရှောက် ကူညီရမယ့် တာဝန်က မင်းတို့မှာလည်း ရှိပါတယ်"

မှန်ပါတယ် ကြီးတော်၊ စိတ်ချပါ၊ ကျွန်တော်တို့ ညနေကျရင် လာခဲ့ပါဦးမယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"အေး...အေး"

ကိုလှဖေနှင့် ကိုညွန့်တင်တို့ ကမ်းနားရပ်မှ ပြန်လာခဲ့ကြပြီး လမ်းခွဆုံ လက်ဖက်ရည်ဆိုင်သို့ ဝင်လိုက်ကြသည်။ လက်ဖက်ရည် တစ်ယောက် တစ်ခွက် မှာလိုက်ကြသည်။

"သူငယ်ချင်း ဒီမှာ ဆရာဝန်မရှိဘူးလား"

"ဆရာဝန်ကတော့ လောလောဆယ် မရှိသေးဘူးကွ၊ တိုက်နယ်ဆေးရုံ ဆောက်နေတယ်၊ ပြီးရင် ရမယ်ပြောတယ်၊ ကျေးလက် ကျန်းမာရေးမှူး ရှိသားပဲ၊ ဘာလုပ်မလို့လဲ"

ဆရာ့ကို သွားပင့်ရအောင်ကွာ၊ မအေးနုကို စမ်းသပ်ခိုင်းပြီး လိုအပ်တဲ့ ပဏာမ ကုသမှု လုပ်ပေးချင်လို့ပါ၊ အခြေအနေပေးလို့ ငါ ပြန်ရင် ခေါ်သွားပြီး ရန်ကုန် စိတ္တဇ ဆေးရုံကြီးကို တင်ကုပေးချင်ပါတယ်"

ကိုညွန့်တင်၏ စကားကို ကြားလိုက်ရတော့ ကိုလှဖေ အံ့ဩသွားသည်။ အတော်လည်း ဝမ်းသာသွားသည်။ သူငယ်ချင်း တစ်ယောက်အပေါ်မှာ ထားရှိသည့် ကိုညွန့်တင်၏ မွန်မြတ်သော စေတနာကို အကြီးအကျယ် လေးစားသွားသည်။

"မဖြစ်နိုင်စရာ ဘာရှိမှာလဲကွ၊ သူတို့ မကုနိုင်လို့ မင်းက အကုန်အကျခံပြီး ကုပေးမယ့်ကိစ္စပဲဟာ"

"ဒီလို မဟုတ်သေးဘူးကွ၊ အုပ်ထိန်းမှု မကောင်းတဲ့ အမျိုးသမီး စိတ်ဝေဒနာသည်ကို ငါလို ဘာမှ သွေးမတော် သားမစပ်တဲ့လူက ခေါ်သွားတာကို သူတို့က သဘောမတူပါဘူး ဆိုရင် ဥပဒေအရ ခက်သွားမှာစိုးလို့ပါ"

"အိုကွာ၊ အခု လောလောဆယ်မှာ ဒါတွေ ရှည်ရှည်ဝေးဝေး ဘာမှ စဉ်းစားမနေနဲ့၊ လက်ဖက်ရည် သောက်လိုက်၊ အခု ကျန်းမာရေးမှူးအိမ်ကို သွားမယ်၊ နက်ဖြန် ကောင်စီရုံးမှာ အစည်းအဝေး ရှိတယ်၊ အဲဒီမှာ တင်ပြညှိနှိုင်း ကြည့်မယ်၊ ဖြစ်ရမှာပေါ့ကွာ၊ စေတနာနဲ့ ကောင်းတာလုပ်တာပဲဟာ"

လက်ဖက်ရည်ခွက်ကို ပြိုင်တူ မော့လိုက်ကြပြီး ဆိုင်ထဲမှ ပြန်ထွက်လာခဲ့ကြသည်။

(၁၆)

ကျေးလက် ကျန်းမာရေးမှူး၏ ဆေးအိတ်ကို ကိုညွန့်တင်က ဆွဲပြီး ကျန်းမာရေးမှူး၏ နောက်မှ လိုက်ပါလျက် ဒေါ်မြကြိုင်အိမ်သို့ ဝင်ခဲ့ကြသည်။ ကိုလှဖေက နွားနို့ ပုလင်းနှင့် ကြက်ဥတွေ ထည့်ထားသော ဝါးနီးခြင်းလေးကို လက်တစ်ဖက်မှ ဆွဲပြီး အခြား လက်တစ်ဖက်ဖြင့် သင်္ဘောသီး မှည့်ကြီးကို မ,ကိုင်ပြီး နောက်က လိုက်လာသည်။

ကျန်းမာရေးမှူးကို မြင်လိုက်တော့ ဒေါ်မြကြိုင်က အံ့အားသင့်နေသည်။ ပျာပျာသလဲ ကြိုဆိုပြီး ဖျာခင်းပေးသည်။

"ကြွပါ ဆရာကြီးရှင့်၊ ကြွပါ၊ ထိုင်ပါ၊ ရေနွေးကြမ်း သုံးဆောင်ပါ"

ကျန်းမာရေးမှူးသည် ဒေါ်မြကြိုင် ခင်းပေးသော ဖျာပေါ်မှာထိုင်၍ အိမ်ကြီးကို မျက်စိ ကစားကြည့်လိုက်သည်။ အိမ်ကြီးသော်လည်း ကျန်းမာရေးနှင့် မညီညွတ်သော အိမ်ဟု သတိ ထားလိုက်မိဟန် တူသည်။ ဒေါ်မြကြိုင် တည်ခင်းသော ဆေးလိပ်၊ ကွမ်းယာမပြောနှင့် ဆူကျက်ပြီးသော ရေနွေးကြမ်းကိုပင် မသောက်ဘဲ အိမ်၏ အတွင်းဘက်ကို လှမ်းကြည့်နေသည်။

"ဒေါ်ဒေါ် ကျွန်တော် လူနာ အမျိုးသမီးကို ကြည့်ချင်ပါတယ်၊ စမ်းသပ် စစ်ဆေးပြီး လိုအပ်သလို ကုသပေးချင်ပါတယ်၊ ဒေါ်ဒေါ် ခွင့်ပြုမလား"

ကျန်းမာရေးမှူးက ခပ်တည်တည် မေးလိုက်သဖြင့် ဒေါ်မြကြိုင် လန့်သွားဟန်တူသည်။ ခွင့်မပြုနိုင်ဘူး ဆိုလျှင်လည်း အကြောင်းပြချက် မရှိ၍ အမှု ပတ်လာဦးမည်ကို ရိပ်စားမိသော ဒေါ်မြကြိုင်က ဝမ်းသာအားရဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ခွင့်ပြုပါတယ် ဆရာကြီးရယ်၊ ကျွန်မတို့ အနေနဲ့ ကုပေးချင်ပါတယ်၊ မတတ်နိုင်လို့ ဒီအတိုင်း ကြည့်နေရတဲ့ ဘဝပါ၊ ဆရာကြီးတို့က ကုပေးမယ်ဆိုရင် ကျွန်မတို့က ကျေးဇူးတောင် တင်ရဦးမှာပါ၊ ကုပေးပါရှင် ကျွန်မ ခွင့်ပြုပါတယ်"

ကျန်းမာရေးမှူးက ကိုလှဖေနှင့် ကိုညွန့်တင်တို့ကို လှည့်ကြည့်လိုက်သည်။ "ဒေါ်မြကြိုင် ကိုယ်တိုင်က ခွင့်ပြုတာကို ခင်ဗျားတို့ ကြားတယ်နော်" ဆိုသည့် သဘော၊ သက်သေ ထူလိုက်ခြင်း ဖြစ်သည်။ ကိုလှဖေနှင့် ကိုညွန့်တင်တို့ကလည်း နားလည်သည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက် ကြသည်။

"ကောင်းပါပြီ ဒေါ်ဒေါ်၊ ကျွန်တော် လူနာအမျိုးသမီးကို ကြည့်ပါရစေ၊ ဒေါ်ဒေါ်တို့ မိသားစုထဲက တစ်ယောက် ကျွန်တော်တို့နဲ့ အတူ ရှိနေပါစေ၊ လိုက်ပြလိုက်ပါ"

ဒေါ်မြကြိုင်က အပေါ်ထပ်တွင် အိပ်နေသော အောင်ပုကို အော်နှိုးရတော့သည်။

"အောင်ပုရေ . . . ဟဲ့ . . . အောင်ပု ထပါဦးဟဲ့"

ဒေါ်မြကြိုင်၏ အော်ခေါ်သံကြောင့် အလုပ် မရှိတိုင်း အိပ်နေသော အောင်ပုနှင့် ဖနီး (နံနက်ပိုင်းက တစ်ခေါက်လာစဉ်က ရေနွေးခရားတွင် ရေနွေး လာဖြည့်ပေးသော အမျိုးသမီး) တို့ အိပ်ရာမှ ထပြီး အပေါ်ထပ်မှ ဆင်းလာကြသည်။

"အေးနု အခန်းသော့ ဘယ်မှာထားလဲ၊ ဆရာကြီးကို လိုက်ဖွင့်ပေးလိုက်စမ်း"

အောင်ပုသည် မျက်စိပျက် မျက်နှာပျက်ဖြင့် သော့သွားယူပြီး ကျန်းမာရေးမှူးကို လာခေါ်သည်။ ကိုလှဖေနှင့် ကိုညွန့်တင်တို့ပါ မအေးနု အခန်းသို့ လိုက်သွားကြသည်။ ကျန်းမာရေးမှူး၏ အရှိန်ဖြင့် ဘယ်သူမှ မတားရဲကြ။

မအေးန အခန်းရှေ့သို့ ရောက်သောအခါ အောင်ပုသည် စေ့ထားသော အခန်းတံခါးကို အသာ ဆွဲဖွင့်လိုက်သည်။ စောင်လေးခြုံပြီး လှဲနေသော မအေးနကို သစ်သားချောင်းတွေ အကြားမှ မြင်နေရသည်။ လှောင်အိမ် တံခါးကို သော့ဖွင့်၍ ယောက်ျားကြီး လေးယောက် ဝင်တာမြင်လိုက်တော့ မအေးနသည် အိပ်နေရာမှ လန့်ပြီး ထထိုင်လိုက်သည်။ အဝတ်အစားနှင့် ပုံပန်းသဏ္ဍာန်မှာ နံနက်ပိုင်းက တွေ့ခဲ့ရသည့် အတိုင်းပင် ရှိသေးသည်။ အခန်းထဲ ဝင်လာသူများကို မော့ကြည့်ပြီး ခြေခါခါ၊ လက်ခါခါဖြင့် ကြောက်လန့်တကြား အော်ငိုသည်။

"မလုပ်နဲ့၊ မလုပ်ကြပါနဲ့၊ ကျွန်မကို မလုပ်ကြပါနဲ့၊ ဟီး . . . ဟီး"

အောင်ပုမှ အပ အားလုံးပင် မအေးနကို သနားသွားကြသည်။ ကျန်းမာရေးမှူးသည် ဏ္ဍကြေ့ရရပင် ထိုင်ချလိုက်ပြီး ကိုညွန့်တင်လက်မှ ဆေးသေတ္တာကို လှမ်းယူ၍ သွေးတိုင်း ကိရိယာကို ပြင်ဆင်လိုက်သည်။

ကိုညွန့်တင်သည် ကြောက်လန့်တကြား ဖြစ်နေသော မအေးနကို သနားလှသဖြင့် အနားရောက်အောင် ကပ်ထိုင်ပြီး ပြောလိုက်သည်။

"အေးနမ၊ ကိုယ်လေ . . . ညွန့်တင်လေ၊ မှတ်မိတယ် မဟုတ်လား၊ မနက်က တစ်ခေါက် လာသွားသေးတယ်လေ၊ အုန်းသီးလေ . . . အုန်းသီး၊ မှတ်မိပြီ မဟုတ်လားဟင်"

မအေးနသည် ကိုညွန့်တင်ကိုကြည့်ပြီး ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ကာ၍ ရှိုက်ကြီးတငင် ငိုနေရှာသည်။

"မငိုနဲ့လေ၊ အေးနမကို ဆေးကုပေးဖို့ ဆရာခေါ်လာတယ်၊ ဘာမှ အားမငယ်နဲ့တော့၊ မကြာခင် ကောင်းသွားတော့မှာ"

"မကုဘူး၊ မကုဘူး၊ ကြောက်တယ်၊ ကြောက်တယ်၊ ကျွန်မကို မရိုက်ကြပါနဲ့၊ ကြောက်ပါပြီ . . . ဟီး . . . ဟီး"

"မရိုက်ဘူး၊ မရိုက်ဘူး၊ အေးနမကို ဘယ်သူမှ မရိုက်ရဘူး၊ မကြောက်နဲ့နော်"

ကျန်းမာရေးမှူးကို ပယောဂဆရာထင်ပြီး ကြောက်နေသော မအေးနုကို ကိုညွန့်တင်က အားပေး နှစ်သိမ့်ရသည်။ ဒေါ်မြကြိုင်တို့ ဘယ်လောက်များ လက်စွမ်း ပြထားသလဲ မသိဟု တွေးလိုက်မိသည်။

ကျန်းမာရေးမှူးသည် အောင်ပုနှင့် ကိုညွန့်တင်တို့၏ အကူအညီဖြင့် မအေးနုကို စမ်းသပ်သည်။ သွေးတိုင်းသည်။ ရင်အုပ်ပိုင်း၊ ဝမ်းဗိုက်ပိုင်း၊ နောက်ကျောနှင့် နေရာအနှံ့အပြားကို နားကြပ်ဖြင့် စမ်းသပ်နားထောင်ကြည့်သည်။ မျက်စိသူငယ်အိမ်ကို ဖြဲကြည့်သည်။ လျှာထုတ်ခိုင်းသည်။ ကျေနပ်အောင် စမ်းသပ်ပြီးသောအခါ ဆေးထိုးချင်သည်ဆို၍ အောင်ပုကို ရေနွေး ယူခိုင်းလိုက်ရသည်။

စမ်းသပ်နေစဉ် တစ်ချိန်လုံး မအေးနုသည် ကြောက်လန့်ပြီး ရှုန်းကန် အော်ဟစ်နေခဲ့သည်။ အားလုံး အဆင်သင့် ဖြစ်သောအခါ ဖိကိုင် ဝိုင်းချုပ်၍ ဆေးထိုးရသည်။

လေးညို့သံ ကြားတိုင်း လန့်နေသော ငှက်ငယ်ကဲ့သို့ ဆေးဆရာဆိုသည့် အသံကြားတိုင်း ကြောက်နေသော မအေးနုကို ကျန်းမာရေးမှူးသည် သွေးအားတိုးရန်အတွက် အကြောဆေး တစ်လုံးနှင့် ပြင်ပရောဂါပိုး ဝင်ရောက်မှု ကာကွယ်ရန်အတွက် အသားဆေး တစ်လုံးတို့ကို အောင်မြင်စွာ ထိုးပေးနိုင်ခဲ့သည်။

ကျန်းမာရေးမှူးနှင့်အဖွဲ့ ပြန်ထွက်သည်နှင့် တစ်ပြိုင်နက် အောင်ပုက လှောင်အိမ်တံခါးကို ပိတ်ပြီး သော့ခတ်လိုက်တော့သည်။

ကျန်းမာရေးမှူးနှင့် ကိုညွန့်တင်တို့ အိမ်ရှေ့ခန်းကို ထွက်လာကြပြီး ဧည့်ခန်းတွင် ဆေးလိပ်ဖွာရင်း ထိုင်စောင့်နေသော ဒေါ်မြကြိုင်အနီးတွင် ထိုင်လိုက်ကြသည်။ ကျန်းမာရေးမှူးသည် ဒေါ်မြကြိုင်ကို လူနာနှင့် ပတ်သက်သော ညွှန်ကြားချက်များကို ပေးသည်။

"ဒေါ်ဒေါ်..... လူနာကို ကျန်းမာရေးနဲ့ ညီညွတ်အောင် ထားဖို့လိုပါတယ်၊ လေကောင်းလေသန့် ရပြီး အလင်းရောင် လုံလောက်စွာ ရတဲ့နေရာ ဖြစ်ရပါမယ်၊ ကိုယ်ခန္ဓာ သန့်ရှင်းမှုနဲ့ အဝတ်အစား သန့်ရှင်းမှုဟာ အထူးအရေးကြီးပါတယ်၊ ပြင်ပရောဂါပိုး အချိန်မရွေး ဝင်ရောက်လာနိုင်တယ်၊ အခုချက်ချင်း ဆောင်ရွက်ပါ။ နှစ်ရက်တစ်ကြိမ် ကျွန်တော် လာစစ်မယ်၊

သူ့ရဲ့ အဝတ်အစားတွေနဲ့ အိပ်ရာ၊ စောင်၊ ခေါင်းအုံး၊ ဖျာတွေကိုပါ လဲပေးပါ။ အခန်းကို သန့်ရှင်းရေးလုပ်ပြီး ဆေးဖျန်းပါ၊ ကျွန်တော့်အိမ်မှာ ဆေးရည်လိုက်ယူပါ၊ ဆေးကို မှန်မှန်တိုက်ပါ၊ အခု ကျွန်တော် ဆေးပေးခဲ့မယ်"

ကျန်းမာရေးမှူးသည် ဒေါ်မြကြိုင်ကို ညွှန်ကြားချက် ပေးနေလျက်မှ ဆေးသေတ္တာထဲမှ ဆေးများကို ရှာဖွေ ရွေးထုတ်ပေးသည်။

"ဆေး နှစ်ရက်စာ ပေးခဲ့မယ်၊ ဒီအဖြူနှစ်လုံးက အိပ်ရာဝင်ခါနီး တစ်လုံးစီ၊ ဒီအနီလေးလုံးက တစ်ခါသောက် တစ်လုံးစီ နှစ်ကြိမ်တိုက်ပါ၊ မနက်တစ်လုံး ညတစ်လုံးပေါ့၊ ရှင်းပါတယ်နော်"

ဒေါ်မြကြိုင်က မှတ်မိကြောင်း ခေါင်းညိတ်ပြ၍ ဆေးလုံးလေး ခြောက်လုံးကို သေသေချာချာ သိမ်းလိုက်သည်။ တာဝန် ပိုလာသည်ဟု တွေးမိဟန် တူသည်။ ကြည်ကြည်သာသာ မရှိလှ။ သို့သော် ကျန်းမားရေးမှူးကို မလွန်ဆန်ရဲ၍ ဆောင်ရွက်ပေးရ တော့မည်ဖြစ်သည်။

ကျန်းမာရေးမှူးသည် ဤရွာသို့ ရောက်ရှိလာသည်မှာ မကြာသေး၍ မအေးနု၏ ရာဇဝင် အကျဉ်းချုပ်ကို ကိုလှဖေက ပြောပြခဲ့ရသည်။

"သူ့အသက် ဘယ်လောက်ရှိပြီလဲ ဒေါ်ဒေါ်"

မအေးနု၏ အသက်ကို သိလို၍ မေးသော ကျန်းမာရေးမှူး၏ အမေးကို ဒေါ်မြကြိုင် မဖြေနိုင်ဖြစ်နေသည်။ ကိုလှဖေကပင် အဆင်ပြေအောင် ဝင်ဖြေရသည်။

"ကျွန်တော်တို့နဲ့ အတူတူလောက်ပါပဲ ဆရာ၊ သူက ငယ်ရင်လည်း တစ်နှစ်၊ နှစ်နှစ်ပါပဲ၊ ကျွန်တော် သုံးဆယ့်ရှစ်နှစ် ရှိပါပြီ"

ကျန်းမာရေးမှူးသည် မအေးနု၏ အသက်ကို ခန့်မှန်းမိသောအခါ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည်။ ပြောသင့် မပြောသင့် ချိန်ဆနေဟန် တူသည်။ ကိုညွန့်တင်က စိုးရိမ်လာသဖြင့် အခြေအနေကို သိလို၍ မအောင့်နိုင်တော့ဘဲ မေးလိုက်မိတော့သည်။

"လူနာရဲ့ အခြေအနေက ဘယ်လိုရှိပါသလဲဆရာ"

"physical comdition ကတော့ အိုကေပဲဗျ၊ Heart ရော pressure ရော all right ပဲ၊ Weak ဖြစ်နေတာ တစ်ခုပါပဲ၊ Mental ကတော့ ကျွန်တော့် Field မဟုတ်ဘူး၊ Specialist နဲ့ပြသင့်တယ်"

ကိုညွှန့်တင် ကျေနပ် ဝမ်းသာသွားသည်။ လိုအပ်လာလျှင် ကျန်းမာရေးမှူး၏ အကူအညီကို မေတ္တာရပ်ခံမည်ဟု စဉ်းစား ထားလိုက်သည်။

"ကဲ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကျန်းမာရေးမှူးက ဒေါ်မြကြိုင်ကို နှုတ်ဆက်ပြီး ထိုင်ရာမှ ထလိုက်သဖြင့် ကိုညွှန့်တင်က ဆေးသေတ္တာကို ယူပြီး ကိုလှဖေလက်သို့ ကမ်းပေးလိုက်ပြီး ဒေါ်မြကြိုင်ကို နှုတ်ဆက်စကားဆို လိုက်သည်။

"ကြီးတော်၊ ကြီးတော်လည်း အသက်ကြီးပြီ၊ ကြီးတော်ရဲ့ ကျန်းမာရေးအတွက် လိုတာသုံးဖို့ ကျွန်တော် ကန်တော့ပါတယ်"

ကိုညွှန့်တင်က ဒေါ်မြကြိုင်ကို ငွေတစ်ရာ ကန်တော့လိုက်သည်။ ဒေါ်မြကြိုင်သည် ရာတန်ကြီးကိုကြည့်ပြီး ဝမ်းသာနေစဉ် ကျန်းမာရေးမှူးနှင့် ကိုညွှန့်တင်၊ ကိုလှဖေတို့ ဒေါ်မြကြိုင်အိမ်မှ ပြန်ခဲ့ကြသည်။

(၁၇)

ကိုလှဖေ၏ အိမ်ရှေ့ခန်းတွင် ကိုလှဖေနှင့် ကိုညွန့်တင်တို့ တိုင်ပင် ဆွေးနွေးနေကြသည်။ ကျေးရွာပြည် သူ့ကောင်စီ အစည်းအဝေးတွင် တင်ပြခဲ့သော မအေးန ဆေးကုသရေး ပြဿနာ၏ အဖြေကိုသိလို၍ ကိုညွန့်တင်က မေးကြည့်ရသည်။

"ဘယ်လိုတဲ့လဲကွ လှဖေ၊ လုပ်စမ်းပါဦး"

ဒီကိစ္စဟာ လူမှုရေးကိစ္စ သက်သက်ဖြစ်နေတဲ့အတွက် လူမှုရေးအရ ကြားဝင် ဆောင်ရွက် ပေးရင် မဖြစ်နိုင်စရာ မရှိဘူးလို့ သုံးသပ်ကြတယ်ကွ၊ စာချုပ်မှာ လက်မှတ် ထိုးခဲ့ကြတဲ့ ဆရာကြီး ဦးစံငွေတို့၊ ဦးကျီးညိုတို့လည်း အသက်ထင်ရှား ရှိနေသေးတော့ ဒီလူကြီးတွေကို အကူအညီ တောင်းရင်လဲ ရနိုင်ပါတယ်"

"လိုအပ်ရင်တော့ အားလုံးကို အကူအညီ တောင်းရမှာပေါ့ကွာ၊ ဒေါ်မြကြိုင်တို့က တစ်ခုခုကို စိုးရိမ်ပြီး အတားအဆီး လုပ်နိုင်သလို မအေးနရဲ့ အသက်အန္တရာယ်ကိုလည်း စိုးရိမ်ရတယ်ကွ"

ကိုညွန့်တင် ပြောလိုက်တော့မှ ကိုလှဖေ သဘောပေါက်သွားသည်။ ဒေါ်မြကြိုင်တို့က မအေးန၏ လက်ဝတ်လက်စားများကို သိမ်းဆည်းထားသည်။ မအေးန ဒီအိမ်က ထွက်သည်နှင့်

ပြန်ပေးရတော့မည်။ လူမှုရေးအရ အခြား ပြန်ပေးသင့်တာတွေကိုလည်း ပေးရဦးမည်။ ဒီတော့ မအေးန သူတို့အိမ်က ထွက်သွားမှာကို စိုးရိမ်နေကြမည်မှာ သေချာသည်။ နောက်ဆုံး မတတ်သာသည့် အဆုံးတွင် မအေးန၏ အသက်အန္တရာယ်ကို လုပ်ကြံတဲ့အထိ ဖြစ်လာနိုင်သည်။

ကိုလှဖေသည် ရေနွေးကြမ်း ပန်ကန်ကိုချ၍ ဆေးပေါ့လိပ်ကို ကောက်ယူ မီးညှိလိုက်သည်။ ဆေးလိပ်မီး ခိုးကို ဖြည်းညှင်းစွာ မှုတ်ထုတ်ပြီး ပြောလိုက်သည်။

"ဒီအတွက်တော့ မပူပါနဲ့ကွာ၊ အခုလို ကြိုကြိုတင်တင် စဉ်းစားမိပြီး သတိရတာ ကောင်းပါတယ်၊ ငါတို့အနေနဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့နဲ့ ရဲစခန်းမှူးတို့ကို ကြိုတင် အစီရင်ခံထားမယ်၊ ရွာ့တန်းမှူးကိုလည်း အခြေအနေကို တင်ပြထားမယ်၊ ဒေါ်မြကြိုင်တို့ကို လိုအပ်သလို ညွှန်ကြား ပေးဖို့အတွက် ကျန်းမာရေးမှူးကိုလည်း မေတ္တာ ရပ်ခံထားမယ်၊ တစ်စုံတစ်ရာ ဖြစ်ရင် သူတို့တာဝန်ပဲ ဆိုတာကို ကြိုတင် သတိပေးထားရင် ပိုးစိုးပက်စက် မလုပ်ရဲပါဘူး"

ကိုညွှန့်တင် စိတ်သက်သာရာ ရသွားသည်။ အခုမှ သက်ပြင်း ချနိုင်တော့သည်။ အချိန်ဆွဲနေ၍ မဖြစ်သည့် ကိစ္စဖြစ်သောကြောင့် ကိုလှဖေကို လောပေးလိုက်ရသည်။

"သူငယ်ချင်း အဲဒါတော့ အချိန် ဆွဲမနေနဲ့ကွာ၊ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေကို ချက်ချင်း အစီရင်ခံပြီး လိုအပ်တဲ့ အကူအညီတွေ တောင်းထားရင် ကောင်းမယ်"

"ကောင်းတယ်၊ ရဲစခန်းမှူးကို သွားတွေ့ကြရအောင်၊ လာ"

ကိုလှဖေနှင့် ကိုညွှန့်တင်တို့ ရွာထဲသို့ ထွက်သွားကြသည်။

(၁၈)

## ကုန်သွယ်ရေး ကော်ပိုးရေးရှင်း အမှတ် (၄)

## အရက်ဖြူဆိုင်

## ကိန္နရီချောင်းကျေးရွာ

ဝါးကတ်များ ကာရံထားသော ခြံဝင်းအတွင်းမှ ခနီမိုး အဆောက်အဦးလေး၏ အမိုးပေါ်တွင် အထက်ပါ ဆိုင်းဘုတ်ကလေးကို ရှေ့ငိုက်ငိုက်ကလေး ထောင်ထားသည်။

ခနီမိုး ဝါးထရံကာ ဆိုင်ကလေး၏ အတွင်းမှာ မြေစိုက်စာပွဲနှင့် ထိုင်ခုံ တန်းလျားလေးများ လုပ်ပေးထားသည်။ နေ့လည် လူရှင်းချိန်ဖြစ်၍ ဆူဆူညံညံ သိပ်မရှိလှ။

လက်ယာဘက်ထောင့် စားပွဲတွင် လူနှစ်ယောက် ရှိနေသည်။ အေးအေးဆေးဆေးပင် သောက်နေကြသည်။

ဆိုင်၏ ရှေ့ကျကျ လက်ဝဲဘက်ထောင့် စားပွဲတွင် အောင်ပု၊ ကျော်ထွန်း၊ ကြီးရွှေတို့ လေးယောက် အရက် သောက်နေကြသည်။ ကျော်ထွန်းက ပုလင်းကိုင် ငှဲ့ပေးရင်း အောင်ပုကို မေးလိုက်သည်။

"အောင်ပု... နင့်နမ အရှုံးမကို ရန်ကုန်သားက လာပိုးနေတယ်ဆိုကွ"

အောင်ပု၏စိတ်မှာ ခံပြင်းသွားသည်။ မအေးနမှာ ကျန်းကျန်းမာမာဆိုပါက မိမိနှင့် ပေးစားရန် ရည်ရွယ်ခဲ့သူ ဖြစ်သည်။ အခုတော့ မအေးနက ရှူးနေသည်။ ကိုညွန့်တင်ဆိုတာက ငယ်ငယ်က မိဘမဲ့ ဘုန်းကြီးကျောင်းသား၊ မိမိကို ဘယ်တုန်းကမှ လှန်ရဲသူမဟုတ်၊ အခုတော့ ညွန့်တင်က သင်္ဘောသားအရာရှိ ဖြစ်ပြီး ချမ်းသာနေသည်။ မိမိကတော့ ဘာမှ တိုးတက်မှုမရှိ။ ဒီအတိုင်း ဒီအတိုင်းပဲဟု တွေးမိ ခံပြင်းလာပြီး မနာလိုစိတ်ဖြင့် ပြောမိ ပြောရာ ပြောချလိုက်သည်။

"ရန်ကုန်သား မဟုတ်ပါဘူးကွာ၊ ဒီရွာက ဘုန်းကြီးကျောင်းသား သူတောင်းစားပါ၊ ရူးနေတဲ့အကောင်မကို လာပိုးတဲ့ အကောင်ဟာလည်း ရူးနေတဲ့ အကောင်ပဲ ဖြစ်မှာပေါ့"

"ဟား ဟား ဟား"

အားလုံး ရယ်လိုက်ကြသည်။ အောင်ပုနှင့် လွန်းရွှေတို့မှာ ကိုညွန့်တင်၏ ငယ်သူငယ်ချင်းများ ဖြစ်ကြသော်လည်း ကျော်ထွန်းနှင့် ကြီးရွှေတို့မှာ တစ်ခြားရွာက ပြောင်းရွှေ့ လာသူများ ဖြစ်ကြ၍ ကိုညွန့်တင်ကို မသိကြပေ။

"သတိနဲ့လဲ နေဦး၊ အရူးတွေ ဒုက္ခပေးလို့ ကြီးတော် ဒေါ်မြကြိုင်တစ်ယောက် အိုကြီးအိုမ ကျခါမှ ဒုက္ခ ရောက်နေဦးမယ်နော်"

အကြောင်းစုံသိသော လွန်းရွှေက သတိ ပေးလိုက်သည်ကို ဘာမှမသိသော ကျော်ထွန်းနှင့် ကြီးရွှေ့တို့ က နားမရှင်း၍ ပြန်လှန် မေးခွန်းထုတ်ကြသည်။

"ဘယ်လို ဒုက္ခပေးမှာလဲကွ၊ ဘာဖြစ်လို့လဲ"

"အဲဒီအရူးမ အောင်ပုတို့ အိမ်ပေါ်က ဆင်းတာနဲ့ တစ်ပြိုင်နက် ကြီးတော် ဒေါ်မြကြိုင်ရဲ့ ခေါင်းကို ဆင်နင်းပြီးသာမှတ်ပေတော့၊ ဆွဲကြိုးတစ်ကုံး၊ နားဆွဲ တစ်ရံ၊ လက်စွပ် တစ်ကွင်း ပြန်ပေးရတော့မယ်၊ အဲဒါတွေကလည်း တစ်ရွေးသားတောင် မရှိတော့ဘူး၊ ဟောဒီအကောင် အောင်ပု... မယား သုံးယောက်ကို မင်္ဂလာလက် ဆောင်ပေးတာနဲ့ ကုန်ပြီ၊ ဟီး...ဟီး"

လွန်းရွှေက အောင်ပုကို လက်ညှိုးထိုး ပြောပြီး ရယ်လိုက်သည်။ အောင်ပုသည် ဝန်ခံသော်လည်း စိတ်ညစ်သည့် ဟန်ဖြင့် သူ့ခွက်ကို မော့သောက်လိုက်သည်။

"အိမ်ပေါ်က မဆင်းနိုင်အောင် လုပ်ထားပေါ့ကွ"

ကျော်ထွန်းက အကြံပေးသည်။ လွန်ရွှေက ရှင်းပြသည်။

"လုပ်လာခဲ့လို့ပဲ နှစ်ပေါင်း နှစ်ဆယ်လောက်ရှိပြီ၊ အခုမှ ဟိုအကောင် ညွှန့်တင် ပြန်ရောက်လာပြီး သူ့ပိုက်ဆံနဲ့သူ အကုန်အကျခံပြီး ဆေးကုပေးနေတယ်၊ ဒီအကောင် ဘာတွေ ဆက်လုပ်ဦးမလဲ မသိဘူး"

လွန်းရွှေနှင့် ကျော်ထွန်းတို့ အချီအချ ပြောနေသည်ကို အောင်ပုက ဘာမှ ဝင်မပြောဘဲ အရက်ခွက်ကို စိုက်ကြည့်ပြီး နားထောင်နေသည်။ နည်းနည်း ထွေနေပုံရသည်။ မျက်လုံးတွေက ရွှဲနေသည်။

"ဒီအကောင်က ဘာကောင်လဲကွ၊ ဒီအရူးမနဲ့ ဘာတော်လို့လဲ"

"ဘာကောင်မှ မဟုတ်ပါဘူးကွာ၊ အရူးမနဲ့ ဘာမှလဲ မတော်ဘူး၊ တို့နဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေပါ၊ ငယ်ငယ်က အဖေ အမေ မရှိလို့ ဘုန်းကြီးကျောင်းမှာ နေရတာ၊ နောက်မှ ရန်ကုန်ရောက်သွားပြီး၊ ချမ်းသာ နေပြီလို့ ပြောကြတာပဲ"

ကြီးရွှေက မေးသည်ကို လွန်ရွှေကပင် ပြန်ဖြေသည်။ ကျော်ထွန်းက ဝင်ပြောလိုက်သည်။

"ဘာမှမပူနဲ့၊ ဒီအရူးမလည်း ဘယ်တော့မှ ပြန်ကောင်းလာမှာ မဟုတ်ဘူး၊ ဟိုငနဲလည်း ပိုက်ဆံကုန်ရင် ပြန်သွားလိမ့်မယ်၊ ပြီးရောပေါ့"

"ပိုက်ဆံမကုန်ခင် ဆေးကုပေးမယ်လို့ အကြောင်းပြပြီး အိမ်ထဲက ဆွဲထုတ်သွားမှာ စိုးလို့ ပြောတာပါကွာ"

လွန်းရွှေက အမျှော်အမြင်ကြီးစွာဖြင့် တင်ပြလိုက်သည်။ အောင်ပုက ရွှဲနေသော မျက်လုံးများဖြင့် လွန်းရွှေကိုကြည့်ပြီး ပြောလိုက်သည်။

"အဲဒီတော့လည်း လွယ်ပါတယ်၊ ဆွဲထုတ်သွားတဲ့ အကောင်ကိုရော အရှုံးမကိုရော ဒီရွာက သချိုင်းမှာ သိပ်ထားလိုက်ရုံပေါ့"

"အမှန်ကန်ဆုံးပေါ့ကွာ ကိုယ်လူရာ"

အားလုံးကပင် သဘောတူ ထောက်ခံသည့် အနေဖြင့် အရက်ခွက်များကို ကိုင်မြှောက်ပြီး မော့သောက် ချလိုက်ကြသည်။

(၁၉)

ကျွန်းမာရေးမှူး ဦးဆောင်သော ကိုလှဖေ၊ ကိုညွန့်တင်တို့ ဒေါ်မြကြိုင်အိမ်သို့ ဝင်လာကြသည်။ ဒေါ်မြကြိုင်က ပျာပျာသလဲ ကြိုဆို ဖျားခင်ပေးသည်။

"မထိုင်တော့ဘူး ဒေါ်ဒေါ်၊ တစ်ခါတည်း လူနာကြည့်မယ်၊ ကျွန်တော် သွားစရာ ရှိသေးတယ်"

ကျန်းမာရေးမှူးက ပြောလိုက်သဖြင့် အောင်ပု၏ ဇနီးက လှောင်အိမ်တံခါးသော့ကို လိုက်ဖွင့်ပေးသည်။

မအေးနုသည် ပထမနေ့ကလိုပင် အိပ်ရာ ခေါင်းရင်းဘက်ကို မျက်နှာမူ၍ ဝင်လာသူများကို နောက်ခိုင်း ပြီး ကျုံ့ကျုံ့ထိုင်နေသည်။ အင်္ကျီ၊ လုံချည် အသစ်တွေ ဘာတွေနဲ့ သားသားနားနား ဖြစ်နေသည်။ ဆံပင်ကို နောက်သို့ ဖားလျားချထားသည်။ ခေါင်းလျှော် ပေးထားဟန်တူသည်။

ဖျာ၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံးမှအစ အသစ်တွေ လဲပေးထားတာ တွေ့ရသည်။ အခန်းတွင်း သန့်ရှင်းရေးကိုလည်း လုပ်ထားဟန်တူသည်။ မအေးနုသည် ပထမနေ့ကလို ဝင်လာသူများကို ကြောက်ပြီး မအော်တော့ဘဲ တရားထိုင်သကဲ့သို့ မျက်စိမှိတ်ပြီး ငြိမ်နေသည်။ ဒီနေ့ ဒီအချိန်မှာ ဆရာဝန်လာမယ် ဆိုတာကို သိနေဟန် တူသည်။

ကိုညွှန့်တင်က မအေးနကို ကပ်၍ ရှေ့တည့်တည့်မှ ကြည့်လိုက်ရာ မအေးန၏ မျက်နှာမှာ သနပ်ခါး ဘဲကြားလိမ်းထားတာ တွေ့ရ၍ ပြုံးလိုက်မိသည်။ အနစ် နှစ်ဆယ်ခန့် သနပ်ခါးနှင့် ဝေးနေခဲ့သော မျက်နှာသည် သနပ်ခါးကို လက်ခံချင်ပုံမရ။ ကိုးရိုးကားရား ကြောင်ကြောင်ကျားကျား ဖြစ်နေသည်။ လူနာက မျက်စိမှတ်ပြီး ထိုင်နေသဖြင့် ကျန်းမာရေးမှူးမှာ အကိုင်ရခက်၊ အစမ်းရခက် ဖြစ်နေသည်။ အားလုံးကပင် အောင်ပု၏ ဇနီးကို အကူအညီ တောင်းသည့် အကြည့်ဖြင့် ကြည့်လိုက်သဖြင့် အောင်ပု၏ ဇနီးက အနားကပ်၍ ခေါ်လိုက်သည်။

"မအေးန"

"ဘာဝုံး"

"အောင်မယ်လေး၊ သောက်ပလုပ်တုတ်၊ လန့်လိုက်တာတော်"

မအေးနက တအားအော်ထူးပြီး မျက်စိဖွင့်၍ မျက်စောင်း ထိုးကြည့်လိုက်သဖြင့် အားလုံးပင် လန့်သွားကြသည်။ အောင်ပု၏ ဇနီးက လန့်ပြီး နောက်ကို ခုန်ဆုတ်လိုက်သည်။ မအေးနသည် ဒေါ်မြကြိုင်တို့ မိသားစု အားလုံးကို နာကြည်းနေပုံ ရသည်။ ကိုလှဖေနှင့် ကိုညွှန့်တင်တို့က ပြုံးလိုက်ကြသော်လည်း ကျန်းမားရေးမှူးက ခပ်တည်တည် ကြည့်နေသည်။ စိတ်ဝေဒနာ၏ ပမာဏကို တိုင်းတာ မှန်းဆ နေပုံရသည်။ အောင်ပုဇနီးက မအေးန အနီး ပြန်ကပ်ပြီး ပြောလိုက်သည်။

"မအေးန ဆရာဝန်ကြီးလာပြီ၊ ဆေးထိုးရအောင်"

"မထိုးဘူး"

ကိုလှဖေက အောင်ပု၏ ဇနီးကို ရေနွေးယူခဲ့ရန် ခိုင်းလိုက်သည်။ ကိုညွှန့်တင်က မအေးန၏ ရှေ့နားတွင် ဆောင့်ကြောင့်ထိုင်ပြီး မအေးန၏ မျက်နှာကို ကြည့်နေသည်။

အဝတ်အစား အသစ်တွေနဲ့ သန့်သန့်ပြန့်ပြန့် ဖြစ်နေတော့ မအေးန၏ ပင်ကိုယ်အလှများ ငါးဆယ် ရာခိုင်နှုန်း ပြန်ပေါ်လာသည်ဟု ကိုညွှန့်တင် သတိထား လိုက်မိသည်။ အသားအရေ ပြည့်ဖြိုးလာပြီး ခေတ်ဆန်ဆန် ဝတ်စား ပြင်ဆင်လိုက်မည် ဆိုပါက ရန်ကုန်မြို့က ရုပ်ရှင်မင်းသမီး

တစ်ယောက်ယောက်နှင့် တန်းတူ ရည်တူလောက် လှသွားနိုင်သည်ဟု ထင်သည်။ မအေးန အသက် သုံးဆယ့်ငါးနှစ် ခန့်သာ ရှိသေးသည်။ အလှကြွယ် အရွယ်ကောင်းတုန်း ရှိသေးသည်။

ကျန်းမာရေးမှူးက အထွေထွေ စမ်းသပ်မှု ပြုလုပ်ရန် အဆင်သင့် ဖြစ်နေသဖြင့် ကိုညွန့်တင်က မအေးနကို ချော့ရသည်။

"အေးနမ.... ဆရာဝန် စမ်းသပ်မယ်နော်၊ ဘာမှ မကြောက်နဲ့၊ လက်မောင်း ဆန့်လိုက်"

ကိုညွန့်တင်က ပြောပြောဆိုဆိုပင် မအေးန၏ လက်ကို အသာ ဆွဲယူလိုက်ရာ အကိုင်မခံဘဲ ရုန်းလိုက်သည်။ ကိုညွန့်တင် ဦးနှောက် ခြောက်သွားသည်။ စိတ်ရောဂါကြောင့် ငြင်းဆန်တာလား၊ သွေးမတော် သားမစပ်သူ တစ်ယောက်၏ ခြေကိုင် လက်ကိုင် လုပ်သည်ကို တောသူပီပီ ရှက်၍ တွန့်သွားတာလား စဉ်းစားမရ ဖြစ်နေတော့သည်။ ကျန်းမာရေးမှူးက သူကိုယ်တိုင် ကိုင်တွယ် စမ်းသပ်တော့မည့်ဟန်ဖြင့် အနား ကပ်လာ သဖြင့် ကိုညွန့်တင်က မအေးနကို ချော့လိုက်ရသည်။

"မအေးန ဆရာဝန်ကြီး စမ်းသပ်မယ်နော်၊ မကြောက်နဲ့၊ အေးနမကို ဘာမှမလုပ်ဘူး၊ ဆေးကုပေးမှာ"

"ဘာဖြစ်လို့ ဆေးကုရမှာလဲ၊ ကျွန်မ ဘာဖြစ်နေလို့လဲ၊ ရူးနေလို့လား"

မအေးနသည် သူ့ကိုယ်သူ ငါမရူးဘူးဟု ယုံကြည်ထားပုံရသည်။ ကိုညွန့်တင် ဝမ်းသာသွားပြီး ကျန်းမာရေးမှူး၏ မျက်နှာကို ကြည့်လိုက်သည်။ ကျန်းမာရေးမှူးက နားလည်သည့် သဘောဖြင့် ခေါင်းညိတ်ပြသည်။ ကိုညွန့်တင်က မအေးနကို မက်လုံးပေးပြီး ချော့လိုက်ရသည်။

"မရူးဘူး၊ အေးနမ မရူးပါဘူး၊ ဘာရောဂါ ရှိသလဲဆိုတာ သိချင်လို့ ဆရာဝန်ကြီးက စမ်းကြည့်မှာပါ၊ ဆရာဝန်ကြီးက ဘာရောဂါမှ မရှိဘူးလို့ပြောရင် အေးနမကို ဟောဒီ လှောင်အိမ်ကြီးထဲက ထုတ်ပြီး ရွာထဲမှာ လမ်းလျှောက်ခိုင်းမလို့တဲ့"

မအေးနငြိမ်ပြီး နားထောင်နေသည်။ အတန်ကြာမှ ကိုညွန့်တင်ကို မကြည့်ဘဲ မေးလိုက်သည်။

"ဘုရားကိုရော သွားရမှာလား"

မအေးန ရုတ်တရက် မေးလိုက်သောကြောင့် ကိုညွန့်တင် အရမ်း ဝမ်းသာသွားသည်။ ကသောကမျော ပြန်ဖြေလိုက်သည်။

"သွားရမယ်၊ သွားရမယ်၊ ဘုရားကိုလည်း သွားရမယ်၊ ဦးပဥ္ဇင်း ပညာဝံသကျောင်းကိုလည်း သွားရမယ်၊ ရွာထဲကိုလည်း လျှောက်လည်ရမယ်၊ အေးနမ သွားချင်တဲ့နေရာ သွားရမယ်"

မအေးနသည် မျက်စိ ဖွင့်ထားရာမှ ပြန်မှိတ်လိုက်ပြီး ရှိုက်ရှိုက်လာတော့သည်။ ဘာကိုတွေးပြီး ဝမ်းနည်း သွားပြန်သည် မသိ။ မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့် အုပ်ပြီး ရှိုက်ကြီး တငင် ငိုလေတော့သည်။ အားရအောင် ငိုပြီးသောအခါ လက်နှစ်ဖက်ကို အောက်သို့ချလိုက်သည်။

"ကဲ...မအေးန လက်ကလေး နည်းနည်းဆန့်လိုက်၊ ဆရာ သွေးချိန် ကြည့်ချင်လို့နော်၊ အဲ ....ဟုတ်ပြီ"

ကျန်းမာရေးမှူး ကိုယ်တိုင် မအေးန၏ လက်မောင်းကို ကိုင်ပြီး လေညှစ်လက်ပတ်ကို ပတ်လိုက်သည်။ ကျန်းမာရေးမှူးကိုယ်တိုင် ကိုင်တော့လည်း မရုန်းတော့ဘဲ အသာတကြည် ခွင့်ပြုသည်။ မအေးန၏ စိတ်ရောဂါ အခြေအနေသည် ဆိုးဆိုးရွားရွားကြီး မဟုတ်ကြောင်းကို ကိုညွန့်တင် သတိထားလိုက်မိသည်။

ကျန်းမာရေးမှူးသည် လိုအပ်သည်များကို စစ်ဆေးမှတ်သား ပြီးသောအခါ ရေနွေးယူပြီး ပြန်ရောက်လာသော အောင်ပု၏ ဖနီးက မေးခွန်းတစ်ခု မေးလိုက်သည်။

"သူ ညမှာ ကောင်းကောင်းအိပ်ရဲ့လား"

"နေ့ရော ညရော အိပ်နေတာပဲ"

"မဟုတ်ဘူး၊ ကျွန်တော်မေးတာက အိပ်ပျော်ရဲ့လားလို့ မေးတာပါ"

"အဲဒါတော့ မသိဘူးရှင့်၊ လှဲနေတာတော့ တွေ့တာပဲ"

အောင်ပုဇနီး၏ အဖြေကိုကြားတော့ မအေးန သဘောကျပြီး တဟားဟား ရယ်လိုက်သည်။ ရယ်ရာမှ ရုတ်တရက် ရပ်လိုက်ပြီး အံကိုကြိတ်လိုက်သည်။ ဘာကို သဘောကျပြီးမှ ဘာကို သဘောမကျ ဖြစ်ရပြန်သည် မသိ။ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ သူ့ပေါင်ကို သူထုလိုက်သည်။ ဒီအခန်း ကျဉ်းလေးထဲမှာ လှောင်ပိတ် ထားခံနေရတာ၊ လှဲမနေလို့ ဘယ်လို နေရမလဲဟု တွေးမိပြီး ဒေါသ ထွက်လာဟန် တူသည်။

"ကဲ...မအေးန ဆရာ ဆေးထိုး ပေးမယ်၊ ခဏလေး လှဲအိပ်လိုက်နော်၊ ဆေးထိုးမှ အားရှိသွားမယ်၊ အားရှိမှ မအေးန သွားချင်တဲ့ နေရာတွေ လျှောက်သွားလို့ ရမယ်"

ကျန်းမာရေးမှူးသည် မအေးနကို ချော့ပြီး အိပ်ခိုင်းလိုက်သည်။ ဆရာ အိပ်ခိုင်းတော့လည်း အသာတကြည်ပင် အိပ်ပေးပါသည်။ ဆရာသည် ကိုလှဖေ၊ ကိုညွှန့်တင်တို့၏ အကူအညီဖြင့် အကြောဆေး တစ်လုံး ထိုးပေးလိုက်သည်။ အသားဆေး မလိုတော့ဟု ဆိုသည်။

ကိုညွှန့်တင်သည် မအေးန၏ စိတ်ဝေဒနာ အပေါ်တွင် သံသယ ဝင်လာသည်။ အကောင်း ပြောမှန်းလည်း သိသည်။ အဆိုး ပြောမှန်းလည်း သိနေသည်။ အကောင်းအဆိုး ခွဲခြား ဆုံးဖြတ် တတ်သူသည် ရူးနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒါဖြစ်လျှင် လူတွေက မအေးနကို ရူးနေပါတယ်လို့ ဘာကြောင့် ပြောနေ ကြသနည်း။ လူတစ်ယောက်ကို အရူး ဟုတ်မဟုတ် မည်သည့် ကိရိယာဖြင့် တိုင်းတာ ဆုံးဖြတ်ကြသနည်း။ ငိုလိုက်၊ ရယ်လိုက်၊ ဝုန်းဒိုင်း ကျဲလိုက် လုပ်ရုံမျှဖြင့် ရူးသွား ပါပြီဟု ပြောနိုင်ပါ့သလား။ ပုဂ္ဂလိက ခံစားချက်ကြောင့် ပတ်ဝန်းကျင်ကို အရွဲ့တိုက်ရာမှ ပေါက်ကွဲလာသော ဒေါသ လက္ခဏာများကို ရူးသွားလို့ လုပ်တာပါဟု စွပ်စွဲလျှင် မှန်ပါမည်လား။ ကိုညွှန့်တင် စဉ်စားရင်း သက်ပြင်းချလိုက်သည်။

မအေးနသည် ဘယ်သူ့ကိုမှ နှုတ်ဆက် စကားပြော မလုပ်ဘဲ လှဲနေလျက်မှ မျက်နှာကို တစ်ဖက်သို့ လှည့်သွားသည်။ မျက်လုံးအစုံမှ မျက်ရည်တွေ စီးဆင်း နေသည်။ မသေမသပ် လိမ်းခြယ် ထားခဲ့သည့် သနပ်ခါး တွေလည်း မျက်ရည် စီးကြောင်းများတွင် မျောပါ သွားခဲ့ကြသည်။

ကျန်းမာရေးမှူးသည် ကိစ္စပြီး၍ ထိုင်ရာမှ ထလိုက်သည်။ ကိုညွှန့်တင်မှ အပ အားလုံးပင် အခန်းအပြင်သို့ ထွက်လိုက်ကြသည်။ ကိုညွှန့်တင်သည် မအေးန အနီးတွင် ဒူးထောက် ထိုင်လိုက်ပြီး တိုးတိုး ကပ်ပြော လိုက်သည်။

"အေးနမ ဘာမှ အားမငယ်နဲ့နော်၊ မကြာခင် အပြင်ထွက်ပြီး လျှောက်လည် ရတော့မယ်၊ အေးနမကို ရန်ကုန်ကို ခေါ်သွားပြီး ဆေးကုပေးဖို့ ကိုယ်စီစဉ်နေတယ်၊ လိုက်မယ် မဟုတ်လားဟင်၊ မငိုနဲ့၊ လိုက်မယ်ဆိုရင် ခေါင်းညိတ်"

မအေးနသည် မှဲ့နေသော မျက်နှာကို တစ်ဖက်လှဲ၍ ဘာမှ ပြန်မပြောဘဲ မျက်ရည်တွေကိုသာ သွန်ချနေသည်။ ဘဝ ဝဋ်ကြွေး မကင်း၍ နှစ်ပေါင်း နှစ်ဆယ် နီးပါး ထောင်သွင်း အကျဉ်းချထားခြင်း ခံခဲ့ရသည်ကို တွေးပြီး နာကြည်း ခံစက်သည့် ဒေါသ မျက်ရည်လား၊ ကိုညွန့်တင် မဝေခွဲတတ်ပြီ၊ အချိန်မရတော့၍ စကားများများ မပြောတော့ဘဲ အားပေးစကား ပြောပြီး နှုတ်ဆက်လိုက်သည်။

"ကိုယ် ပြန်လိုက်ဦးမယ်၊ မငိုနဲ့၊ ဘာမှ အားမငယ်နဲ့တော့"

ကိုညွန့်တင်သည် ဂျာကင်အင်္ကျီအိပ်ထဲက လက်ကိုင်ပဝါကို ထုတ်ယူ၍ မအေးန၏ မျက်ရည်များကို တို့ယူသုတ်ပေးခဲ့ပြီး အပြင်သို့ ထွက်လာခဲ့သည်။ ကိုညွန့်တင် အခန်းအပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အောင်ပု၏ ဖနီးက လှောင်အိမ်တံခါးကြီးကို ဂွပ်ခနဲပိတ်ပြီး သော့ခတ်လိုက်သည်။

ကျန်းမာရေးမှူး၊ ကိုလှဖေနှင့် ကိုညွန့်တင်တို့သည် အိမ်ရှေ့ ဧည့်ခန်းရှိ ဒေါ်မြကြိုင် ခင်းပေးထားသော ဖျာပေါ်တွင် ထိုင်လိုက်ကြသည်။ ကိုညွန့်တင်က ကျန်းမာရေးမှူးနှင့် ကိုလှဖေကို စီးကရက်ဘူး ကမ်းပေးပြီး မီးခြစ်ပါ ခြစ်ပေးလိုက်သည်။ ကျန်းမာရေးမှူးသည် စီးကရက် မီးခိုး မှုတ်ထုတ်လိုက်ပြီး ဒေါ်မြကြိုင်ကို စတင် စကားပြောသည်။

"လူနာ သန့်ရှင်းရေးနဲ့ ပတ်သက်လို့ ဒေါ်ဒေါ်တို့ ဆောင်ရွက်ထားတာကို ကျေနပ်ပါတယ်၊ ဆေးကိုလည်း ဂရုစိုက်ပြီး တိုက်ပေးပါ၊ အစားအသောက်နဲ့ ပတ်သက်လို့ အထူး မှာချင်ပါတယ်၊ အားရှိမယ့် အာဟာရဖြစ်မဲ့ နွားနို့၊ ကြက်ဥ၊ ကြက်သား၊ ဘဲသားကျွေးပါ၊ အဖျားမရှိဘူး၊ သူစားချင်တာကို ကျွေးလို့ရတယ်၊ လိုအပ်တာကို ဦးလှဖေ အိမ်က ပို့ပေးပါလိမ့်မယ်၊ ငွေကြေး လိုအပ်ရင် ဦးညွန့်တင်က စိုက်ထုတ် ပေးပါလိမ့်မယ်၊ ဒေါ်ဒေါ်တို့မှာ ဆင်းရဲ နွမ်းပါးတယ်၊ ငွေကြေး အခက်အခဲ ရှိမှာပဲ၊ စိုက်ထုတ် ကုန်ကျစရာ မလိုပါဘူး၊ အချိန်မှန်မှန် ဂရုစိုက် ကျွေးမွေး ပေးရုံပါပဲ၊ ဖြစ်ပါတယ်နော် ဒေါ်ဒေါ်"

"ဖြစ်ပါတယ်ရှင်၊ သားနဲ့ ချွေးမလေးကလည်း ဂရုစိုက်ပါတယ်၊ ဒေါ်ဒေါ်ကတော့ ကိုယ့်အရိုးတောင် ကိုယ် မနည်း သယ်နေရတာ၊ သူ့ကို အရင်တုန်းကလို သိပ်ပြီး ဂရု မစိုက်နိုင်တော့ဘူး"

ဒေါ်မြကြိုင်မှာ ကျေးလက် ကျန်းမာရေးမှူးကို ဆရာဝန်ကြီး ထင်ပြီး အတော် လန့်နေပုံရသည်။ စတွေ့ကတည်းက တစ်ချက်မှ အာခံ ပြန်လှန် ပြောရဲတာ မတွေ့ရ။ ဒေါ်မြကြိုင် သာမက တစ်ရွာလုံးကပါ ကျန်းမာရေးမှူးကို ဆရာဝန်ကြီးဟု ခေါ်နေကြသည်။

"ကောင်းပါပြီ၊ နောက်တစ်ချက်က လူနာ အမျိုးသမီးရဲ့ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေဟာ လုံးဝ ကောင်းမွန်နေတာ တွေ့ရတယ်၊ မကြာမီ အပြင်ကို ထွက်ပြီး သွားလာခွင့် ပြုရလိမ့်မယ်၊ အခြေအနေပေးရင် စိတ်ပိုင်းဆိုင်ရာ အဆင့်မြင့် ဆေးဝါးကုသမှု ပြုလုပ်ပေးရလိမ့်မယ်"

ဒေါ်မြကြိုင် မျက်စိမျက်နှာ အတော်ပျက်သွားသည်။ ဆောက်တည်ရာ မရသလို ဖြစ်သွားသည်။ အိမ်အတွင်းခန်း ဘက်သို့ အကူအညီတောင်းသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ ဘယ်သူမှ မရှိ၊ အောင်ပုကလည်း ဘယ်သွား မူးနေသည် မသိ။ တစ်နေ့က မူးမူးရူးရူးဖြင့် အောင်ပုပြောသော စကားတွေကို ပြန်လည် ကြားယောင်လာသည်။

"အဲဒီကောင်မ ဒီအိမ်ပေါ်က ဆင်းတာနဲ့ တစ်ပြိုင်နက် အမေ့ခေါင်းကို ဆင်နင်းပြီဆိုတာ နားလည်ထားပါ"

ဒေါ်မြကြိုင်သည် စိတ်တည်ငြိမ်စေရန် ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖိဖွာလိုက်သည်။ ကျန်းမာရေးမှူးသည် ဒေါ်မြကြိုင်၏ အခြေအနေကို ရိပ်မိသဖြင့် ဆက်ပြောလိုက်သည်။

"ကျွန်တော့်ရဲ့ ဆေးစစ်ချက် အစီအရင် ခံစာတွေကို ကျေးရွာ ဥက္ကဋ္ဌကြီးနဲ့ ရဲစခန်းမှူး၊ ရဲစခန်းမှူး၊ ရှေ့တန်းမှူး ဗိုလ်ကြီးတို့ကိုပါ တင်ပြ အစီရင် ခံထားပြီးပြီ၊ တာဝန်ရှိတဲ့ လူကြီးတွေအာလုံး အခြေအနေမှန်ကို သိနေကြပြီ၊ ဒီအမျိုးသမီးရဲ့ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာရေး အတွက် ကျွန်တော့်ကို လုံးဝ တာဝန် ပေးထားတယ်၊ ဒီကြားထဲမှာ လူနာ အမျိုးသမီးရဲ့ အသက် အန္တရာယ် တစ်စုံတစ်ရာ ဖြစ်လာရင် ဒေါ်ဒေါ်တို့မှာ လုံးဝ တာဝန် မကင်းဘူး၊ အခု လောလောဆယ် ဒီအတိုင်းပဲ

သော့ခတ်ထားပါ၊ အပြင်ကို လုံးဝ ထွက်ခွင့် မပေးပါနဲ့၊ အပြင်မှာ တစ်ခုခု ဖြစ်သွားရင်လည်း ဒေါ်ဒေါ်တို့ တာဝန်ပဲဖြစ်မယ်၊ သူ့အတွက် အကောင်းဆုံး ဖြစ်အောင် စီစဉ် နေပါတယ်"

လုံးဝ မမျှော်လင့်သော စကားတွေကို ကြားလိုက်ရသောအခါ ဒေါ်မြကြိုင် အတော် တုန်လှုပ် သွားပုံရသည်။ မျက်စိ မျက်နှာပျက်ပြီး တုန်တုန်ယင်ယင်ဖြင့် ပြန်ပြောသည်။

"စိတ်ချပါ ဆရာဝန်ကြီးရယ်၊ ဒီကလေးမဟာ ကျွန်မရဲ့ တူမအရင်းပါ၊ ဒုက္ခခံပြီး စောင့်ရှောက်လာတာ အနှစ် နှစ်ဆယ်ရှိပါပြီ၊ သူ့ကို အခုလို ခြံလှောင် ထားရတာကိုက သူ့အသက် အန္တရာယ်နဲ့ မဖွယ်မရာ အရှက် တကွဲ အကျိုးနည်း ဖြစ်မှာ စိုးလို့ပါရှင်"

သူ့အဖြေနဲ့ သူကတော့ ဟုတ်နေသည်၊ ကျန်းမာရေးမှူးတောင် ပြုံးပြီး ခေါင်းညိတ် လိုက်ရသည်။ နစ်ရက် သုံးရက် တစ်ကြိမ် ပေးနေကျ ဆေးလုံး၊ ဆေးပြားလေးများကို ထုတ်ပေးပြီး ပြောလိုက်သည်။

"ကောင်းပါပြီ ဒေါ်ဒေါ်၊ ကျွန်တော် မှာတာတွေ မမေ့ပါနဲ့၊ အခါတိုင်းလိုပဲ ဆေးကို ဆက်တိုက်ပါ၊ မကြာခင် ကျန်းမာသွားမှာပါ"

ကျန်းမာရေးမှူးသည် ဒေါ်မြကြိုင်ကို မှာကြားပြီးသည်နှင့် ထိုင်ရာမှ ထလိုက်သည်။ အားလုံးပင် ဒေါ်မြကြိုင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

(၂၀)

ကိုလှဖေ၏ အိမ်ရှေ့ ဧည့်ခန်းတွင် ကိုလှဖေနှင့် ကိုညွန့်တင်တို့သည် မဒေးန၏ စိတ်ဝေဒနာအကြောင်း ဆွေးနွေးနေကြသည်။

"လှဖေ ... မဒေးန မရူးဘူးလို့ ငါထင်တယ်ကွ"

"မင်းရှေ့မှာပဲ ငိုလိုက်၊ ရယ်လိုက် လုပ်နေတာ မင်းအမြင်ပဲ"

"လူတစ်ယောက်ကို ရူးတယ်၊ မရူးဘူး ဆိုတာ သိရအောင် ဘာကိရိယာနဲ့ တိုင်းမလဲ၊ အဆင့်အတန်းမြင့်တဲ့ နိုင်ငံတွေက စိတ်ရောဂါ အထူးကု ဆေးရုံကြီးတွေမှတော့ အီလက်ထရော နစ်ကွန်ပျူတာ စတဲ့ ဘာညာ ကိရိယာတွေ ရှိကောင်း ရှိမှာပေါ့ကွာ၊ ဒီလို တောရွာတွေမှာ ဘာနဲ့တိုင်းမလဲ၊ ကဲ ...မင်း ပြောစမ်းပါဦး၊ လူတစ်ယောက် ငိုလိုက်၊ ရယ်လိုက်၊ ဝုန်းဒိုင်း ကြဲလိုက်၊ အကျီ အဝတ်အစားတွေ ဆုတ်ဖြဲ လိုက်လုပ်ရုံနဲ့ ရူးနေပြီလို့ ပြောနိုင်ပါ့မလား၊ သူ့ရဲ့ ပုဂ္ဂလိက ခံစားချက်ကြောင့် ပတ်ဝန်းကျင်ကို အရွဲ့တိုက်ရာကနေ ပေါက်ကွဲလာတဲ့ ဒေါသ လက္ခဏာတွေကော မဖြစ်နိုင်ဘူးလား"

"ဒါတော့ကွာ လောကမှာ သူများထက် ထူးရင် အရူးလို့ အထင်ခံရတာ မမွတာပဲ၊ အရူးလို့ အထင်မခံချင်ရင် သူများလိုနေပေါ့"

လှဖေ ပြောတာလည်း ဟုတ်ပါသည်။ သို့သော် မအေးနုသည် ငယ်စဉ်ကပင် သူများနဲ့မတူ တမူထူးသည့် အမျိုးသမီးဖြစ်သည်။ ဒေါသကြီးသည်။ မဟုတ် မခံတတ်သည့် ဇတ်ဇတ်ကြဲမ ဖြစ်သည်။ အရှက်ကို အသက်နဲ့ လဲရဲသည့် သတ္တိသွေးပါသူ ဖြစ်သည်။

မအေးနု၏ ငယ်စဉ်က အမူအရာကို ကိုညွန့်တင် ပြန်လည် မြင်ယောင်နေမိသည်။ ဆွမ်းထွက် လောင်းစဉ် သူ့ကို တရုတ်မလို့ ခေါ်မိလို့ အုန်းသီးနော်၊ အုန်းသီး ပါးကျိုးသွားမယ် နားလည်လားဟု လက်ဝါးလေး ထောင်ပြပြီး ရန်ထောင် ခဲ့ဖူးသည်။ ကိုညွန့်တင်ကို "အုန်းသီး၊ အုန်းမှုတ်ခွက်"ဟု ရန်စပြီး အော်ပြေးသော မြင့်နိုင်ဦးကို ကိုညွန့်တင်က ကြေးစည်တုတ်နဲ့ လိုက်ပစ်သည်ကို အားမရသော မအေးနုက "တုတ်နဲ့ မပစ်နဲ့ဟဲ့၊ ကြေးစည်နဲ့ လိုက်ခုတ်ပါလား"ဟု အကြံပေးခဲ့ဖူးသည်။ လေးတန်း ကျောင်းသူဘဝက မြင့်နိုင်ဦးနှင့် နပန်းလုံး သတ်ဖူးသည်များကို ပြန်လည် မြင်ယောင်မိသည်။

"အေးနုဟာ ဒေါသကြီးတယ်၊ စိတ်ကြီးတယ်နော် လှဖေ၊ မဟုတ်ရင် မခံတတ်ဘူး"

"တကယ်လို့ သူ မရှုံးဘူးဆိုရင် မဟုတ်မှန်း သိလျှက်နဲ့ ဘာလို့ ငြိမ်ခံ နေခဲ့လဲ၊ အခုလည်း ကျွန်းမာရေးမှုးနဲ့ မင်းတို့ ငါတို့ရှေ့မှာ ကျွန်မ မရှုံးဘူး၊ ကျွန်မကို မတရား ချုပ်နှောင် ထားတာပါလို့ ပြောပေ့ါကွ၊ အခုတော့ ဘာမှမပြောဘဲ ငိုလိုက် ရယ်လိုက် လုပ်နေတာကို ဘယ်လို စဉ်းစားရမလဲ"

ကိုလှဖေ၏ အမေးကို ကိုညွန့်တင် မဖြေတတ် ဖြစ်သွားသည်။ မေးထောက်၍ စဉ်းစားနေသည်။ ကိုလှဖေက သူ့အမေးကို သူကိုယ်တိုင် ပြန်ဖြေသည်။

"တစ်ခုတော့ ရှိတာပေ့ါကွာ၊ အနှစ် နှစ်ဆယ်နီးပါး အချုပ်အနှောင်ခံ၊ အညှင်းဆဲ ခံထားရတော့ အကြံ ဉာဏ်တွေလည်းတုံး၊ သတ္တိတွေလည်း မရှိတော့ဘူးနဲ့ တူပါတယ်၊ ဟောင်အိမ်ထဲ ထည့်စတုန်းကတော့ အော်ဟစ်ပြီး အကူအညီ တောင်းသေးတယ်လို့ သိရတယ်၊ သူတို့ အိမ်ကြီးကလည်း မင်းမြင်တဲ့ အတိုင်းပဲ အိမ်နောက်က အော်တာကို အိမ်ရှေ့က မကြားနိုင်ဘူး၊ ကြားတဲ့လူကလည်း အရူးမ အရူးထ နေပြီလို့ပဲ နားလည်ပြီး ဘာသိဘာသာ နေလာခဲ့ကြတာ"

ကိုညွန့်တင်သည် မေးထောက်စဉ်းစား နားထောင်နေရာမှ သက်ပြင်းချ၍ ခေါင်းထောင်ပြီး ပြောလိုက်သည်။

"ကဲ . . . သူငယ်ချင်း ပြီးခဲ့တာတွေ ပြောမနေနဲ့တော့၊ အေးနကို ငါ သနားတယ်ကွာ၊ သူ့ဒီဘဝက အမြန်ဆုံး လွတ်မြောက်အောင် ငါ ကူညီချင်တယ်၊ တို့ ဘာလုပ်ကြရင် ကောင်းမလဲ"

"ဆရာကြီး ဦးစံငွေကို တစ်ပါတည်း ခေါ်ပြီး ဒေါ်မြကြိုင်နဲ့ သွားဆွေးနွေးကြရအောင်၊ မကောင်း ဘူးလား"

"ကောင်းပါတယ်၊ သွားကြတာပေါ့"

အဝတ်အစားလဲပြီး ဆရာကြီး ဦးစံငွေအိမ်ဘက်သို့ ထွက်လာခဲ့ကြသည်။

(၂၁)

အောင်ပု၊ လွှန်းရွှေ၊ ကျော်ထွန်း၊ ကြီးရွှေနှင့် အခြား မျက်နှာစိမ်း နှစ်ယောက် စုစုပေါင်း ခြောက်ယောက်တို့သည် ရေချိန်ကိုက်ပြီး အရက်ဆိုင် အတွင်းမှ ထွက်လာကြသည်။

အောင်ပုက ကျော်ထွန်းကို ကပ်ပြီး တစ်စုံတစ်ခု တီးတိုး ပြောလိုက်သည်။ ကျော်ထွန်းက နားလည်ကြောင်း၊ သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

ရွာလယ် လမ်းဆုံသို့ ရောက်လာကြသောအခါ အောင်ပုနှင့် လွှန်းရွှေက တစ်တွဲ၊ ကျော်ထွန်း၊ ကြီးရွှေနှင့် မျက်နှာစိမ်း နှစ်ယောက်ပါသော လေးယောက် တစ်အုပ်စုက တစ်တွဲ၊ လူစု ခွဲလိုက်ကြသည်။

အောင်ပုနှင့် လွှန်းရွှေတို့က ကြက်ပွဲရှိရာ ရွာ အနောက်ပိုင်းသို့ ထွက်သွားကြသော်လည်း ကျော်ထွန်းနှင့် ကြီးရွှေတို့ အုပ်စုက ရွာအလယ်ပိုင်းရှိ သပြေပင် လမ်းချိုးဘက်သို့ ထွက်သွားကြသည်။

(၂၂)

ဒေါ်မြကြိုင်၏ အိမ်ရှေ့ ဧည့်ခန်းတွင် ဒေါ်မြကြိုင်၊ ကျောင်းဆရာကြီးဟောင်း ဦးစံငွေ၊ ကိုလှဖေ၊ ကိုညွှန့်တင်တို့ မအေးန ဆေးကုသရေး ကိစ္စအတွက် အချေအတင် စကားပြော ဆွေးနွေးနေကြသည်။

ဆရာကြီးသည် အသက်ကြီးလာမှ ပန်းနာရောဂါ ဝေဒနာကို ခံစား နေရသည်။ ငယ်မွေးခြံပေါက် သားတပည့်တွေ၏ ကိစ္စ ဖြစ်နေ၍သာ လိုက်လာ ခဲ့ရသည်။ ကျန်းမာရေးက ကောင်းလှသည် မဟုတ်၊ အသက်ကို ပင့်ရှူ၍ စကား ပြောနေရသည်။

"မမြကြိုင် သိပါတယ်၊ ဟောဒီက မောင်ညွှန့်တင်၊ မောင်လှဖေ၊ မအေးန၊ အောင်ပုတို့ဟာ ကျွန်တော့် တပည့်တွေပါ၊ ဆရာတစ်ယောက် အနေနဲ့ တပည့်တွေ ကောင်းစားတာ၊ အောင်မြင်တာကိုပဲ မြင်လိုတယ်၊ ဒုက္ခ ဖြစ်နေတာကို မမြင်လို မတွေ့လိုဘူး၊ မအေးန အခုလို ဖြစ်နေတာကို ကြည့်ပြီး ကျွန်တော် စိတ်မကောင်းရုံက လွဲလို့ ဘာများ တတ်နိုင်မှာတုံး၊ ဟော အခု တတ်နိုင်တဲ့ မောင်ညွှန့်တင်က သူ ကူညီ နိုင်ပါတယ်တဲ့၊ မအေးနကို ရန်ကုန်ကို ခေါ်သွားပြီး ဆေးကု ပေးပါရစေတဲ့ဗျာ၊ အဲဒါ မမြကြိုင်တို့က သဘောတူ ခွင့်ပြုပါလို့ လာပြီး မေတ္တာ ရပ်ခံတာပါ"

ဆရာကြီး၏ မေတ္တာ ရပ်ခံချက်ကို ဒေါ်မြကြိုင်က ပြတ်ပြတ်ပင် ငြင်းလိုက်သည်။

"ဒါကတော့ မဖြစ်နိုင်ပါဘူး ကျောင်းဆရာရယ်၊ မောင်ညွန့်တင်နဲ့ အေးနုဟာ ဘာမှ တော်စပ်တာ မဟုတ်ဘူး၊ အမျိုးသမီး အပျိုတစ်ယောက်ကို ဘာမှ သွေးမတော် သားမစပ်တဲ့ သူနောက်ကို ထည့်လိုက်ရင် တစ်ရွာလုံးက ကျုပ်ကို ဘာပြောကြမလဲ၊ ကျုပ်ကလည်း မလွှတ်ရဲပါဘူး၊ စေတနာရှိလို့ ကူပေးချင်ရင် ဒီအိမ်ပေါ်မှာ နေပြီး ကူပေးလည်း ရတာပဲ၊ ရန်ကုန်ကို ထည့်လိုက်ဖို့ ဆိုတာကိုတော့ ကျွန်မ သဘော မတူနိုင်ဘူး၊ ခွင့်မပြုနိုင်ဘူး ကျောင်းဆရာရေ"

ဒီအခြေအနေ ဖြစ်လာရင် ဒီလို ပြောမယ်ဆိုတာ ကြိုတင် စဉ်းစား ထားဟန်တူသော ဒေါ်မြကြိုင်က ကျောင်းဆရာကြီးပောင်း ဦးစံငွေကို လုံးဝ အလေးမထား ဂရုမစိုက်သည့် အမူအရာဖြင့် ပြောလိုက်သည်။ ဆရာကြီးသည် ပင့်သက်ကို မှန်မှန်ရှူ၍ လေးတွဲတွဲ ပြန်ပြောသည်။

"စေတနာ ရှိလို့လည်း ကူညီပါရစေလို့ လာပြောတာပေါ့ မမြကြိုင်ရယ်၊ ကျွမ်းကျင်တဲ့ သမားတော်တွေကလည်း မရှိတော့ ဒီကနေပြီး ကုဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မလဲ၊ ဒါကို ပြောတာပါ၊ အဟမ်း"

"ပိုက်ဆံပေး ခေါ်ရင် ဘယ်သမားတော် မဆို တောလှိုင်းခြကြား အထိ လိုက်ပါ့တော်"

ဒေါ်မြကြိုင် ပြန်ပက်လိုက်တော့ ဆရာကြီးခမျာ ပင့်သက် ရှူမှားသွားပြီး ချောင်းတစ်ချက် ဆိုးလိုက်ရသည်။ ဆရာကြီးသည် ဒေါ်မြကြိုင်တို့က မအေးနုအား မွေးစားသော စာချုပ်ပေါ်တွင် အသိသက်သေအဖြစ် လက်မှတ် ထိုးခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ယခုအခါမှာတော့ ပင်စင်စား အဘိုးအို ဘဝဖြင့် ကျန်းမာရေး၊ စီးပွားရေးသာမက လူမှုရေး ဒြဏ်တွေပါ ကျဆင်းနေသည်။ ဆရာကြီး၏ မေတ္တာ ရပ်ခံချက်တို့သည် အရာ မရောက်ချင်တော့မှန်း သိသော်လည်း တပည့်မ မအေးနုအတွက် အစွမ်းကုန် ကြိုးစား ကြည့်ချင်ဟန်တူသည်။

"မအေးနု ကိုယ်တိုင်က လိုက်သွားချင်ပါတယ် ဆိုရင်ကော မမြကြိုင်"

စာချုပ်ပါ သဘော တူညီချက်အရ မအေးနု အသက် (၁၈) နှစ်ပြည့်ပြီး နောက်ပိုင်းတွင် မအေးနု၏ ဆန္ဒအရ သွားလိုရာသို့ သွားခွင့် ပြုရမည်ကို ရည်ရွယ်၍ ဆရာကြီးက မေးလိုက်ခြင်း ဖြစ်သည်။

ဒေါ်မြကြိုင်သည် ဆရာကြီး ဦးစံငွေကို စိတ်မရှည်တော့သည့် ဟန်ဖြင့် ဆေးလိပ်ကြီးကို ပြာခံခွက်မှာ ထိုးချေ မီးငြိမ်းသတ်ရင်း ပြောလိုက်သည်။

"အရှုံးစကားကို အတည်ယူလို့ ဖြစ်မလားရှင့်၊ သူက လိုက်ချင်ပါတယ် ဆိုပေမယ့် ဘာမှ သွေးမတော် သားမစပ်တဲ့ သူနဲ့တော့ ကျွန်မတို့က မထည့်နိုင်ဘူး၊ ဒါ နောက်ဆုံးစကားပဲ"

နောက်ဆုံးစကားပဲ ဆိုတော့ ပြန်ကြရုံသာ ရှိတော့သည်။ ဆရာကြီးသည် သက်ပြင်းချပြီး ခေါင်းကို ဖြည်းညှင်းစွာ ယမ်းခါ၍ ထိုင်ရာမှ ထလိုက်သည်။ ဒေါ်မြကြိုင် အားလုံးကို မျက်စောင်း ထိုးကြည့်ပြီး နှင်လိုက်သဖြင့် အိမ်ပေါ်က ဆင်းခဲ့ကြရသည်။

ဆရာကြီးသည် လမ်းလျှောက်ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားလာသည်။ အတော်လေးကြာမှ စကားစပြောသည်။

"မင်းတို့ ကိစ္စကတော့ လွယ်မယောင်နဲ့ ခက်နေပြီကွ၊ ဒီအခြေအနေမှာ ဒေသ အာဏာပိုင် အဖွဲ့အစည်းရဲ့ အကူအညီယူမှ ဖြစ်တော့မယ်၊ မွေးစား စာချုပ်မှာ မအေးနု အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးပါက မအေးနု၏ ဆန္ဒအရ အတူနေလိုက နေနိုင်ပြီး အိုးအိမ် ခွဲနေလိုက နေခွင့် ပြုမည်လို့ပဲ ပါတယ်၊ မအေးနု ရှုံးသွားပါက သူတို့နဲ့ တစ်သက်လုံး နေရမယ်လို့ မပါဘူး၊ အဲဒီတော့ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေနဲ့ တိုင်ပင်ပြီး အဆင်ပြေသလိုသာ လုပ်ကြပေတော့"

ကိုလှဖေနှင့် ကိုညွှန့်တင်တို့သည် ဆရာကြီးကို စိတ်အနှောင့်အယှက် မပေးလိုတော့သဖြင့် သူ့အိမ်အထိ ပြန်လိုက်ပို့ပြီး ပြန်ခဲ့ကြသည်။

ဆရာကြီးတို့လမ်းမှ ချိုးကွေ့၍ လမ်းမကြီးဘက်ကို အထွက် လှုနေအိမ်ခြေ အနည်းငယ်ကျဲသော သပြေပင် လမ်းချိုး အရောက်တွင် လုံချည်တိုတို ဝတ်ထားကြသော တုတ်ကိုင်သူ လေးဦးနှင့် ရင်ဆိုင်ကြရတော့သည်။

နေဝင်သွားပြီ ဖြစ်သော်လည်း မိုးမချုပ်သေး၍ လူလေးယောက် အနက် နှစ်ယောက်မှာ ကျော်ထွန်းနှင့် ကြီးရွှေတို့ ဖြစ်ကြောင်း ကိုလှဖေ သိသည်။ ကျန်နှစ်ယောက်ကိုမူ ကိုလှဖေ မသိပေ။ တခြားရွာမှ ဖြစ်မည်။ လက်ထဲမှာ ဝါးရင်းပိုင်း၊ သစ်ကိုင်းကျိုး စသည်များ အသီးသီး ကိုင်ဆောင်ပြီး

ရှေ့မှ ပိတ်ရပ် နေကြသည်။ လေးယောက်လုံး အရက် သောက်ထားကြဟန် တူသည်ဟု ကိုလှဖေ သတိထားလိုက်မိသည်။

ကိုလှဖေနှင့် ကိုညွန့်တင်တို့က ရပ်နေလိုက်တော့ သူတို့က ရှေ့တိုးလာသည်။ ကိုညွန့်တင်ကို ဝိုင်းရိုက်တော့မည်မှာ သိသာလှသည်။ ဤပြဿနာသည် မအေးနုနှင့် ပတ်သက်သော အောင်ပု၏ လက်ချက်ဆိုတာကို ကိုလှဖေ ချက်ချင်း နားလည်လိုက်သည်။

"ဒါ ဘာလုပ်ကြတာလဲကွ"

ကိုလှဖေက ခပ်ဆပ်ဆပ် မေးလိုက်သည်။ လေးယောက်ထဲမှ အမည်မသိသူက ပြန်ဖြေသည်။

"ရန်ကုန်သားကို ပညာပေးပြီး ဒီရွာက မောင်းထုတ်မလို့ကွ"

ကိုလှဖေသည် ကိုညွန့်တင်ကို သတိထားရန်နှင့် လိုအပ်ပါက ပြန်လည် တိုက်ခိုက်ရန် သတိ ပေးလိုက်သည်။ ကိုညွန့်တင်သည် တပ်မတော် လေ့ကျင့်ရေး ကျောင်းတွင် အခြေခံစစ်ပညာ သင်ကြားခဲ့စဉ်က လေ့ကျင့်ခဲ့ရသော လက်နက်မဲ့ ခုခံ တိုက်ခိုက်နည်းများကို အသုံးချရန် အသင့်ပြင်လိုက်သည်။

"ဟေ့ . . . ကျော်ထွန်း ငါဟာ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင် တစ်ယောက်ဆိုတာ မင်း သိတယ်နော်၊ မင်းတို့အားလုံး ဒုက္ခရောက်ကုန်မယ်"

ကိုလှဖေက ကျော်ထွန်းကို သတိပေးလိုက်သည်။ ကျော်ထွန်းက ဂရုမစိုက်သည့် လေသံဖြင့် ပြန်ပြောလိုက်သည်။

"လှဖေ . . . မင်း ဖယ်နေပါ၊ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ငါတို့ရွာကိုလာပြီး ခြေရှုပ်နေတဲ့ အကောင်ကို ရှင်းပစ်မလို့ကွ"

"ကျော်ထွန်း . . . မင်းတို့ မှားမယ်နော်၊ သူ ဒီရွာသားကွ၊ ငါ့သူငယ်ချင်း၊ မင်းတို့ ဘာမှလုပ်လို့ မရဘူးဆိုတာ နားလည်ထားပါ"

"ဘာဖြစ်လို့ မရမှာလဲကွ၊ ချကွာ"

အမည်မသိသူ တစ်ယောက်က ကိုညွန့်တင်ကို အတင်း ဝင်ရိုက်တော့သည်။ ကိုညွန့်တင်သည် အရှိန်ဖြင့် ဝင်လာသူ၏ ဝဲဘက်မှ ငုံ့ရှောင်လိုက်ပြီး ဝမ်းဗိုက်ကို ဘယ်ဒူးနှင့် တိုက်ထွက် ထွက်လိုက်သည်၊ ချက်ကောင်းကို ထိသွားဟန်တူသည်၊ တုတ်ကိုလွှတ်ချ၍ ရင်ညွန့်ကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ပြီး ရှုံ့မဲ့နေတော့သည်။

ကိုလှဖေသည် ဟိုလူ့လက်မှ လွတ်ကျသွားသော တုတ်ကို ကောက်ယူပြီး နောက်ထပ် ဝင်လာသူများကို ခုခံ ပေးနေသည်။ ကျော်ထွန်းသည် ကိုညွန့်တင်၏ နားထင် တည့်တည့်ကို ချိန်ရွယ်၍ ဝါးရင်းတုတ်ဖြင့် တစ်အား လွှဲရိုက်လိုက်သည်။ ကိုညွန့်တင် ငုံ့ရှောင်လိုက်သည်။ တစ်ပတ်လည်ပြီး ဟန်ချက် ပျက်သွားသော ကျော်ထွန်း၏ နံကြား တည့်တည့်ကို ခုန်ကန်လိုက်သည်။ အရက် သောက်ထားသော ကျော်ထွန်း ဖင်ထိုင် လဲကျသွားစဉ် ကိုညွန့်တင်သည် တုတ်ကိုင် လက်ကို ညာခြေဖြင့် ပစ်ကန်လိုက်သည်။ ကျော်ထွန်း၏ လက်ထဲမှတုတ် လွင့်သွားသည်။ တုတ်ကို ပြေးကောက်သော ကျော်ထွန်း၏ နောက်မှ လိုက်သွားပြီး နားရွက် အောက်နားက လည်ပင်း ကြောကို ဘယ်ညာ လက်ဝါး စောင်းဖြင့် ပြိုင်တူ ခုတ်ချလိုက်ရာ ကျော်ထွန်း ဖင်ထိုင် ကျသွားတော့သည်။

ကိုလှဖေနှင့် ထွေးလုံး ရစ်ပတ် ဖြစ်နေသော ကြီးရွှေနှင့် အမည်မသိသူ တစ်ယောက်ထံသို့ ပြေးသွားပြီး ဘယ်ညာ လက်သီးနဲ့ ပစ်သွင်းလိုက်သည်။

ဆူဆူညံညံဖြင့် ထိုးကြိတ် သတ်ပုတ် နေကြသည်ကို မြင်သော အနီးဆုံး အိမ်များက လူအုပ်ကြီး ထွက်လာကြသဖြင့် ကျော်ထွန်းတို့ အဖွဲ့ ထွက်ပြေး သွားကြတော့သည်။

အရှောင်အတိမ်း မကျွမ်းကျင်သော ကိုလှဖေမှာ အနည်းငယ် ဖူးယောင် ပွန်းပဲ့ သွားသည်။ ကြီးကြီးမားမား ဒဏ်ရာ အနာတရ မဖြစ်။ ကိုညွန့်တင်မှာမူ ဘာမှမဖြစ်။

ကိုလှဖေသည် ဤကိစ္စကို ရဲစခန်းသို့ တိုင်တန်း အမှုဖွင့်သည်။ အောင်ပု၏ ပယောဂ မကင်းကြောင်းကိုပါ ထောက်ပြ သတင်းပေးခဲ့သည်။ ကျော်ထွန်းနှင့် အပေါင်းပါ သုံးဦးကို ရဲစခန်းမှ ညတွင်းချင်း ဖမ်းချုပ်လိုက်သည်။ အောင်ပုကိုမူ အာမခံဖြင့် ခေတ္တလွတ်ထားသည်။

(၂၃)

ကိုလှဖေ၏ အိမ်ရှေ့ ဧည့်ခန်းရှိ ပတ်လက် ကုလားထိုင်ပေါ်တွင် ကိုညွန့်တင် တစ်ယောက်တည်း စီးကရက်ဖွာရင်း စဉ်းစားနေသည်။

မအေးနကို လှောင်အိမ်ထဲက ထုတ်ရေးကိစ္စမှာ ဆရာကြီး ဦးစံငွေ ပြောသကဲ့သို့ပင် လွယ်မယောင်နှင့် ခက်နေပေပြီ၊ ဒေါ်မြကြိုင်သည် လူမှုရေး အရ မေတ္တာ ရပ်ခံချက် အားလုံးကို ပယ်ချမည်မှာ သေချာသည်။ 'သွေးမတော် သားမစပ်' ဟူသော စကားတစ်လုံးကို လက်နက် အဖြစ် သုံးပြီး ခုခံနေသည်။

ကြုံတွေ့ရမည့် အခက်အခဲနှင့် ပြဿနာ မျိုးစုံတို့ကြောင့် ကိုညွန့်တင် နောက်ဆုပ် လက်လျှော့ လိုက်ပြန်လျှင်လည်း မအေးန အသက် သုံးဆယ့်ငါးနှစ် ခန့်သာ ရှိသေးသည်။ ဖြစ်တဲ့ နည်းဖြင့် ဒီဘဝမှ ကယ်ထုတ်နိုင်မည် ဆိုပါက လူ့သက်တမ်း၏ ထက်ဝက်မျှကို အပြင်လောကမှာ လွတ်လပ်ပျော်ရွှင်စွာ နေနိုင်ပါသေးသည်။ မဖြစ်ဖြစ်တဲ့နည်းနဲ့ မအေးနကို ဒီဘဝ ဒီဒုက္ခကြီးမှ ကယ်ထုတ် သွားချင်သည်။ ကိုညွန့်တင်နှင့် မအေးနတို့ အကြားမှာ သံယောဇဉ် ဖြစ်စရာ အကြောင်းလေးတွေကလည်း ရှိခဲ့ကြသည်။

ကိုညွန့်တင်နှင့် မအေးနတို့ လေးတန်းကျောင်းသား ကျောင်းသူဘဝက သင်္ချာ နစ်ပုဒ်မှားသော မအေးန၏ ကိုယ်စား ဆရာမ၏ အရိုက် ခံခဲ့ဖူးသည်။ ကိုညွန့်တင်နှင့် မအေးနကို

ပေးစားပြီး နောက်ပြောင်သော မြင့်နိုင်ဦးကို မအေးနက ဝင်လုံးပြီး နပန်း သတ်စဉ်က မအေးနဘက်မှ ကူ၍ မြင့်နိုင်ဦးကို လက်သီးဖြင့် ထိုးခဲ့ဖူးသည်။ မအေးနအတွက် ကလေး ဘဝကပင် အနစ်နာခံခဲ့ဖူးသည်ဟု ဆိုနိုင်သည်။

မအေးနသည်လည်း ကလေး ဘဝကပင် ကိုညွန့်တင် အပေါ်တွင် သံယောဇဉ် ရှိခဲ့သူ ဖြစ်သည်။ လေးတန်း အောင်ပြီး၍ မြို့ကျောင်းတက်ရန် သွားမည့် နေ့က ကိုညွန့်တင်ကို နှုတ်ဆက်ခဲ့ချင်လွန်း၍ ဦးပဋ္ဌင်းတို့ စီးသွားသော လှည်းနောက်မြီးကို ကိုင်ပြီး ငိုလိုက်နေသော ကိုညွန့်တင် နောက်ကို ပြေးလိုက်လာပြီး လွမ်းစရာလေး ဖြစ်အောင် နှုတ်ဆက် သွားခဲ့သော မအေးန၏ ငယ်ရုပ်သွင်ကို ပြန်လည် မြင်ယောင်လာသည်။

လေးတန်းအောင် ကျောင်းသားများ စုပေါင်း၍ ဆရာကြီး ကန်တော့ကြသည့်နေ့က ကန်တော့ လက်ဆောင် ပစ္စည်း ဝယ်ရန် မတတ်နိုင်သော ကိုညွန့်တင် အတွက် လက်ဆောင် ပစ္စည်း ဝယ်ရန် လည်ပင်းမှ ဆွဲကြိုးကို ဖြုတ်ပေးခဲ့သော မအေးန ဖြစ်သည်။ ထိုစဉ်က ကိုညွန့်တင်သည် မအေးနကို ကတိ တစ်ခု ပေးခဲ့သည်။

"အေးနမ ကျေးဇူးတင်တယ်ကွာ၊ နင့်ကျေးဇူးကို ငါဘယ်တော့မှ မမေ့ဘူး၊ တစ်နေ့နေ့မှာ ငါတတ်နိုင်တဲ့ နည်းနဲ့ နင့်ကို ကျေးဇူးဆပ်မယ်"

ကိုညွန့်တင်သည် သူပေးခဲ့သော ကတိကို ပြန်ကြားယောင်ပြီး သက်ပြင်း ချလိုက်သည်။

ယခု အချိန်သည် မအေးနကို တတ်နိုင်သည့် နည်းဖြင့် ကျေးဇူးဆပ်ဖို့ အချိန် ရောက်နေပြီ ဖြစ်သည်။ ယောကျ်ားပီပီ ကတိ တည်ရမည်။ မအေးနကို မဖြစ်လျှင် ဖြစ်တဲ့ နည်းနဲ့ ဒီဘဝက ကယ်ထုတ် ယူမည်ဟု ဆုံးဖြတ်လိုက်တော့သည်။

ကိုညွန့်တင်သည် အစီခံ ရောက်အောင် တိုနေပြီ ဖြစ်သော စီးကရက် အတိုမှ မီးကို အသစ် တစ်လိပ်သို့ တို့ယူ မီးညှိပြီး ဖွာလိုက်သည်။ မီးခိုးလေးများကို လှပအောင် ရှူရှူလေး မှုတ်ထုတ်လိုက်ပြီး ပြုံးလိုက်သည်။

နွားစားကျက်မှ နွားတွေ သိမ်းပြီး ပြန်ရောက်လာသော ကိုလှဖေသည် ကိုညွန့်တင် အနီးတွင် ဝင်ထိုင်ပြီး ရေနွေးကြမ်း ငှဲ့ချလိုက်သည်။

"သူငယ်ချင်း လှဖေ.... မအေးနုကို ရန်ကုန်ကို ခေါ်သွားရေး ကိစ္စဟာ လွယ်မယောင်နဲ့ ခက်နေပြီလို့ ဆရာကြီးက ပြောခဲ့တယ် မဟုတ်လား"

ကိုလှဖေသည် ရေနွေးကြမ်းခွက်ကို မှုတ်ရင်း နားထောင်နေသည်။ ဖြစ်နိုင်သည့် နည်းများကို အကြံပေးရန် အတွက်လည်း စဉ်းစားနေဟန် တူသည်။ ကိုညွန့်တင်က ဆက်ပြောလိုက်သည်။

"အခု ခက်မယောင်နဲ့ လွယ်တဲ့နည်းကို ငါ စဉ်းစား ဆုံးဖြတ်လိုက်ပြီကွ"

"အင်း . . . ပြောစမ်းပါဦး"

"မအေးနုကို ငါ တရားဝင် လက်ထပ်လိုက်တော့မယ်ကွာ"

ကိုလှဖေ၏ လက်မှ ရေနွေးကြမ်း ပန်းကန်သည် ဘောင်ဘင် ခတ်အောင် လှုပ်ခါ သွားပြီး လက်ချောင်းများကို အပူ လောင်သွား၍ ရေနွေးကြမ်း ခွက်ကို လက်ပြောင်း ကိုင်လိုက်ရသည်။ ကိုလှဖေက အလွန် အံ့သြသွားပြီး မေးလိုက်သည်။

"မင်း တကယ်ပြောတာလား ညွန့်တင်"

"ငါ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးပြီ လှဖေ၊ ငါနဲ့ ဘဝတူ သူငယ်ချင်း မအေးနုကို ကယ်တင်နိုင်ဖို့ အတွက် အလွယ်ကူဆုံးနဲ့ အကောင်းဆုံး နည်းကို ငါ ရွေးလိုက်ပြီ"

ကိုညွန့်တင်နဲ့ မအေးနုတို့၏ ဘဝ အစိတ်အပိုင်းလေးများ အချို့ နေရာတွင် တူနေကြသည်ကို ကိုလှဖေ သိသည်။ နှစ်ဦးလုံး ငယ်စဉ်ကပင် မိဘမဲ့ ဖြစ်ခဲ့ကြသည်။ ကိုညွန့်တင်က ဘုန်းကြီးကျောင်းမှာ ခိုလှုံ နေခဲ့ရသည်။

"ကောင်းတယ် သူငယ်ချင်း၊ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူ့ကိုမှ အသိ မပေးနဲ့ဦး၊ နောက်ဆုံး ကုန်ကုန် ပြောမယ်ကွာ ငါ့အိမ်က ငါ့မိသားစုကိုတောင် လုံးဝ အသိ မပေးပါနဲ့၊ အကောင်အထည် မပေါ်ခင် ဒေါ်မြကြိုင်တို့ သိသွားရင် လက်ထပ် ထိမ်းမြားခြင်း ဥပဒေအရ စိတ်မနှံ့သူမို့ တရားမဝင်ဘူး ဘာညာ လုပ်လာနိုင်တယ်၊ တို့ဘက်က ပိုင်အောင် လုပ်ပြီးမှ တရားဝင် ဖွင့်ပြောရမယ်"

ကိုလှဖေသည် အရာရာတွင် စဉ်းစဉ်းစားစား ပြောဆို လုပ်ကိုင်တတ်သည်။ တည်တည် ငြိမ်ငြိမ်ရှိသည်။ အကွက်စေ့သည်။ ထောင့်စေ့သည်။

"ပိုင်အောင် လုပ်တာလဲ လုပ်ပေါ့ကွာ၊ မအေးနကို ငါလက်ထပ်မယ့် ကိစ္စမှာ မအေးနက လွဲလို့ ဒေါ်မြကြိုင်ဆီက ဘာမှ မယူဘူး၊ ဘာအခွင့်အရေးမှ မတောင်းပါဘူး ဆိုရင်ကော သူတို့က မကျေနပ် နိုင်ဘူးလား"

ကိုလှဖေ သဘောကျပြီး ပြုံးလိုက်သည်။

"ဟင်း… ညွန့်တင်ရာ အဲဒီလို ဆိုရင်တော့ ဒေါ်မြကြိုင်က အေးနကို တောင်းထဲထည့် ခေါင်းနဲ့ ရွက်ပြီး မင်းရှိတဲ့ နေရာကို လာပို့မှာပေါ့ကွ သူငယ်ချင်းရ"

"တကယ်ပါ သူငယ်ချင်း၊ မအေးနက လွဲလို့ ငါ ဘာမှ မလိုချင်ဘူး၊ သူတို့ ကြောက်နေတဲ့ စာချုပ်ကိုပါ မီးရှို့ ပြလိုက်မယ်၊ ကဲ… မကောင်းဘူးလား"

"အကောင်းဆုံးပေါ့ သူငယ်ချင်းရာ၊ လူသာမှုခေါ် နတ်သာမှုခေါ်၊ အဲဒါ ဆိုရင်တော့ ဘာအခက်အခဲမှ မရှိတော့ဘူး ကိုယ့်လူ"

"ပြီးရောပေါ့ သူငယ်ချင်းရာ၊ နို့ မဟုတ်ရင် အလကား သံသရာ ရှည်နေမယ်၊ ကဲ… အဝတ်အစားလဲ၊ ကျန်းမာရေးမှူးအိမ် သွားကြရအောင်"

ကိုလှဖေ အဝတ်အစားလဲပြီးသောအခါ နှစ်ယောက်သား ကျန်းမာရေးမှူးအိမ်ဘက်သို့ ထွက်သွားကြတော့သည်။

(၂၄)

ကျန်းမာရေးမှူး အိမ်ရှေ့ဧည့်ခန်းတွင် ကျန်းမာရေးမှူးနှင့် အတူ ကိုလှဖေ၊ ကိုညွန့်တင်တို့ ဝိုင်းဖွဲ့ထိုင်နေကြသည်။ ကျန်းမာရေးမှူး ကတော်က ကော်ဖီ သုံးခွက်ဖျော်ပြီး လာချပေးသည်။

"ခင်ရေ စီးကရက်ဘူး ယူခဲ့ပါကွယ်"

"ကျွန်တော့်မှာ ပါတယ်ဆရာ၊ နေပါစေ"

ကိုညွန့်တင်က ပါတယ်နေပါစေ ဆိုသော်လည်း ကျန်းမာရေးမှူး ကတော်သည် ဒူးယားတစ်ဘူးနှင့် မီးခြစ်ယူလာပြီး ချပေးသည်။

"ကော်ဖီ သုံးဆောင်ကြပါရှင်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာကတော်"

ဆရာကတော်က မြို့သူပီပီ နှုတ်ချိုသည်။ ယဉ်ကျေးပျူငှာ ရှိလှသည်။ ကြိုဆိုဧည့်ခံခြင်း ကိစ္စပြီး သည်နှင့် မီးဖိုချောင် ဝင်သွားတော့သည်။

"ကဲ... သောက်လိုက်ကြပါဦး ဦးလှဖေရော ဦးညွန့်တင်ရော"

"ဟုတ်ကဲ့ပါဆရာ"

အားနာပါးနာ တစ်ယောက်တစ်ငုံစီ သောက်လိုက်ကြသည်။ ကျန်းမာရေးမှူးက မအေးနု၏ အခြေအနေကို စပြောသည်။

"အမျိုးသမီးရဲ့ ကျန်းမာရေး အခြေအနေက အတော်ကောင်းနေပြီပျ၊ သူ့အတွက် အန္တရာယ် မရှိဘူး ဆိုရင်တော့ အပြင်ထုတ်လို့ ရပါတယ်"

ကိုလှဖေရော၊ ကိုညွန့်တင်ပါ ဘာက စပြောရမှန်းမသိ ဖြစ်နေသည်။ ကိုလှဖေက ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ တရားသူကြီးပီပီ စကားပြောရာတွင် အမှားအယွင်း မပါရလေအောင် အထူး သတိထား၍ ပြောလိုက်သည်။

"မအေးနုကိစ္စမှာ လူမှုရေးရှုထောင့်၊ ရိုးရာယဉ်ကျေးမှု ရှုထောင့်နဲ့ ဥပဒေရှုထောင့် အစုံကနေ စောင့်ကြည့်နေကြတဲ့ ပတ်ဝန်းကျင်ကို ရင်ဆိုင်နိုင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းကို ကျွန်တော်တို့ ရွေးရမယ်ဆရာ"

ကိုလှဖေ၏ စကားကို ကျန်းမရေးမှူးသည် လေးလေးနက်နက် အာရုံစိုက်ပြီး နားထောင် နေသည်။

"မအေးနု ဒီအိမ်ပေါ်က ဆင်းတဲ့နေ့မှာ ဒေါ်မြကြိုင်တို့က အနည်းဆုံး တစ်ကျပ်သားရှိတဲ့ ရွှေဆွဲကြိုး တစ်ကုံး၊ ငါးမူးသားလောက်ရှိတဲ့ လက်စွပ်တစ်ကွင်း၊ တစ်မတ်သားလောက် ရှိတဲ့ နားဆွဲ တစ်ရံ မအေးနုကို ပေးရတော့မယ်၊ မအေးနုပိုင် ပစ္စည်းတွေကို ဒေါ်မြကြိုင် သိမ်းထားတာ၊ ဒါတွေကလည်း ဒေါ်မြကြိုင် လက်ထဲမှာ မရှိတော့ဘူးလို့ ယူဆရတယ်၊ ရှိနေသေးရင်လည်း ပြန်မပေးချင်ဘူးဆိုပါတော့ ဆရာရယ်၊ ဒီတော့ ဒေါ်မြကြိုင်က မအေးနုကို သူ့အိမ်ပေါ်က မဆင်းနိုင်အောင် နည်းအမျိုးမျိုးနဲ့ ကာကွယ်မှာပဲ၊ ဒါကတော့ လူမှုရေး အပိုင်းပေါ့ဆရာ"

"မအေးနုရဲ့ အမေနဲ့အမတို့ သေဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ဦးအရှောင်ကို သတင်းအစအနတောင် စုံစမ်းလို့မရတော့၊ မအေးနုကို စောင့်ရှောက်ဖို့ အနီးစပ်ဆုံး ဆွေမျိုးဆိုလို့ ဒေါ်မြကြိုင် တစ်ဦးတည်းပဲ ရှိတယ်၊ ဒေါ်မြကြိုင် မိသားစုမှအပဖြစ်တဲ့ အခြား သွေးသား မတော်စပ်သူ တစ်ယောက်က အရွယ် ရောက်ပြီးဖြစ်တဲ့ မအေးနုကို ပြုစု စောင့်ရှောက်ပါသော်လည်း မြန်မာရိုးရာ

ယဉ်ကျေးမှုအရ ပတ်ဝန်းကျင်က ခွင့်မပြုဘူးဆိုပါတော့ ဆရာရယ်၊ ဒေါ်မြကြိုင်ကလည်း ဒါကိုပဲ အခွင့်ကောင်း ယူနေတာပဲ"

ကိုလှဖေသည် ကိုညွန့်တင် ကမ်းပေးသော စီးကရက်ကို မီးညှိဖွာ ရှိုက်လိုက်သည်။

"မအေးနုကို စိတ်ဝေဒနာရှင် အမျိုးသမီးတစ်ယောက်လို့ အများက လက်ခံယုံကြည်ထားကြတော့ သူ့ကို စုံမက်လို့ လက်ထပ်ပေါင်းသင်းသူ ရှိရင်တောင်မှ စိတ်ဝေဒနာရှင် အမျိုးသမီးမို့ ထိမ်းမြားခြင်း ဥပဒေအရ တရားမဝင်ဘူးလို့ ဥပဒေရှုထောင့်က လက်ညှိုး ထိုးလာနိုင်တယ်၊ ဒါကိုလည်း ဒေါ်မြကြိုင်တို့ ဘက်က လူမတတ် လက်ဖက်ထုပ်တတ် ဆိုသလို တစ်ယောက်ယောက်က အတို့အတိုက် လုပ်ပေးလိုက်ရင် ထပြီး ကန့်ကွက်မှာ သေချာတယ်"

ကိုလှဖေသည် စီးကရက်ပြာကို ခြွေချလိုက်ပြီး ကော်ဖီခွက်ကို ကုန်အောင်မော့သောက်လိုက်သည်။ အကွက်စေ့စေ့ မြင်ထားသော ကိုလှဖေကို ကျန်းမာရေးမှူးသည် အာရုံစိုက် နားထောင်နေသည်။

"နောက်တစ်ခုကတော့ သာမာန် ပတ်ဝန်းကျင်က လက်လှမ်းမမီတဲ့ ဆရာတို့ ဆေးပညာ ရှုထောင့်ပေါ့ ဆရာ"

ကိုလှဖေသည် စီးကရက်ဖွာပြီး ခေါင်းမော့၍ မီးခိုးမှုတ် ထုတ်လိုက်သည်။ ပြီးမှ ကျန်းမာရေးမှူးကို မေးခွန်းတစ်ခု မေးလိုက်သည်။

"ဆရာ့အနေနဲ့ မအေးနုရဲ့ စိတ်ဝေဒနာ အပေါ်မှာ ဘယ်လိုမြင်ပါသလဲ ဆရာ"

"ကျွန်တော် ပြောပြီးပါပြီ၊ ဒါ ကျွန်တော့် Field မဟုတ်လို့ ကျွန်တော် တိတိကျကျ မပြောနိုင်ဘူး၊ ဒါပေမယ့် ကျွန်တော်မြင်တာ ပြောရရင် ရူးနေပါတယ်လို့ ပြောရလောက်အောင် psychosis ဖြစ်နေတာတော့ မဟုတ်ဘူးဗျ၊ သူ့အကြောင်းနဲ့သူ သိပ်စိတ်ညစ်ပြီး မရွှင်မပြ Melancholy ဖြစ်နေတာလို့ပဲ ထင်တာပဲ"

ကျန်းမာရေးမှူး၏ အဖြေစကားကို ကြားရတော့ ကိုညွန့်တင် အလွန် ဝမ်းသာသွားသည်။ ကိုလှဖေမှာ ဆေးပညာ အခေါ်အဝေါ် အင်္ဂလိပ် စကားလုံးများကို နားမလည်သော်လည်း

ကျန်းမာရေးမှူး၏ စကားမှာ ရှင်းလင်းနေသဖြင့် မအေးန မရူးဘူးဟု ဆိုလိုကြောင်းကို နားလည်သွားသည်။

"အဲ... တစ်ခုတော့ ရှိတာပေါ့ဗျာ၊ နှစ်ပေါင်း နှစ်ဆယ်လောက် စိတ်ညစ်စိတ်ဆင်းရဲနေခဲ့ရသူ တစ်ယောက်ရဲ့ အခြေအနေဟာ ပုံမှန်မဟုတ်တဲ့ အမူအရာ ABNORMAL တော့ ဖြစ်သွားတာပေါ့ဗျာ၊ ဒီအမျိုးသမီးမို့ ဒီအခြေအနေ ကျန်နေတာ၊ အစထဲက ခပ်ချောင်ချောင် အမျိုးသမီးဆိုရင် သွက်သွက်လည်အောင် ရူးသွားနိုင်တယ်"

ကိုညွှန့်တင်သည် အလွန်ကျေနပ် အားရသော အမူအရာဖြင့် ကျန်းမာရေးမှူးကို ကြည့်ပြီး ပြောလိုက်သည်။

"ဝမ်းသာစရာပေါ့ ဆရာ၊ ဒီအခြေအနေမှာကို ဆရာရဲ့ အကူအညီကို လိုလို့ လာခဲ့တာပါ"

"ပြောပါ ဦးညွှန့်တင်၊ ကျွန်တော် တတ်နိုင်တဲ့ကိစ္စ ဆိုလျှင် ကူညီပါ့မယ်"

ကိုညွှန့်တင်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးမှ ပြောသည်။

"လောလောဆယ်တော့ အခု ကျွန်တော်ပြောမယ့် ကိစ္စကို ဆရာ့ဝမ်းထဲမှာပဲ ထားစေချင်ပါတယ်၊ ဆရာကလွဲလို့ ဆရာကတော်ကိုတောင် အသိ မပေးစေချင်ပါဘူး၊ ကျွန်တော် မအေးနကို လက်ထပ် ယူလိုက်တော့မယ် ဆရာ"

"အိုးမိုင်ဂေါ့ဒ်..., ဟား.... ဟား.... တကယ်ပြောနေတာလား ဦးညွှန့်တင်"

ကျန်းမာရေးမှူးမှာ ယုံရခက် မယုံရခက် ဖြစ်သွားဟန် တူသည်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊ နှစ်ဆယ်ရာစု၏ ရုပ်ပါစတား သဘော်သားအရာရှိဟု သိထား၍ အလွန်အံ့ဩသော အမူအရာဖြင့် ပြန်မေးခြင်း ဖြစ်သည်။

"တကယ်ပြောတာပါဆရာ၊ စိတ်ဝေဒနာရှင် အမျိုးသမီးလို့ အများက လက်ခံယုံကြည်ထားသူမို့ လက်ထပ် ထိမ်းမြားခြင်း ဥပဒေအရ တရားမဝင် ဖြစ်မှာစိုးလို့ ဆရာ့ကို အကူအညီတောင်း ရတာပါ"

"ကောင်းပါပြီ၊ ကျွန်တော်က ဘယ်လို Stand လုပ်ရမှာလဲ"

"မအေးနုဟာ psychosis ဖြစ်နေတာ မဟုတ်ဘူး၊ နှစ်ပေါင်းနှစ်ဆယ်လောက် ချုပ်နှောင်ညှဉ်းဆဲ ခံခဲ့ရတဲ့အတွက် Melancholy ဖြစ်နေတာပါဆိုတဲ့ ဘက်က Stand လုပ်ပေးဖို့ပါပဲ ဆရာ"

"ဟာ ဒီအတွက်တော့ အပန်းမကြီးပါဘူး ဦးညွန့်တင်၊ ကျွန်တော်ကိုယ်တိုင် ဒီအတိုင်းပဲ ယုံကြည်နေပါတယ်"

"ကျေးဇူးပါပဲဆရာ၊ နောက်တစ်ခုက ဒေါ်မြကြိုင်တို့ အလွန် စိုးရိမ်သောက ဖြစ်နေတဲ့ စာချုပ်ပါ အချက်အလက်တွေအရ မအေးနု ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွား မှန်သမျှ ဘာတစ်ခုမှ မယူတော့ပါဘူးဆိုရင် အခက်အခဲ တစ်စုံတစ်ရာ ရှိတော့မယ် မထင်ပါဘူးဆရာ၊ ဆရာ ဘယ်လိုထင်ပါ သလဲ"

"ဟာ... ဒါကတော့ သိပ်သေချာတာပေါ့ဗျာ၊ ဟိုအဒေါ်ကြီးက သူ့အိမ်ထဲက အမှိုက်ကို သယ်သွားတဲ့ အတွက် ဦးညွန့်တင်ကို ကျေးဇူးတောင်တင်ဦးမယ်"

"စောစောက ဆရာ့ကို ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း အကောင်းဆုံး နည်းလမ်းကို ရွေးလိုက်တာပဲဆရာ"

ကိုလှဖေက ဝင်ပြောလိုက်သဖြင့် ကျန်းမာရေးမှူးသည် ခေါင်းတဆတ်ဆတ် ညိတ်ရင်း အသိအမှတ် ပြုလိုက်သည်။

"ဒါပါပဲဆရာ၊ အတွင်းကျကျ ဆရာသိထားအောင် လာပြီး အစီအရင်ခံတာပါ"

"ကောင်းပါပြီဗျာ၊ ကဲ.... မအေးနုဆီ သွားကြရအောင်၊ ဒီနေ့တော့ ဆေးထိုးဖို့မလိုတော့ဘူး၊ သောက်ဆေးပဲ ပေးတော့မယ်"

ကျန်းမာရေးမှူး၊ ကိုလှဖေနှင့် ကိုညွန့်တင်တို့ ဒေါ်မြကြိုင် အိမ်ဘက်သို့ ထွက်လာခဲ့ကြသည်။

(၂၅)

မအေးနုသည် လှောင်အိမ် အခန်းတွင်း လက်နှစ်ဖက်ကို နောက်ပစ်၍ လမ်းလျှောက်နေသည်။ အညောင်းအညာပြေပြီး သပါယမျှအောင် လေ့ကျင့်နေဟန် တူသည်။

ထဘီ အင်္ကျီ သစ်သစ်လွင်လွင်၊ သန့်သန့်ပြန့်ပြန့် ဝတ်ထား၍ ကြည့်ကောင်းနေသည်။ ဆံပင်ကို နောက်သို့ချပြီး ကြိုးလေး စည်းထားသည်။ အသားအရေ စိုစိုပြည်ပြည် ဖြစ်လာပြီမို့ လှလာသည်။ ခေတ်ဆန်ဆန် ဖီးလိမ်း ပြင်ဆင်လိုက်မည် ဆိုပါက တအားလှပေတော့မည်။

အောင်ပု၏ ဖနီးက လှောင်အိမ် အခန်းသော့ကို ဖွင့်ပေးလိုက်သည်နှင့် ကျန်းမာရေးမှူးနှင့် ကိုလှဖေ၊ ကိုညွန့်တင်တို့ အခန်းတွင်းသို့ ဝင်လိုက်သည်။

မအေးနုသည် လမ်းလျှောက်နေရာမှ သူ့အိပ်ရာပေါ်တွင် ဖြည်းဖြည်းသက်သာ ထိုင်ချလိုက်သည်။

"မအေးနု နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်"

ကျန်းမာရေးမှူး၏ အမေးကို ယဉ်ယဉ်ကျေးကျေးပင် မဟုတ်သော်လည်း နှုးနှုးညံ့ညံ့ ဖြေသည်။ မျက်စိကမူ မည်သူ့ကိုမျှ မကြည့်ဘဲ အခန်းတွင်းမှ ကြမ်းခင်း တစ်နေရာကို ငေးစိုက်ကြည့်နေသည်။

အခြေအနေသည် အမှားအယွင်း အတိမ်းအစောင်း မခံသည့် အခြေအနေ ဖြစ်သည်ဟု ကိုညွှန့်တင် နားလည်လိုက်သည်။ မအေးနနှင့် ဆက်ဆံရေးတွင် အလွန် သိမ်မွေ့ ကျွမ်းကျင်ရန် လိုသည်။ အကိုင်အတွယ် မတတ်ပါက ချက်ချင်းထပြီး ဝုန်းဒိုင်းကျဲမည့်ပုံ ဖြစ်သည်။ ထိုအခါ မျှော်လင့်ချက်၊ ရည်ရွယ်ချက်တွေ အားလုံး ပျက်ပြားသွားနိုင်သည်။

ကျန်းမာရေးမှူးသည် လုပ်ရိုး လုပ်စဉ်အတိုင်း သွေးတိုင်းခြင်း၊ နလုံးခုန်နှုန်းတိုင်းခြင်း၊ အဖျားရှိ မရှိ တိုင်းခြင်းများ စတင်ပြုလုပ်သည်။ မအေးနသည် အသာတကြည်ပင် ငြိမ်ခံနေသည်။

အောင်ပု၏ဇနီးသည် အခါတိုင်းလိုပင် ဆေးထိုးမည် ထင်ပြီး ရေနွေးသွားယူသည်။ ကျန်းမာရေးမှူးသည် စစ်ဆေး စမ်းသပ်ပြီးသောအခါ အိုကေဟု ပြောပြီး မအေးနကို စကားပြော လိုက်သည်။

"မအေးန နေကောင်းသွားပါပြီ၊ အပြင်ကို ထွက်မလည်ချင်ဖူးလား"

ကျန်းမာရေးမှူး၏ အမေးစကားကို ကြားရသောအခါ မအေးနသည် ဘာမှပြန်မဖြေဘဲ မျက်နှာကို တစ်ဖက်သို့လွှဲ၍ အောက်နှုတ်ခမ်း တစ်ခြမ်းကို ကိုက်ပြီး မျက်ရည်တွေ ဝဲလာသည်။

အခြေအနေအမှန်ကို ကိုညွှန့်တင် ချက်ချင်းရိပ်စား မိလိုက်သည်။ အပြင်ထွက်ပြီး လွတ်လွတ် လပ်လပ် မနေချင်တဲ့လူလို့ ရှိမလား၊ ကျန်းမာရေးမှူးမို့ အားနာပြီး အောင့်အည်း သည်းခံနေတာ ဖြစ်ပေလိမ့်မည်။ ဒေါ်မြကြိုင် မိသားစုထဲက တစ်ယောက်ယောက်ကသာ ဒီမေးခွန်းမျိုး မေးမိလျှင်တော့ ထပြီး ဖက်ကိုက် လိုက်မည်ထင်သည်။

ကျန်းမာရေးမှူးသည် သူ့အမှားကို သတိထားမိ သွားဟန်တူသည်။ ချက်ချင်းပင် အဆင်ပြေအောင် ပြန်ပြောလိုက်သည်။

"မအေးန စိတ်ကလေး နည်းနည်း လျှော့လိုက်နော်၊ အားလုံး အဆင်ပြေအောင်နဲ့ အကောင်းဆုံး ဖြစ်အောင် ဟောဒီက ဦးညွန့်တင်တို့ ဆောင်ရွက် နေပါတယ်၊ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ မအေးနရဲ့ အပေါ်မှာ တည်နေပါတယ်၊ မအေးနက တည်တည်ငြိမ်ငြိမ်ရှိမှ အားလုံး အဆင်ချောမယ်၊ ဦးညွန့်တင် ပြောပြလိမ့်မယ်၊ စိတ်အေးအေးထားပြီး နားထောင်နော်"

ကျန်းမာရေးမှူး စကားဆုံးသောအခါ ကိုညွန့်တင်သည် မအေးနနှင့် အနီးဆုံးနေရာ ရောက်အောင် ရွှေ့ထိုင်ပြီး အေးအေးဆေးဆေး ပြောလိုက်သည်။

"အေးနမ ကိုယ်ပြောတာ သေသေချာချာ နားထောင်နော်၊ ဟောဒီက ဆရာတို့၊ လုဖေတို့ကို ဘာမှ အားနာစရာ၊ ရှက်နေစရာမလိုဘူး၊ အေးနမကို ရန်ကုန်ကို ခေါ်သွားချင်တယ်၊ လိုက်မယ် မဟုတ်လားဟင်၊ လိုက်မယ်ဆိုရင် ခေါင်းညိတ်ပြ"

မအေးနသည် ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ တစ်နေရာကိုသာ စူးစိုက်ကြည့်နေသည်။ အသက်သုံးဆယ်ကျော် ပြီးဖြစ်သော်လည်း တောသူ အပျို အစစ်စစ်ဖြစ်၍ ရှက်နေသည်မှာ သိသာလှသည်။ သို့သော် ဆိတ်ဆိတ်နေတော့ သဘောတူရာ ရောက်တော့သည်။

ကိုညွန့်တင် စကားဆက်ပြောရန် ပြင်ပြီးမှ ရေနွေးဇလုံကိုင်ပြီး ဝင်လာသော အောင်ပု၏ ဇနီးအား ရေနွေး မလိုတော့ကြောင်း ပြောပြီး အပြင် ထွက်နေ ခိုင်းလိုက်သည်။ ဒီတော့မှ ကိုညွန့်တင် စကားဆက်ပြောသည်။

"အေးနမကို ရန်ကုန်ကို ခေါ်သွားရေးကိစ္စမှာ အေးနမနဲ့ ကိုယ်နဲ့ ဘာမှ သွေးသား မတော်စပ်တဲ့အတွက် အခက်တွေ့နေတယ်။ အဲဒါကြောင့် အေးနမကို တရားဝင် လက်ထပ်ပြီး ခေါ်သွားဖို့ ကိုယ်ဆုံးဖြတ်လိုက်ပြီ။ မအေးနသည် အလွန်အံ့သြသော မျက်နှာဖြင့် ကိုညွန့်တင်ကို ဆတ်ခနဲ မော့ကြည့်လိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ခေါင်းငုံ့ထားတော့သည်။ အသက်သုံးဆယ်ကျော်တော့မှ လူပျိုစကား အပြောခံရ၍ ရှက်သွားဟန်တူသည်။ အပျိုကြီး ရှက်တော့ မျက်နှာလုံအောင် ထဘီခြုံသည့် ပုံမျိုး ဖြစ်နေတော့သည်။

ကျန်းမာရေးမှူးနှင့် ကိုလှဖေတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်သည်။ ရွာခံသား လူရင်း ကိုလှဖေက မအေးန အရှက်ပြေစေရန် အသောလေး နှော၍ ပြောလိုက်ရသည်။

"အေးနရေ... အကောင်းဆုံးဖြစ်အောင် ငါတို့ စီစဉ်တာပဲကွ၊ ညွှန့်တင်လည်း နင့်လိုဘဲ မစွန်သေးဘူး။ အခုထိလူပျိုကြီးပါပဲ၊ ရန်ကုန်မှာ မယားကြီး မရှိပါဘူး၊ စိတ်ချပြီးသာ လိုက်သွား ဟီး...ဟီး"

ကိုလှဖေက ပြောပြီး ရယ်လိုက်တော့ မအေးနသည် ကျုံ့ကျုံ့ ထိုင်နေရာက ဒူးနှစ်လုံးကို ထောင်လိုက်ပြီး မျက်နှာကို ဒူးနှစ်လုံကြားမှာ ဖွက်တော့သည်။ ကိုညွှန့်တင်မှာ ပြောစရာ စကားတွေ ကျန်သေး၍ မအေးနကို ချော့ရသည်။

"အေးနမ... မရှက်နဲ့ကွယ်။ ကိုယ်တို့တွေက ငယ်သူငယ်ချင်းတွေပဲ၊ ဒီက ဆရာကိုလည်း ငါတို့ ပြောပြထားလို့ အကြောင်းစုံ သိနေပြီ။ ဆရာတတ်နိုင်တဲ့ ဘက်က ကူညီဖို့ အဆင့်သင့်ပဲ၊ ဆရာ့ကိုလည်း ရှက်စရာမလိုဘူး၊ အေးနမကိုယ့်ကို လက်ထပ်မယ် မဟုတ်လားဟင်။"

မအေးန၏ ဦးခေါင်းသည် ခေါင်းညိတ်ခေါင်းခါ လုပ်၍ မဖြစ်နိုင်လောက်အောင် ပေါင်နှစ်လုံး ကြားထဲ ရောက်နေတော့သည်။ မငြင်းတော့လည်း သဘောတူရာ ရောက်သည်။

ကိုညွှန့်တင်သည် ကျန်းမာရေးမှူးနှင့် ကိုလှဖေတို့ကို အခန်းပြင်သို့ ထွက်ပေးကြရန် မျက်စိမှိတ်ပြီး မေးဆတ် ပြလိုက်သဖြင့် နှစ်ယောက်သား အသံ မကြားအောင် ခြေဖျားထောက်၍ အခန်းပြင် ထွက်လိုက်ကြသည်။ ခေါင်းငုံ့ထားသော မအေးနသည် ကျန်းမာရေးမှူးနှင့် ကိုလှဖေတို့ အခန်းပြင်သို့ ထွက်သွားကြသည်ကို လုံးဝမသိလိုက်။

ကိုညွှန့်တင်သည် မအေးန၏ ပခုံးနှစ်ဖက်ကို မရဲတရဲ ကိုင်လိုက်ပြီး ပြောလိုက်သည်။

"အေးနမ ရှက်မနေနဲ့ကွယ် ဒီမှာမော့ကြည့်ပါဦး"

ပခုံး နစ်ဖက်ကို အကိုင် ခံလိုက်ရတော့ ကျည်စက်ဖြင့် အတို့ ခံလိုက်ရသလို လန့်ပြီး ပြူးတူးပြဲတဲ မော့ကြည့်ပြီး ကျန်းမာရေးမှူးနှင့် ကိုလှဖေတို့ အခန်းထဲမှာ မရှိကြတော့မှန်း သိရတော့ အံ့သြသွားဟန် တူသည်။ တရုတ်သွေးပါသူမို့ မျက်နှာဖြူဖြူမှာ ရက်သွေးတွေ နီမြန်းနေတော့သည်။

"အေးနုမ ဘာလို့ ရှက်နေတာလဲကွယ်၊ ကိုယ် အေးနုမကို ချစ်တယ်၊ ကိုယ့်ကို ချစ်ရဲ့လားဟင်၊ ပါးစပ်က ပြောပါ"

ကိုညွန့်တင်သည် မအေးနုကို ရင်ခွင်ထဲ ဆွဲသွင်ပြီး ဖက်ထားလိုက်သည်။ အခန်းဝမှ အခြေအနေကို စောင့်ကြည့်နေသော ကိုလှဖေသည် ကျန်းမာရေးမှူးဘက်ကို လှည့်ကြည့်ပြီး လက်မ ထောင်ပြလိုက်သည်။

"အေးနုမကို ကိုယ်သိပ်သနားတယ်၊ သိပ်ချစ်တယ် အေးနုမရယ်၊ ကိုယ့်ကို ချစ်တယ်မဟုတ် လားဟင်၊ ပါးစပ်နဲ့ မပြောချင်ရင် ခေါင်းညိတ်ပြ၊ ပြလေ"

မအေးနုသည် ကိုညွန့်တင်၏ ရင်ခွင်မှာမှီရင်း ခေါင်းညိတ်သလိုလို ရောမွှေပစ်လိုက်သည်။

"ကဲ... အချိန်သိပ်မရဘူး ညီမရယ်၊ ကြီးတော်မြကြိုင်တို့ လာကြည့်လို့ တွေ့သွားရင် မကောင်းဘူး၊ သန်ဘက်ခါကျရင် လူကြီးတွေနဲ့ ကိုယ်တို့လာခဲ့မယ်၊ စီစဉ် စရာတွေ ရှိသေးလို့ ကိုယ် ပြန်လိုက်အုန်းမယ်၊ လူကြီးတွေနဲ့ စကားလာပြောတဲ့နေ့မှာ အမှားအယွင်း မရှိစေနဲ့နော်၊ အေးနုမကို စိတ်မမှန်သေးဘူးလို့ မြင်သွားကြရင် ကိုယ်တို့ စီစဉ်ထားတာတွေ ပျက်ကုန်မယ်၊ စိတ်ကိုလျှော့ ထားပါညီမရယ်၊ အားလုံးကိစ္စပြီးတဲ့ အခါကျရင် အေးနုမ လုပ်ချင်တာလုပ်၊ ပြောချင်တာပြောတော့၊ ဒီကြားထဲမှာတော့ မှင်သေသေနဲ့ တည်တည်ငြိမ်ငြိမ်လေး နေပါလို့ ကိုယ်တောင်းပန်ပါတယ်၊ သြော်...နောက်တစ်ခု ပြောထားရဦးမယ်၊ စာချုပ်အရ ကြီးတော်မြကြိုင်တို့ဆီက ပြန်ရမယ့် ပစ္စည်းတွေနဲ့ အခွင့်အရေးမှန်သမျှ ဘာတစ်ခုမှ မယူပါနဲ့တော့ ညီမရယ်၊ အေးနုမ ကိုယ့်နောက်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့သာ လိုက်ခဲ့ပါ။ အေးနုမ ဝတ်ချင် ဆင်ချင်ရင် ကိုယ်ဆင်ပေးနိုင် ပါတယ်၊ အဲဒီပြဿနာတွေ ရှုပ်ရင် သံသရာ ရှည်နေမယ် နော်ညီမ၊ ဘာမှ အားမငယ်နဲ့တော့ကွယ်၊ ကဲ.. ကိုယ်သွားတော့မယ်နော်"

မအေးနသည် ကိုညွန့်တင်၏ နောက်ဆုံး စကားတွေကို ကြားလိုက်ရတော့ မျက်နှာလေး ညှိုးသွားသည်။ မိမိသည် ဒေါ်မြကြိုင်တို့ အိမ်ပေါ်တွင် ဘဝလည်းဆုံး၊ ပစ္စည်းလည်းဆုံးရ တော့မှာပါလားဟု တွေးမိပြီး မျက်နှာလေး ညှိုးရာမှ မဲ့လာတော့သည်။

ကိုညွန့်တင်သည် မအေးန၏ ငိုတော့မည့် မျက်နှာလေးကို အသာအယာ ဆွဲမော့ပြီး ရွှရွှလေး မွှေးမွှေးပေးလိုက်သည်။ မအေးန အနီးမှခွာ၍ အခန်းပြင်သို့ ထွက်ပြီး တံခါးကိုစေ့၍ သော့ခတ်ကွင်းတွင် သော့ခလောက်သီးကို ချိတ်ပစ်ခဲ့သည်။

ငိုမဲ့မဲ့လေး ကျန်နေခဲ့သော မအေးနသည် ငယ်ငယ်က ကျွမ်းသည့် ငယ်ကျွမ်းဆွေ သူငယ်ချင်း ကိုညွန့်တင်၏ မွှေးမွှေးလေး တစ်ချက်ကြောင့် ရင်ထဲမှာ နွေးသွားသည်။ လူ့ဘဝမှာ ပထမဦးဆုံး အကြိမ်အဖြစ် ရရှိလိုက်သည့် အနမ်း လက်ဆောင်လေးမို့ တန်ဖိုးထား၍ မဆုံးနိုင်အောင် ဖြစ်နေသည်။ ညှိုးမဲ့နေသော မျက်နှာလေး လန်းပြီး အပြုံးပန်းတွေ ဝေဆာနေသည်ကို ကိုညွန့်တင်မြင်ရလျှင် အေးနမတစ်ယောက် မဲ့လိုက်ပြုံးလိုက်နှင့် စိတ်မမှန် သေးဘူးဟုပင် ထင်သွားနိုင်သည်။

အိပ်ခန်းတွေကြားမှ လူသွား စင်္ကြံလမ်းတွင် ရပ်စောင့်နေကြသော ကျန်းမာရေးမှူးနှင့် ကိုလှဖေကို အခြေအနေကောင်းကြောင်း ကိုညွန့်တင်က လက်မ ထောင်ပြပြီး သတင်းပို့လိုက်သည်။ သုံးယောက်သား အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့ကြပြီး ဒေါ်မြကြိုင်အနီးတွင် ထိုင်လိုက်ကြသည်။

"မအေးနရဲ့ ကျန်းမာရေး အခြေအနေကတော့ စိတ်ချရသလောက် ဖြစ်သွားပါပြီ ဒေါ်ဒေါ်၊ မကြာခင် အပြင်ကိုထုတ်ပြီး သွားလာခွင့် ပြုနိုင်ပါလိမ့်မယ်"

ကျန်းမာရေးမှူး၏ ဝမ်းသာစကားသည် ဒေါ်မြကြိုင်ကို စိတ်အနှောင့်အယှက် ဖြစ်စေမည်မှာ သေချာသည်။ မအေးန၏ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာသည့် အတွက် ဝမ်းသာရမည့်အစား မျက်စိမျက်နှာ ပျက်နေသည်။ မကြာမီ အပြင်ကိုထွက်ပြီး သွားလာခွင့် ပြုရတော့မည် ဆိုသည့် စကားကြောင့် ပိုပြီး စိုးရိမ်နေဟန် တူသည်။

"သူ့မှာ ဦးနှောက်ပျက်နေ တာကလွဲလို့ တခြားဘာမှ ဖြစ်တာမှ မဟုတ်ဘဲ ဆရာဝန်ကြီးရဲ့၊ အားလုံးအကောင်း၊ ထမင်းများ လူကောင်းထက်တောင် စားနိုင်သေးတယ်"

ကျန်းမာရေးမှူးမှာ ဒေါ်မြကြိုင်၏ စကားကြောင့် အခံရ ခက်သွားဟန် တူသည်။ သို့သော် ဒီအခြေအနေမှာ ဒေါ်မြကြိုင်နဲ့ ဘက်ပြိုင်ပြီး အငြင်းပွားနေ၍ အကျိုးရှိဖို့ မမြင်သဖြင့် ပြတ်ပြတ်ပင် ပြောလိုက်သည်။

"မအေးနကို ဦးနှောက် ပျက်နေပါတယ်လို့ စိတ်ရောဂါ အထူးကု သမားတော်မှအပ အခြားဘယ်သူမှ ပြောပိုင်ခွင့် မရှိဘူးနော် ဒေါ်ဒေါ်၊ ကျွန်တော်လည်း မပြောရဲဘူး၊ ဒေါ်ဒေါ်လည်း မပြောပါနဲ့၊ ကာယကံရှင်က မကျေနပ်ရင် အသရေ ဖျက်မှုနဲ့ တရားစွဲနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် လောလောဆယ် ဆေးဆက် သောက်ခိုင်းပါ"

ဒေါ်မြကြိုင်သည် ကျန်းမာရေးမှူးကို ပြန်လှန် ပြောချင်ပုံရသော်လည်း မပြောတော့ပါဘူး ဆိုသည့်ပုံဖြင့် တိတ်သွားသည်။ ကျန်းမာရေးမှူးက နေ့စဉ် ပေးနေကျ ဆေးများကို ပေးပြီး ပြန်ရန် ဟန်ပြင်လိုက်သည်။ ကိုလှဖေက ဒေါ်မြကြိုင်ကို သတိပေးစကား ပြောကြားလိုက်သည်။

"တနင်္ဂနွေနေ့ မနက်ပိုင်းမှာ ကြီးတော် ဘယ်ကိုမှ မသွားပါနဲ့၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်တွေနဲ့ ရပ်ရွာလူကြီးတွေ အေးနကို လာကြည့်မယ်၊ အောင်ပုကိုလည်း ပြောထားပါ၊ တနင်္ဂနွေနေ့ဆိုတော့ သန်ဘက်ခါပေါ့၊ မမေ့နဲ့နော် ကြီးတော်"

ဒေါ်မြကြိုင် အထိတ်တလန့်ဖြစ်သွားသည်။ မျက်စိမျက်နှာပျက်ပြီး ငေးကြောင်ကြည့် နေသည်။ ကိုလှဖေမှာ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်ဖြစ်၍ တရားဝင် သတိပေးသည်မှာ ယုံမှားဖွယ် မရှိပေ။

ကျန်းမာရေးမှူး၊ ကိုလှဖေနှင့် ကိုညွန့်တင်တို့ ထွက်သွားကြသောအခါ ဒေါ်မြကြိုင်မှာ ဆောက်တည်ရာမရ ဖြစ်ကျန်ခဲ့သည်။

(၂၆)

ကျော်ထွန်း၊ ကြီးရွှေနှင့် အပေါင်းအပါလေးဦးကို တရားလို ကိုညွန့်တင်က ခွင့်လွှတ်ကျေအေး လိုက်သဖြင့် ရဲအချုပ်မှ လွှတ်ပေးလိုက်သည်။

မအေးနုကို ကိုညွန့်တင်က ရန်ကုန်ကို ခေါ်သွားပြီး ဆေးကုပေးတော့မည် ဆိုသည့် သတင်းကလည်း တစ်ရွာလုံးပျံ့နှံ့နေသည်။

မိမိဇာတိ ရပ်ရွာကိုသာမက သူငယ်ချင်းများ အပေါ်တွင်ပါ သံယောဇဉ်ကြီးမား၍ စေတနာထားသော ကိုညွန့်တင်ကို ရပ်သူရွာသားများက ခင်မင် လေးစားကြသည်။

ညွန့်တင်တို့ ဘုန်းကြီးကျောင်းသား ဘဝမှ သဘော်သား အရာရှိဖြစ်သွားလို့ ရွာမှာလာကြွားတာဟု အထင်လွဲနေကြသော အမျိုးသမီး သူငယ်ချင်းများကပါ ကိုညွန့်တင် အပေါ်တွင် သဘောပေါက် နားလည်လာကြသည်။ အားလုံးပင် ဝမ်းသာအားရဖြင့် လာရောက် နှုတ်ဆက်ကြသည်။

မမြကြည်၊ မတင်ညို၊ မလှတင်စသော ကျောင်းနေဘက် သူငယ်ချင်းတစ်စုက ပွင့်ပွင့် လင်းလင်း နောက်ပြောင်ကြသည်။

"ညွန့်တင်ရယ် နင်က အခုထိ လူပျိုကြီးဆိုတော့ အေးနုကိုပဲ ယူလိုက်ပါတော့ဟယ်"

ပြောပြီး ဝိုင်းရယ်ကြသည်။ ကိုညွန့်တင်က အရှက်ပြေ ပြန်ပြောလိုက်ရသည်။

"အဲဒီအတွက် ငါလည်း ကြိုးစားနေတာပဲ၊ အေးနက ငါ့ကို ကြိုက်ပါ့မလားမသိဘူး၊ အဆင်ပြေရင်တော့ မင်္ဂလာဆောင်မှာ နင်တို့ပဲ သတို့သမီး အပျိုရံ လုပ်ကြရမှာပဲ"

ကိုညွန့်တင်က နောက်သလိုလို အတည်လိုလိုဖြင့် ပြောလိုက်ရတော့သည်။

"တို့လို ကလေးအမေတွေက အပျိုရံလုပ်ရင် မိုးခေါင်တတ်တယ်တဲ့၊ မြို့မှာ စျေးရောင်းနေတဲ့ အပျိုကြီး မိမြရွှေကို ပြန်ခေါ် ပေးမယ်"

အိမ်ထောင်ကိုယ်စီဖြင့် အိမ်ရှင်မတွေ ဖြစ်နေကြပြီမို့ အားရအောင် နောက်ပြောင်ပြီးကြသောအခါ လုပ်ငန်းခွင်ရှိရာ အသီးသီးသို့ ထွက်သွားကြတော့သည်။

ကိုညွန့်တင်နှင့် ကိုလှဖေတို့မှာ တနင်္ဂနွေနေ့တွင် လိုက်ပါသင့်သူများကို စဉ်းစားရသည်။ စာချုပ်လက်မှတ် ရေးထိုးစဉ်က အသိသက်သေအဖြစ် ပါဝင်ခဲ့သော လူကြီးများထဲမှ သက်ရှိထင်ရှား ရှိနေကြသေးသည့် ဆရာကြီး ဦးစံငွေ၊ ဦးကျီးညိုတို့ကို အဓိက ပါအောင် ခေါ် ရမည်။

တာဝန်ရှိ ကြီးကြပ် ပုဂ္ဂိုလ်များအဖြစ် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုလှဖေအပြင် အခြားလိုက်နိုင်မည့် အမှုဆောင်များကို ဖိတ်ခေါ် ရမည်။ ရဲစခန်းမှူး လိုက်နိုင်ပါက လိုက်ပါရန် မေတ္တာရပ်ခံရမည်။

ဂုဏ်သရေရှိ ရပ်ရွာလူကြီးများအဖြစ် ကျန်းမာရေးမှူးနှင့် ကိုလှဖေ၏အမေကြီးတော်ဒေါ် အေးပုတို့ကို ခေါ် သွားမည်ဟု စဉ်စားထားလိုက်ကြသည်။

တစ်နေ့လုံး မအားမလပ် ဖြစ်နေကြသည်။ နက်ဖြန်လိုက်ပါမည့် လူကြီးများ အိမ်သို့သွားရောက်၍ လူကိုယ်တိုင်တွေ့ရသည် အထိစောင့်ပြီး အကြောင်းစုံကို တင်ပြမေတ္တာရပ်ခံကြရသည်။

ညဘက်တွင်လည်း နောက်နေ့ ဆောင်ရွက်မည့် ကိစ္စများကို အစီအစဉ် ချကြရသည်။ ဆရာကြီး ဦးစံငွေနှင့် ဦးကျီးညိုကို စောစောပင့်ခေါ်ပြီး ဦးပဍ္ဍင်းပညာဝံသ ကျောင်းတွင် အပ်နှံထားသည့် မအေးန၏ စာချုပ်ကို သွားယူရမည်။

နံနက်ရှစ်နာရီတွင် လမ်းခွဆုံ လက်ဖက်ရည်ဆိုင်မှ ဒေါ်မြကြိုင်အိမ်သို့ လူဆယ်ရောက် ဆယ့်ငါးယောက်စာခန့် လက်ဖက်ရည်နှင့် မုန့်ပို့ပေးရန် အော်ဒါမှာရမည်။

ဒေါ်မြကြိုင်တို့နှင့် ချုပ်ဆိုခဲ့သော စာချုပ်ကို အပြီးအပိုင် ဖျက်သိမ်း၍ မအေးနနှင့် အကြင်လင် မယားအဖြစ် တရားဝင်ပေါင်းသင်းမည့် ယာယီစာချုပ်ကို ချုပ်ဆို၍ မအေးနအား တစ်ခါတည်း ခေါ်ထုတ်လာခဲ့မည်။

တနင်္လာနေ့တွင် ဦးအာဇံဘိုင်၏ ဂျစ်ကားဖြင့် ချောင်းခွမြို့နယ် တရားရုံးသို့ သွား၍ တရားဝင် လက်ထပ်မည် စသည်တို့ဖြစ်သည်။

အစီအစဉ်များ စဉ်းစားပြုလုပ်ရသည်နှင့် ညဉ့်နက်မှ အသီးသီး အိပ်ရာဝင်ခဲ့ကြသည်။

(၂၇)

ကိုလှဖေနှင့် ကိုညန့်တင်တို့ နံနက်ခြောက်နာရီကပင် အိပ်ရာမှထ၍ ဆရာကြီး ဦးစံငွေနှင့် ဦးကျီးညိုတို့ကို သွားခေါ်ပြီး ရွာဦးကျောင်းသို့ သွားကြသည်။ ဦးဇင်းပညာဝံသအား လျှောက်ထားပြီး မအေးနု၏ စာချုပ်ကို တောင်းယူကြသည်။

ပျံလွန်တော်မူ ဆရာတော်ကြီး လက်ထက်က ကွယ်လွန်သူ သူကြီးဦးရွှေဆိုင်က အပ်ထားခဲ့သော စာချုပ်ဖြစ်သည်။ နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာခဲ့ပေပြီ၊ အရေးကြီးသော မှတ်စုမှတ်တမ်းများ၊ ပေ၊ ပုရပိုက်များထည့်ထားသည့် ကနုတ်ပန်းဖော် ကျွန်းသေတ္တာကြီးအတွင်းမှာ ကျောင်းကြီးရေစက်ချ မော်ကွန်း၊ ပိဋကတ် သုံးပုံ အလှူတော်မော်ကွန်း၊ ကျောင်းထိုင်ဆရာတော် အဆက်ဆက် မှတ်တမ်းများနှင့်အတူ တရိုတသေ သိမ်းထားသော မအေးနု၏ စာချုပ်ကို အလွယ်တကူပင် ရှာတွေ့ခဲ့ပါသည်။

နံနက်ရှစ်နာရီတွင် ဖိတ်ကြားထားသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရပ်ရွာလူကြီးများကို သွားကြိုပြီး ဒေါ်မြကြိုင်အိမ်သို့ ပင့်ခေါ်၍ လက်ဖက်ရည်ဆိုင်မှ အော်ဒါမှာသော အချိုပွဲဖြင့် ဧည့်ခံထားသည်။

ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်နှစ်ဦးအပြင် ရဲစခန်းမှူးနှင့် ကျန်းမာရေးမှူးတို့ပါ ကြွရောက်လာကြသဖြင့် ဒေါ်မြကြိုင်မှာ ပျာပျာသလဲ ဖြစ်နေသည်။ သင်ဖြူးဖျာ အသစ်များကို ချခင်းပေးခြင်း၊ ကွမ်း၊ ဆေး၊ လက်ဖက်များဖြင့် ဧည့်ခံခြင်း ပြုနေရသော်လည်း

သားအမိနစ်ယောက်လုံး မျက်စိမျက်နှာ အတော် ပျက်နေရှာသည်။ စိုးရိမ်စိတ်က မျက်နှာပေါ်မှာ ပေါ်လွင်နေသည်။ ညွန့်တင်ဆိုတဲ့အကောင် ရောက်လာတဲ့ အချိန်ကစပြီး ငါ့အိမ်မှာ အကုသိုလ် ဝင်တာပဲဟု တွေးမိပြီး ဒေါသ ဖြစ်နေဟန်တူသည်။ ဘာတွေ ဖြစ်လာဦးမလဲ။ ဘယ်လိုရင်ဆိုင် ရဦးမလဲဟုလည်း တွေးတောပူပန် နေဟန်တူသည်။ အောင်ပုမှာ ရဲစခန်းမှူးကိုမြင်တော့ ကြောင်ကို မြင်သော ကြွက်ကဲ့သို့ ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။

မေတ္တာရပ်ခံ ဖိတ်ကြားထားသော လူကြီးများ အားလုံးပင် စုံစုံလင်လင် ကြွရောက်လာကြသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဦးအောင်ပွင့်၊ အတွင်းရေးမှူး ဦးစိန်မြင့်၊ တရားသူကြီးအဖွဲ့ဝင် ကိုလှဖေ၊ ရဲစခန်းမှူး ဦးမောင်မောင်တင့်၊ ကျန်းမာရေးမှူး ဦးအောင်နိုင်၊ အငြိမ်းစားကျောင်းဆရာကြီး ဦးစံငွေ၊ ဦးကျီးညို၊ ဒေါ်အေးပု၊ ကိုညွန့်တင်၊ ဒေါ်မြကြိုင် မိသားစုအားလုံး စုစုပေါင်း လူဆယ့် နစ်ယောက်တို့၏ အမည်စာရင်းကို တက်ရောက်သူများအဖြစ် အတွင်းရေးမှူး ဦးစိန်မြင့်က မှတ်တမ်းတင်ထားသည်။

တက်ရောက်လာသူ အားလုံး စုံပြီးဖြစ်၍ ရဲစခန်းမှူးက မအေးန လှောင်ပိတ်ထားသော အချုပ်ခန်းသော့ကို တောင်းယူလိုက်သည်။ အောင်ပုက အချုပ်ခန်းသော့ကို ဒေါ်မြကြိုင် လက်မှတစ်ဆင့် ရဲစခန်းမှူးလက်သို့ ပေးလိုက်သည်။

ရဲစခန်းမှူးသည် ကိုလှဖေနှင့် ကိုညွန့်တင်တို့ကို လိုက်ပါစေလျက် မအေးနကို ချုပ်လှောင် ထားရာ အခန်းဘက်သို့ လျှောက်သွားကြသည်။

လှောင်အိမ် အချုပ်ခန်းရှေ့သို့ ရောက်၍ အခန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ ကိုလှဖေနှင့် ကိုညွန့်တင်တို့မှာ "ဟာ" ခနဲ အသံထွက်သွားအောင် ထိတ်လန့် အံ့ဩ သွားကြတော့သည်။ ကိုညွန့်တင်မှာ ကိုလှဖေ၏ ပခုံးကို ယောင်ရမ်းပြီး ကိုင်မိလျက်သားပင် ဖြစ်သွားသည်။ အရုပ်ကြိုးပြတ် လဲကျ မသွားအောင် အတော် သတိထားလိုက်ရသည်။

မအေးနသည် ကိုလှဖေနှင့် ကိုညွန့်တင်တို့ ပထမဦးဆုံး လာကြည့်သည့်နေ့က တွေ့ခဲ့ရသည့် ပုံစံအတိုင်း အဝတ်အစားနှင့် ဆံပင် စုတ်ဖွားကြီးမှ အစ တစ်သွေမတိမ်း ထပ်တူထပ်မျှ ဝတ်စားထားပြီး ဝင်လာသူများကို နောက်ခိုင်း ထိုင်နေတော့သည်။

ရဲစခန်းမှူးသည် ဘောင်းဘီအိတ် နှစ်ဖက်ကို လက်နှိုက်လျက် ကိုလှဖေနှင့် ကိုညွန့်တင်တို့ကို စောင်းငဲ့ကြည့်လိုက်သည်။ ခင်ဗျားတို့ပြောတော့ မရှုပ်ပါဘူး၊ အကောင်းပါဆို၊ အခု ဘယ်လိုလဲဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ ကိုလှဖေမှာ မစဉ်းစားတက်အောင် ငေးကြောင်နေသော်လည်း ကိုညွန့်တင်မှာမူ ရှက်လည်းရှက် ဒေါသလည်း ထွက်ရတော့သည်။

လှောင်အိမ်ခန်း သော့ကို ဖွင့်၍ ရဲစခန်းမှူးက ဦးဆောင်ပြီး အတွင်းသို့ ဝင်လိုက်ကြသည်။ သော့ဖွင့်သံ ကြားသည်နှင့် တစ်ပြိုင်နက် မအေးနုသည် ဝင်လာသူများ ဘက်သို့ ညင်ညင်သာသာ လှည့်ထိုင်သည်။ ဒူးဆစ်အထိ စုတ်ပြဲ၍ အကွက်မပေါ်တော့သော ထဘီကို ကာယိန္ဒြေ လုံနိုင်သမျှ လုံအောင် ဆွဲဖုံးလိုက်သည်။ ပြုံးခြင်း၊ ရယ်ချင်း၊ ငိုခြင်း မရှိဘဲ တည်တည်ပင်နေသည်။

ကိုလှဖေနှင့် ကိုညွန့်တင်တို့မှာ မအေးနုကို ဘယ်လို နားလည်ရမှန်းမသိ၊ ဘာပြောရမှန်းမသိ ဖြစ်နေကြသော်လည်း ရဲစခန်းမှူးက စကား စပြောလိုက်သည်။

"ဒေါ်အေးနု နေကောင်းတယ်နော်"

"ကောင်းပါတယ်ရှင်"

စခန်းမှူးက သူ့ထက် အသက်ကြီးမည်ထင်၍ ဒေါ်အေးနုလို့ ခေါ်လိုက်ခြင်းဖြစ်မည်။

"ဒီနေ့ ဦးညွန့်တင်နဲ့ လူကြီးတွေလာမယ်ဆိုတာ သိသလား"

"သိပါတယ်ရှင်၊ ကျွန်မ စောင့်နေတာပါ"

အပြောအဆို အမူအရာ အခါတိုင်း နေ့များထက်ကပင် ယဉ်ကျေး သိမ်မွေ့နေသည်။ ဒီတော့မှပင် စခန်းမှူးက ကိုလှဖေနှင့် ကိုညွန့်တင်တို့ကို ပြုံးပြပြီး ခေါင်း တဆတ်ဆတ် ညိတ်သည်။

ကိုညွန့်တင်သည် မအေးနုရှေ့တွင် ထိုင်ချလိုက်ပြီး မအေးနု၏ ပခုံးနှစ်ဖက်ကို ဒေါသဖြင့် ကိုင်လှုပ်ပြီး မေးလိုက်သည်။

"အေးနုမ... ဒါဘယ်လို လုပ်လိုက်တာလဲဟင်"

"ဘာလုပ်လို့လဲ"

"ဟိုနေ့က သေသေချာချာ မှာထားရက်နဲ့ ဒီလိုလုပ်တာ ကောင်းသလားလို့ဟင်၊ ပြောစမ်းပါဦး"

ကိုညွန့်တင်သည် အံကိုကြိတ်၍ မအေးနုကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်လိုက်သည်။

"အစ်ကိုမှာခဲ့တာက လူကြီးတွေရှေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့ အမှားအယွင်း မရှိအောင် စကားပြောဖို့ မှာခဲ့တာပဲ၊ လုလုပပ ဝတ်စားပြင်ဆင်ထားဖို့ မှာခဲ့တာမှ မဟုတ်ဘဲ"

"တောက်"

ကိုညွန့်တင်သည် တောက်ခေါက်၍ ထိုင်ရာမှ ထလိုက်ပြီး မအေးနုကို အမိန့်ပေး လိုက်သည်။

"ထ... လဲပစ်စမ်း၊ ဒီအဝတ်အစားတွေကို"

"မလဲဘူး"

မအေးနုက မလဲဘူးဆိုတော့ ကိုညွန့်တင် ဘာဆက်လုပ်ရမှန်း မသိ ဖြစ်သွားသည်။ စခန်းမှူးသည် ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင် ကိုညွန့်တင်၏ လက်မောင်းကို ပုတ်ပြီး သတိပေးလိုက်သည်။ ရဲအရာရှိပီပီ အခြေအနေအမှန်ကို ရိပ်စားမိသွားပြီဖြစ်သည်။

"ကဲ...... ဦးညွန့်တင် ဒီပုံအတိုင်းပဲ ခေါ်ခဲ့ပေတော့"

"ကဲ..... ထ"

ကိုညွန့်တင်က ခပ်မာမာ ငေါက်လိုက်တော့လည်း မအေးနုသည် ယဉ်ကျေး သိမ်မွေ့စွာပင် ထိုင်ရာမှ ထလိုက်သည်။ ထဘီ အကျီက တိုနံ့နံ့ စုတ်ပြဲပြဲ၊ ဆံပင်က ဖွာလန်ကြဲ မွဲခြောက်ခြောက် ပုံစံဖြင့်ပင် အခန်းပြင်သို့ ထွက်လိုက်သည်။

မအေးနုကို ရှေ့က သွားခိုင်းပြီး လူကြီးများရှိရာ ဧည့်ခန်းသို့ ထွက်လာခဲ့ကြသည်။ စကြံလမ်း တွင် အောင်ပု၏ ဇနီးက အံ့ဩသော အမူအရာဖြင့် မအေးနုကို ဖေးမ တွဲခေါ်ရန် လက်မောင်းကို လာကိုင်သည်။ မအေးနုက အောင်ပုဇနီး၏ လက်ကို ပုတ်ချလိုက်သည်။ ကိုယ့်လမ်းကို လျှောက် နိုင်ပါတယ်ဟု သင်္ကေတ ပြလိုက်ခြင်း ဖြစ်မည်။

ဧည့်ခန်းတွင်းသို့ ဝင်လာသော မအေးနုကို မြင်လိုက်ရသော ရပ်ရွာ လူကြီးများမှာ ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်ကြတော့သည်။ ဒေါ်မြကြိုင်ပင် ပထမတွင် အံ့ဩ သွားပြီးနောက် ကဲ.... ကျွန်မ မပြောဘူးလားဆိုသည့် အမူအရာဖြင့် ကျွန်းမာရေးမှူးဘက်ကို လှည့်ကြည့်ပြီး သရော်ပြုံး ပြုံးလိုက်သည်။

မအေးနုသည် ထဘီ ညစ်ထပ်ထပ် တိုနံ့နံ့လေးကို အစသေအောင် သိမ်း၍ လူကြီးများ ရှေ့မှောက်သို့ ရှိရှိသေသေ ကုန်းကုန်းကွကွ ဝင်လာခဲ့သည်။ ဆရာကြီး ဦးစံငွေ၏ ရှေ့တွင် ကျုံ့ကျုံ့ယို့ယို့ ထိုင်လိုက်ပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။

"ဆရာကြီး.... သမီး ဒီပုံစံနဲ့ ဆယ့်ရှစ်နှစ်လုံးလုံး အချုပ်ခန်းထဲမှာ နေခဲ့ရပါတယ် ဆရာကြီးရယ်၊ ဟီး..... ဟီး"

မအေးနုသည် မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်ပြီး အားရအောင် ငိုချ လိုက်တော့သည်။

မအေးနုက ဇာတ်နာအောင် လုပ်လိုက်ပြီဖြစ်၍ လူကြီးများမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး မအေးနုကို သနားသည့်စိတ်ဖြင့် ဒေါ်မြကြိုင်ကို ဒေါသ ဖြစ်ကြရတော့သည်။

ပန်းနာရောဂါသည် ဆရာကြီး ဦးစံငွေမှာ တပည့်မ မအေးနု၏ ဖြစ်အင်ကို မြင်လိုက်ရပြီး ရင်မှာဆို့တက်၍ အသက်ရှူပါ ကျပ်လာတော့သည်။

"ဖြစ်မှဖြစ်ရလေ တပည့်ရယ်" ဟု မပီမသပြောပြီး အမော ဖောက်နေတော့သည်။ ရင်ကျပ် သံကြီးဖြင့် ချောင်ဆိုးလာတော့သည်။

ကိုလှဖေက ဆရာကြီးကို ပွေ့ပြီး ဖေးမ ထားလိုက်သည်။ ကျန်းမာရေးမှူးဝင်လာပြီး ရှေးဦး သူနာပြုနည်းအရ အသက်ရှူ လမ်းကြောင်း ကျယ်စေရန် အနေအထား ပြင်ခိုင်းသည်။

ဆရာကြီးက သူ့အင်္ကျီအိတ်ကို လက်ဖြင့် ပုတ်ပြသဖြင့် နှိုက်ကြည့်လိုက်ရာ အစိမ်းဝါဝွန် ဆေးပြားလေးများ ထည့်ထားသော ပုလင်းလေးကို တွေ့ရသဖြင့် ကျန်းမာရေးမှူး ကိုယ်တိုင် ဆေးတိုက်သည်။ အခြေအနေ မဟန်ပါက အိမ်ပြန်ပြီး အနားယူရန် မေတ္တာရပ်ခံကြသည်။ ဆရာကြီးက "ရတယ်" ဟု ပြန်ပြောသည်။ မအေးနုကိစ္စ ပြီးပြီးပြတ်ပြတ် ဖြစ်သွားတာကို ကိုယ်တိုင် မြင်လိုဟန်တူသည်။

စိတ်ထိခိုက်ဖွယ်ရာ မြင်ကွင်းများကြောင့် ဖြစ်ပေါ်လာသော ရပ်ရွာလူကြီးများ၏ ဒေါသသည် ဒေါ်မြကြိုင်အပေါ်တွင် စုပြုံကျရောက်လေတော့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်လောက်က အုပ်ချုပ်ရေး အပြောင်းအလဲ စပ်ကူးမတ်ကူး ကာလတွင် ဒေါ်မြကြိုင်တို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုကြီးသည် ယနေ့ ဘူးပေါ်သလို ပေါ်လာတော့သည်။ ကျေးရွာ ပြည်သူ့ကောင်စီ လူကြီးများနှင့် ရဲစခန်းမှူးတို့မှာ ဤပြစ်မှုနှင့် ပတ်သက်၍ နောက်ပိုင်းတွင် မည်သူ့ကို မည်ကဲ့သို့ အရေးယူရမည်ကို စဉ်းစားနေကြဟန်တူသည်။

ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သူ ဦးကြာခိုင်က ကွယ်လွန် သွားခဲ့ပြီ။ ဒေါ်မြကြိုင်မှာမူ အသက် ခုနစ်ဆယ်ကျော် အဘွားအို ဖြစ်နေပေပြီ။ အောင်ပုမှာမူ ထိုစဉ်က အသက်မပြည့်သေးသော လူပျိုပေါက်အရွယ်သာ ဖြစ်သည်။

ကာယကံရှင် မအေးနုမှာ ဝဋ်ရှိလို့ ခံခဲ့ရတာလို့ပဲ သဘောထားပြီး ကိစ္စပြီးလိုက်ရမလား၊ အစိုးရက တရားလို လုပ်၍ပဲ ဒေါ်မြကြိုင်ကို အရေးယူရတော့ မလား မစဉ်းစားတတ်အောင် ဖြစ်နေကြတော့သည်။

ဤပြဿနာတွေကို အသာထား၍ လောလောဆယ် ပြဿနာကို အရင် ဖြေရှင်းရန်အတွက် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌကြီး ဦးအောင်ပွင့်က စတင် စကားပြောလိုက်သည်။

"ကဲ.... အားလုံးပဲ နားထောင်ကြပါ၊ ကျွန်တော်တို့ ဒီနေ့ ဒီကိုလာရတဲ့ အကြောင်းက မအေးနရဲ့ အခြေအနေမှန်ကို လေ့လာ စစ်ဆေးဖို့နှင့် လိုအပ်ပါက မအေးနရဲ့ ဆန္ဒအရ ကူညီ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်၊ ဒေါ်မြကြိုင်က မအေးနကို မွေးစားတဲ့ စာချုပ်ကို သွားယူပါ"

ကျေးရွာဥက္ကဋ္ဌ အမိန့်ဖြစ်၍ ဒေါ်မြကြိုင်မှာ မနေသာတော့ဘဲ အိပ်ခန်း အတွင်းသို့ ဝင်သွားသည်။ အောင်ပုက ထလိုက်သွားသည်။ လူကြီးများ မျက်ကွယ်တွင် သားအမိနှစ်ယောက် တိုင်ပင်ရန် ဖြစ်ပေလိမ့်မည်။

မကြာမီ သားအမိနှစ်ယောက်လုံး အခန်းတွင်းမှ ပြန်ထွက်လာကြသည်။ ဒေါ်မြကြိုင်၏ လက်ထဲမှာ ဟောင်းနွမ်း ဝါကျင်နေပြီ ဖြစ်သော စာရွက်ခေါက် တစ်ခုကို ကိုင်လာသည်။ ဒေါ်မြကြိုင်က စာချုပ်ကို ဥက္ကဋ္ဌကြီး ဦးအောင်ပွင့် လက်သို့ ကမ်းပေးလိုက်သည်။ ဦးအောင်ပွင့်က စာချုပ်ပါ အကြောင်းအရာ အားလုံးကို သိထားသူဖြစ်၍ တိတိကျကျ မသိသေးသော ရဲစခန်းမှူး လက်သို့ ကမ်းပေးလိုက်သည်။ ရဲစခန်းမှူးက ဒေါ်မြကြိုင်၏ စာချုပ်ကိုလည်းကောင်း၊ ကျန်းမာရေးမှူးက မအေးန၏ စာချုပ်ကို လည်းကောင်း ဖတ်နေကြသည်။ ဦးအောင်ပွင့်က စကားဆက်ပြောသည်။

"ပထမ အစီအစဉ်အရ စခန်းမှူး ဦးမောင်မောင်တင့်က မအေးနကို မေးခွန်းအနည်းငယ် မေးပါမယ်၊ ပြီးရင် ဒေါ်မြကြိုင်ကို မေးပါမယ်၊ ဦးစိန်မြင့်အား မှတ်တမ်း ရေးပေးပါရန် မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား"

ဦးအောင်ပွင့်က အစည်းအဝေး အကျင့် ပါနေဟန်တူသည်။ အခမ်းအနားမှူး လေသံဖြင့် ပြောလိုက်သဖြင့် ကိုလှဖေနှင့် ကိုညွန့်တင်တို့က ကျိတ်ပြီး ပြုံးလိုက်ကြသော်လည်း ဒေါ်မြကြိုင်အဖို့ တခမ်းတနား ဖြစ်နေသဖြင့် ကြက်သီးထသွားသည်။

စခန်းမှူးသည် ဖတ်လက်စ စာချုပ်ကို ပြန်ခေါက်လိုက်ပြီး မအေးနကို မေးခွန်းများ စတင်မေးသည်။

"နာမည် ဒေါ်အေးန ဟုတ်ပါသလား"

"ဟုတ်ပါတယ်ရှင်"

"မိဘနှစ်ပါးရဲ့ နာမည်တွေကို ပြောနိုင်ပါသလား"

"ဦးအရှောင်၊ ဒေါ်အေးမြပါ"

"ဒေါ်အေးန အသက်ဘယ်လောက် ရှိပါပြီလဲ"

"သုံးဆယ့်ခြောက်နှစ်ပါ"

"မိဘနှစ်ပါး ဆုံးတဲ့အခါ ဒေါ်အေးန အသက်ဘယ်လောက် ရှိပါပြီလဲ"

"အဖေမဆုံးပါဘူး၊ အမေဆုံးတဲ့အခါအသက် ဆယ့်ငါးနှစ်ရှိပါပြီ"

မအေးန၏ အဖြေကို ကြားရသောအခါ လူကြီးများ အံ့အား သင့်သွားကြသည်။ စခန်းမှူး၏ မေးခွန်း အများကိုပင် မအေးနက အမှန်ပြင်၍ အဖြေ ပေးလိုက် နိုင်ခြင်းကြောင့် ဖြစ်သည်။ ကိုလှဖေက ဝမ်းသာအားရဖြင့် ကိုညွန့်တင်ကို မျက်စိ မှိတ်ပြလိုက်သည်။ ကိုညွန့်တင်က ရင်တမမ ဖြစ်နေရာမှ သက်သာရာ ရသည့် အသွင်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒေါ်အေးန ဒီစာချုပ်ကို လက်မှတ် ထိုးစဉ်က နားလည်ပြီး သဘောတူလို့ ထိုးခဲ့တာလား၊ ဒါမှမဟုတ် သဘောမတူဘဲ နားမလည်လို့ ထိုးခဲ့တာလား"

ဒီမေးခွန်းကို မအေးန ဘယ်လို အဖြေပေးမလဲဟု ပရိတ်သတ်က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"နားလည်ပါတယ်၊ အခြေအနေအရ မလွှဲသာလို့ သဘောမတူဘဲ ထိုးခဲ့ရတာပါ"

"ဟိုက်"

အားလုံးပင် ဟိုက်ဟု အသံထွက်သွားကြသည်။ ဒေါ်မြကြိုင်က မကျေနပ်သည့် အကြည့်ဖြင့် မအေးနကို ကြည့်လိုက်သည်။ ဆရာကြီး ဦးစံငွေနှင့် ဦးကျီးညိုတို့ကိုမူ 'ရှင်တို့အသိနော်' ဆိုသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

မအေးနု၏ စကားတွင် 'အခြေအနေအရ မလွှဲသာလို့' ဆိုသည့်စကား ပါနေသည်။ ထိုစဉ်က အသက်ဆယ့်ငါးနှစ်သာ ရှိသေးသော မအေးနုမှာ အခြေအနေအရ သွေးအနီးဆုံး ဖြစ်သည့် ဒေါ်မြကြိုင်တို့၏ အုပ်ထိန်းမှုကို ခံယူခဲ့ရခြင်း ဖြစ်သည်။ ဒီအတွက် ဒေါ်မြကြိုင်တို့က ငွေတစ်သောင်းနှင့် အိမ်တွင်း အသုံးအဆောင်၊ အိမ်ထောင်ပရိဘောဂ အားလုံးကို အပိုင်ရသွားခဲ့သည်။ အကယ်၍သာ ဒေါ်အေးမြ ကွယ်လွန်ချိန်တွင် မအေးနု အရွယ်ရောက်ပြီး ဖြစ်နေခဲ့ပါက မည်သူ့ အုပ်ထိန်းမှုကိုမှ ခံယူစရာမလိုဘဲ မိဘစီးပွားအားလုံးကို အပိုင်ရ၍ ကိုယ့်ဘဝကိုယ် ဖန်တီးရုံသာ ရှိသည်။ မိမိ၏ မိဘများ ရှာဖွေ စုဆောင်းထားခဲ့သည့် စီးပွား အမွေအနှစ်ကို မသက်ဆိုင်သူက ခံစားတာကို မည်သူက သဘောတူနိုင်ပါ မည်နည်း။ ဒါကို ရည်ရွယ်၍ မအေးနုက ပြောလိုက်ခြင်း ဖြစ်သည်ကို လူကြီးများအားလုံး သဘောပေါက်ကြသည်။ ဒေါ်မြကြိုင်အတွက်တော့ အတော် စ်ရခက်သော အဖြေ စကားပင် ဖြစ်သည်။

"လောင်အိမ်ထဲ အသွင်းခံရတဲ့ အချိန်မှာ ဒေါ်အေးနုအသက် ဘယ်လောက် ရှိပါပြီလဲ"

"ဆယ့်ခုနစ်နှစ်ရှိပါပြီ"

"ဘယ်သူသွင်းတာလဲ"

"ဒီအိမ်က လူတွေအားလုံးက သွင်းတာပါ"

"နောက်မှာထိုင်နေတဲ့ ဒေါ်ဒေါ်ပါသလား"

"ကိုယ်တိုင်မပါ ပါဘူး၊ အမိန့်ပေးခဲ့ပါတယ်"

ဒေါ်မြကြိုင်က အမှုပတ်လာမှာစိုး၍ ပြန်ပြောလိုက်သည်။

"အားလုံးကိုလည်း ကန်တော့ပါရဲ့၊ ညည်းကို လူတကာ မတော်မရား လုပ်မှာစိုးလို့၊ သွက်သွက် လည်အောင် ရူးနေလို့ ထည့်ခဲ့ရတာပါအေ၊ အခု ဆေးကုလို့ ကောင်းလာတော့မှ ဒီစကားပြောတယ် ...ဟင်း"

"ဒေါ်ဒေါ့်ကို မေးမှ ပြောပါနော်၊ အခု ဘာမှ လိုက်မပြောပါနဲ့"

စခန်းမှူးက ဒေါ်မြကြိုင်ကို တားလိုက်ရသည်။

"အိပ်ခန်းထဲမှာ လျှောင်အိမ်လုပ်ပြီးမှ သွင်းတာလား၊ သွင်းပြီးမှ လျှောင်အိမ်လုပ်တာလား"

ဒီမေးခွန်းကိုတော့ မအေးန ဘယ်လို ဖြေမလဲဟု ပရိတ်သတ်က ရင်တမမဖြင့် နားထောင်နေကြသည်။ ကိုယ့်ကို ချုပ်လှောင်မည့် အချုပ်ခန်း လုပ်နေပြီကို သိပါလျက် ဘာကြောင့် ဒီအိမ်က ထွက်မပြေးခဲ့သလဲဟု တွေးတောဖွယ်ရာ ဖြစ်လာနိုင်သောကြောင့် ဖြစ်သည်။ သို့သော် အအေးန၏ အဖြေက ရှင်းသည်။

"အိပ်ခန်းထဲက မထွက်နိုင်အောင်လုပ်ပြီး၊ လှောင်အိမ် လုပ်ကြတာပါ"

"ဒေါ်အေးနက မအော်ဘူးလား"

"အော်ပါတယ်၊ ဘယ်သူမှ မကြားကြပါဘူး၊ ကြားတဲ့ လူတွေကလည်း ဝိုင်းရယ်ကြတယ် ... ဟင့်.... ဟင့်"

မအေးနက ဟိုတုန်းက အဖြစ်ကို ပြန်လည် သတိရပြီး ဝမ်းနည်း လာဟန်တူသည်၊ ရှိုက်ငိုလိုက်သည်။

"ကောင်းပါပြီ၊ ဒါပါပဲ ဒေါ်အေးန၊ ကျေးဇူးတင်ပါတယ်"

တရားရုံးတွင် အမှုစစ်နေခြင်း မဟုတ်၍ စခန်းမှူးသည် မအေးနကို နှိုက်နှိုက်ချွတ်ချွတ် အသေးစိတ် မမေးတော့ဘဲ ရပ်လိုက်သည်။ ဒေါ်မြကြိုင်ကို တစ်လှည့် မေးလိုက်သည်။

"ဒေါ်ဒေါ် အသက်ဘယ်လောက်ရှိပါပြီလဲ"

"ခုနစ်ဆယ့် လေးနှစ်ပါ"

"ဒေါ်အေးနကို လှောင်အိမ်ထဲ သွင်းတဲ့အခါ ဒေါ်ဒေါ် အသက် ဘယ်လောက်ရှိပါပြီလဲ"

"တိတိကျကျ မသိပါဘူး၊ ငါးဆယ်တော့ ကျော်ပါပြီ"

"ဒေါ်ဒေါ်အေးနှ၊ အဲဒီတုန်းကတော့ မအေးနပေ့ါလေ၊ မအေးန ရှူးပါတယ်လို့ ဒေါ်ဒေါ် ဘယ်လိုလုပ်သိသလဲ"

"အောင်မလေး.... ဆရာရယ် အဲဒီတုန်းက ဒီကလေးမ ရှူးတယ် မရှူးဘူးဆိုတာ ကျွန်မကို မမေးပါနဲ့၊ ဟောဒီရွာ တစ်ရွာလုံးကို မေးပါ၊ ဒီလူကြီးတွေကိုလည်း မေးပါ"

ဒေါ်မြကြိုင်က ရပ်ရွာလူကြီးများကို လက်ညှိုးလှည့်ထိုး ပြလိုက်သည်။ စခန်းမှူးက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"လူတစ်ယောက်ကို လှောင်အိမ်ထဲ ထည့်ပြီး ချုပ်လှောင်ထားနိုင်တဲ့ အခွင့်အာဏာ ဒေါ်ဒေါ်တို့မှာ ရှိလို့လား"

စခန်းမှူးက ပြုံးပြုံးရွှင်ရွှင် မေးလိုက်သော်လည်း ဒေါ်မြကြိုင်မှာ အထိတ်တလန့်ဖြင့် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတော့သည်။

"အဲ...အဲဒါတော့ ဆရာရယ်၊ ကျွန်မတို့လည်း...အဲအဒေါ်တို့လည်း မသိဘူး၊ ဒီကလေးမ အန္တရာယ် ဖြစ်မှာစိုးလို့ လုပ်ရတာပါ"

"စိတ်ဝေဒနာရှင် တစ်ယောက်ကို အန္တရာယ် ရှိတယ်လို့ထင်ရင် သက်ဆိုင်ရာကို အပ်ပြီး စိတ်ရောဂါ အထူးကု ဆေးရုံကြီးကို ပို့ရမှာပေ့ါ။ မပို့ဘဲ ဘာကြောင့် အိမ်ထဲမှာ ထောင်ချထားခဲ့တာလဲ"

စခန်းမှူး၏ မေးခွန်းများသည် ဒေါ်မြကြိုင်ကို အမျိုးမျိုး ဒုက္ခပေးနေတော့သည်။ ဒေါ်မြကြိုင်မှာ သူပြုခဲ့သည့် အမှုအတွက် အသက်ကြီးမှ စိတ်သောက ရောက်နေရပြီ ဖြစ်သည်။

"ကျုပ်တို့ မသိပါဘူး ဆရာလေးရယ်၊ နားလည်းမလည်ဘူး၊ အဲဒီတုန်းက ဒီကလေးမ အပျို ဖြစ်နေပြီ၊ ဒီလူကြီးတွေ သိပါတယ်၊ မကောင်းကြံတဲ့လူနဲ့ တွေ့သွားမှာ စိုးလို့ လုပ်ရတာပါ"

မသိ နားမလည်လို့ လုပ်ခဲ့တာကတော့ သေချာသည်။ ထိုစဥ်က မသိနားမလည်ခဲ့ ကြသည်မှာ ဒေါ်မြကြိုင် တစ်ဦးတည်းမဟုတ်၊ တစ်ရွာလုံးဖြစ်သည်။ သို့သော် မကောင်းကြံတဲ့လူနဲ့ တွေ့မှာစိုးလို့ ဆိုသည့် စကားကိုတော့ အားလုံးကပင် သံသယ ရှိကြသည်။ ကာလဒေသအရ

ရှိုးသားကြသည်။ မောင်ချင်း နမချင်း စာနာတတ်ကြသည်။ ကြောက်တတ်ကြသည်။ မတော်မတရား ကျင့်ကြံသူ အလွန် ရှားခဲ့သည်။

"ဒေါ်အေးနုကို အသက်ဆယ့်ရှစ်နှစ် မပြည့်မီ လှောင်အိမ်ထဲ ထည့်ပြီး သော့ခတ်လိုက်တာ အန္တရာယ်ဖြစ်မှာ စိုးလို့ပဲလား၊ တခြား ဘာရည်ရွယ်ချက်များ ရှိပါသေးလဲ"

ဒီမေးခွန်းကတော့ ဒေါ်မြကြိုင်၏ နံကြားကို တအား ပစ်ထိုး လိုက်သည်နှင့်သာ တူတော့သည်။ ဒေါ်မြကြိုင်သည် လည်မှာ ပတ်ထားသော မျက်နှာသုတ် ပဝါကို ဖြေချပြီး မျက်နှာကို အုပ်၍ ငိုလေတော့ သည်။

"ဘာရည်ရွယ်ချက်မှ မရှိပါဘူးတော်...ဟီး...ဟီး၊ ကျုပ်တူမလေးကို လူယုတ်မာတွေ မတော်မတရား လုပ်မှာစိုးလို့ လုပ်ခဲ့မိတာပါ...ဟီး...ဟီး"

အသက်ကြီးမှ မျက်ရည်ပေါက်ကြီးငယ် ကျရသော ဒေါ်မြကြိုင်ကိုကြည့်ပြီး လူကြီးများမှာ တရားသံဝေဂ ရကြရသည်။ ရဲစခန်းမှူးက မေးခွန်းများမေးရန် မလိုတော့ကြောင်း ဥက္ကဋ္ဌကြီး ဦးအောင်ပွင့်ကို အစီရင်ခံလိုက်သည်။ ဥက္ကဋ္ဌကြီး ဦးအောင်ပွင့်က ဒေါ်မြကြိုင်ကို နှစ်သိမ့်စကား ပြောပြီး အစီအစဉ်ကို ဆက်သည်။

"ကဲ....ဒေါ်မြကြိုင် စိတ်အေးအေးထားပါ၊ ကျွန်တော်တို့ ဆက်လုပ်စရာရှိတာ လုပ်ကြရအောင်"

ဦးအောင်ပွင့်သည် ရဲစခန်းမှူးထံမှ ဒေါ်မြကြိုင်၏ စာချုပ်ကို လှမ်းယူလိုက်ပြီး ကိုလှဖေထံမှ မအေးနု၏ စာချုပ်ကို တောင်းယူလိုက်သည်။ ကာယကံရှင်များကို မေးခွန်းအနည်းငယ် မေးသည်။

"မအေးနုက ဒီအိမ်မှာ ဆက်နေချင်ပါသေးသလား"

"ကျွန်မ ဒီနေ့ပဲ ဆင်းပြီး ကိုလှဖေအိမ်မှာ လိုက်နေဖို့ ဆုံးဖြတ်ထားပြီးပါပြီ"

"မအေးနု ဒီအိမ်က ဆင်းမယ်ဆိုရင် ဒေါ်မြကြိုင်အနေနဲ့ ကန့်ကွက်စရာ ရှိပါသလား"

"သူ့သဘောပါတော်၊ ကျုပ် မကန့်ကွက်ပါဘူး"

ဒေါ်မြကြိုင် စိတ်ဓါတ် ကျသွားဟန် တူသည်။ ကန့်ကွက်၍လည်း အရာရောက်တော့မည် မဟုတ်။ မအေးနုမှာ အသက် ဆယ့်ရှစ်နှစ်၏ နှစ်ဆဖြစ်သော သုံးဆယ့်ခြောက်နှစ် အရွယ် ဖြစ်နေပြီ၊ စိတ်ဝေဒနာရှင်ပါလို့ စွပ်စွဲရအောင်ကလည်း ယခုမြင်တွေ့ နေရသည့် မအေးနု၏ အပြောအဆို အမူအရာကြောင့် ဘယ်လိုမှ စွပ်စွဲ၍ မဖြစ်နိုင်သည့် အခြေအနေ ဖြစ်နေသည်။

မအေးနုက ဒီနေ့ ဒီအိမ်ပေါ်က ဆင်းမည်၊ ဒေါ်မြကြိုင်က မကန့်ကွက်တော့ပါဘူး ဆိုတော့ ဦးလှဖေနှင့် ကိုညွန့်တင်တို့အဖွဲ့ အဆင်ပြေသွားပြီဖြစ်သည်။ ယာယီ လက်ထပ်စာချုပ် လုပ်၍ မအေးနုကို အပါခေါ်ရေးကိစ္စမှာ လုပ်စရာ မလိုတော့ဘဲ အလိုအလျောက် ပြီးပြတ်ပြီး အဆင်ပြေချောသွားပြီ ဖြစ်သည်။

"မအေးနုပိုင် ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်းနဲ့ နားဆွဲတစ်ရံကို ဒေါ်မြကြိုင် သိမ်းထားတယ် ဆိုတာ ဟုတ်ပါသလား"

ဒေါ်မြကြိုင်မှာ ဘေးကျပ်နံကျပ်ဖြင့် အရှက်ကွဲမည့် အဖြစ်နှင့်ချည်း ကြုံရတော့သည်။ တကယ့် လူကြီးတွေ ရှေ့မှာမှ ပြဿနာတွေက ရှင်း၍မပြီးနိုင်အောင် ဖြစ်နေတော့သည်။

"သူ့အခြေအနေ ဆိုးလာတဲ့အခါ သူ့အသက်အန္တရာယ်ကို စိုးရိမ်ရလို့ ကျွန်မ သိမ်းထားခဲ့ပါတယ်တော်၊ ဒါပေမဲ့ နှစ်ပေါင်း နှစ်ဆယ်လောက် သူ့ကို ကျွေးလည်းကျွေး၊ ဆေးလည်း ကုဖို့အတွက် ကျွန်မ မုဆိုးမဘဝနဲ့ တခြားဘယ်ကရလို့ ကျွေးနိုင် မွေးနိုင်မှာလဲ ကိုအောင်ပွင့်ရဲ့၊ ဒီပစ္စည်းတွေကို ထုခွဲ ရောင်းချပြီး ကျွေးမွေး စောင့်ရှောက်ခဲ့ရတာပဲ"

ဒီပစ္စည်းတွေ မရှိတော့ဘူးဟု တရားဝင် အသိ ပေးလိုက်ခြင်းပင် ဖြစ်သည်။ ဒီပစ္စည်းတွေ သာမက ရှိသမျှကုန်အောင် ဒေါ်မြကြိုင် စီးပွား ပျက်ခဲ့ရသည့် အကြောင်းကို တစ်ရွာလုံးသိသည်။ မအေးနုမှာတော့ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်၍ ရှိုက်ငိုရုံမှ လွဲ၍ ဘာမှ မတတ်တော့နိုင်ပြီ၊ အဆိတ်ခတ် မသတ်ဘဲ အနှစ် နှစ်ဆယ်နီးပါး မသေအောင် ထမင်း ကျွေးလာခဲ့တာကိုပဲ ကျေးဇူးတင်ရ ပေတော့သည်။ တမြန်နေ့က ကိုညွန့်တင် မှာကြားခဲ့သော စကားများကို ပြန်လည်ကြားယောင်ပြီး စိတ်ကို ထိန်းလိုက်ရသည်။

"အေးနုမ... ကိုယ့်နောက်ကို အဝတ်တထည် ကိုယ်တစ်ခုနဲ့သာ လိုက်ခဲ့ပါ။ အေးနုမ ဝတ်ချင် စားချင်ရင် ကိုယ်ဆင်ပေးနိုင်ပါတယ်၊ ဒီပြဿနာတွေ ရှုပ်နေရင် သံသရာ ရှည်နေမယ်၊ နော် ညီမ"

မအေးနု မျက်ရည်သုတ်လိုက်ပြီး လက်နှစ်ဖက်ကို မျက်နှာမှခွာလိုက်သည်။ မအေးနုက ဘာမှ မပြောတော့ဘဲ ငြိမ်နေတော့မှ ကိုညွန့်တင်မှာလည်း သက်ပြင်း ချနိုင်တော့သည်။

"တစ်နေ့နေ့မှာ အိမ်ထောင်ပြုမယ်ဆိုရင် ဒေါ်မြကြိုင်က ဒီစာချုပ်အရ မင်္ဂလာစရိတ်အပြင် ငွေငါးထောင်ထက်မနည်း လက်ဖွဲ့ရဦးမှာ ဖြစ်ပါတယ်၊ အဲဒါကော ဒေါ်မြကြိုင် တာဝန်ယူနိုင်ပါ့မလား"

"ဒါကတော့ ကိုအောင်ပွင့်ရယ် ဖြစ်လာမှာတော့ ကျွန်မမှာ မိဘဝတ္တရားလည်း ရှိပါသေးတယ်၊ နိုင်သလောက်တော့ တာဝန်ယူရမှာပေါ့"

ဥက္ကဋ္ဌကြီးနှင့် ရပ်ရွာလူကြီးများသည် ဒေါ်မြကြိုင်ကို ဤမျှ သတိပညာပေးလျှင် တော်လောက်ပြီဟု သဘောပိုက်ကြဟန်တူသည်။ နောက်ထပ်မေးခွန်းများ မမေးတော့ဘဲ ရပ်လိုက်ကြသည်။ ဥပဒေအရ အကျပ်ကိုင်မည် ဆိုပါက အိုကြီးအိုမ ကျခါမှ ဒုက္ခလှလှကြီး တွေ့ပေတော့မည်။ ဒေါ်မြကြိုင် ကိုယ်တိုင်ကလည်း သူ့အတွက် ဖြစ်လာနိုင်သည့် အန္တရာယ်များကို သိမြင်ပြီး အကြီးအကျယ် စိုးရိမ် ထိတ်လန့်နေသည်။ လူရောစိတ်ပါ နွမ်းနယ်လေပြီ။

"ဒီတော့ မအေးနုက မအေးနုရဲ့ လက်ဝတ်လက်စားတွေ မရဘဲ ဒီအိမ်ပေါ်က ဆင်းသွားနိုင်ပါ့ မလား"

"ကျွန်မ ဒီအိမ်ပေါ်က ဆင်းလို့ရတဲ့ အခွင့်အရေးကလွဲလို့ တခြား ဘာအခွင့်အရေးမှ မလိုချင် တော့ပါဘူး"

မအေးနုစကားက ပြတ်သည်။ ဒီအိမ်ပေါ်ကသာ ဆင်းခွင့် ရမည်ဆိုလျှင် လက်ဝတ် လက်စားများ သာမက အခြား ဘာအခွင့်အရေးမှ မလိုချင်ပါဘူးဆိုတော့ မင်္ဂလာ လက်ဖွဲ့ငွေ ငါးထောင်ကိုလည်း လုံးဝ မမျှော်လင့်ကြောင်း ကြေငြာလိုက်ခြင်း ဖြစ်သည်။ ဒီအိမ်မှာ မနေချင်ပါဘဲလျက် ဒေါ်မြကြိုင်က မတရား ချုပ်လှောင် ထားခဲ့၍ ဆယ့်ရှစ်နှစ်လုံး နေခဲ့ရကြောင်းကို တရားဝင် တိုင်တန်းလိုက်ခြင်းပင် ဖြစ်တော့သည်။

အရမ်း အခြေအနေကောင်းသွားပြီ ဖြစ်ကြောင်း ကိုလှဖေက ကိုညွန့်တင်ကို ကြည့်ပြီး အချက်ပြလိုက်သည်။ ကိုညွန့်တင်က နားလည်ကြောင်း ခေါင်းညိတ်ပြသည်။

မအေးနုက ဘာအခွင့်အရေးမှ မလိုချင်တော့ဘူးဆိုတော့ ဒေါ်မြကြိုင်မှာ ဝမ်းသာရမည့် အစား သိက္ခာကျပြီးရင် ကျနေ၍ မျက်နှာ မဖော်ရဲအောင် ဖြစ်နေတော့သည်။

"ကောင်းပြီ၊ ဒါဆိုရင် တစ်စုံတစ်ရာ ပြဿနာကြောင့် ဒေါ်မြကြိုင်ကို တရားဥပဒေအရ အရေးယူပေးဖို့ တိုင်တန်းလိုတဲ့ ဆန္ဒကော ရှိပါသလား"

"မရှိပါဘူး ဦးလေးရယ်၊ ကျွန်မ ဘယ်သူ့ကိုမှ ဒုက္ခ မပေးချင်ပါဘူး၊ ကျွန်မကြောင့် သူများ ဒုက္ခရောက်တာကို ကျွန်မ မလိုလားပါဘူး၊ ကျွန်မသာ ဝဋ်ရှိလို့ ခံခဲ့ရတာပါ ဟင့်....ဟင့်"

မအေးနုကပြောပြီး ရှိုက်ငိုတော့သည်။ မအေးနု၏ စကားသည် ဒေါ်မြကြိုင်၏ နှလုံးသားကို ဘလိတ်ဓားဖြင့် လှီးလိုက်သလို နာကျဉ် ခံခက်လှသဖြင့် ဒေါ်မြကြိုင်ပင် မျက်ရည် ကျရလေတော့သည်။

"ကိုကြာခိုင်ရယ် ရှင့်အရင် ကျုပ်သေခဲ့ရင် ကောင်းမယ်တော့"

ဥက္ကဋ္ဌကြီး ဦးအောင်ပွင့်က အတွင်းရေးမှူး ဦးစိန်မြင့်၊ အမှုဆောင် ကိုလှဖေတို့နှင့် တစ်စုံတစ်ခု တီးတိုး တိုင်ပင်သည်။ သုံးယောက်တည်းသာ ကြားနိုင် လောက်သည့် လေသံဖြင့် ပြောနေကြ၍ ဘာတွေ တိုင်ပင်နေမှန်း မသိရပေ။ ခဏကြာတော့မှ ဦးအောင်ပွင့်က စကားပြောသည်။

"ကဲ....ဒါဆိုရင်တော့ အားလုံးပဲ ကိစ္စပြီးပါပြီ၊ ဒီကိစ္စမှာ လူမှုရေးကိစ္စတွေ အများကြီးရောပါ နေတဲ့အတွက် ကျုပ်တို့ ကျေးရွာအာဏာပိုင် အဖွဲ့ဝင်တွေ အနေနဲ့ အတိုင်းအတာ တစ်ခုအထိပဲ ပါဝင် ပတ်သက်လို့ ရပါတယ်၊ ကြီးတဲ့ပြဿနာကို သေးအောင်၊ သေးတဲ့ပြဿနာကို ပြီးပျောက်အောင် ပေါ့ဗျာ၊ အဓိကတော့ ကာယကံရှင် နှစ်ဦးနှစ်ဖက်ရဲ့ ဆန္ဒပါပဲ၊ ကာယကံရှင်များရဲ့ အလိုဆန္ဒအရ လမ်းမှန် ကမ်းမှန်ဖြစ်သော ကူညီဆောင်ရွက် ပေးဖို့မှအပ တခြားနည်းနဲ့ ပါဝင်စွက်ဖက်လို့ မရပါဘူး၊ အဲဒီတော့ ဒေါ်မြကြိုင်က စာချုပ်ကို ပြန်သိမ်းထားပါ၊ မအေးနု စာချုပ်ကိုတော့ မအေးနုကိုယ်တိုင် သိမ်းလိုက သိမ်းထားနိုင်ပါပြီ"

ဦးအောင်ပွင့်က စာချုပ်များကို ကာယကံရှင် လက်သို့ ကမ်းပေးလိုက်သည်။ ကိုညွန့်တင်၏ မူလ အစီအစဉ်အရ စာချုပ်များကို အပြီးအပိုင် ဖျက်ဆီး ပစ်ရန် ဖြစ်သော်လည်း ကျေးရွာအာဏာပိုင် အဖွဲ့ဝင်များ ပါဝင်နေသဖြင့် မူနှင့် မကိုက်ညီ၍ မူလ အစီအစဉ်ကို ဖျက်သိမ်း လိုက်ရသည်။ တစ်နေ့ တစ်ချိန်တွင် ကာယကံရှင် တစ်ဦးက စိတ်ပြောင်းသွားပြီး မကျေနပ်ပါဘူး၊ မူလစာချုပ် အတိုင်းသာ ဖြစ်လိုပါသည်ဟု လုပ်လာလျှင် ပါဝင် ပတ်သက် ခဲ့သော ဒေသ အာဏာပိုင် အဖွဲ့ဝင်တွေကိုပါ အမှု ပတ်လာနိုင်သည်။ ဤအခြေအနေကို ကြိုမြင်၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကိုလှဖေတို့ တီးတိုး တိုင်ပင် ခဲ့ကြခြင်းဖြစ်သည်။

စာချုပ်များ ဖျက်ဆီးပစ်ရေး အစီအစဉ် ပျက်သွားတော့ ဒေါ်မြကြိုင်အဖို့ ကြိုးတန်းပေါ် လမ်းလျှောက် နေရသေးသည့် အခြေအနေကို ပြန်ရောက် သွားတော့သည်။ မအေးနုက ခွင့်လွှတ်ပါမှ၊ မအေးနုက သနားပါမှ ချမ်းသာရာရတော့မည့် အခြေအနေ ဖြစ်နေတော့သည်။ ယနေ့ လူကြီးများ ရှေ့မှောက်တွင် မအေးနု ပေးခဲ့သော ကတိကဝတ်များသည် တရားဝင်သည် မဟုတ်၊ ဒီအိမ်ပေါ်က ဆင်းရလျှင် ပြီးရောဆိုသည့် သဘောပါနေသည်။ စာချုပ်ကို တရားဝင် ဖျက်ဆီး ပစ်မှသာ စိတ်ချရမည်ဖြစ်သည်။

"ကဲ... မအေးနု ဒီနေ့ ဒီအချိန်ကစပြီး လွတ်လပ်သွားပါပြီ၊ ကိုယ့်အတွက် အန္တရာယ် မရှိဘူး ဆိုရင် သွားလိုရာ သွားနိုင်ပါပြီ၊ နေလိုရာမှာ နေလို့ရပြီ၊ ကြွရောက် ချီးမြှင့်ကြတဲ့ ရပ်ရွာလူကြီးများ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား"

ဦးအောင်ပွင့်က အစည်းအဝေးပြီးဆုံးကြောင်း၊ ကြေညာသည့် လေသံဖြင့် အဆုံးသတ် လိုက်သည်။

မအေးနုသည် စာချုပ်ကို ကိုလှဖေ လက်သို့ အပ်လိုက်ပြီး ဆရာကြီး ဦးစံငွေ၊ ဦးကျီးညို၊ ဦးအောင်ပွင့်တို့ကို ရိုရိုသေသေ ဦးချကန်တော့လိုက်သည်။ ကိုညွန့်တင်က အမှတ်တရအဖြစ် ဓာတ်ပုံ ရိုက်ယူလိုက်သည်

မအေးနုသည် ထိုက်လျက် အနေအထားဖြင့်ပင် နောက်ဘက်သို့လှည့်၍ ဒေါ်မြကြိုင်၏ မျက်နှာကို သေသေချာချာကြည့်ပြီးမှ ကန်တော့ကြောင့် လက်အစုံကို မြှောက်၍ နဖူးမှာ ထိစေပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါသည်။ ကိုညွန့်တင်သည် ကင်မရာကို အော်တိုတင်ပြီး သုံးလေးချက်

ဆက်တိုက် ရိုက်ယူ ထားလိုက်သည်။ ဖလက်ချ်မှ မီးရောင်များ သုံးလေးချက် ဆက်တိုက်လင်းသွားသည်။

ဒေါ်မြကြိုင်အဖို့ မမျှော်လင့်သော ရိုသေမှု ဂါရဝတစ်ခုကို မအေးနုက ပြုလိုက်သဖြင့် ရင်မှာဆို့တက်၍ မျက်ရည်ကျရတော့သည်။

"အဒေါ့်ကို သတ်ပြီးမှ သွားပါတော့သမီးရယ်...ဟင့်...ဟင့်"

မအေးနုသည် ထိုင်ရာမှထလိုက်ပြီး အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ အိမ်ပေါ်မှဆင်းပြီး အိမ်ခြံဝမှ ထွက်လိုက်သည်နှင့် သူ့ကို စောင့်ကြည့်နေကြသော လူအုပ်ကြီးနှင့် ရင်ဆိုင်ရတော့သည်။

အရှုးမ၊ အေးနုကိစ္စဖြင့် ရပ်ရွာလူကြီးများ ဒေါ်မြကြိုင် အိမ်ပေါ်မှာ ရောက်ရှိ စကားပြောနေကြသည်ဆိုသော သတင်းက တစ်ရွာလုံး ပြန့်သွားသဖြင့် စိတ်ဝင်စားစွာ လာရောက် စောင့်ကြည့်နေကြသော ပရိတ်သတ်များ မနည်းလှပေ။ လမ်းပေါ်တွင်လည်းကောင်း၊ မျက်နှာချင်းဆိုင် အိမ်များပေါ် တွင်လည်းကောင်း၊ အိမ်နီးချင်း ဝင်းခြံတွေ အတွင်းမှာလည်းကောင်း၊ ဟိုတစ်စု သည်တစ်စုဖြင့် ရပ်လျက်တစ်ချို့၊ ထိုင်လျက်တစ်စု ဖွဲကောင်းကောင်းဖြင့် စောင့်ကြည့်နေကြသည်။

ဒေါ်မြကြိုင်၏ ခြံထဲမှ မအေးနု ပြေးထွက်လာတာကို မြင်ကြသောအခါ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီး အချင်းချင်း အော်ဟစ် သတင်းပို့လိုက်ကြသည်။

"ဟေ့...အရှုးမ အေးနု ထွက်လာပြီဟေ့၊ ဟာ...ပြေးပြီ၊ ပြေးပြီ"

စောင့်ကြည့် နေကြသော ပရိတ်သတ်၏ မျက်လုံးများနှင့် အော်ပြောနေသော အသံများကို ရင်မဆိုင်ရဲသော မကြားဝံ့သော မအေးနုသည် နားနှစ်ဖက်ကို လက်ဖြင့် ပိတ်၍ ရွာလယ် လမ်းမအတိုင်း စုန်ပြေးလေတော့သည်။

ကိုလှဖေနှင့် ကိုညွန့်တင်တို့သည် လူကြီးများကို ခွင့်တောင်း၍ ထိုင်ရာမှ ထလိုက်ကြသည်။ အိမ်ပေါ်မှ ဆင်း၍ လမ်းမပေါ် ထွက်ကြည့်လိုက်ရာ ရွာဦး စေတီဘက်သို့ ဦးတည်ပြေးနေသော မအေးနုကို တွေ့ရသဖြင့် ပြေးလိုက်ကြရတော့သည်။

မအေးနသည် ကျောက်ကြမ်းခင်း လမ်းမပေါ်တွင် ဖိနပ်မပါပဲ ပြေးသွားနေသည်။ မြေကြီးနှင့် မထိမတွေ့ ရသည်မှာ ဆယ့်ရှစ်နှစ်ရှိပြီ ဖြစ်သော ခြေဖဝါး နုနုတို့သည် နာကျင်ပေနေလိမ့်မည်။ မကြာခဏ လဲကျနေတာ တွေ့ရသည်။ နာရမှန်းမသိ၊ ကျင်ရမှန်းမသိ၊ မောရမှန်းမသိ၊ ပန်းရမန်း မသိနိုင်အောင် စိတ်အာရုံ ဝင်စား၍ ဘုရားဆီသို့ ဦးတည် ပြေးနေဆဲဖြစ်သည်။

မအေးန ဘုရားကုန်းတော်ပေါ် ရောက်၍ တနင်္ဂနွေထောင့်ရှိ ဂြိုဟ်တိုင်ရှေ့တွင် ထိုင်ပြီးသော အခါမှသာ ကိုလှဖေနှင့် ကိုညွန့်တင်တို့ ဘုရား ကုန်းတော်ပေါ်သို့ ရောက်သွားကြသည်။ မအေးနကား မျက်စိကို မှိတ်၍ ဘုရားကို အာရုံပြုနေလေပြီ။

နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် သပ္ပာယ်တင့်တယ်စွာ စံပါယ်တော်မူနေသော သရီရဓာတု စေတီတော်မြတ်သည် ချစ်သမီး မအေးန၏ လွတ်မြောက် လာခြင်းကို ဝမ်းသာကြိုဆိုသည့် အနေဖြင့် ဓမ္မတေးများကို တချွင်ချွင် သီဆိုပေးလျက်ရှိပေသည်။

ပျဉ်ကတိုးပင် အိုထက်မှ နွေ၏ အတွေးဖြင့် အလွမ်းတေးကို သီဆိုနေသော ဖော်ဝေးငှက်ဥဩ တစ်ကောင်သည် ခေတ်ဟောင်း တေးအိုကြီးကို သီဆိုနေခြင်းမှ ချက်ချင်း ရပ်လိုက်သည်။

မအေးန ဘုရားအာရုံပြုပြီး ဦးချကန်တော့လိုက်သော အချိန်တွင် ထန်းပင်ကြီး၏ ထန်းလက် များသည် ရှဲခနဲ အသံပြုပြီး လက်ခုပ်တီး၍ ဩဘာ ပေးလိုက်ကြသည်။

(၂၈)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## မြို့နယ်တရားသူကြီးအဖွဲ့ရုံး

## ချောင်းချွမြို့နယ်

## ရခိုင်ပြည်နယ်

မြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက ကာယကံရှင်များကို ထုံးစံအတိုင်း မေးစစ်ပြီးသောအခါ ကိုညွန့်တင်နှင့် မအေးနုတို့ကို လက်ထပ်စာချုပ်ပေါ်တွင် လက်မှတ် ရေးထိုးစေသည်။

ကိန္နရီချောင်းကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှဖေနှင့် ကျန်းမာရေးမှူး ဦးအောင်နိုင်တို့က အသိသက်သေများအဖြစ် လက်မှတ်ထိုးကြသည်။

ဥက္ကဋ္ဌကြီးက ထုံးတမ်း စဉ်လာအတိုင်း မင်္ဂလာစကား အနည်းငယ် ပြောကြားပြီးသောအခါ ကိုညွန့်တင်နှင့် မအေးနုတို့၏ တရားဝင် အကြင်လင်မယား ဖြစ်ကြောင်း လက်ထပ်စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုး ပေးလိုက်သည်။

ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်လူကြီးများကို အမှူးထား၍ ရုံးအဖွဲ့သားများကို လက်ဖက်ရည် အချိုပွဲဖြင့် ဧည့်ဝတ်ပြုပြီးသောအခါ လက်ထပ်ခြင်း ပထမအဆင့် ပြီးမြောက်အောင်မြင် သွားတော့သည်။

မြို့နယ်ရုံးမှ ရွာသို့ ဂျစ်ကားဖြင့် နေ့ချင်းပြန်ခဲ့ကြသည်။ မအေးနု၏ အခြေအနေကြောင့် ရင်တမမဖြင့် အသက် ရှုမဝခဲ့ကြသော ကိုလှဖေနှင့် ကိုညွှန့်တင်တို့မှာ ကားပေါ်ပြန်ရောက်မှ ဝအောင် အသက်ရှုကြရတော့သည်

## (၂၉)

"အဖေရော အမေရော ဆွေမျိုးတွေစုံစွာ၊ သိုက်သိုက်ဝန်းဝန်း စုရုံးကာ၊ မင်္ဂလာရက်မြတ်မှာ- မင်္ဂလာရက်မြတ်မှာ- ဖနီးချော ရသမို့ပီတိဖြာ၊ မိုးသကြားမင်းကိုပင် ပြိုင်ချင်စမ်းတာ၊ အနိုင်ရမှာ ကျွန်တော်သေချာ--အမေ့ချွေးမအလိမ္မာ၊ အိမ်ကိုပါအောင် ကျွန်တော်ခေါ်ခဲ့မှာ --"

ကိန္နရီချောင်းကျေးရွာကြီး၏ ရွာဦးကျောင်းသွား လမ်းမကြီးပေါ်ရှိ ဦးလှဖေ၏ အိမ်ရှေ့ မင်္ဂလာမဏ္ဍပ်မှ အော်နေသော လောစပီကာကျယ်အသံသည် ကိန္နရီချောင်း တစ်ရွာလုံးကိုသာမက သဖန်းကွင်း၊ တောင်ရင်းကွင်း၊ ကျောက်ပါးစပ် ကျေးရွာများအထိ ရောက်သွားသည်။ အော်လံကြီးနှစ်လုံးကို သရက်ပင်ပေါ် တင်ထားတာ အားမရနိုင်သေး၍ သရက်ပင်ပေါ်မှာ ဝါးပိုးတိုင်ကြီးထောင်ပြီး အကျအနဆင်ထားသည်။

စနေနေ့ညနေ သုံးနာရီလောက်က စပြီး ဖွင့်လိုက်တာ ညဆယ့်နှစ်နာရီလောက်မှ ခဏ နားသည်။ တနင်္ဂနွေနေ့ မိုးလင်း အရုဏ်တက် လေးနာရီမှစ၍ မင်္ဂလာ မဏ္ဍပ်ကို ကျောင်းတော် အမှတ်ဖြင့် ကြွရောက် စံနေတော်မူကြပါရန် ပင့်လျှောက်သော ဒွေးဒွေးမြင့်၏ ဘုရားပင့်သီချင်းဖြင့် စတင် လိုက်ပြန်သည်။

မြန်မာတစ်ပြည်လုံးရှိ ဇာတ်မင်းသားမျိုးစုံတို့၏ ဇာတ်ထုပ်အမျိုးမျိုး၊ ခေတ်ဟောင်း၊ ခေတ်လယ်၊ ခေတ်ပေါ် အဆိုတော် အမျိုးမျိုးတို့၏ တေးသီချင်း အမျိုးမျိုးတို့ စုံပါပေသည်။ အပင်ပန်းဆုံး အဆိုတော်ကတော့ တွံတေးသိန်းတန်ဖြစ်သည်။ တစ်ရွာလုံးကလည်း နားထောင်၍

မဝနိုင်ဟုဆိုသည်။ ဘာကြိုက်သလဲ မမေးနဲ့၊ သီချင်းဖွင့်ထားတုန်း ငိုတဲ့ကလေးနဲ့ ပေါင်တဲ့ခွေးတော့ အရိုက်ခံရပြီသာ အောင့်မေ့ပေတော့။

မင်္ဂလာမဏ္ဍပ်ကြီး၏ နဖူးစည်းတွင် 'မောင်ညွန့်တင် [B.A] နှင့် မအေးနုတို့၏ မင်္ဂလာဧည့်ခံ မဏ္ဍပ်' ဟူသော ရွှေရောင်စာလုံးကြီးများက ခမ်းနား ထည်ဝါလှသည်။

ကိုလှဖေ၏ အကူအညီဖြင့် ကျေးရွာစာရေး မောင်အေးမြင့် လက်နှိပ်စက် ရိုက်ပေးသော မင်္ဂလာဖိတ်စာ ကလေးများကလည်း သတို့သားနှင့် သတို့သမီးတို့ကို ဂုဏ်တက်စေသည်။

**ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ**

**ကန္တရီချောင်းကျေးရွာနေ ကွယ်လွန်သူ ဦးဘာတင်၊ ဒေါ်စိန်ခက်တို့၏ သား**

**မောင်ညွန့်တင်(B.A) ( နိုင်ငံခြားသဘော် ရေဒီယိုဆက်သွယ်ရေးအရာရှိ)**

**နှင့်**

**ဦးအရှောင်၊ ဒေါ်အေးမြ (ကွယ်လွန်) တို့၏ သမီး**

**မအေးနု**

**တို့၏**

**မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပါရန်**

**ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။**

**(လက်ဖွဲ့ခြင်းသည်းခံပါ)**

**မောင်ညွန့်တင်+မအေးနု**

အပယုတ်အလတ် မမြတ်မရွေး ဖိတ်စာ မရသော်လည်း ကြွကြပါရန် စနေနေ့ ညဦးပိုင်းက ရွာဆော်ကြီး ဦးညီပုက မောင်းခတ် ကြေညာထားသဖြင့် တနင်္ဂနွေနေ့ နံနက် ၇ နာရီ လောက်မှ စ၍

တဖွဲဖွဲ ရောက်ရှိလာကြသည့် ဧည့်ပရိသတ်များမှာ ထမင်းကို ဝက်သားဟင်းကြီး လက်သီးဆုပ် သဏ္ဍာန်ဖြင့် စားသောက်ပြီးကြသော်လည်း မပြန်ကြသေးဘဲ သတို့သမီးကို ကြည့်ချင်၍ ဖွဲကောင်းကောင်းဖြင့် ထိုင်စောင့်နေကြသည်။ နံနက် ၈နာရီခန့်တွင် မဏ္ဍပ်ကြီး အတွင်းမှာသာမက ကိုလှဖေ၏ အိမ်ပေါ်မှာပါ ဧည့်ပရိသတ်များဖြင့် ပြည့်နေတော့သည်။

ဒေသထုံးစံအတိုင်း ဧည့်ပရိသတ်စုံမှ သတို့သားနှင့် သတို့သမီးကို ပွဲထုတ်၍ နှစ်ဖက်မိဘများကို ကန်တော့ကြရမည်။ မိဘများကို ကန်တော့ပြီးပါက မင်္ဂလာဘိသိက် ဆရာ၏ လက်ထပ်ပေးခြင်းကို ခံယူ၍ ထမင်း လက်ဆုံ စားပြီးမှ ဧည့်ပရိသတ်ကို လိုက်လံ နှုတ်ဆက် မျက်နှာပြရမည့် အစီအစဉ် ဖြစ်သည်။

မင်္ဂလာ မဏ္ဍပ်ကြီး အတွင်းမှ တစ်တောင်ခန့်မြင့်သော စင်မြင့်ကြီးပေါ်တွင် သတို့သား၏ မိဘနှစ်ပါးအဖြစ် ဆရာကြီး ဦးစံငွေနှင့် ကိုလှဖေ၏အမေ ဒေါ်အေးပုတို့ကိုလည်းကောင်း၊ သတို့သမီး၏ မိဘနှစ်ပါးအဖြစ် ဦးကျီးညိုနှင့် ဒေါ်မြကြိုင်တို့ကိုလည်းကောင်း အသီးသီး နေရာပေးထားသည်။

မိဘမရှိ ဆွေမျိုးမရှိသော နှစ်ဆယ်ရာစု၏ ရုပ်ပါစတား၊ ဘွဲ့ရသဘော်သား အရာရှိနှင့် အရှူးမတို့၏ မင်္ဂလာပွဲကို ကြံ့တောင့် ကြံ့ခဲ နွဲကြရသောပွဲဖြစ်သည်။ သတို့သမီးမှာ ဂုဏ်မရှိ၍ အဘက်ဘက်မှ မျက်နှာငယ်ရသော်လည်း နှစ်ပေါင်းသုံးဆယ်ခန့်အတွင်း ဒီရွာမှာ အကြီးကျယ်ဆုံး မင်္ဂလာဆောင်၏ သတို့သမီးဖြစ်သောကြောင့် အထင်မသေးရဲကြပေ။ ဒီမင်္ဂလာဆောင်ကို လူတိုင်း စိတ်ဝင်စားနေကြသည်။ စည်ကားလိုက်သည်မှာလည်း ပြောဖွယ်ရာ မရှိပေ။

စနေနေ့ ညနေကစ၍ အိမ်နီးချင်းများနှင့် ရင်းနီးသူများကို အကျွေးအမွေးဖြင့် ဧည့်ခံနေသည်။ အောင်ပု၊ လွန်းရွှေ၊ ကျော်ထွန်း၊ ကြီးရွှေတို့ အရက်သမားအုပ်စုက လူငယ်ကာလသား အုပ်စုကို ဦးဆောင်ပြီး အချက်အပြုတ် အကျွေးအမွေး ကိစ္စကို တာဝန်ယူကြသည်။ အလိုက်သိသော ကိုလှဖေက ပုလင်းထောင် ပေးထားသဖြင့် တစ်ညလုံး မအိပ်ကြဘဲ ဝက်သားဟင်း ချက်ထားသော မိုးပြဲဒယ်ကြီးများကို စောင့်နေခဲ့ကြသည်။ တနင်္ဂနွေနေ့ နံနက်မှစ၍ လာသမျှကို အယုတ်အလတ် အမြတ်မရွေး ချကျွေးနေသည်။

"အခါတော်..ပေး..တာက၊ နတ်ရေး...ယယ် ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းခြင်းခုချိန် ...ခါ၊ ... နေနဲ့လ မြန့်ရွှေပမာ၊ နှစ်ပါးမသွေ ဂဟေဆက်တဲ့ပွဲ ... ပွဲ"

နံနက် ဇနာရီတိတိတွင် အသံချဲ့စက်ဆရာ ဖွင့်လိုက်သော မင်္ဂလာချိန်ခါ သြဘာဘွဲ့၏ သာယာငြိမ့်ညောင်းသော စောင်းညှင်းသံနှင့်အတူ သတို့သားနှင့် သတို့သမီး စုံတွဲသည် အိမ်ထဲမှ ထွက်၍ မဏ္ဍပ်အတွင်းသို့ ဆင်မယဉ်သာ ဝင်လာကြပြီကို မြင်လိုက်ရသော မင်္ဂလာ ဧည့်ပရိသတ်ကြီးမှာ "ဟယ်" ခနဲ ဖြစ်ကုန်ကြတော့သည်။

"ဟယ် ... အေးနု လှလိုက်တာဟယ်"

"ဟော့ အေးနုကို ကြည့်စမ်းပါဦး၊ လှလိုက်တာတော်"

"အေးဟယ်...အေးနုက ဒီလိုဆိုတော့လည်း ချောလိုက်တာနော်"

ပျားအုံကို တုတ်နဲ့ဆွလိုက်သလို ရှစ်ရှစ် ဖြစ်ကုန်ကြသော ဧည့်ပရိသတ်ကြီးအတွင်းမှ တစ်ယောက်တစ်ပေါက် ပြောကြသော အသံများကို ကြားကြရသည်။ မင်္ဂလာမောင်မယ် စုံတွဲတို့ အိမ်ပေါ်မှ ဆင်းသည့် အချိန်မှစ၍ မှတ်တမ်း ဓါတ်ပုံများကို အရပ်ဝတ် အမျိုးသားဝတ်စုံ ဝတ်ထားသော ရဲစခန်းမှူး ဦးမောင်မောင်တင့်က ကိုညွန့်တင်၏ ကင်မရာဖြင့် ရိုက်ပေးနေသည်။

မအေးနုသည် သတို့သမီး ဝတ်စုံအပြည့်ဖြင့် အလွန်ကျက်သရေရှိပြီး ကြည့်ကောင်း လှသည်။ ဇာနိုင်လွန် ပဝါဖြူပါးပါးလေးကို ခေါင်းမှစ၍ ခြေဖျားထိကျအောင် ခြုံထားသည်။ နဂို အသားဖြူမို့ မျက်နှာမှာ ကြွေမိတ်ကပ်ကို ပါးပါးလေးတင်ထားပေမယ့် တအားလှနေတော့သည်။ ပန်းနုသွေးရောင် နှုတ်ခမ်း ဆိုးဆေး၊ လက်သည်းဆိုးဆေးများကို သုံးထားသည်။ ရှိုးရှိုးဘီ ဆံပတ်ထုံး၍ ဆံမြိတ်ချထားသည်။ စံပယ်တစ်ကုံးကို ဆံထုံးမှာ ပတ်၍ ဆံမြိတ်စနှင့်အတူ စံပယ် သုံးတန်း ချထားသည်။ အရွယ်ညီ ပုလဲတစ်ကုံးနှင့် လည်တုန်ဘယက်တစ်သွယ်ကို ဆွဲထားသည်။ ကြက်ဥနှစ်အရောင်ထက် အနည်းငယ်ဖျော့သော တက်ထရွန် အင်္ကျီလက်ရှည်၊ စတစ်ကော်လာ၊ အသည်းပုံလည်ဟိုက် ပြည့်ပြည့်၊ ရှေ့ခွဲပါးပါးလေးကို ဝတ်ထားသည်။ ကြက်ဥနှစ်ရောင်ပေါ်တွင် ရွှေရောင်ဖြင့် အချိတ်ဖော်ထားသော အဖြူရောင် ဒေါက်နိမ့် ကွင်းထိုးဖိနပ်ကို စီးထားသည်။ ချိန်းကြိုးကလေး တန်းလန်းပါသော ပန်းလက်ကောက်တစ်ကွင်း ဝတ်ထားသည့် ဘယ်ဘက်လက်ဖြင့်

ခြုံပဝါဖြူစကို လျှောမကျစေရန် ထိန်းကိုင်၍ ယာဘက်လက်ဖြင့် ကိုညွန့်တင်၏ ဘယ်ဘက်လက်မောင်းကွေးကို အားကိုးကြီးစွာ ဖက်တွယ်ပြီး မင်္ဂလာ မဏ္ဍပ်တွင်းသို့ ဖြည်းဖြည်းချင်း လျှောက်၍ ဝင်လာကြသည်။

ကိုညွန့်တင်သည် ကြက်ဥနှစ်ရောင် မောင့်ကျက်သရေ ခေါင်းပေါင်း၊ တိုက်ပုံနှင့် မန္တလေးကြိုးကြီးချိတ်တို့ကို မအေးနုနှင့် အရောင်အသွေးတူအောင် ဝတ်ထားသည်။ ကတ္တီပါဖိနပ်ကြက်သွေးရောင်ကို စီးထားသည်။ အရပ်အမောင်းနှင့် ဥပမိရုပ်ကောင်းသူမို့ ခန့်ချောကြီး ဖြစ်ပြီး ကျယ်သရေ ရှိနေသည်။

သတို့သားနှင့် သတို့သမီးတို့ ပရိသတ်ထဲမှ တဖြည်းဖြည်း လျှောက်၍ တစ်ပေခန့်သာ မြင့်သော မင်္ဂလာမဏ္ဍပ်၏ စင်မြင့်ပေါ်သို့ ဖိနပ်ချွတ်ပြီး လှမ်းတက်လိုက်ကြသည်။ သတ်မှတ်ထားသည့် နေရာများတွင် အသီးသီး နေရာယူလိုက်ကြသည်။ ကိုညွန့်တင်က ဆရာကြီး ဦးစံငွေ၊ ဒေါ်အေးပုတို့ ရှေ့တွင်လည်းကောင်း၊ မအေးနုက ဦးကျီးညို၊ ဒေါ်မြကြိုင်တို့၏ ရှေ့တွင်လည်းကောင်း ထိုင်လိုက်ကြပြီးသောအခါ အသံချဲ့စက်ဆရာသည် မင်္ဂလာ သြဘာသံဘွဲ့သီချင်းကို ရပ်ပြီး စကားပြောခွက်ဆီသို့ အသံလွှဲပေးလိုက်သည်။ မဏ္ဍပ်တွင်းမှ ဧည့်ပရိသတ်တို့၏ စကားပြောသံများသည် မီးခဲကို ရေထဲ ပစ်ချလိုက်သလို ငြိမ်သွားသည်။

"ကဲ ... မိဘတွေကို ကန်တော့ကြ"

ဦးအောင်ပွင့်က ညွှန်ကြားလိုက်သောအခါ သတို့သားနှင့် သတို့သမီးတို့ကို မိဘအရာတွင် တာဝန်ယူထားကြသော အဘိုးကြီး အဘွားကြီး စုံတွဲများကို ဦးသုံးကြိမ်ချ ကန်တော့လိုက်ကြသည်။ စခန်းမှူး ဦးမောင်မောင်တင့်က ဓါတ်ပုံရိုက်သည်။

ဦးချကန်တော့ခြင်းကို ခံယူထိုက်သော၊ ခံယူဝံ့သော အဘိုး အဘွားများက ဝမ်းသာအားရ ဖြစ်ကြသော်လည်း ဒေါ်မြကြိုင်မှာ စိတ်မနိုင်တော့၍ မျက်နှာကို ပဝါဖြင့် အုပ်ပြီး ငိုနေလေပြီ။

"ဣစ္ဆိတံ၊ ပတ္ထိတံ၊ တုံယုံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊ ရတနာသုံးပါးနှင့် ဆရာမိဘတို့အား ရှိခိုးကန်တော့ခြင်းအမှုကို ပြုကြသော သတို့သားနှင့် သတို့သမီးတို့မှာ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှစ်ဝ ပြည့်စုံကြ၍ လိုလားအပ် တောင့်တအပ်သော ဆုတို့နှင့် တစ်လုံးတစ်ဝ ပြည့်စုံကြပါစေဗျာ၊ ဒီနေ့

ဒီအချိန်မှာ သတို့သား မောင်ညွှန့်တင်နဲ့ သတို့သမီး မအေးနုတို့ကို မိဘတို့ ဝတ္တရားရှိသည့်အတိုင်း လက်ထပ်ထိမ်းမြား မင်္ဂလာပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ မင်္ဂလာဆယ့်နှစ်ပါး ရှိသည့်အနက် အာဝါသ ဝိဝါဟ မင်္ဂလာလို့ခေါ်တဲ့ လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာဆိုတာ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းဆိုတဲ့ မိဘဝတ္တရားရှိသည့် အတိုင်းလို့ ဆိုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မိဘတို့ ဝတ္တရားရှိသည့်အတိုင်းလို့ ဆိုခဲ့တာ ဖြစ်ပါတယ်နော်၊ ကဲ .. မောင်ညွှန့်တင်နဲ့ မအေးနုတို့က ညာဘက်လက်ပေး”

ကိုညွှန့်တင်နှင့် မအေးနုတို့ ယာဘက်လက် အသီးသီး ထုတ်လိုက်ကြသည်။ ဦးအောင်ပွင့်က မအေးနု၏ ညာလက်ဝါးပေါ်တွင် ကိုညွှန့်တင်၏ ညာလက်ဝါးကို မှောက်တင်၍ ညှပ်ကိုင်ထားပြီး သတို့သားနှင့် သတို့သမီးတို့ လိုက်ဆိုရမည့် သစ္စာထားကို တိုင်ပေးသည်။

“ကဲ.. လိုက်ဆိုကြ၊ ကျွန်တော် ကျွန်မတို့သည် ယနေ့ ယခု အချိန်မှစ၍ သားတစ်ကျိပ် မြေးတစ်ရာ ရသည့်တိုင်၊ အကြင်လင်မယား အဖြစ်၊ ရာသက်ပန် ရိုးမြေကျ၊ သစ္စာမဖျက်၊ ပေါင်းဘက် နေထိုင်ကြပါမည်၊ နောင်သံသရာ၊ ဖြစ်လေရာ ဘဝတိုင်းမှာလည်း၊ ဘဝဆက်တိုင်း၊ ပေါင်းရပါလို၏”

“တောင်းတဲ့ဆုနဲ့ ပြည့်ကြပါစေဗျာ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေ”

ထပ်ထားသော လက်များကို ရုတ်သိမ်းလိုက်ကြသည်။ အသင့် ပြုလုပ်ထားသော လက်ဆေးရေ ဇလုံတွင် လက်နှိုက်ဆေး စေ၍ ထမင်း ပန်းကန်ပြားထဲက ထမင်းများကို စားဟန်ပြုပြီး မြေအိုးအသစ် ကလေးထဲသို့ ထည့်ကြရသည်။ ပန်းကန်ပြားထဲမှ ထမင်းများ ကုန်သောအခါ လက်ဆေးကြရသည်။ လက်သုတ်ပဝါ အသစ်ကလေးဖြင့် လက်သုတ်လိုက်ကြသည်။

“ဇေယျာတုသဗ္ဗမင်္ဂလံ အောင်အတိတ်ကို ခံ၍ အောင်လံလွှင့်ပြီမို့ မောင်ညွှန့်တင်နှင့် မအေးနု ဇနီးမောင်နှံတို့မှာ ဘေးဘယာပ၊ ဝေးကွာကြ၍ အသက်ရာကျော်အောင် ပေါင်းဖော် ကြရပြီးလျှင်၊ ကာယစိတ္တ သုခနှစ်ဖြာ နှစ်ဝ ပြည့်စုံကြ၍ မရသေးသော စည်းစိမ်ဥစ္စာ ရတနာ

ရွှေငွေတို့ကို ရရှိပြီးလျှင် ရပြီးသော စည်းစိမ်ဥစ္စာ ရတနာရွှေငွေတို့သည် ဒီနေရာအလား တိုးတက်ပွားများ၍ ဘုရားဒါယကာ၊ ကျောင်းဒါယကာများ ဖြစ်ကြပါစေဗျာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ကိုညွန့်တင်နှင့် မအေးနုတို့သည် မိဘများကို ကန်တော့လိုက်ကြပြီး မတ်တတ်ရပ်၍ နောက်ဆုတ်ထွက်ခွာကြသည်။ မင်္ဂလာစင်မြင့်ပေါ်မှ တူစုံတွဲ၍ ဆင်းလိုက်သည်နှင့် ဧည့်ပရိသတ်ကြီးက လက်ခုပ်တီး၍ သြဘာပေးကြသည်။

မင်္ဂလာမောင်မယ်စုံတွဲသည် ဧည့်ပရိသတ်ကို လှူစေ့အောင် လိုက်လံ နှုတ်ဆက်သည်။ ရဲစခန်းမှူး ဦးမောင်မောင်တင့်က မှတ်တမ်းဓါတ်ပုံဆရာ လုပ်ပေးသည်။ ဧည့်ပရိသတ်ထဲတွင် ကိုညွန့်တင်နှင့် မအေးနုတို့ သိသူများ ရှိသလို မသိသူများလည်းပါသည်။ ကိုညွန့်တင်က ရပ်ရွာနှင့် အနှစ်နှစ်ဆယ်ကျော် ကွဲကွာနေခဲ့သလို မအေးနုကလည်း လှောင်အိမ် အချုပ်ခန်းထဲမှာ ဆယ့်ရှစ်နှစ်လုံးလုံး နေခဲ့ရသဖြင့် နောက်ပေါက်ကြီးထွားလာသော လူငယ်များနှင့် တစ်ရပ်တစ်ကျေးမှ ပြောင်းရွှေ့ ရောက်ရှိလာကြသူများကို မသိကြပေ။ ရွာခံသား ကိုလှဖေတို့ ဇနီးမောင်နှံက ကြားခံ မိတ်ဆက်ပေးနေရသည့် အခါလည်း ရှိသည်။

မဏ္ဍပ်အတွင်း တစ်နေရာမှာတော့ ကိုညွန့်တင် မအေးနုတို့၏ ငယ်ပေါင်းကြီးဖော် ကျောင်းတော်က သူငယ်ချင်းတစ်စု ဆုံကြတော့သည်။ မြို့ကရောက်ရှိလာသော ဈေးသည် အပျိုကြီး မမြရွှေ၊ သမဆိုင်စာရေးမ မမြကြည်၊ လယ်သူမကြီး မလှတင်၊ မတင်ညို၊ အိုးဖုတ်အလုပ်သမကြီး မခွေးမတို့မှာ မအေးနုကို ကြည့်ပြီး ဝမ်းသာပီတိဖြစ်၍ မဆုံးနိုင်အောင် ရှိနေကြသည်။ ကံဆိုး မိုးမှောင်ကျခဲ့ရသော အေးနုတစ်ယောက် သုံးဆယ်ကျော်မှ ကံပေါ်လို့ စင်ပေါ်ရောက်ပြီကို မြင်ရတော့ အချို့က ဝမ်းသာဝမ်းနည်းဖြစ်ပြီး ပီတိမျက်ရည် သီသီဝေကြရသည်။ နောက်တတ် ပြောင်တတ်သော မမြကြည်၊ မလှတင်၊ မတင်ညိုတို့ကတော့ ကိုညွန့်တင်ကို ဝိုင်းစကြသည်။

"ညွန့်တင် နင့်ကိုတော့ ငါတို့ သိပ်ကြိုက်သွားပြီဟေ့"

"သဘောကျတယ်ပြောပါ ကောင်မရဲ့၊ သတို့သား ပုပုချွေးချွေးကြီးကို သတို့သမီး ရှေ့မှာ ကြိုက်သလေး၊ ခိုက်သလေးနဲ့ ဘယ်လိုလဲ"

"ကြိုက်တာနဲ့ သဘောကျတာ အတူတူပါပဲတော်၊ မထူးပါဘူး"

သူငယ်ချင်းတွေက ဝမ်းသာအားရဖြင့် တစ်ယောက် တစ်ပေါက် နောက်ကြ ပြောင်ကြတော့ မအေးနက ပြုံးရုံသာ ပြုံးသော်လည်း ကိုညွန့်တင်က အရှက်ပြေ ရယ်ပြီး မေးလိုက်ရသည်။

"ဘာဖြစ်လို့လဲဟဲ့၊ ငါက သိပ်ချောနေလို့လား"

"မဟုတ်ဘူးဟဲ့၊ အေးနကို ယူလိုက်လို့"

"ဟိုတစ်နေ့က နင်တို့ပဲ တိုက်တွန်းတာပဲ၊ အေးနကို ယူလိုက်ပါလားဆို"

"အေး... ဟုတ်သားပဲ၊ နင်က တွန်းပေးတော့လည်း မြန်လိုက်တာနော်"

"အိုကွယ် ... မြန်မြန်ပြီးသွားတော့လည်း ကောင်းတာပေါ့"

ပြောပြီး ဝိုင်းရယ်ကြသည်။ ကလေးအမေတွေမို့ မရှက်မကြောက် နှုတ်ရဲ ပါးစပ်ရဲ ပြောလိုက်ကြတာ အားရပါးရ ရှိလှသည်။

"ညွန့်တင်ရယ် .... ဟောဒီက နင့်သူငယ်ချင်း အပျိုကြီး မိမြရွှေအတွက် ရန်ကုန်မှာ နင့်လိုအကောင်မျိုး တစ်ကောင်လောက် နောက်ထပ် မရနိုင်တော့ဘူးလား"

အပျိုကြီး မမြရွှေက မမြကြည်၏ ဗိုက်ခေါက်ကို ဆွဲလိမ်ပြီး ပြန်ပြောသည်။

"သေနာကောင်မ၊ နင့်လို ကလေးတစ်အုပ်နဲ့ ဒုက္ခမများချင်လို့ အေးအေးနေတာ သိလား"

"ငါတို့ သဘော်သား အပေါင်းအသင်းတွေထဲမှာ မုဆိုးဖိုတွေ တစ်ခုလပ်တွေတော့ ရှိတယ်ဟ၊ လိုချင်ရင် ရမယ်၊ လူပျိုတွေကတော့ ရုပ်ရှင်မင်းသမီးနဲ့ ဆရာဝန်မလောင်ကို မှန်းကြတာ၊ ဈေးသည်ကို ကြိုက်မှာ မဟုတ်ဘူး၊ လက်ပေါက်ကပ်ပြီး အရှုံးအမြတ် တွက်တတ်လွန်းလို့"

အားလုံးပင် သဘောကျပြီး ရယ်လိုက်ကြသည်။ ကျောင်းနေဘက် သူငယ်ချင်းတွေမို့ ပြောမနာ ဆိုမနာ ဝမ်းသာအားရရှိလှသည်။

"အေးနုရယ် နင့်အတွက် တို့သူငယ်ချင်းတွေအားလုံး ဂုဏ်ယူဝမ်းသာလို့ မဆုံးတော့ဘူး ဟယ်၊ တကယ်ပါ၊ ဟိုတစ်နေ့ကမှ နင်တို့ရဲ့ မင်္ဂလာသတင်းကို ရုတ်တရက် သိလိုက်ရတော့ ငါ့မှာ ဝမ်းသာလွန်းလို့ အိပ်လို့တောင် မပျော်ဘူးဟယ်"

အပျိုကြီးက ဝမ်းသာအားရ ပြောရှာသည်။ အိုးသည်မ မခွေးမက ဝင်တီးလိုက်သည်။

"ကောင်မ အားကျလို့ အိပ်မပျော်တာနေမှာပေါ့"

"ခွေးမနော် လူတွေ စကားပြောနေတာ ဝင်မပါနဲ့"

နှစ်ပေါင်းနှစ်ဆယ်ခန့် ကွဲကွာနေခဲ့ကြသော သူငယ်ချင်းများနှင့် ပြန်တွေ့ရသော ကိုညွန့်တင်နှင့် မအေးနုတို့မှာ ဝမ်းသာအားရ စကားလက်ဆုံ ကျနေချင်ပါသော်လည်း ရပ်ရွာလူကြီးများကို ဧည့်ခံ၍ ပဋိသန္ထာရ စကားများ ပြောကြားရန် တာဝန်က ရှိသေးသဖြင့် သူငယ်ချင်းများနှင့် စကားစဖြတ်ရန် နှုတ်ဆက်လိုက်သည်။

"သူငယ်ချင်းတို့ အားလုံး အခုလိုလာပြီး ချီးမြှင့်ကြတာ ငါ သိပ်ဝမ်းသာတာပဲဟယ်"

မအေးနုက မမြရွှေ၏ လက်ကိုကိုင်ပြီး တိုးတိုးပြောလိုက်သည်။

"ဒီလို လက်ဖွဲ့ငွေ လက်မခံဘဲ မင်္ဂလာဆောင်မျိုးကို ရင်မြရွှေတို့က ချောင်းကူး မြစ်ကူး လာပ့ါတော်"

မခွေးက အပျိုကြီး ကပ်စေးနဲ့ကို တီးလိုက်ပြန်သည်။

"ခွေးမ ... နင့်ကို လက်ချည်းလာတာ မဟုတ်ဘူး၊ ဒီမှာ ကလေးအနှီးလုပ်ဖို့ ပိတ်တစ်အုပ်ပါလာတယ် တွေ့လား"

အပျိုကြီးက သူယူလာခဲ့သော မင်္ဂလာလက်ဖွဲ့ အထုပ်ကို ပုတ်ပြသည်။ လက်ဖွဲ့ခြင်း သည်းခံပါဟု မေတ္တာရပ်ခံထားသော်လည်း ခင်မင်ရင်းနှီးသူများက အတင်းမွေ ဖွဲ့ကြသော လက်ဖွဲ့ငွေနှင့် ပစ္စည်းများ စားပွဲတစ်လုံးပေါ်မှာ စုပုံနေသည်။

"လက်ဖွဲ့ပစ္စည်း လက်မခံဘူးဆိုတာ မသိလို့ ဆိုင်မှာ ရောင်းမစွံတဲ့ဟာတွေ ယူလာတာ နေမှာပေါ့ ကောင်မ၊ မသိရင် ခက်မယ်"

"သေနာကောင်မ ငါပြောလိုက်ရ မကောင်းတော့ဘူး"

အားလုံး သဘောကျပြီး ဝိုင်းရယ်ကြသည်။ မင်္ဂလာ ပရိသတ်၏ မျက်လုံးများက မအေးနုတို့ စကားဝိုင်းကို ဝိုင်းအုံကြည့်နေကြသည်။ စခန်းမှူး ဓါတ်ပုံဆရာက မှတ်တမ်းတင် ဓါတ်ပုံ ရိုက်ပေးသည်။ တစ်မျိုးကြီး အထူးလုနေသော သတို့သမီး အရှုံးမကို ရင်သပ်ရှုမော တအံ့တသြ ကြည့်နေကြသော ပရိသတ်ကိုလည်း ဓါတ်ပုံထဲပါအောင် ဦးမောင်မောင်တင့်က ရိုက်ထားလိုက်သည်။

"အေးနုရယ် နင်မပျော်ဘူးလားဟဲ့၊ နင့်အစား ငါတို့တောင် ပျော်တယ်ဟဲ့"

"ပျော်တာပေါ့ သူငယ်ချင်းတို့ရယ်၊ ရန်ကုန်မသွားခင် နင်တို့ကို ကပြခဲ့ဦးမယ်"

မအေးနုက ပြောပြီး လှလှပပ ရယ်လိုက်သည်။

"တကယ်ပြောတာနော် ကောင်မ၊ ကားဂိတ်မှာ တို့လာနှုတ်ဆက်တဲ့အခါ တကယ် ကပြရမယ် ဒါပဲ"

မမြကြည်က အပိုင်ချည်လိုက်သည်။ သူ့အလုပ်လုပ်သည့် သမဆိုင်နှင့် ကားဂိတ်ကလည်း နီးပါဘိသနဲ့၊ ဟိုနေ့ကျ တကယ် ကခိုင်းရင်တော့ ဒုက္ခပဲ၊ ကိုညွန့်တင်က မအေးနုကို မျက်ရိပ်ပြ၍ စကားစ ဖြတ်ရန် သတိပေးလိုက်ရသည်။

"ကဲ... သူငယ်ချင်းတို့ အားလုံးကို ကျေးဇူးတင်တယ်ကွယ်၊ ရပ်ရွာလူကြီးတွေကို ဧည့်ခံစကားပြောဖို့ တာဝန်ရှိသေးလို့ ခွင့်ပြုကြဦးနော်၊ နောက်မှ အားရအောင် စကားပြောကြတာပေါ့"

မအေးနုက ယဉ်ယဉ်ကျေးကျေး ခွင့်ပန်လိုက်သည်။ အားလုံးကပင် ဝမ်းသာအားရ ခွင့်ပြုလိုက်ကြသည်။

"ကောင်းပါပြီတော် သွားလိုက်ပါဦး၊ နင့်ကျေးဇူးရှင်ကြီး ဒေါ်မြကြိုင်ကတော့ အခု အချိန်ထိ ကံကောင်းတုန်းပဲနော်၊ သေခါနီးမှ သဘော်သားယောက်ျားမ လာဖြစ်သေးတယ်"

"ဟား…ဟား…ဟား"

မအေးနုက သူငယ်ချင်းများကို ပြုံးမျက်စောင်းလေးထိုးပြီး ကိုညွန့်တင်၏ လက်မောင်းကို ချိတ်၍ လှည့်ထွက်သွားလေတော့သည်။

(၃၀)

မအေးန စိတ်ဖောက်လာပြီး လူပုံအလယ်မှာ ဘယ်လိုများ အရှက်တကွဲ အကျိုးနည်း ဖြစ်ဦးမလဲဟဲ့ဟု ကိုညွန့်တင် ရင်တမမ ဖြစ်နေခဲ့ရသော မင်္ဂလာပွဲကြီးကား ဂုဏ်သိက္ခာရှိရှိ အောင်မြင်ချောမောစွာ ပြီးသွားခဲ့လေပြီ။

ခင်မင်သူများနှင့် မအေးနကို သနားသူများက အတင်း အဓမ္မလက်ဖွဲ့ကြသော လက်ဖွဲ့ ပစ္စည်း အချို့ကို ကိုလှဖေ မိသားစု လိုရာသုံးရန် အပြီးအပိုင် ပေးပစ်လိုက်သည်။ လက်ဖွဲ့ငွေ ငါးရာကျော်ကိုလည်း ကိုလှဖေမှတဆင့် ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးရေးအတွက် လှူလိုက်သည်။

တစ်နေ့ကုန် ပင်ပန်းခဲ့ကြသော အသစ်စက်စက် ဇနီးမောင်နှံတို့ အနားယူရန်အတွက် ကိုလှဖေတို့ လင်မယား အိပ်သော အိပ်ခန်းကို သန့်စင်ရှင်းလင်း၍ ခင်းကျင်းပေးထားသည်။ သဏ္ဌာလီစက်ရာခန်းမှာ မေတ္တာပန်းတို့ ပွင့်လန်းပေတော့မည်။ ဘုရင်နှင့်ညားပြီမို့ မိဖုရားဖြစ်သွားသော အရူးမလေး မအေးန နန်းဆန်စေဖို့အတွက် ပန်းပန်ရတော့မည်။

ရပ်ရွာလူကြီးများနှင့် ကျေးရွာအာဏာပိုင်အဖွဲ့ဝင်များကို တစ်နေကုန်အောင် ဧည့်ခံစကား ပြောခဲ့ရသော ကိုညွန့်တင်သည် ပင်ပန်းနွမ်းနယ်စွာဖြင့်ပင် မအေးနရှိရာ အိပ်ခန်းအတွင်းသို့ ဝင်ခဲ့သည်။ အဝတ်အစားလဲလိုက်ပြီး ခုတင်ပေါ်တွင် မျက်စိမှိတ်၍ ခွေခွေလေးလှဲနေသော မအေးနကို တယုတယငုံ့ပြီး မွှေးမွှေး လက်ဆောင်ပေးလိုက်သည်။

မအေးနုသည် မျက်စိမှိတ်၍ လှဲနေရာမှ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လန့်ပြီး ကုန်းထလိုက်သည်။ အရက်မူးလာသော အောင်ပုသည် သူ့ကို ဖက်နမ်းလိုက်ပြီး စပ်ဖြီးဖြီး အမူအရာဖြင့် မဟားဒယားလုပ်တော့မည့်ပုံ မျက်စိမှာမြင်ပြီး ကိုညွန့်တင်၏ မျက်နှာကို ဒေါသ မျက်လုံးများဖြင့် စူးစူးဝါးဝါး ကြည့်လိုက်သည်။ မွှေးမွှေးပေးပြီး ပြုံးကြည့်နေသော ကိုညွန့်တင်၏ ပါးကို တအား လွှဲရိုက်လိုက်လေတော့သည်။

"အောင်မလေးဗျာ"

ကိုညွန့်တင်မှာ ရုတ်တရက်မို့ လန့်ပြီး အော်လိုက်မိသည်။

မအေးနု၏ ပြင်းလှသော လက်ဝါးဒဏ်ကြောင့် မျက်လုံးအစုံမှ မီးဝင်းဝင်းထွက်သွားသည်။ ခုတင်ပေါ်မှ ခုန်ဆင်းပြီး အရိုက်ခံလိုက်ရသော ပါးကို လက်ဝါးဖြင့် ပွတ်၍ ခမ်းလုပ်လုပ်မှာ ရပ်နေလိုက်ရသည်။

မအေးနုသည် ခုတင်ပေါ်မှာထိုင်လျက် ကိုညွန့်တင်ကို မျက်လုံးကြီးပြူးပြီး ကြည့်နေသည်။ ခဏကြာတော့ ပါးစပ်ကို လက်ဝါးနှစ်ဖက်ဖြင့် ပိတ်၍ ရှိုက်ရှိုက်ပြီး ငိုလေတော့သည်။

"အေးနုမ ဘယ်လိုဖြစ်တာလဲဟင်၊ အစ်ကို့ကို ဘာလို့ ရိုက်တာလဲဟင်"

မအေးနုသည် ကိုညွန့်တင်ကို လက်အုပ်ချီလျက် ငိုပြီး အော်ပြောသည်။

"အစ်ကို ... အေးနုကို ပြန်ရိုက်ပါ အစ်ကိုရယ်၊ အေးနုကို ပြန်ရိုက်ပါ ... ဟီး...ဟီ...ဟီ.."

ကိုညွန့်တင်သည် ခုတင်ပေါ်ပြန်တက်ပြီး မအေးနုကို ဆက်၍ ချော့သည်။ မအေးနုသည် ကိုညွန့်တင်၏ ရင်ခွင်မှာ ခေါင်းထိုးပြီး အားရအောင် ရှိုက်ရှိုက်ငိုတော့သည်။

"အေးနုမ.. ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား၊ ဘာဖြစ်လို့ အစ်ကို့ပါးကို ရိုက်ရတာလဲကွယ်၊ ဟင်..ပြောပါဦး"

မအေးနုသည် ကိုညွန့်တင်၏ အမေးကို မဖြေနိုင်သေးဘဲ တမောတပန်း ရှိုက်ငိုနေသည်။ ကျေးဇူးရှင် လင်ပုပုနွေးနွေးကြီးကို မင်္ဂလာဦးနေ့မှာ လူမှားပြီး ပါးရိုက်မိ၍ ယူကြုံးမရ ဖြစ်နေသည်။

ရှက်လည်း ရှက်သွားသည်။ အားရအောင် ငိုပြီးတော့မှ ကိုညွန့်တင်ကို အောင်ပုလို့ အမြင်မှားပြီး ရိုက်မိကြောင်း ရှိုက်သံနှော၍ မပီမသပြောသည်။

"အောင် ... အောင်ပု .. လာနမ်းတယ်ထင်လို့ ဟင့်.... ဟင့်"

ကိုညွန့်တင်သည် အရိုက်ခံရသောပါးကို လက်ဝါးဖြင့် ပွတ်၍ ပြုံးလိုက်ပြီး ချစ်ဇနီး ပူပူနွေးနွေး မအေးကို အားရပါးရ ဖက်၍ မီးခွက်မှုတ်လိုက်လေတော့သည်။

(၃၀)

"လှဖေ ... ငါ ရန်ကုန်ကို အမြန်ဆုံးပြန်မှ ဖြစ်မယ် သူငယ်ချင်း၊ မအေးနုရဲ့ အခြေအနေဟာ ထင်သလောက် မကောင်းသေးဘူး၊ ကျွမ်းကျင်တဲ့ သမားတော်နဲ့ ပြမှဖြစ်လိမ့်မယ်"

နံနက်စောစော ကိုညွန့်တင် ရေချိုးကြမ်းသောက်နေစဉ် နွားစားကျက်မှ ပြန်ရောက်လာသော ကိုလှဖေကို တိုးတိုးပြောပြလိုက်သည်။

"အင်း... ဘယ်လိုထူးခြားမှု တွေ့လို့လဲ ပြောစမ်းပါဦး"

ကိုညွန့်တင်သည် မအေးနု ကြားနိုင်လောက်သည့် နေရာတွင် ရှိမရှိ စောင်းငဲ့ကြည့်လိုက်သည်။ ကိုလှဖေဇနီးနှင့်အတူ မီးဖိုဆောင်တွင် ရှိနေကြောင်း သိရတော့မှ ညက အဖြစ်ကို ပြောပြလိုက်သည်။

"တော်သေးတာပေါ့ကွာ၊ မနေ့ကသာ လူပုံအလယ်မှာ အဲဒီ အဖြစ်မျိုး ဖြစ်ရင်တော့ သောက်ကျိုးနည်းတာပဲ၊ ကံကောင်းတယ်သာမှတ် သူငယ်ချင်း"

ကိုလှဖေက မှတ်ချက်ချသည်။

"ဟုတ်တယ် သူငယ်ချင်း၊ အမုန်ပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ကို ဒီပတ်ဝန်းကျင်ကနေ အမြန်ဆုံး ခေါ်ထုတ်သွားသင့်တယ်လို့ ငါထင်တယ်၊ ဒါမှ စိတ်သစ်လူသစ် ဖြစ်ပြီး ပုံမှန် ပြန်ဖြစ်လာနိုင်လိမ့်မယ်"

ကိုလှဖေက ရေနွေးကြမ်းငှဲ့ထည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်၍ နားထောင်နေသည်။ အလွန်သိမ်မွေ့သော၊ ဥာဏ်မမီသော စိတ်ပိုင်းဆိုင်ရာ ကိစ္စဖြစ်၍ အကြံမပေးတတ်အောင် ဖြစ်နေသည်။ အမြန်ဆုံး ပြန်ကြရန်ကိုသာ အကြံပေးလိုက်ရတော့သည်။

ထိုနေ့က ကိုညွန့်တင်သည် မအေးနကို ခေါ်၍ နှုတ်ဆက်သင့်သူများကို လိုက်လံ နှုတ်ဆက်ခြင်းဖြင့် တစ်နေကုန်သွားသည်။

ရွာဦးကျောင်း ဆရာတော် ဦးပညာဝံသကိုလည်း သွားကန်တော့ကြသည်။ ဦးပညာဝံသ သည် ကိုညွန့်တင်၏ ငယ်ဆရာဟုလည်း ဆိုနိုင်သည်။ မူလ ပုံတော်မူဆရာတော်ကြီး လက်ထက်က ကျောင်းနေဘက် စာသင်ဘက်ဟုလည်း ဆိုနိုင်သည်။ အခုတော့ ဦးပညာဝံသက ကျောင်းထိုင် ဆရာတော် ဖြစ်နေပေပြီ။ ရန်ကုန်ပြန် စာတတ်ပေတတ် ပုဂ္ဂိုလ်ဖြစ်၍ ကိုညွန့်တင်နှင့် မအေးနတို့ကို သတိသံဝေဂရစေရန် ဆုံးမစကား တရားဟောသည်။ ဘုရားသော်မှ မလွတ်နိုင်သည့် ဝိပါကဝဋ်၊ ဝိဘက်ကြမ္မာနှင့် ကံ ကံ၏ အကျိုးတရားတို့ကို သိသာထင်ရှားစေရန် ဝတ္ထုနိပါတ် ပိဋကတ်တွေကို ကိုးကား၍ ဟောကြားလိုက်သည်။

ညနေစောင်းတွင် မအေးနက ဘုရားကုန်းတော်ပေါ် သွားပြီး ပန်း၊ ဆီးမီး ကပ်လှူလိုပါသည် ဆို၍ ကိုညွန့်တင်နှင့်အတူ ကိုလှဖေတို့ လင်မယားပါ လိုက်ကြရပြန်သည်။

ဘုရားကုန်းတော်ပေါ်ရောက်၍ ပန်း၊ ဆီမီး ကပ်လှူပြီး ကြသောအခါ မအေးနသည် သူ့မွေးနေ့ တနင်္ဂနွေ ဂြိုလ်တိုင်ရှေ့တွင် ထိုင်ပြီး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ဘုရားကို ရှိခိုးအားရုံပြုသည်။ ခဏကြာသောအခါ ဦးသုံးကြိမ်ချ ကန်တော့ပြန်သည်။

ဦးချကန်တော့ပြီးသော်လည်း ထိုင်ရာမှ မထသေးဘဲ တနင်္ဂနွေဂြိုလ်တိုင် ခြေရင်းကို စိုက်ကြည့်ပြီး ငြိမ်နေသည်။ ခဏကြာသောအခါ ရှိုက်ရှိုက်ပြီး တုန်လာတော့သည်။ ဂြိုလ်တိုင်ကို လက်အုပ်ချီလျက် နတ်ပူးသူကဲ့သို့ တဆတ်ဆတ်တုန်နေတော့သည်။ ကိုလှဖေ၏ ဇနီးက အသာအယာ ဝင်ဖက်ပြီး ထိန်းသည်။

ကိုလှဖေနှင့် ကိုညွှန့်တင်တို့မှာ ဘာဖြစ်မှန်းမသိ၍ ဘာလုပ်ရမှန်းမသိဘဲ ကြောင်ပြီး ရပ်ကြည့်နေကြသည်။ မအေးနုသည် မွေးနံ့ဂြိုလ်တိုင်ကို ရှိခိုးလိုက်ပြီး ငိုသံကြီးဖြင့် အော်ပြော လိုက်သည်။

"အမေရေ ... သမီး ပြန်လာခဲ့မယ် အမေရယ် ... ဟီး .... ဟီး"

ကိုလှဖေနှင့် ကိုညွှန့်တင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ အဓိပ္ပါယ် မဖော်တတ်အောင် ဖြစ်နေကြသည်။ ကိုညွှန့်တင်သည် မအေးနုကို အသာအယာ တွဲထူလိုက်သည်။ မအေးနု၏ အခြေအနေသည် ဒီရွာမှ အမြန်ဆုံး ထွက်ခွာရန် တိုက်တွန်းနေသကဲ့သို့ ဖြစ်နေသည်။

ဘုရားကုန်းတော်ပေါ်ရှိ ပတ်ဝန်းကျင်တစ်ခုလုံးကို တိတ်ဆိတ်မှုက လွှမ်းမိုးနေသည်။ သရီရ ဓာတု စေတီတော်မြတ်သည်ပင် ခေါင်းလောင်းသံ ဆွဲလဲသံများကို မပေးတော့၊ ဒီရွာမှာ မွေးပြီး ဒီရွာမှာကြီးပြင်းခဲ့သော ချစ်သမီး မအေးနု ရွာမှ အပြီးအပိုင် ထွက်ခွာသွားရန် လာရောက် နှုတ်ဆက်ခြင်းအတွက် စိတ်ညစ် ဝမ်းနည်းလေရော့သလားဟုပင် ထင်ရသည်။ အစ်မသေ၊ အမေသေ၊ အဖေမရှိ၍ လူ့လောကကြီးအလယ်မှာ အပူသောကမီးကြွယ်နေခဲ့ရသော အရှုံးမလေး မအေးနုကို ကလေးဘဝ၊ ငယ်စဉ်က စ၍ ဆည်းလည်းသံလေးပေး၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလာခဲ့သော စေတီတော်မြတ်သည် ယနေ့တော့ ရင့်ကျက်သော ဣန္ဒြေသိက္ခာတော်ဖြင့် ဆိတ်ဆိတ်နေတော်မူသည်။ စေတီတော်အနီးမှ ထန်းပင်အိုကြီးသည်လည်း သူ့အလက်အရွက်များကို အလှုပ်မယှက် လက်ပိုက်၍ ငြိမ်သက်စွာ ရပ်ကြည့်နေလေသည်။

"အေးနုမ၊ ပြန်ကြစို့နော်"

ကိုညွှန့်တင်သည် မအေးနုကို ဖေးကူ၍ တွဲထူလိုက်သည်။ မအေးနုသည် ပင်ပန်း နွမ်းနယ်စွာ ထရပ်လိုက်ပြီး ကိုညွှန့်တင် ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

(၃၂)

အရှုံးမ အေးနုတစ်ယောက် သဘင်္ဘောသားနောက်သို့ လိုက်သွားရန် ကားဂိတ်မှာ ရောက်နေပြီဟူသော သတင်းကြောင့် စိတ်ဝင်စားသူများ လာကြည့်နေကြသည်မှ မနည်းလှပေ။ အထူးသဖြင့် ကလေးအုပ်စုက အများဆုံး ဖြစ်သည်။ နှုတ်ဆော့ ပါးစပ် ဆော့ချင်သော ကလေးအချို့ကိုမူ ကိုလှဖေက တုတ်တစ်ချောင်းဖြင့် လိုက်လံ ခြောက်လှန့်ပေးနေရသည်။

ပတ်ဝန်းကျင်သည် လူ့စရိုက်ကို ပြောင်းလဲစေနိုင်သည့် သဘာဝအတိုင်း ရွာသူရွာသား အများစုက မအေးနုကို အရှုံးမဟုမြင်ပြီး အရှုံးမ အသွင်ဖြင့်ပင် အကြည့်ခံနေရသောအခါ မအေးနုမှာ တကယ်ပင် ရှုံးချင်လာသည်။ ပတ်ဝန်းကျင်ကို အရွဲ့တိုက်၍ တကယ်ပင် ရှုံးပြလိုက်ချင်သည်။ ကျွန်မ မရှုံးပါဘူးဟု အော်ပြောလျှင်လည်း ဝိုင်းရယ်ကြဦးမည်။ လူ့ပတ်ဝန်းကျင်ဟာ အတော်ခက်ပါသည်။ ထင်ချင်သလိုသာ ထင်ကြပေတော့။ ပြောချင်သလိုသာ ပြောကြပေတော့ဟုသာ ခေါင်းငုံ့ ထိုင်နေရတော့သည်။

ချောင်းခွမြို့မှ နံနက် ၆နာရီတိတိတွင် ထွက်ခွာလာမည့် ခရီးသည်တင် လော်ရီ ကားကြီးသည် ကိန္နချောင်းရွာကြီးသို့ နေ့လည် ၁နာရီခန့်တွင် ရောက်လာပေလိမ့်မည်။ ခရီးသည် တင်ချပြီး နေ့လည် ၂နာရီခန့်တွင် သံတွဲမြို့သို့ စာတိုက်အနီးရှိ ကားဂိတ်တွင် ခေတ္တရပ်ပြီး ဈေးကြီးအနီးမှာ ခရီးအဆုံးသတ်၍ ညအိပ်ရပ်နားပေလိမ့်မည်။

ဆယ့်နှစ်နာရီ ထိုးပြီးပေပြီ၊ နောက်ထပ် တစ်နာရီခန့်သာ စောင့်ကြရပေတော့မည်။ နေရာကောင်း ရရန်အတွက် ကားဂိတ်မှာ လာစောင့်နေကြသော အခြား ခရီးသည်များနှင့်အတူ ကိုညွန့်တင်နှင့် မအေးနုတို့ ဖနီးမောင်နံမှာလည်း ကားကြီးလာမည့် ဘက်သို့ လည်တဆန့်ဆန့်ဖြင့် မျှော်ရင်း စောင့်ကြရသည်။ လိုက်ပို့သူ ကိုလှဖေတို့ လင်မယားကလည်း မအေးနုတို့ကို ကားပေါ် တင်ပေးပြီး ကားကြီးထွက်သွားပြီးမှ ပြန်ကြရန် စောင့်နေကြသည်။

မအေးနု ယနေ့ ရန်ကုန်ကို သွားတော့မည်ကို သိသော မခွေးမ၊ မမြကြည်၊ မလှတင်၊ မတင်ညိုတို့ကို အပြေးအလွှား ရောက်လာကြပြီး ဝမ်းသာအားရ လာနှုတ်ဆက်ကြသည်။ လက်ဆောင် ပစ္စည်းတွေကိုလည်း တနိုင်တမ သယ်လာကြသည်။ ပန်းစည်း၊ ငှက်ပျောခိုင်၊ ပိန္နဲသီး၊ နာနတ်သီး၊ အုန်းသီး အရေသောက်က စပြီး ပါလာသည်။ သူတို့ လက်ဆောင်ပစ္စည်းတွေကို ကြည့်ပြီး ကိုညွန့်တင်မှာ နဖူးကို လက်ဝါးဖြင့် ဗျန်းကနဲ မြည်အောင် ရိုက်လိုက်မိတော့သည်။

"ကျေးဇူးတော့ တင်ပါတယ် သူငယ်ချင်းတို့ရယ်၊ ဝက်တင်တဲ့ လော်ရီကားပေါ်မှာ လူတောင် ဘယ်လို စီးလိုက်ရဦးမလဲ မသိဘူး။ သံတွဲကနေ လေယာဉ်နဲ့ ပြန်ရမှာ၊ ဒါတွေ ဘယ်လိုလုပ် ယူသွားနိုင်မလဲ၊ သယ်ယူခ စရိတ်နဲ့ ဆိုရင် ရန်ကုန်မှာ ဝယ်စားတာက သက်သာတယ်၊ ပြန်ယူသွားကြပါ သူငယ်ချင်းတို့ရယ်၊ ကျေးဇူးတင်ပါတယ်ကွယ်… နော်"

"နင်တို့ ရန်ကုန်မှာ အစားအသောက် ရှားတယ်ဆိုလို့ စားစေချင်လို့ ယူလာတာပါဟယ်၊ ငါ့နယ် မောလိုက်တာ"

မမြကြည်၏ စကားကြောင့် ကိုညွန့်တင်က ပြုံးပြီး ခေါင်းယမ်းလိုက်မိသည်။ ယူသွားပြန်လည်း ဒုက္ခ၊ မယူသွားပြန်လျှင်လည်း စေတနာကို အလေးမထားရာ ရောက်တော့မည်။ ယူသွားပြီး သံတွဲမြို့က အပျိုကြီး မမြရွှေအိမ်မှာ ထားခဲ့တော့မည်ဟု စိတ်ကူးရပြီး လက်ခံလိုက်ရတော့သည်။

"အေးနု၊ ရွာကို စိတ်နာပြီး ပြန်မလာဘဲ မနေနဲ့နော်"

"စိတ်ချပါ မြကြည်ရယ်၊ ငါ ပြန်လာမှာပါ"

ကိုညွန့်တင်၏ စိတ်ထဲမှာ ထင့်ခနဲ စိုးရိမ်သွားသည်။ အတိတ်နိမိတ် တစ်ခုများ ဖြစ်လေမလားဟု တွေးလိုက်မိသည်။ မအေးနသည် ဒီရွာ၊ ဒီမြေနဲ့ ဒီလူတွေကို သံယောဇဉ် မပြတ်နိုင် ဖြစ်နေသည်။ ပြန်လာခဲ့မည် ဆိုသော စကားကို ဘုရားပေါ်က စ၍ ပြောခဲ့သည်။

"ကဲ.. ကောင်မ ရန်ကုန်မသွားခင် ကပြမယ်ဆို၊ မရဘူး၊ တကယ် ကပြရမယ် ဒါပဲ"

ဒိုးဒိုးဒေါက်ဒေါက်နဲ့ ဖွတ်သမား မမြကြည်က ထိုင်နေသော မအေးန၏ လက်မောင်းကို အတင်းဆွဲထူပြီး ကခိုင်းတော့သည်။ ဖွတ်အတင်းကြီး ခိုင်းနေပြီမို့ မငြင်းသာတော့သော မအေးနသည် ကိုညွန့်တင်ကို အကူအညီ တောင်းသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။ ကိုညွန့်တင်နှင့် ကိုလှဖေတို့က ပြုံးပြီး ကြည့်နေကြသည်။

"အေးနမ၊ ဟိုနေ့က ကတိပေးထားတယ် မဟုတ်လား ကိုယ့်ကတိနဲ့ကိုယ်ပဲ ကပြလိုက်ပေါ့"

ကိုညွန့်တင်က ခွင့်ပြုလိုက်တော့ အားလုံးပင် ဝိုင်းပြီး လက်ခုပ်တီးလိုက်ကြသည်။ မအေးနသည် မမြကြည် ယူလာသော ပန်းစည်းကြီးမှ ပန်းတွေကို ဖြုတ်ယူပြီး သူ့ခေါင်းမှာ ပြည့်သွားအောင် ပန်လိုက်သည်။ မအေးန၏ တစ်ခေါင်းလုံးမှာ ပန်းတွေနဲ့ ဝေနေတော့သည်။

အရူးမ မိအေးန ပန်းတွေပန်ပြီး ကားဂိတ်မှာ ကနေပြီ ဆိုသည့် သတင်းကလည်း မြန်လိုက်တာ၊ ကားစီးမည့် ခရီးသည်များသာမက အနီးအနားအိမ်များမှ ကလေး လူကြီးများပါ ဝိုင်းအုံလာကြည့်ကြတော့သည်။ မမြကြည်တို့ သူငယ်ချင်းတစ်စုက လက်ခုပ် ဝိုင်းတီးကြတော့ မအေးနသည် ထိုင်ရာမှ ထပြီး ကွေးနေအောင် ကတော့သည်။ အခြေအနေအရ မပျော်လင့်ဘဲ ဖြစ်လာသော မအေးန၏ အဖြစ်ကို ကြည့်ပြီး ကိုညွန့်တင် ရင်နာရတော့သည်။ ဒါတွေကြောင့်ပင် ပတ်ဝန်းကျင်သည် မအေးနကို ရူးနေပါသည်ဟု စွပ်စွဲခဲ့ခြင်း ဖြစ်သည်။ မပြေးသော် ကန်ရာရှိနေပြီမို့ အရူးမလေး အေးနဟု ခေါ်ခဲ့ကြသူများကို စိတ်မဆိုးသင့်တော့ပေ။

မအေးနသည် စည်းမကျ ဝါးမကျ ကနေလျက်မှ သီချင်းတစ်ပိုဒ်ကို အော်ဆိုလိုက်သည်။

"ပန်းပန်ရင် နန်းဆန်တယ်တော့၊ ငွေကြော့ကုသိုလ် ကြော့ကုသိုလ်ရှင့်၊ အခုနေခါ လာမစမ်းလေနဲ့၊ တို့ရွာသူ ပျိုပျိုဖျန်းတို့ အလှမ်းကွာလိမ့် နေရာတကာ၊ ကိုး... ဆယ်ဆသာ လိမ့်မယ်ရှင်..ဟင့်"

"ဟား... ဟား.. ဟား"

ပရိသတ်က လက်ခုပ်လက်ဝါးတီး၍ ဝိုင်းရယ်ကြသော်လည်း မအေးနုသည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကွေးနေအောင် ကပြလိုက်သည်။

ဟိုလွန်ခဲ့သည့် ဆယ့်ရှစ်ခန့်က ဖြစ်သည်။ မအေးနု တစ်ယောက် အရှုံးမလေး အသွင်ဖြင့် ဒီသီချင်းကိုပင် ဆိုပြီး ရွာလယ် လမ်းမပေါ်မှာ မရှက်မကြောက် ကပြခဲ့ဖူးသည်ကို မမြကြည်တို့ သူငယ်ချင်း တစ်စုက အမှတ်ရနေသေးသည်။ အဲဒီတုန်းကတော့ "ငွေကြော့ကုသိုလ် ကြော့ကုသိုလ်ရှင့်"မှာတင် ရပ်ထားခဲ့သည်။ အခုတော့ "အခုနေခါ လာမစမ်းလေနဲ့၊ တို့ရွာသူ ပျိုပျိုဖျန်းတို့ အလှမ်းကွာလိမ့် နေရာတကာ၊ ကိုး... ဆယ်ဆသာ လိမ့်မယ်ရှင့်.. ဟင့်" တဲ့။ ဟုတ်ပါသည်။ မအေးနုတစ်ယောက် ပန်းပန်၍ နန်းဆန် သွားလေပြီ။ အခုနေအခါ သွားမစမ်းလေနဲ့၊ သူတို့ရွာ အပျိုဖျန်းတွေထဲမှာတော့ နေရာတကာမှာ အလှမ်းကွာ၍ ကိုးဆယ်ဆသာသွားလေပြီ။

"ဟော့ကောင်မ တော်တော့ တော်တော့၊ ဟိုမှာ ကားလာနေပြီ"

မမြကြည်က သူ့သူငယ်ချင်း မအေးနုကို သိပ်သဘောကျသွားပြီး ရပ်ခိုင်းလိုက်ရသည်။

ချောင်းဦးမြို့မှ လာသော ခရီးသည်တင် လော်ရီကားကြီးသည် ကိန္နရီချောင်း ကျေးရွာကြီး၏ လမ်းခွဆုံ လက်ဖက်ရည်ဆိုင်ရှေ့တွင် မောကြီးပန်းကြီး၊ ဆောင့်ကြီး အောင့်ကြီးဖြင့် ရပ်လိုက်ပြီး လေပူသက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဆင်းသူက လုဆင်း၊ တက်သူက လုတက်ဖြင့် ရှုပ်ယှက်ခတ်သွားသည်။ မမြကြည်တို့ အာဇာနည်အုပ်စု၏ အစွမ်းဖြင့် ကားပေါ်မှာ ထိုင်စရာ နှစ်နေရာ ရလိုက်သည်။

ကိုညွန့်တင်နှင့် မအေးနုတို့ကို ထိုင်စရာ နေရာပေးပြီးမှ မမြကြည်တို့ အုပ်စု ကားပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ ယာဉ်မောင်းဆရာသည် ကားပေါ်မှ ဆင်း၍ ကားဂိတ်အနီးရှိ အိမ်တစ်အိမ်ထဲသို့ ဝင်သွားသည်။ အနည်းဆုံး နာရီဝက်ခန့်ကြာမှ ပြန်ထွက်လာမည်ဟု ဆိုကြသည်။ လော်ရီကားကြီးက ဆီအပြည့် ရှိသော်လည်း ယာဉ်မောင်းဆရာ၏ ဗိုက်ထဲမှာ ဆီကုန်လာ၍ ဆီထည့်ရန် ဝင်သွားခြင်း ဖြစ်သည်ဟု သိရသည်။

ကားအိုကြီးပေါ်တွင် ခရီးသည်နှင့် ကုန်ပစ္စည်းတွေ ပြည့်ကျပ်နေသည်။ တစ်ဦးအပေါ် တစ်ဦး ကျော်ခွ၊ ခွေ့ပြောင်း၊ ဖိထိုင်၊ တက်နင်းမိ၍ ရန်ဖြစ် ဆူညံနေသည်။ ဒီကြားထဲ စပယ်ယာ၏ အသံကလည်း ငှက်ဆိုးထိုးသလား အောက်မေ့ရသည်။

"အထုပ်ပါရင် အထုပ်ခ သပ်သပ်ပေးရမယ်နော်၊ ထိုင်ခုံမှာ ထိုင်တဲ့ ကလေး တစ်ဝက်ခ မရဘူး။ တစ်ဝက်ခ ပေးချင်ရင် ပေါင်ပေါ်တင်ထား၊ ဟိုအဒေါ်ကြီး ဒီကျပ်တန်အစုတ်ကြီး လဲပေးပါ။ ကြာညိုကွင်းအထိ တောက်လျှောက်မောင်းမှာနော်၊ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်၊ ပြဿနာရှိရင် အခုထဲက ဖြေရှင်းထား၊ လမ်းမှာ ရပ်မပေးဘူး၊ မှတ်ပုံတင်တွေ ပါကြရဲ့လား၊ မြို့အဝင်မှာ စစ်လိမ့်မယ်နော်၊ ခေါင်မိုးပေါ်က စီးတဲ့ဆရာတွေ ရွာအထွက်က ကြို့ဆိုပါ၏ ဆိုင်းဘုတ်နဲ့ တိုက်မိပြီး လိမ့်ကျသေရင် တာဝန်မယူဘူး၊ ပြီးပြီဆရာရေ ဆွဲနိုင်ပြီ"

စပယ်ယာက ဆွဲနိုင်ပြီ ဆိုလိုက်သည်နှင့် လော်ရီကားအိုကြီးသည် ငိုက်မျဉ်းနေရာမှ ချောင်းတဟွတ်ဟွတ် ဆိုး၍ လန့်နိုးသွားတော့သည်။ သလိပ်ဟတ်ပြီး ချောင်းဟန့်သော အဘိုးအို၏ အသံမျိုးဖြင့် ဂီယာထိုးလိုက်သည်။

ကားထွက်တော့မည်ဖြစ်၍ ကိုညွန့်တင်သည် ကိုလှဖေတို့ ဇနီးမောင်နှံကို လက်ဝှေ့ယမ်း နှုတ်ဆက်လိုက်သည်။ မအေးနုသည်လည်း သူ့သူငယ်ချင်းများကို အော်ပြီး နှုတ်ဆက်သည်။

"မြကြည်ရေ သွားပြီဟေ့၊ မလှတင်၊ မတင်ညို၊ မခွေးမရေ အားလုံးပဲ သွားပြီဟေ့"

"မအေးနုရေ ရွာကို ပြန်လာခဲ့ဦးနော်"

"အေးပါဟယ်၊ ငါ ပြန်လာခဲ့ပါ့မယ်"

ကားအိုကြီးသည် အိပ်ရာထစ အပျင်းကြီးနေသော နွားအိုကြီးတစ်ကောင် ကဲ့သို့ တလှုပ်လှုပ်ဖြင့် စတင် လိမ့်ထွက်သည်။

ကျေးရွာအလှူတစ်ခုမှ အသံချဲ့စက် အငှားလိုက်ပြီး ပြန်လာဟန်တူသော လောစပီကာကျယ်ဆရာသည် နွားလှည်းပေါ်မှာ အော်လံကြီးကိုတင်ပြီး ရွာရိုးတလျှောက် သီချင်း ဖွင့်လာသည်။

"မောင့်တစ်မျက်နှာ တစ်ရွာအလား ယုံစားလို့ လိုက်ခဲ့သူကိုကွယ်... မောင် အသက်တမျှ ချစ်မှာပဲ တဲ့ကယ်၊ အလိုလည်း လိုက်မယ်၊ စိတ်ချမ်းသာအောင် ထားလို့ရယ်၊ မျက်စိအောက်က အပျောက်မခံနိုင်ပါဘူး တဲ့ကယ်၊ စားလည်းအတူ သွားလည်းအတူ မြတ်နိုးမယ် ယုံတော့ကွယ်၊ ယောက်ျားစကားမို့ တည်ပါတယ် မောင့်အချစ်ကလေးရယ်"

လမ်းကကြမ်း နွားလှည်းကဆောင့်တော့ တွံတေးသိန်းတန်လည်း အသံမမှန်ဖြင့် ဖြစ်နေရှာသည်။

"ယောက်ျားစကား အားဟားမို့တည်ပါတယ်၊ မောင့်အချစ်ဟစ်ကလေး အယ် ဟယ်ရယ်..."တဲ့။

မအေးနသည် ရွာအထွက်တွင် ဖူးမြင်လိုက်ရသော ရွာဦးစေတီတော်ဘက်သို့ လက်အုပ်ချီလိုက်ချိန်တွင် "ကိန္နရီချောင်းကျေးရွာမှ ကြိုဆိုပါ၏" ဆိုသော ဆိုင်းဘုတ်ကြီးသည်လည်း တဖြည်းဖြည်း ဝေး၍ ကျန်ခဲ့လေတော့သည်။

(၃၃)

ကိုညွန့်တင် မောင်းနှင်လာသော ဆလွန်းကား အဖြူလေးသည် ရန်ကုန်မြို့အဝင် စစ်ဆေးရုံလမ်းမကြီးအတိုင်း မောင်းဝင်လာခဲ့သည်။

ဒေါ်လှစိန်သည် ကိုညွန့်တင်နှင့် မအေးနုတို့၏ မေတ္တာဇာတ်လမ်းကို တစ်ဝကြီး နားထောင်လိုက်ရ၍ သက်ပြင်းရှည်ကြီး ချလိုက်သည်။

'ဒါဆို သူ ရူးတာမှ မဟုတ်ဘဲ မောင်ညွန့်တင်ရဲ့'

"သူ့ကို ရူးနေပါတယ်လို့ စွပ်စွဲနေတဲ့ ပတ်ဝန်းကျင်ကို အရွဲ့တိုက်ရာကနေပြီး ဆယ့်ရှစ်နှစ်လောက် အချုပ်ခန်းထဲမှာ ပိတ်လှောင်ခံလိုက်ရတော့ ကြောင်တောင်တောင် ဖြစ်သွားတာပေါ့ ဒေါ်ဒေါ်ရယ်၊ လှောင်အိမ်ခန်းထဲက ထွက်လာတော့ ဆရာကြီး ဦးကျော်ဝင်း ပြောသလို အတိတ်တစ္ဆေ အခြောက်ခံနေရတာပေါ့"

ရန်ကုန်ပြန်ရောက်ပြီး တစ်လခန့်အကြာတွင် စိတ်ရောဂါ အထူးကုသမားတော်ကြီး ဒေါက်တာ ဦးကျော်ဝင်းကို ပင့်၍ ပြသကြည့်သည်။ မအေးနု၏ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့် မဆိုင်သူများ အပေါ်တွင် အမြင်မှားတတ်ပုံများကို ဆရာကြီးဦးကျော်ဝင်းအား ပြောပြလိုက်သည်။

မင်္ဂလာဦးညက ကိုညွန့်တင် ပါးရိုက်ခံခဲ့ရပုံနှင့် သံတွဲမြို့မှ ရန်ကုန်သို့အလာ ဘီအေစီ လေယာဉ်ပေါ်တွင် တယုတယ ဖက်လိုက်သော ကိုညွန့်တင်၏ ယာဘက်လက်ဖျံကို မအေးနုက ရုတ်တရက် ကိုက်လိုက်သည်။ မအေးနု လှောင်အိမ်ခန်းအတွင်း နေစဉ် အောင်ပု ဝင်လာပြီး သူ့ကို လက်ထပ်ရမည်ဟု ပြောပြီး အတင်း အဓမ္မ မဟားဒယားလုပ်၍ အောင်ပု၏လက်ကို ကိုက်ခဲ့ဖူးသည်။ ယခု ကိုညွန့်တင်က တယုတယ ဖက်လိုက်သည်ကို စိတ်ယောင်ပြီး ကိုက်လိုက်မိပြန်သည်။

လေယာဉ်မယ်တောင် လန့်သွားပြီး ကိုင်လာသည့် အစားအသောက်ပန်း လွတ်ကျ သွားသည်။ လေယာဉ်သည် မြေပြင်မှ တက်ပြီး ဝေဟင်ထဲတွင် ရောက်နေပြီဖြစ်၍ စိတ်မနှံ့သော ခရီးသည် ပါလာပါက ထုံးစံအတိုင်း ထိုင်ခုံနှင့် တွဲ၍ လက်ထိတ်ခတ်ရမည် ဖြစ်သည်။ လေယာဉ်မှူးကြီး လိုက်လာပြီး ကိုညွန့်တင်ကို မေးတော့သည်။

"လူကြီးမင်းရဲ့ ဇနီး နေမကောင်းဘူးလား"

လေယာဉ်မှူးကြီးက ယဉ်ယဉ်ကျေးကျေး မေးသော်လည်း လေယာဉ်မှူးကြီးနှင့်အတူ ပါလာသည့် လေယာဉ်မောင်၏ လက်ထဲတွင် ဂုက်ယူလာသော လက်ထိတ်ကို နောက်ဘက်မှ ကြည့်သူများက မြင်နေရသည်။

"ကောင်းပါတယ် ကပ္ပတိန်၊ သူ ကျွန်တော့်ကို စိတ်ဆိုးပြီး ဒေါသထွက်သွားတာပါ"

ကိုညွန့်တင်က မအေးနုကို ရင်ခွင်အတွင်းသွင်းပြီး ဖက်ထားလိုက်သည်။ မအေးနုသည် ကိုညွန့်တင်၏ ရင်ခွင်တွင် မျက်နှာဂုက်၍ ကိုညွန့်တင်ကို ပြန်ဖက်ပြီး ရှိုက်ငိုနေသည်ကို မြင်တော့မှ လေယာဉ်မှူးကြီးနှင့် လေယာဉ်မောင်တို့ ကျေနပ်သွားကြတော့သည်။

ရန်ကုန်ရောက်စက မီးဖိုဆောင်ထဲမှာ ထမင်းချက်နေသော ဒေါ်လှစိန်ကို ဒေါ်မြကြိုင်နှင့် မှားခဲ့ပုံကိုလည်း ပြောပြလိုက်သည်။

သမားတော်ကြီးဦးကျော်ဝင်းသည် မအေးနု၏ အဖြစ်မှန်ကို သိပြီးနောက် စိတ်အခြေအနေတို့ကို ကျေနပ်အောင် စောင့်ကြည့် စမ်းသပ်လေ့လာပြီးသောအခါ အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့သည်။

"ဦးညွန့်တင်ရဲ့ ဇနီးမှာ ဦးနှောက်ပျက်နေတဲ့ ဆိုက်ကော့ဆစ် psychosisလို စိတ်ရောဂါမျိုး၊ အတိတ်မေ့နေတဲ့ ဒီမင်ရှာ Dememtiaလို ဝေဒနာမျိုး မရှိပါဘူး၊ နှစ်ပေါင်း နှစ်ဆယ်လောက် ကြုံတွေ့ခံစားခဲ့ရတဲ့ နာကျည်းမှုဒဏ်ကြောင့် သူ့စိတ်ကို အတိတ်တစ္ဆေ အခြောက် ခံနေရတာပါ၊ အထင်အမြင်မှားခြင်း၊ စိတ်ယောင်ခြင်း၊ စကားပြော မှားခြင်း၊ အိပ်မက်ဆိုး မက်ပြီး ကယောင်ကတမ်း ဒေါ်ဟစ်လန့်နိုးခြင်းတွေ ဖြစ်နေဦးမှာပါ၊ တဖြည်းဖြည်း ပျောက်သွားပါလိမ့်မယ်၊ မြန်မြန်ပျောက်ချင်ရင်တော့ သူ့ကို အတိတ် ပတ်ဝန်းကျင်နဲ့ ကင်းအောင် ထားဖို့ လိုအပ်ပါတယ်၊ အာရုံခံစားမှု အသစ်အဆန်းတွေနဲ့ အချိန်ကုန်စေရပါမယ်၊ ဒါဆိုရင် မကြာခင် ပုံမှန် ပြန်ဖြစ်သွားပါလိမ့်မယ်"

ကိုညွန့်တင် ပြောပြ၍ မအေးနု၏ စိတ်အခြေအနေအမှန်ကို သိသွားပြီ ဖြစ်သော ဒေါ်လှစိန်သည် ခေါင်းတဆတ်ဆတ် ညိတ်ရင်း သက်ပြင်းချလိုက်သည်။

"အင်း... ဝဋ်ဒုက္ခကြီးလိုက်တဲ့ ကလေးမ၊ အခုတော့ ချမ်းသာပါပြီကွယ်၊ အသက်ရှည်ပါစေ၊ လင်နဲ့ သားနဲ့ အိုအောင် မင်းအောင်း ပေါင်းရပါစေတော်"

ကိုညွန့်တင်သည် ဒေါ်လှစိန်ကို သဘောကျသော အပြုံးဖြင့် ကြည့်လိုက်ပြီး ကားကို ဂီယာပြောင်း၍ စက်ရှိန်မြှင့်ပြီး မောင်းသွားလေတော့သည်။

(၃၄)

## ဗဟိုအမျိုးသမီးဆေးရုံကြီး

## ရန်ကုန်မြို့

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုအမျိုးသမီး ဆေးရုံကြီးဝင်း အတွင်း တစ်နေရာရှိ ကိုယ်ပိုင်ကားများ ရပ်ထားသော နေရာတွင် ဆလွန်းကား အဖြူလေး တစ်စီး ရပ်နေသည်။ ဆေးရုံပေါ်မှ ဆင်းလာမည့်သူများကို စောင့်နေခြင်း ဖြစ်သည်။

မွေးကင်းစ ကလေးငယ်ကို အနီးဖြင့် အုပ်၍ ထွေးပိုက်ချီပွေ့ပြီး ဆေးရုံကြီးထဲမှ ထွက်လာသော မအေးနကို ကိုညွန့်တင်က နေရောင် မထိုးနိုင်စေရန် ခေါက်ထီးလှလှလေးဖြင့် မိုးပြီး လိုက်ပါလာသည်။ နောက်မှ လိုက်လာသော ဒေါ်လှစိန်၏ လက်နှစ်ဖက်တွင် အဝတ်အစားနှင့် ဓာတ်ဘူး၊ ပန်းကန်၊ ခွက်မှအစ တိုလီမိုလီ ထည့်ထားသော ပလတ်စတစ်ခြင်းနှစ်လုံးကို ဆွဲလာသည်။

ကားဖြူလေးအနီးကို ရောက်လာသောအခါ ကိုညွန့်တင်သည် ထီးကို ပိတ်လိုက်ပြီး ကားတံခါးကို သော့ဖွင့်၍ မအေးနကို ရှေ့ခန်း ထိုင်ခုံတွင် အသေအချာ ထိုင်ခိုင်းလိုက်သည်။ မအေးန၏ ရင်ခွင်တွင်းမှ အုပ်ထားသော အနီးကို လှစ်၍ သားလေး၏ မျက်နှာကို ကြည့်ပြီး ချစ်ဖနီး မအေးနကို ပြုံးပြလိုက်သည်။ မအေးနကလည်း ချစ်လင် ကိုညွန့်တင်ကို အပြုံးလေးဖြင့်

တုံ့ပြန်လိုက်သည်။ ကိုညွန့်တင်သည် ကားတံခါးကို ချက်ကျအောင် အကျအန ပိတ်လိုက်သည်။ သေချာအောင် ဆွဲကြည့်သည်။ စိတ်ချရပြီဆိုတော့မှ ကားရှေ့မှ ပတ်လျှောက်၍ ယာဉ်မောင်းထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ကားနောက်ခန်းမှ ဒေါ်လှစိန် ကားပေါ်တက်ပြီးသည်နှင့် ကားဖြူလေးသည် ဗဟိုအမျိုးသမီး ဆေးရုံကြီးဝင်းအတွင်းမှ လိမ့်ထွက်သွားတော့သည်။

(၃၅)

နွေဦးပေါက်၏ နံနက်ခင်းသို့ အလင်းရောင် နုနုလေးနှင့် အနွေးပျော့ပျော့လေးတို့ မဝံ့မရဲ ဝင်ရောက်လာသောအခါ ဆောင်းနှင်း အကြွင်းအကျန်လေးများ ထွက်ပြေးလွင့်ပျောက် သွားကြသည်။

နွေဦးကြို ဥဩငှက်ငယ်၏ လွမ်းဆွေးဖွယ် သီဆိုလေ့ရှိသော တေးအိုတစ်ပုဒ်ကို ကြားရပြီး ဩော် ...နွေတစ်ကျော့ ရောက်ပြန်လေပြီဟု သိလိုက်ရသည်။

ဦးလေး ဦးထွန်းကြိုင်၏ အပြုစုကောင်းမှုကြောင့် ကိုညွန့်တင်၏ ခြံဝင်းထဲက နှင်းဆီပန်းအိုးများတွင် အပွင့်စုံနေကြသည်။ မေမြို့ ဂန္ဓမာနှင့် ဒေလီယာရောင်စုံများသည်လည်း တအားလှနေကြသည်။

မအေးနုသည် ပန်းညှပ်ကပ်ကြေး တစ်လက်ဖြင့် အပွင့်လှလှများကို ဖြတ်ယူနေသည်။ ဂန္ဓမာနှင့် ဒေလီယာများကို ဘုရားတင်မည်။ နှင်းဆီရောင်စုံ သုံးပွင့်ကို ဧည့်ခံစားပွဲပေါ်ရှိ ပန်းအိုးတွင် စိုက်မည်ဟု ရည်ရွယ်သည်။

ကိုညွန့်တင်သည် သားလေးကို ချီပြီး ပန်းခူးနေသော ချစ်ဇနီး မအေးနု၏ နောက်မှ လိုက်နေသည်။

"အစ်ကိုရေ"

"ဗျာရေ"

ကိုညွန့်တင် သားလေးကို မြူရင်းမှ မအေးနု၏ 'အစ်ကိုရေ' ခေါ်သံကို 'ဗျာရေ'ဟု မြူးမြူးလေး ပြန်ထူးလိုက်သည်။

"အစ်ကိုကလည်းကွယ်၊ ညီမက စကားကောင်းပြောမလို့"

"ပြောလေ ညီမရယ်၊ အစ်ကို နားထောင်နေပါတယ်၊ ဟောဒီက သားသားလေးလည်း နားထောင်နေတယ်လို့ ပြောလိုက်စမ်း သားလေး၊ ကဲ... ပြောလေ ဘာပြောမလို့လဲ"

ပျော်စရာမိသားစုလေး၏ ကြည်နူးမှုရသသည် ပန်းများနှင့်အတူ အလှပြိုင်နေကြသည်။

"ညီမတို့ ရွာကို တစ်ခေါက်လောက် ပြန်ကြရအောင်နော် အစ်ကို"

ဇနီး မအေးနုထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ ကိုညွန့်တင်၏ ရင်ထဲမှာ ထင့်ခနဲဖြစ်ပြီး အံ့သြသွားသည်။ မအေးနုသည် ရွာမှ ထွက်မလာမီကပင် ရွာသို့ ပြန်လာခဲ့ပါမည်ဟု သူ့သူငယ်ချင်းမတွေကို ကတိတွေ ပေးခဲ့သည်။ ရွာဦးစေတီတော်ကို သွားပြီး ဝတ်ပြုစဉ်ကလည်း ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပြီ ဖြစ်သည့် မိခင်ကို တမ်းတပြီး သမီး ပြန်လာခဲ့ပါမယ် အမေရယ်ဟု ပြောဆိုခဲ့သည်။ မိမိနှင့် မအေးနုတို့၏ အနာဂတ် ကံကြမ္မာအတွက် အတိတ်နိမိတ် တစ်ခုခုများ ဖြစ်လေမလားဟု တွေးပူမိ၍ သားလေး၏ မျက်နှာကို ကြည့်လိုက်မိသည်။ ကိုညွန့်တင် စိုးရိမ်မကင်း ဖြစ်မိတော့သည်။

သမားတော်ကြီး ဦးကျော်ဝင်း၏ ညွှန်ကြားချက်ကလည်း မအေးနုကို ရွာသို့ မပြန်သင့်ကြောင်း ညွှန်ကြားခဲ့သည်။ "သူ့ကို အတိတ်ပတ်ဝန်းကျင်နဲ့ ကင်းအောင်ထားလို့ လိုအပ်ပါတယ်" သမားတော်ကြီး၏ ညွှန်ကြားချက်ကို ပြန်လည် ကြားယောင်မိသည်။ ယခု မအေးနုက ရွာကို တစ်ခေါက်လောက် ပြန်ကြရအောင်ဟု ပူဆာလာသည်။ ကိုညွန့်တင်က စိုးရိမ်စိတ်ကို ထိန်း၍ မေးလိုက်ရသည်။

"ရွာကထွက်လာတာ တစ်နှစ်ကျော်ကျော်လေးပဲ ရှိသေးတယ်၊ ရွာကို လွမ်းနေပြီလား ညီမရယ်"

အေးနုမကို ဒုက္ခတွေ ပေးခဲ့တဲ့ ဒီရွာ၊ ဒီမြေနဲ့ ဒီလူတွေကို စိတ်မနာနိုင်သေးဘူးလားဟု မေးလိုက်ချင်သော်လည်း မသက်ဆိုင်သူများနှင့် အပြစ် မရှိသည့် မွေးရပ်မြေကို ထိခိုက်သွားမည်စိုး၍ ရိုးရိုးလေးပင် မေးလိုက်ပါသည်။

"ကိစ္စရှိလို့ပါ အစ်ကိုရယ်၊ ရွာမှာ တစ်ပါတ် ဆယ်ရက်လောက် နေပြီးရင် ပြန်လာကြတာ ပေါ့နော် အစ်ကို"

"ဘာကိစ္စတွေများ ရှိနေရပြန်တာလဲ ညီမရယ်"

"အရေးကြီးတဲ့ ကိစ္စ ရှိလို့ပေါ့ အစ်ကိုရယ်"

မအေးနုသည် ဖြတ်ယူထားသော နှင်းဆီသုံးပွင့်ကို ငုံ့နမ်း လိုက်ပြီးနောက် ကိုညွန့်တင်၏ ရင်ခွင်ထဲက သားလေးကိုပါ နမ်းလိုက်သည်။

"ဘာကိစ္စလဲ.. ပြောလေ"

"အရူးမ မိအေးနုမှာ ကိုယ်ပိုင်လင်ရယ်၊ ကိုယ်ပိုင်သားရယ်၊ ကိုယ်ပိုင်ကားရယ် ရှိတယ်ဆိုတာ ရွာက လူတွေသိအောင် ကိုယ်ပိုင်ကားနဲ့ ရွာကို သွားပြီး ကြွားပြမလို့ ... ဟီး..ဟီး"

"မြတ်စွာဘုရား"

မအေးနုက အပျိုပေါက်ကလေး တစ်ယောက် အမူအရာမျိုးဖြင့် ပြောင်စပ်စပ်ပြောပြီး ရယ်လိုက်ရာ ကိုညွန့်တင် ဘုရား တလိုက်မိသည်။

"အလကား ပြောတာပါ အစ်ကိုရယ်၊ လာ အိမ်ထဲသွားမယ်၊ အိမ်ထဲရောက်မှ ပြောပြမယ်"

မအေးနုသည် ခူးထားသော ပန်းများကို ပိုက်ပြီး အိမ်ဘက်သို့ လျှောက်သွားသည်။ ကိုညွန့်တင်မှာ သားကလေးကို ချီပြီး နောက်က လိုက်ရတော့သည်။ အိမ်ထဲရောက်သောအခါ

ဧည့်ခန်းတွင် သန့်ရှင်းရေး လုပ်နေသော ဒေါ်လုစိန်ကို ဂန္ဓာမာနှင့် ဒေလီယာ ပန်းတွေကို ဘုရားတင်ရန် ပေးလိုက်သည်။ နှင်းဆီသုံးပွင့်ကိုမူ ဧည့်ခန်းဆက်တီ စားပွဲပေါ်ရှိ ဖန်ပန်းအိုး လည်ရှည်လေးတွင် ထိုးစိုက်ထားလိုက်သည်။

မအေးနုသည် ကိုညွန့်တင်အနီးတွင် ဝင်ထိုင်လိုက်ပြီး ကိုညွန့်တင်၏ လက်ထဲက သားလေးကို မြူလိုက်သည်။ ချစ်စရာ သားငယ်လေးသည် လက်ကလေးကားယား လှုပ်၍ မိခင်ကို ပြုံးပြသည်။ မအေးနု၏ ဘဝမှာ အလှပဆုံး အချိန်လေးဖြစ်သည်။

"ကဲ ပြောလေ၊ ဘာကိစ္စလဲ"

ကိုညွန့်တင်သည် သိချင်စိတ်ကို မအောင့်နိုင်တော့၍ မေးလိုက်ရတော့သည်။

"ရွာဦးဘုရား ကုန်းတော်ပေါ်က တနင်္ဂနွေဂြိုဟ်တိုင်ကို မှတ်မိတယ်မဟုတ်လား အစ်ကို"

"မှတ်မိသားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"အဲဒါ ညီမရဲ့ မွေးနံဂြိုဟ်တိုင်ပေါ့ အစ်ကိုရဲ့ .. ဟီး ... ဟီ.."

"အလို.. ဘုရားရေ"

ပြောပြီး ရယ်လိုက်သော မအေးနုကို ကြည့်ပြီး ကိုညွန့်တင် လန့်သွားသည်။ သားလေးကို ချီထားလျက်မှ မအေးနုကို လှမ်းဖက်ပြီး မေးလိုက်မိသည်။

"ညီမ နေကောင်းပါတယ်နော်"

"ကောင်းပါတယ် အစ်ကိုရဲ့၊ ကဲ...နားထောင် ရွာ ပြန်ချင်တဲ့အကြောင်း ပြောပြမယ်"

(၃၆)

အပူရုပ်ကို ဟန်လုပ်၍ ပြုံးထားသော ဒေါ်အေးမြသည် အဆိပ်သောက်ပြီး အရှက်ကို အသက်နှင့် လဲသွားသော သမီးကြီး မအေးခင်၏ အသုဘ ကိစ္စပြီးချိန်မှ စ၍ ပထမဆုံးအကြိမ် အဖြစ် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်ရန် ပြင်ဆင်နေသည်။ ညနေ ငါးနာရီတွင် ရွာဦးဘုရားကုန်းတော်ပေါ်သို့ သွား၍ ပန်းဆီမီး ကပ်လှူမည်ဟု မအေးနကို ပြောထားသည်။

မအေးန ရေချိုး သနပ်ခါးလိမ်းပြီးသောအခါ ဘုရားကပ်ရန် ပန်းစည်းနှင့် ဆီမီးတိုင် (ဖယောင်းတိုင်) ထုပ်များကို မအေးနကို ကိုင်စေသည်။ ဒေါ်အေးမြ၏ လက်ထဲတွင်မူ မျက်နှာသုတ်ပဝါဖြင့် ပတ်ထုတ်ထားသော အထုပ်တစ်ထုပ်ကို ပွေ့ပိုက်ထားပြီး သားအမိနှစ်ယောက် အိမ်မှထွက်၍ ရွာဦးစေတီတော်ဘက်သို့ ခပ်တည်တည် လျှောက်လာခဲ့ကြသည်။

ဘုရားကုန်းတော်ပေါ်သို့ ရောက်သောအခါ ဒေါ်အေးမြသည် ပတ်ဝန်းကျင်ကို လှေ့လာ အကဲခတ်သည်။ သူတို့ သားအမိအပြင် အခြား တစ်စုံတစ်ယောက်များ ဘုရားပေါ်တွင် ရှိနေလေမလားဟု စိုးရိမ်သည့်မျက်လုံးများဖြင့် ဘုရားရင်ပြင်တော်ပေါ် လှည့်ပတ်၍ ကြည့်သည်။ ဘုရားဖူးလည်း တစ်ယောက်မျှ မတွေ့၊ ကျွဲကျောင်းသား နွားကျောင်းသားများမှစ၍ တစ်ယောက် တလေမျှ မရှိကြောင်း စိတ်ချရသောအခါ တနင်္ဂနွေဂြိုဟ်တိုင်ရှေ့တွင် သားအမိနှစ်ယောက် ထိုင်လိုက်ကြသည်။ ပန်း၊ ဆီမီးများကို ကပ်လှူပူဇော်ကြသည်။ ဒေါ်အေးမြသည် သူ့အတွက် သက်စေ့ ဆီမီး ၄၅တိုင်ကို ပူဇော်သည်။ ဘုရားကို အာရုံပြုရှိခိုးသည်။ ဘုရား ဝတ်ပြုပြီးသည်နှင့် မအေးနကို တာဝန်တစ်ခု ပေးလိုက်သည်။

"သမီး ... ဘုရားကုန်တော် ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး စောင့်ကြည့်နေစမ်း၊ ကုန်းတော်ပေါ်ကို လူတစ်ယောက် တလေ တက်လာတာ မြင်ရင် အမေ့ကို ချက်ချင်းလာပြော၊ အမေ ဒီမှာပဲ ရှိမယ်၊ ခဏကြာရင် အမေ ခေါ်လိုက်မယ် သွားတော့"

မအေးနသည် သူ့အမေအနီးမှ ထလာခဲ့ပြီး ဘုရားကုန်းတော် အတက်လမ်းနှင့် ထန်းပင်ကြီး အနီးအနား တစ်ဝိုက်တွက်ကို လှည့်ပတ် စောင့်ကြည့်ပေးနေသည်။ ဘုရားကုန်းတော်ပေါ်တွင် လူသူ အရိပ်အယောင်မျှပင် မမြင်မတွေ့ရပေ။ ဘုရားကုန်းတော်နှင့် အတန်ငယ် လှမ်းသော တောင်ရင်းကွင်းစပ် သစ်ပင်ငယ် အောက်တွင် နွားကျောင်းသားလေးတစ်ဦးသာ ပလွေတိုမှုတ်ရင်း နွားကျောင်းနေတာ တွေ့ရသည်။

သရီရ ဓာတုစေတီတော်မြတ်သည် ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေသိက္ခာတော်မြတ်ဖြင့် မအေးနတို့ သားအမိကို စောင့်ကြည့်နေတော်မူသည်။ တစ်စုံတစ်ခု ဖြစ်လာတော့မည်ကို ကြိုတင် သိမြင်တော်မူသည့်အလား စိတ်နလုံး မသာမယာဖြစ်နေတော် မူရှာလေသလားဟုပင် ထင်ရသည်။ စေတီတော်မြတ်၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် လုံးဝ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဘုရားကုန်းတော်ပေါ်သို့ ခပ်ပြင်းပြင်း ဆောင့်တိုက်လိုက်သော လေဝေ့လေရှူး တစ်ချက်ကြောင့် ထန်းပင်အိုကြီးသည် သက်မကြီး ချလိုက်သည့်အလား အလက်အခက်များ ရှဲခနဲမြည်သွား သံနှင့်အတူ "သမီးရေ လာတော့" ဟု ခေါ်လိုက်သော ဒေါ်အေးမြ၏ ခေါ်သံကြောင့် မအေးနသည် သူ့အမေရှိရာဘက်သို့ လှည့်ပြန်လာခဲ့သည်။

ဒေါ်အေးမြသည် တနင်္ဂနွေဂြိုလ်တိုင် ခြေရင်းတွင် တစ်စုံတစ်ခုကို တူးမြှုပ်ပြီးပေပြီ။ လက်ရာခြေရာ မပေါ်စေရအောင် မြေစာတွေကို ဖုံးဖိညှိဖြန့်နေသည်။ သူ့အနီးတွင် တစ်တောင်ခန့်သာ ရှည်သော တူရွင်းငန်းပြားလေး တစ်ချောင်းနှင့် မျက်နှာသုတ် ပဝါတစ်ထည် ကိုသာ တွေ့ရတော့သည်။ မျက်နှာသုတ်ပဝါဖြင့် ပတ်ထုပ်ယူလာသော အရာဝတ္ထုကို မြေမြှုပ်ပြီးပြီဖြစ်သည်။

"သမီးလာ၊ အမေ့နားမှာ ထိုင်စမ်း၊ အမေပြောတာကို သေသေချာချာ နားထောင်သမီး"

မအေးနသည် သူ့အမေအနီးတွင် ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်သည်။ ဒေါ်အေးမြသည် ဖုံပေနေသော လက်နစ်ဖက်ကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်း မအေးနကို မေးလိုက်သည်။

"သမီး ဘာနေ့သမီးလဲ သမီး"

"တနင်္ဂနွေသမီးပါ အမေ"

"ဟုတ်တယ်၊ ဒီဂြိုဟ်တိုင်ဟာ တနင်္ဂနွေဂြိုဟ်တိုင်ဆိုတော့ သမီးရဲ့ မွေးနံဂြိုဟ်တိုင်ပဲ၊ မှတ်မိတယ်နော် သမီး"

"မှတ်မိပါတယ် အမေ"

"သမီးရဲ့ မွေးနံဂြိုဟ်တိုင် ခြေရင်းမှာ တစ်စုံတစ်ခု အမေမြှုပ်ထားတယ်၊ ဟောဒီအုတ်ခဲကို ဖော်ပြီး အောက်ကို တစ်ထွာလောက် နှိုက်တူးလိုက်ရင် ပေါ်လာလိမ့်မယ်၊ မြေမှုန့်တွေနဲ့ ဖုံးထားတဲ့ အုတ်ခဲကို မြင်တယ်မဟုတ်လား သမီး"

အပေါ်ယံမှ မြေမှုန့်ဖြူး၍ အုပ်ထားသော အုတ်ခဲတစ်လုံးကို အသာအယာ ယက်ဖော်ပြပြီး မြေမှုန့်များဖြင့် ပြန်ဖုံးအုပ်လိုက်သည်။ မအေးနက ခေါင်းညိတ်ပြလိုက်သည်။

"ဒီပစ္စည်းတွေကို သမီးအတွက် အမေထားခဲ့တယ်"

ဒေါ်အေးမြသည် မျက်နှာသုတ် ပဝါဖြင့် မျက်နှာကိုအုပ်၍ တစ်ချက် ရှိုက်လိုက်သည်။ မအေးန ထိတ်ထိတ် ပျာပျာ ဖြစ်သွားသည်။ မိခင်၏ လက်မောင်းကို ဖက်တွယ်ပြီး အားငယ်သော မျက်နှာလေးဖြင့် မဲ့နေတော့သည်။

"အမေ ဘယ်ကိုသွားမလို့လဲဟင်၊ သမီးလဲ လိုက်မှာပဲ"

မျက်စိသူငယ် နားသူငယ်ဖြင့် အားငယ်နေရှာသည့် လူမမယ် သမီးလေးကို ကြည့်ပြီး ဒေါ်အေးမြ စိတ်ကို ထိန်းပြီး ဟန်လုပ်၍ ပြုံးလိုက်သည်။ ငိုမဲ့နေသည့် သမီးလေးကို ဖက်ပြီး အားပေးစကား ပြောလိုက်သည်။

"အမေ ဘယ်မှ မသွားဘူး၊ သမီးကို စိတ်ချရတဲ့အချိန်ထိ သမီးအနားမှာ အမေရှိနေမယ်၊ ဒါပေမယ့် လောကကြီးထဲက လူတွေဟာ သေမျိုးတွေပဲ သမီးရယ်၊ တစ်နေ့နေ့မှာ သေကြရမှာ အမှန်ပဲ၊ စောစော သေတာနဲ့ နောက်ကျပြီး သေတာပဲ ကွာမယ်၊ အဲဒီတော့ သမီး အရွယ်ရောက်လို့ အိမ်ထောင်ရက်သား ကျတဲ့အချိန်မှာ အမေ ရှိချင်မှ ရှိတော့မယ်"

ဒေါ်အေးမြသည် ထိခိုက်ကြေကွဲစွာ ပြော၍ သမီးလေး မအေးနုကို ပါးချင်းထိအောင် ဆွဲဖက်ထားလိုက်သည်။ မအေးနုသည် စိတ်မနိုင်တော့၍ မိခင်ကို ဖက်ပြီး အားရအောင် ငိုချလိုက်သည်။ ဒေါ်အေးမြသည် သမီးလေး မျက်နှာကို စေ့စေ့ကြည့်၍ ဆက်ပြောသည်။

"သမီး အိမ်ထောင်ကျပြီးလို့ သမီးရဲ့ ခင်ပွန်းဟာ သမီးကို တကယ်ချစ်ခင်စုံမက် မြတ်နိုးတဲ့သူ၊ သမီးတစ်သက်တာ အတွက် အားကိုးထိုက်တဲ့သူလို့ ယုံကြည် စိတ်ချရပြီဆိုရင်တောင်မှ အနည်းဆုံး သားသမီး တစ်ယောက်ရပြီးမှ ဒီပစ္စည်းတွေကို ဖော်ယူသုံးစွဲပါ သမီး၊ အမေပြောတာ မှတ်မိတယ်မဟုတ်လား"

မအေးနုသည် ငိုမဲ့လျက်မှ မိခင်ကို ခေါင်းညိတ်ပြလိုက်သည်။

"အမေမှာချင်တာ ဒါပါပဲ သမီး၊ ကဲ... သမီးလည်း ကုသိုလ်ရအောင် ဘုရားရှိခိုးလိုက်၊ အမေလည်း ဘုရားရှိခိုးလိုက်ဦးမယ်"

မအေးနုသည် မိခင်၏ ရင်ခွင်မှ ထွက်၍ မျက်ရည်စလေးများကို သုတ်ပြီး စေတီတော်မြတ်ကို ဦးချကန်တော့လိုက်သည်။ ဒေါ်အေးမြသည် မျက်နှာသုတ်ပဝါကို ပခုံးမှာတင်၍ လက်ဆယ်ဖြာ ထိပ်မှာ မိုးပြီး စေတီတော်မြတ်ကို ရှိခိုးဦးချလိုက်ပါသည်။

"ရှင်တော်မြတ်ဘုရား .... ဘုရားတပည့်တော်မသည် ဤ ရွှေ ငွေ ဥစ္စာရတနာများကို ဘုရားတပည့်တော်မ၏ သမီးလေး မအေးနုအတွက် ရည်ရွယ်၍ ရှင်တော်ဘုရားမြတ်ထံတွင် ခေတ္တ အပ်နှံထားခဲ့ပါသည်ဘုရား။ တပည့်တော်မ၏ သမီး မအေးနုသည် ဤ ရွှေ ငွေ ဥစ္စာရတနာများကို ဖော်မယူနိုင်မီ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ပါက အရိမေတ္တယျဘုရားရှင် ပွင့်တော်မူသောအခါ ကျောင်းတော် ဆောက်လုပ်ရာတွင် လိုရာ သုံးစွဲရန်အတွက် တပည့်တော်မတို့ သားအမိ ကောင်းမှုအဖြစ် လှူဒါန်းပါသည် အရှင်မြတ်ဘုရား၊ တပည့်တော်မ၏ သမီး မအေးနုမှ တစ်ပါး

အခြားသူ မသက်ဆိုင်သူ တစ်ဦးတစ်ယောက်က တွေ့ရှိ၍ မအေးန၏ ခွင့်ပြုချက်မရဘဲ ဖော်ယူသုံးစွဲပါက ထိုသူမှာ ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး အမျိုးမျိုးတို့နှင့် ကြုံတွေ့ရပြီးလျှင် သေသည်၏ ကာလ နောင်တမလွန်ဘဝ၌ အဝီစိ ငရဲသို့ ကျရောက်၍ ဘုရားမြတ်အဆူဆူတို့ ကယ်ချွတ်တော် မူသော်လည်း မလွယ်ကူ ခက်ခဲ၍ မကျွတ်မလွတ်ဘဲ ငရဲမှာ သံမှိုစွဲထားသကဲ့သို့ အမြဲနေရပါစေ အရှင်မြတ်ဘုရား"

ဒေါ်အေးမြ၏ ကြောက်စရာကောင်းသော ကျိန်စာဆုတောင်းကြီး ပြီးဆုံးသွားသောအခါ တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော ဘုရားကုန်းတော်ပေါ်သို့ လေပြည်တစ်ချက် ဆောင့်တိုက်လိုက်သဖြင့် စေတီတော်၏ ဆွဲလည်းသံလေးများ ဆူညံစွာ မြည်သွားသည်။ စေတီတော်မြတ်သည် ဒေါ်အေးမြ၏ အပ်နှံချက်ကို လက်ခံ အတည်ပြုလိုက်သည်သို့ ရှိတော့သည်။

ဒေါ်အေးမြသည် စေတီတော်မြတ်ကို ဦးချကန်တော့ လိုက်သည်။ မအေးနသည် မိခင်၏ ကျိန်စာတိုက်သံကို ကြားလိုက်ရသောအခါ ကြက်သီးမွေးညှင်း ထသွားသည်။

ဒေါ်အေးမြသည် တူရွှင်းငန်းပြားလေးကို မျက်နှာသုတ် ပဝါဖြင့် လုံအောင်ပတ်၍ ချိုင့်ကြားမှာညှပ်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ကဲ..သမီး အိမ်ပြန်ကြစို့"

## (၃၇)

"အမေဟာ အဲဒီနေ့ညမှာပဲ သူ့ကိုယ်သူ ကြိုးဆွဲချပြီး သူ့ဘဝကို အဆုံး စီရင်သွားခဲ့တယ် အစ်ကိုရယ်၊ လောကကြီးထဲမှာ ညီမကို တစ်ယောက်တည်းထား .. ဟင့် .."

မအေးနုသည် စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ ရှိုက်ငိုနေတော့သည်။ ကိုညွန့်တင်သည် မအေးနုကို ပိုပြီး သနားသွားသည်။ လူ့ဘဝမှာ အရွယ်မရောက်မီ ကလေးဘဝက စပြီး ဒုက္ခကြီးခဲ့သော ချစ်ဇနီးကို တယုတယ ဖက်ပြီး အားပေးနှစ်သိမ့် လိုက်ရသည်။

"ညီမလေ... အချိန်ရရင် အဖေ့ကိုလည်း ရှာချင်သေးတယ်၊ အမေနဲ့ မမကိုလည်း အားရအောင် ဆွမ်းသွတ် လှူဒါန်းပြီး အမျှအတန်း ဝေချင်သေးတယ် အစ်ကိုရယ်၊ ဒါကြောင့် ရွာကို တစ်ခါလောက် ပြန်ကြရအောင်လို့နော် အစ်ကို"

"ကောင်းပါပြီဗျာ၊ ဟောဒီက သူဌေးမကြီး သဘောကျ သလိုသာ စီမံပါဗျာ၊ ကျုပ်တို့ သားအဖကတော့ သိုက်ဆရာမကြီး ခေါ်ရာကို လိုက်ရတော့မှာပေါ့ဗျာ"

ကိုညွန့်တင်သည် ချစ်ဇနီး မအေးနုကို ကလိလိုက်ပြီး သားလေးမျက်နှာကို ကြည့်၍ ပြုံးနေလိုက်သည်။ မအေးနုသည် သူ့ဘဝ၏ အနန္တ ကျေးဇူးရှင်ကြီး ချစ်လင် ကိုညွန့်တင်ကို ပြုံးမျက်စောင်းလေး ထိုးကြည့် လိုက်ပါတော့သည်။

(၃၈)

ကိုညွန့်တင်သည် ကိုယ်ပိုင်ကားဖြင့် ခရီးဝေးသွားရန် ပြင်ဆင်ရတော့သည်။ ဘဏ်မှ ငွေထုတ်ယူခြင်း၊ ဓာတ်ဆီ အပို ဂါလံ လေးဆယ်ခန့် ဝယ်ရခြင်း၊ လူကြီးအတွက် ကလေးအတွက် အရေးပေါ် လိုအပ်မည့် ဆေးဝါးများ ဝယ်ခြင်း၊ ရွာမှ ဆရာတော်နှင့် သက်ကြီး ဝါကြီးများ၊ မိတ်ဆွေ အပေါင်းအသင်းများအတွက် လှူဖွယ် ဝတ္ထုနှင့် လက်ဆောင်ပစ္စည်းများ ဝယ်ခြင်း ပြုလုပ်ရသည်။

မော်ဘီမှ ပြည်၊ တောင်ကုတ်၊ သံတွဲ၊ ကိန္နရီချောင်းရွာ အထိ နှစ်ရက်ခန့် နားနားနေနေ မောင်းရမည် ဖြစ်၍ ဦးလေး ဦးထွန်းကြိုင်ကို ခေါ်သွားရန် စီစဉ်သောအခါ ဒေါ်လှစိန်က ရောက်ဖူးတယ် ရှိအောင် သူလည်း လိုက်ချင်ပါသည် ဆို၍ နှစ်ယောက်လုံးကို ခေါ်သွားရန် စီစဉ်ရတော့သည်။

အိမ်စောင့်ရန်အတွက် အစ်ကိုဖြစ်သူ အရာခံဗိုလ် ဦးညွန့်လှိုင်၏ သားကြီး ဘွဲ့ရ အလုပ်လက်မဲ့ တူတော်မောင်နှင့် အပေါင်းပါ တစ်စုကို တာဝန်ပေးရသည်။

ခရီးထွက်မည့်နေ့ ညနေသုံးနာရီခန့်တွင် အိမ်စောင့်မည့် တူတော်မောင်နှင့် အပေါင်းပါ လေးယောက် စုစုပေါင်း ငါးယောက်တို့ ရောက်လာကြသည်။ ဂီတာတစ်လက်၊ ကက်ဆက် တစ်လုံးနှင့်အတူ ဘာတွေ ထည့်ယူလာမှန်း မသိရသော သားရေတု အိတ်အသေးတစ်လုံးမှ အပ အခြား ဘာအသုံးအဆောင်မှ ပါလာကြတာ မတွေ့ရပေ။ ကိုညွန့်တင်၏ တူတော်မောင်ကတော့

ဝတ်ပုံ စားပုံမှအစ ရိုးရိုးလေး ဖြစ်သော်လည်း သူ့ဘော်ဒါတွေကတော့ ဆံပင်ရှည်ရှည်၊ ဂျင်းဘောင်ဘီရှည် ဖင်ကျပ်နှင့် စပို့ရှပ်ကို ကြယ်သီးမတပ်သော အုပ်စုဖြစ်သည်။

ကိုညွှန့်တင်သည် တူတော်မောင်ကို အိမ်သော့ကို အပ်၍ လိုရာသုံးစွဲရန်အတွက် ပိုက်ဆံ တစ်ထောင်ပါ ပေးခဲ့သည်။ ပါးစပ်မှလည်း မှာခဲ့ရသေးသည်။

"..သားကြီး ... အိမ်မှာ ကောင်းကောင်း နေရစ်နော်၊ လေးလေးတို့ တစ်ပတ် အများဆုံး ဆယ်ရက်လောက်ပဲ ကြာမယ်၊ ပိုက်ဆံလိုရင် နင့်အမေဆီက ခဏယူသုံးထား၊ လေးလေးပြန်လာရင် ပြန်ပေးမယ်လို့ပြော"

ကိုညွှန့်တင်၏ တူက လူအေး နှုတ်အေးမို့ ခေါင်းသာညိတ်သော်လည်း သူ့ဘော်ဒါထဲက တစ်ယောက်က နှုတ်သွယ် လျှာသွက်ဖြင့် ဝင်ပြောသည်။

"စိတ်ချသွားပါ အန်ကယ်၊ ကျွန်တော်တို့အတွက် ပိုက်ဆံ မလိုပါဘူး၊ ဘီသာ အရေးကြီးပါတယ်"

ကိုညွှန့်တင်၏ တူက မျက်ကလဲဆန်ပြာ ဖြစ်သွားပြီး အဲဒီငနဲကို မျက်စောင်းထိုးကြည့်ပြီး သတိပေးတာ တွေ့ရသည်။ ကိုညွှန့်တင် စိတ်ထဲက ပြုံးလိုက်မိသည်။ သို့သော် မျက်နှာကို တည်တည်လုပ်၍ ခပ်ထန်ထန်လေး မှတ်ပစ်ခဲ့ရသည်။

"မင်းတို့ ငါ့အိမ်မှာ မဖွယ်မရာတော့ လုပ်မနေကြနဲ့နော်၊ ငါ ပြန်လာလို့ ရပ်ကွက်ရုံးမှာ ရှင်းရလင်းရ ဆိုရင်တော့ မင်းတို့ မသက်သာဘူးမှတ်ထား"

"စိတ်ချပါ လေးလေး"

"စိတ်ချပါ အန်ကယ်"

ကတိတွေတော့ ပေးကြပါ၏။ ခေတ်ကာလသားသမီး ပီပီ ပြန်မပြော နားမထောင်ဘဲ မိဘကွယ်ရာမှာ ထင်တာ လုပ်ကြမှာ သေချာသည်။

ယူဆောင်သွားမည့် အဝတ်အစား သေတ္တာများ၊ ဓာတ်ဆီပုံးများ၊ လက်ဆောင်ပစ္စည်းနှင့် လှူဖွယ် ဝတ္ထု ပစ္စည်းများထည့်ထားသော အိတ်ကြီးတို့ကို ကားပေါ်သို့ ဝိုင်းတင်ပေးကြသည်။

ဦးလေး ဦးထွန်းကြိုင် မောင်းမည်ဖြစ်၍ ဒေါ်ဒေါ် ဒေါ်လှစိန်ကို ကားရှေ့ခန်းမှာ ထိုင်ခိုင်းလိုက်သည်။ ကိုညွန့်တင်တို့ သားအမိ သားအဖ သုံးယောက်က ကားနောက်ခန်းမှာ ထိုင်ပြီး နေရာယူပြီးသောအခါ ဆလွန်းကား အဖြူလေးသည် အိမ်ရှေ့ဆင်ဝင်အောက်မှ လိမ့်ထွက်သွားလေတော့သည်။

ကိုညွန့်တင်၏ တူက ကားနောက်မှ လိုက်၍ ခြံဝင်းတံခါးကို ပိတ်လိုက်ပြီး သော့ခတ်သည်။

ခြံဝင်းတံခါးမှ အိမ်ထဲသို့ ပြန်ဝင်လာသော အခါမှာတော့ သူ့ဘော်ဒါလေးယောက်တို့က မြူးနေကြလေပြီ။ တစ်ယောက်က ကိုညွန့်တင်နှင့် မအေးနုတို့၏ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် ပစ်လှဲ လူးလိမ့်ပြီး ဇိမ်ခံနေသည်။ နှစ်ယောက်က သားရေတုအိတ်ဖြင့် ထည့်ယူလာသည့် ဗွီဒီယို တိပ်ခွေတွေထဲက အခွေကို စက်ထဲ ထည့်ပြီး မဒေါနားနဲ့ အပြိုင်ကရင်း ဂီတာ ခေါက်နေကြသည်။ တစ်ယောက်ကမူ ဆိုဖာပေါ်မှာ အကျအန ထိုင်၍ ဆက်တီ စားပွဲပေါ် ခြေနှစ်ချောင်းတင်ပြီး တယ်လီဖုန်း စကားပြောနေသည်။

"ဟလို ... ဆွိလား ချစ်၊ ကိုပါ၊ မော်ဘီက ပြောနေတယ်၊ ကိုယ်တို့ ဘီအသစ်က ရေရေလယ်လယ် မိုက်တယ်ကွာ၊ အပြတ် မြူးရအောင် နက်ဖြန်မနက် မော်ဘီကား စီးပြီး လာခဲ့ပါ၊ ဈေးရှေ့က ကားဂိတ်မှာ လာကြိုနေမယ်၊ တကယ်လာနော်၊ မလာရင်တော့ ခေါက်စ်ပဲ"

ကိုညွန့်တင်၏ တူတော်မောင်ခမျာ သူ့နဖူးကို လက်ဝါးဖြင့် ဖျန်းကနဲမြည်အောင် ရိုက်ပြီး ခေါင်းယမ်းလိုက်မိတော့သည်။

(၃၉)

သက်သောင့်သက်သာ မောင်းနှင်လာခဲ့သော ကားဖြူလေးသည် ပြည်မြို့ သရေခေတ္တရာ တည်းခိုရိပ်သာရှေ့တွင် ညင်ညင်သာသာ ထိုးရပ်လိုက်သောအခါ ည ၉း၀၀ နာရီခန့်သာ ရှိသေးသည်။ ပြည်မြို့သို့ မရောက်ဖူးသေးပေသော မအေးနသည် လျှပ်စစ်မီးများ ထွန်းညှိပူဇော်ထားသည့် ရွှေဆံတော် စေတီတော်မြတ်ကို လက်အုပ်ချီလျက် တအံ့တသြ ဖြစ်နေသည်။

သရေခေတ္တရာ တည်းခိုရိပ်သာတွင် တစ်ညတာ အတွက် တည်းခို အိပ်စက်လိုက်ကြသည်။

နောက်တစ်နေ့ နံနက်စောစော ထွက်သော ပထမခေါက် ဇက်ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးကြသည်။ ရခိုင်ရိုးမတောင်ကြီးကို တက်ရတော့မည့် ကားဖြူလေးသည် တိုက်ပွဲဝင် ရတော့မည့် စစ်မြင်းတစ်ကောင် အလား အားမာန်အပြည့်ဖြင့် ရိုးမတောင်ကြီးကို မော့ကြည့်နေသည်။ ဇက်ရေယာဉ်သည် ဆင်တဲ ဆိပ်ကမ်းတွင် ထိုးဆိုက်လိုက်သည်နှင့် ကားဖြူလေးက ကမ်းပေါ်သို့ ပြေးတက်သွားတော့သည်။

ရန်ကုန်မြို့ ကုန်ဈေးတန်းလမ်းမှ ခရီးသည် အပြည့်ဖြင့် ထွက်လာသည့် ရိုးမသစ္စာ ဟီးနိုးကားကြီးကလည်း အားကျမခံ ကမ်းပေါ်သို့ ပြေးတက်လိုက်သွားသည်။ ကိုညွန့်တင်တို့နှင့်အတူ ခရီးသွားကြမည့် ကားတွေက သုံးလေးစီ ရှိသည်။ ဆင်တဲမှ တောင်ကုတ်၊ သံတွဲမြို့အထိ သွားမည့်

အာရ်တီဘီ ဟီးနိုးကားကြီးကလည်း ခရီးသည် အပြည့်ဖြင့် ထွက်တော့မည် ဖြစ်သည်။ ပြည်နယ်နှင့် ပြည်မ ကူးသန်းရောင်းဝယ် နေကြသည့် ကုန်ကားကြီးတွေလည်း တအိအိ တက်ဆင်းနေကြသည်။

ပြည်မြို့မှ တောင်ကုတ်၊ သံတွဲမြို့အထိ ပေါက်သော ရခိုင်ရိုးမတောင်ကြီး၏ သဘာဝ ရှုခင်းက သာယာလှသည်။

အမိ မြန်မာပြည်အတွက် သဘာဝက ပေးအပ်ထား ထူထပ်သည့် အဖိုးတန် သစ်တောကြီးမှာ မြစိမ်းကမ္ဗလာကြီးကို မညီမညာ ခင်းထားသည်နှင့်ပင် တူသေးတော့သည်။ မြင့်မားသည့် တောင်ကြီးတွေ အကြားမှာ မြစ်ဖျားခံ၍ မိခင် ဧရာဝတီမြစ်ကြီးဆီသို့ ဝမ်းလျားထိုး သွားနေကြသော တောင်ကျချောင်းလေးများလည်း ကွေ့ဝိုက် ရစ်ခွေ စီးဆင်းနေကြသည်။ မိုးသားတိမ်လိပ် ဂွမ်းဆိုင် ဂွမ်းခဲကြီး အချို့ တောင်ခါးပန်းကို ပတ်၍ တအိအိ ရွေ့လျားပြီး ဘင်္ဂလားပင်လယ်အော်ဘက်သို့ ခရီးဆက်နေကြသည်။

ကမ္ဘာ့အရှေ့၊ အလယ်၊ အနောက်၊ ဥရောပမကျန် နိုင်ငံစုံအောင် ရောက်ဖူးသော ကိုညွှန့်တင်၏ ရင်တွင်းဝယ် သဘာဝ အလှတွေ အလျှံပယ် ပေါကြွယ်ဝသော ငါတို့ တိုင်းပြည်ပါကလားဟု ခံစားမိရင် ပီတိဖြစ်မိတော့သည်။

တောင်ကုတ်မြို့သို့ ညနေ ၃း၀၀ နာရီခန့်တွင် ရောက်သွားသဖြင့် အချိန်စောနေသေး၍ တစ်ခါမှ မရောက်ဖူးသေးသော ဦးလေး ဦးထွန်းကြိုင်နှင့် ဒေါ်လုစိန်တို့က လျှောက်ကြည့်ချင်ပါသည် ဆို၍ ကားကို အာရ်တီဘီဂိတ်မှာ ရပ်ထားခဲ့ပြီး ဈေးအတွင်း လျှောက်ကြည့်ကြသည်။

လေးနာရီခန့်တွင် တောင်ကုတ်မြို့မှ သံတွဲမြို့သို့ ဆက်လက် ထွက်ခွာကြသည်။ တောင်ကုတ်ချောင်း၊ သံတွဲချောင်းများကို ဖောင်ဖြင့် ဖြတ်ကူးပြီးသောအခါ ည ၁၀း၀၀နာရီခန့်တွင် သံတွဲမြို့သို့ ရောက်သွားသည်။

သံတွဲမြို့ထဲသို့ မဝင်တော့ဘဲ ငပလီကမ်းခြေသို့ ဆက်မောင်း၍ ငပလီ ရှုခင်းသာဟိုတယ်မှာ တည်းခိုလိုက်ကြသည်။

နောက်တစ်နေ့ နံနက်တွင် ငပလီ ကမ်းခြေတစ်လျှောက်နှင့် ရွှေဝါချိုင် လူရည်ချွန်စခန်း၊ မဖင်လေဆိပ် အနီးအနား တစ်ဝိုက်လျှောက်ကြည့်ရင်း ဓာတ်ပုံရိုက်ကြပြီး မြို့ပေါ်သို့ တက်လာခဲ့ကြသည်။

သံတွဲမြို့ ဈေးကြီးရှေ့ရှိ အာရ်တီဘီကားဂိတ်တွင် ကားကို ရပ်ထားခဲ့ကြပြီး ဈေးကြီးအတွင်း အထည်တန်းမှ ဈေးသည် အပျိုကြီး မမြရွှေကို ဝင်တွေ့ပြီး နှုတ်ဆက်ကြသည်။

မမြရွှေမှာ ဝမ်းသာအားရဖြင့် မအေးနု၏ သားလေးကို ပြေးယူချီပွေ့ထားတော့သည်။ ကိုယ်ပိုင်လင်၊ ကိုယ်ပိုင်သား၊ ကိုယ်ပိုင်ကားတို့ဖြင့် ပြည့်ပြည့်စုံစုံ တစ်ကျော့ ပြန်ရောက်လာသော သူငယ်ချင်း မအေးနုအတွက် ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်နေရှာသည်။

"ရန်ကုန်ကိုတော့ ငါ ရောက်ဖူးပါတယ်။ နင်တို့ ပြောတဲ့ မှော်ဘီတို့၊ တိုက်ကြီးတို့ဆိုတာ ကြားသာကြားဖူးတယ် ဘယ်အနားရှိမှန်း ငါ မသိဘူးဟဲ့"

ရန်ကုန်ရောက်လျှင် ဖုန်းဆက်ခေါ်ပါက လာကြိုမည် ဖြစ်ကြောင်း ပြော၍ ဖုန်းနံပါတ်ပေးခဲ့ရသည်။

ကိန္နရီချောင်းသို့ ခရီးဆက်ရဦးမည် ဖြစ်၍ နေပူရှိန်မပြင်းမီ ခရီး အတန်အသင့် ပေါက်နိုင်ရန် အပျိုကြီးကို နှုတ်ဆက်၍ သံတွဲမြို့မှ ထွက်ခွာလာသောအခါ နံနက် ၉နာရီခန့်ပင် ရှိလေပြီ။

ကိုညွန့်တင် ကိုယ်တိုင်မောင်းလာ၍ မအေးနုက သားလေးနှင့်အတူ ကားရှေ့ခန်းမှ ထိုင်လိုက်လာခဲ့သည်။ သံတွဲမြို့မှ ကိန္နရီချောင်းရွာသို့ မိုင်လေးဆယ်သာ ဝေးသော်လည်း လမ်းက ကြမ်းသဖြင့် ကားမနာအောင် သက်သောင့် သက်သာ နားနားနေနေ မောင်းလာခဲ့သည်။ ဇလွန်၊ ကျောက်ကြီး၊ ကြာညို၊ ညောင်ပင်ကွင်း၊ စေတီကွင်း၊ ပုန်းညက်၊ သဖန်းကွင်း စသော ထင်ရှားသည့် ကျေးရွာများကို ဖြတ်မောင်းပြီးသောအခါ နေ့လည် ၁း၀၀နာရီခန့်တွင် ကိန္နရီချောင်းရွာကြီး၏ အဝင်ဝတွင် စိုက်ထူထားသော 'ကိန္နရီချောင်းရွာမှ ကြိုဆိုပါ၏' ဆိုင်းဘုတ်ကြီးကို မြင်တွေ့ကြရတော့သည်။

ကိုညွန့်တင်သည် ကားကို အရှိန်သတ်လိုက်ပြီး ရွာဦး ထိပ်ရှိ သရီရ ဓာတု စေတီတော်မြတ် စံပါယ်တော် မူရာ ကုန်းတော်အတက် လှေခါးရင်းတွေင် ရပ်လိုက်သည်။

ကိုညွန့်တင်၊ မအေးနတို့ သားအမိနှင့် ဒေါ်လုစိန်တို့ ကားပေါ်မှ ဆင်းလိုက်ကြသည်။ ဦးထွန်းကြိုင်က ကားစောင့်ရန် ကားပေါ်မှာ ကျန်နေခဲ့သည်။

မအေးနတို့အဖွဲ့ ဘုရားကုန်းတော်ပေါ် တက်သွားကြသောအခါ ကုန်းတော်ပေါ်ရှိ ပျဉ်းကတိုးပင်အိုထက်မှ ငှက်ပန်းတိမ်၏ တိန်တိန်မြည်နေသော တူနက်သံသည် ချက်ချင်း ရပ်သွားသည်။ တစ်ခါမှ မမြင်ဖူးသော လူထူးလူဆန်းတွေမို့ အံ့ဩသွားဟန်တူသည်။

ထန်းပင်အိုကြီးထက်မှ ဒည့်ကောင်း စောင်ကောင်းလာလျှင် ကြိုဆိုလေ့ရှိသော ကျီးဖို၊ ကျီးမတို့က တအာအာ သာလိုက်သောအခါမှသာ ငှက်ရွှေပန်းတိမ်၏ တိမ်တိမ်မြည်သော တူချက်က အသံ ပြန်ထွက်လာလေသည်။

သို့သော် မအေးနကို အောက်မေ့လွမ်းမောနေသော ပျဉ်းကတိုးပင်အို ထိပ်ဖျားမှ နွေမင်းသားလေးကတော့ ဘယ်တော့မှ မရိုးနိုင်သည့် သူ၏ ခေတ်ဟောင်းတေးအိုကြီးကို လေးလေးမှန်မှန် သီဆို၍ မအေးနကို ကြိုဆိုလေသည်။ ဥဩ ... ဥဩ .. ဥဩ ...တဲ့။

စေတီတော်မြတ်ကို စောင့်ကြပ်နေသော ထန်းအဘိုးအိုသည် မြေးမလေး မအေးန ပြန်ရောက်လာခြင်းကို ကြိုဆိုသောအားဖြင့် ခြောက်သယောင်စ ပြုနေပြီဖြစ်သော သူ့အလက်ကြီး များကို လှုပ်ရှား၍ လက်ခုပ် လက်ဝါး တီးလိုက်သောအခါ ကျီးဖိုနှင့် ကျီးမတို့ တအာအာသာ၍ ရွာဘက်သို့ ထိုးပျံသွားလေတော့သည်။ မအေးန ပြန်လာပြီ ဖြစ်ကြောင်း သတင်းကောင်းကို ဦးဦးဖျားဖျား သွားပြောကြပေတော့မည်။

သရီရ ဓာတု စေတီတော်မြတ်သည် လာခြင်းကောင်းသော ချစ်သမီး မအေးနကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ခမ္ဘ တေးသံ ဆည်းလည်းသံလေးများကို တလွင်လွင် တီးခတ် ပေးလေသည်။

လူသားတို့၏ မွေးဖွားခြင်းနှင့် သေဆုံးခြင်းကာလစ စပ်ကြားတွင် မလွှဲမသွေ ကြုံတွေ့ရမြဲ ဖြစ်သည့် လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံများခြင်း၊ အခြွေအရံနည်းခြင်း၊ ချစ်သူတို့နှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူတို့နှင့် အတူတကွ နေရခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသော လောကဓံတရား ရှစ်ပါး၏ သဘာ သရုပ်ကို ပီပီပြင်ပြင် တင်ဆက် ကပြသွားသည့်

အလွမ်းမင်းသမီးလေး မအေးနု၏ အဖြစ်ကို မြင်ရသူတို့ တရားသံဝေဂ ရကြစေခြင်းငှာ၊ စေတီတော်မြတ်၏ ဆည်းလည်းသံကလေးများက သတိပေးနေသည်သို့ ရှိလေတော့သည်။

မအေးနုသည် သားလေးကို ကိုညွန့်တင် လက်သို့ လွှဲပြောင်းပေးလိုက်ပြီး တနင်္ဂနွေဂြိုဟ်တိုင်ရှေ့တွင် ရှိရှိသေသေ ထိုင်၍ လက်အုပ်ချီမိုး ရှိခိုး ဦးချလိုက်သည်။

ဒေါ်လုစိန်သည်လည်း မအေးနု၏ နောက်နားကျကျတွင် ထိုင်၍ စေတီတော်ကို ဦးချကန်တော့သည်။ တောရွာဘုရား ပီပီ ဘာမျှ ကြည့်စရာ ရှုစရာ ထွေထွေထူးထူး မရှိသည်ကို သတိပြုလိုက်မိသည်။ ပျက်စီး ယိုးယွင်းနေပြီဖြစ်သည့် ဇရပ်အိုလေး တစ်ဆောင်နှင့် ကြေးခေါင်းလောင်း ညိုညစ်ညစ်ကြီး တစ်လုံးသာ တွဲလောင်းဆွဲလျက် ငြိမ်သက်စွာ ရပ်နေသည်။

မအေးနုသည် ဂြိုဟ်တိုင်ခြေရင်းမှ မြေလွှာကို လက်ဖြင့် ယက်ကြည့်လိုက်ရာ ရေညှိရောင်တက်နေသော အုတ်ခဲတစ်လုံး ပေါ်လာသဖြင့် ကိုညွန့်တင်ကို လှမ်းကြည့်ပြီး ဒေါ်လုစိန် မသိစေရန် မျက်ရိပ်ပြလိုက်သည်။ ကိုညွန့်တင်က မြင်တွေ့ကြောင်း အချက်ပြသည့် အနေဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

မအေးနုသည် အုတ်ခဲကို မြေမှုန့်များဖြင့် ပြန်ဖုံးလိုက်စဉ်မှာ တစ်နေရာမှ အပြေးအလွှား ရောက်လာသော မြွေပေါက်တစ်ကောင်သည် အုတ်ခဲနှင့် ဂြိုဟ်တိုင်အကြားရှိ တွင်းထဲသို့ လျှောခနဲ ပြေးဝင် ပျောက်ကွယ်သွားလေသည်။ ကိုညွန့်တင်၊ မအေးနုနှင့် ဒေါ်လုစိန်တို့ သုံးယောက်လုံး မြင်လိုက်ကြသဖြင့် လန့်ပြီး နောက်ဆုတ်လိုက်ကြသည်။

ကိုညွန့်တင်သည် ကလေးကို မအေးနုလက်သို့ ပြန်ပေးလိုက်ပြီး ဘုရားကို ဦးချလိုက်သည်။ မြွေပေါက်ကို မြင်တွေ့ လိုက်ရသောကြောင့် အတိတ်နမိတ် တစ်ခုခုများလားဟု စိတ်ထဲတွင် စနိုးစနောင့် ဖြစ်လိုက်မိသည်။

လူသူအရောက်အပေါက်နည်းသော တောရွာဘုရားမို့ မြွေတွေ့သည်မှာ အကြောင်း မသိသော ဒေါ်လုစိန်အဖို့ ဘာမျှ အထူးအဆန်း မဟုတ်သော်လည်း ကိုညွန့်တင်အဖို့ သို့လော သို့လော တွေးတောစရာ ဖြစ်သွားသည်။

ဘုရားကုန်းတော်ခြေရင်းမှာ ရပ်ထားသော ကားဖြူလေးနှင့် ဦးထွန်းကြိုင် အနီးမှာတော့ ကျွဲကျောင်းသား၊ နွားကျောင်းသားနှင့် ငှက်ပစ် ထင်းခွေ သျှောင်ပေစုတ်လေးတွေ ဝိုင်းအုံနေကြပေပြီ။ ဒီရွာကို ဒီလိုကားကလေးမျိုး တစ်ခါမှ မလာဖူး၍ အထူးအဆန်းဖြစ်ပြီး ဝိုင်းအုံကြည့်နေကြခြင်း ဖြစ်သည်။ ဦးထွန်းကြိုင်က ကလေးတွေကို အရောတဝင် နှုတ်ဆက်လိုက်သည်။

"လူကလေးတို့ ကျောင်းမနေကြဘူးလားကွဲ့"

"နေပါတယ်အဘ၊ ကျွန်တော်တို့က မနက်ပိုင်း တက်ရပါတယ်"

ကလေးအုပ်စုထဲမှ ခေါင်းတုံးဆံတောက်နှင့် နှုတ်သွက်လျှာသွက် တစ်ယောက် ဖြေသည်။ နံနက်ပိုင်း ကျောင်းချိန်ပြီးသည်နှင့် ထမင်းစားပြီး စာမကျက်တော့ဘဲ ထင်းခွေ၊ ငှက်ပစ်၊ ငှက်ဥနှိုက် ထွက်လာကြသော အုပ်စု ဖြစ်သည်။

"နေပူပြင်းလှပါတယ် လူလေးတို့ရယ်၊ အိမ်မှာ နေပြီး စာလေးဘာလေး ကျက်နေကြပါတော့လားကွယ်"

ဦးထွန်းကြိုင် ကရုဏာလေသံဖြင့် ပြောလိုက်သောအခါ ကလေးများက ပြုံးပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ဦးထွန်းကြိုင်နှင့် ကလေးအုပ်စု တရင်းတနှီး ဖြစ်သွားသည်။

"အဘတို့က လမ်းလုပ်ငန်းကလား၊ သစ်တောလုပ်ငန်းကလား"

နှုတ်သွက်လျှာသွက် ခေါင်းတုံးဆံတောက် ကျောင်းသားက မေးလိုက်သည်။ ဦးထွန်းကြိုင်ပင် ရုတ်တရက် ကြောင်သွားပြီးမှ ကမန်းကတန်း ဖြေလိုက်ရသည်။

"ဟော... ဘယ်ဌာနကမှ မဟုတ်ဘူးကွဲ့၊ ရန်ကုန်က အလည်လာကြတာ၊ ဒီကားက ဒီရွာက ဒေါ်အေးနုရဲ့ ကားလေကွယ်"

ကလေးများ တစ်ယောက်မျက်တစ်ယောက် ကြည့်ပြီး အံ့သြနေကြသည်။ ဦးထွန်းကြိုင်၏ အဖြေစကားကို နားမလည်နိုင်အောင် ဖြစ်နေကြဟန်တူသည်။

"ဒီရွာမှာ ဒီလိုကားမျိုးပိုင်တဲ့ ဒေါ်အေးနဆိုတာ မရှိပါဘူး အဘရဲ့"

ဦးထွန်းကြိုင် သဘောပေါက်သွားသည်။ နောက်ဆုံး ကလေးတွေ သိအောင် ပြောလိုက်ရတော့သည်။

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က သဘော်သား ဦးညွန့်တင်နှင့် မင်္ဂလာဆောင်ပြီး ရန်ကုန်ကို လိုက်သွားတဲ့ ဒေါ်အေးနလေကွယ်၊ သူတို့ အခု ရွာကို ပြန်လာကြတာ၊ ဘုရားကုန်းတော်ပေါ် တက်သွားကြတယ်၊ အခု ပြန်ဆင်းလာတော့မှာပါ"

"ဟော့ အရူးမ မိအေးနကို ပြောနေတာကွ"

ကလေးများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တအံ့တဩ ပြောလိုက်ကြသဖြင့် ဦးထွန်းကြိုင်၏ ရင်ထဲမှာ အောင့်သွားသော်လည်း ကလေးတွေကို စိတ်မဆိုးနိုင်ဘဲ ပြုံး၍ ဝန်ခံလိုက်ရတော့သည်။

"အေး ဟုတ်တယ်ကွဲ့"

ကလေးအုပ်စုထဲမှ နှစ်ယောက် သုံးယောက်သည် ရွာဘက်သို့ ရုတ်တရက် ပြေးထွက်သွားကြသည်။ ကလေးသဘာဝ သတင်းထူးကို ဦးဦးဖျားဖျား ပြောကြားနိုင်ရန် ရွာထဲသို့ သူ့ထက်ငါ အလျင်ဦးအောင် ပြေးသွားကြခြင်း ဖြစ်သည်။ တွေ့ရာ ကြုံရာ ယောကျာ်း၊ မိန်းမတို့ကို ပြောကြပေတော့မည်။

ကလေးအုပ်စုထဲက အများစုကတော့ အရူးမ မိအေးနကို ကြည့်ချင်၍ မငံ့မရဲဖြင့် ကျန်နေခဲ့ကြသည်။

မအေးန၏ ဘဝမှာ လင်နဲ့ သားနဲ့ ကိုယ်ပိုင်ကားနဲ့ ဖြစ်နေသည့်အပြင် သိန်းနဲ့ချီပြီး ချမ်းသာနေပြီ ဖြစ်သော်လည်း 'အရူးမ မိအေးန' ဆိုသည့် အမည်နာမ အမည်းစက်ကြီးက မပျောက်နိုင် ဖြစ်နေရှာသည်။ တစ်ဘဝတုန်းက သူတစ်ပါးကို အလားတူ ပြုခဲ့ဖူးသည့် ဝိဘာက်ကြမ္မာ၏ ဝဋ်တုံ့ ဝတ်လှည့် ဖြစ်ပေလိမ့်မည်။ ဘုရားရှင်သော်မှ မလွတ်နိုင်သည့် ဝိပါကဝဋ် ကြမ္မာ၏

ကြောက်စရာကောင်းပုံကို ဆင်ခြင်မိပြီး မအေးနု၏ ဘဝမှာ ဝဋ်တုံ့ ဝဋ်လှည့်ရှိခဲ့ပါက ဒီဘဝ ဒီမျှနှင့် ကျေပါစေတော့ဟု ဦးထွန်းကြိုင် ဆုတောင်းလိုက်မိသည်။

ဘုရားကုန်းတော်ပေါ်မှ ပြန်ဆင်းလာသူများ ကားရပ်ထားရာသို့ လျှောက်လာကြသည်။ ခေါင်းစည်းပဝါလှလှလေးကို ခေါင်းမှာစည်းပြီး နေကာမျက်မှန် အပျံစားကို တပ်၍ လက်ကိုင်အိတ် အကောင်းစားကို ကိုင်ရမ်းပြီး ပြုံးရယ်ရွှင်မြူးစွာ လျှောက်လာသည့် မအေးနုကို ကလေးများ ငေးကြောင်ပြီး ကြည့်နေကြသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က အချုပ်ခန်းမှ လွတ်လာပြီး ဘုရားကုန်းတော်ပေါ် ပြေးတက်သွားသော အရူးမ မိအေးနုနှင့် ယခုတွေ့ရသော ကားပိုင်ရှင် ဒေါ်အေးနု၏ အသွင်အပြင်မှာ ကွာချင်တိုင်းကွာနေ၍ ကလေးတွေ အံ့သြပြီး ငေးကြောင် ကြည့်နေကြခြင်းဖြစ်သည်။

ဘုရားဖူးအဖွဲ့ ကားအနီးသို့ ရောက်သောအခါ မအေးနုက ကလေးတွေကို တရင်းတနှီး နှုတ်ဆက်ချင်ပါသော်လည်း ကလေးတွေက မအေးနုကို ကြောက်နေကြဆဲပင် ရှိသေးသည်။ မအေးနုသည် အချိုသာဆုံးသော အပြုံးဖြင့် ကလေးများကို ဘယ်သူ ဘယ်ဝါတို့ရဲ့ သားလဲဟု တစ်ဦးချင်းကို မေးသည်။ ဖြေသူလည်း ရှိသည်။ မအေးနုကို ကြောက်၍ မဖြေသူလည်း ရှိသည်။ ခေါင်းတုံးဆံတောက်နှင့် နှုတ်သွက်လျှာသွက်ဆရာက ရှေ့တိုး၍ ရဲရဲတင်းတင်းဖြေသည်။

"ကျွန်တော် ဒေါ်မြကြည်သားပါ"

မအေးနု ဝမ်းသာသွားသည်။ ခေါင်းတုံးဆံတောက်၏ ပခုံးကိုဖက်၍ တရင်းတနှီး ပြောလိုက်သည်။

"ဟေ... မြကြည်ရဲ့သားလား၊ ဒါဆို ငါ့တူလေးပေါ့ ဟယ် ကဲ .. ကားပေါ်တက်ကြ၊ ရွာထဲဝင်ကြရအောင်"

ကားပိုင်ရှင်၏ ခွင့်ပြုချက်ရသည်နှင့် ခေါင်းတုံးဆံတောက် သျှောင်ပေစုး၊ နပ်ချီးတွဲ၊ ချေးထုတို့အုပ်စု ကားပေါ်သို့ ဝိုင်းအုံတက်လိုက်ကြတာ တောဘုရားဖူးကားလိုလို၊ သင်္ကြန်ရေပက်ခံ ကားလိုလို ဖြစ်သွားတော့သည်။

ကိုညွန့်တင်နှင့် မအေးနတို့ ကားရှေ့ခန်းမှာ ထိုင်မည်ဖြစ်၍ ဦးထွန်းကြိုင်နှင့် ဒေါ်လှစိန်တို့ ဇနီးမောင်နှံက နောက်ခန်းမှာ သျှောင်ပေစူးတို့ အုပ်စုနှင့်အတူ ကျပ်ညပ်ပြီး တက်ထိုင်လိုက်ရသည်။

မအေးနပိုင် ကားဖြူကလေး ရွာထဲ စဝင်လိုက်သည်နှင့် ရွာထဲမှ တစ်အိမ်တစ်ယောက် နှစ်ယောက်ဆိုသလို အိမ်ပေါက်စေ့မျှ ခြံဝတွင် ထွက်ရပ်ပြီး ကြည့်နေကြသော ရွာသူရွာသားများကို မြင်တွေ့ရသောအခါ ဦးထွန်းကြိုင်နှင့် ဒေါ်လှစိန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။

ကားပေါ်မှာ ပါလာသည့် ရွာခံသား ပုဂ္ဂိုလ်များကလည်း ကားစီးရ၍ ကြွားလိုကြသဖြင့် ကားအောက်က သူငယ်ချင်းတွေကို ကားပေါ်မှ အော်ဟစ်နှုတ်ဆက် အသံ ပေးကြသည်မှာ ဆူညံနေတော့သည်။ ကားပေါ်က ဘော်ဒါတွေကို မြင်သွားတော့ ကားစီးချင်၍ နောက်က ပြေးလိုက်ပြီး တွယ်တက်သည့် သူကလည်းမရှား၊ လမ်းတစ်လျှောက်လုံး တရုန်းရုန်းဖြစ်နေတော့သည်။

(ဖြစ်မှဖြစ်ရလေ မအေးနရယ်၊ နဂိုကမှ အရှုးမလို့ အခေါ်ခံနေရတဲ့အထဲ ခမ်းခမ်းနားနား ကြွလာပြန်တော့လည်း မျောက်ထမ်းပြီး တိုင်းခန်းလှည့်သလို တအုံးအုံး တရုန်းရုန်းပါပဲလားဟဲ့) ဟု ဦးထွန်းကြိုင် တွေးမိပြီး သက်ပြင်းချ၍ ပြုံးလိုက်မိတော့သည်။

ရွာလယ်လမ်းဆုံး အနီးရှိ သမဝါယမ ကုန်မျိုးစုံဆိုင်ရှေ့သို့ ရောက်လာသောအခါ ကားပေါ်က ခေါင်းတုံး ဆံတောက်က ကားပေါ်မှနေ၍ သူ့အမေ မမြကြည်ကို လှမ်းအော်ခေါ်သည်။

"အမေရေ .... အမေ .... ကျွန်တော်ဒီမှာ ကားစီးလာတယ်"

သူ့သား ငတေ၏ အသံကိုသာမက ဆိုင်ရှေ့မှာ ထူးထူးခြားခြား ကားရပ်သံပါ ကြားလိုက်ရသော မမြကြည် အရောင်းဆိုင် စားပွဲမှ ထကြည့်သည်။ သူ့သား ငတေငပေ ဘယ်ဌာနပိုင်ကားကို နိစီးလာပြန်သလဲ မသိဟု ထင်လိုက်ဟန် တူသည်။

မမြကြည်ကို မြင်သောအခါ ကိုညွန့်တင်သည် ကားကို သမဆိုင်ရှေ့မှာ ရပ်လိုက်သည်။ ဆိုင်ထဲမှာ ပစ္စည်းလာထုတ်သူ အချို့ ရှိနေသည်။ ကားရပ်လိုက်သည်နှင့် ကလေးများ ကားပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

ခေါင်းစည်းခြုံပဝါနှင့် နေကာမျက်မှန်တို့ကို ဆင်မြန်းပြီး ကားရှေ့ခန်းမှ ထိုင်လိုက်လာသော မအေးနုကို မမြကြည် မြင်သော်လည်း မှတ်မိဟန် မတူ၍ အထူးအဆန်းသဖွယ် ကြည့်နေသည်။ ကားပေါ်က ခုန်းဆင်းသွားသော သူ့သားက အနီးကပ်၍ တစ်စုံတစ်ခု ပြောလိုက်တော့မှ ကားရှေ့ခန်းမှာ ထိုင်နေသော မအေးနုကို မယုံမရဲဖြင့် ပြူးတူးပြဲတဲ ကြည့်နေတော့သည်။

"ဟော့..မြကြည်၊ ငါပါဟဲ့ အေးနုပါ၊ ကြည့်နေလိုက်တာ တစ်ခါတည်း မမြင်ဖူးတာကျနေတာပဲ"

မအေးနုသည် နေကာမျက်မှန်ကို ချွတ်၍ ပြုံးပြလိုက်တော့မှ မမြကြည်မှာ အံ့ဩဝမ်းသာ သွားပြီး ဆိုင်ထဲမှ ပြေးထွက်လာတော့သည်။

"ဟယ်.. အေးနု၊ ကြည့်စမ်း ကောင်မ ကြီးပွားနေလိုက်တာ၊ ငါ့မှာ ဘယ်က ရုပ်ရှင်မင်းသမီးလဲလို့ ကြည့်တာဟဲ့"

မမြကြည် ကားအနီးသို့ ပြေးလာသောအခါ မအေးနုသည် ကားတံခါးကို ဖွင့်၍ သားလေးကို မမြကြည်မြင်အောင် ပြလိုက်သည်။ မမြကြည် အရမ်းဝမ်းသာသွားသည်။

"ဟယ် ... ဘာလေးလဲဟဲ့"

မမြကြည်သည် မအေးနုလက်ထဲက ကလေးကို ပြေးချီပြီး ကလေးဘောင်းဘီကို အောက်သို့ ဆွဲချ၍ ယောက်ျားလား၊ မိန်းမလား သေချာအောင် ကြည့်လိုက်သည်။

"ဟာ... ကျားလေးဟဲ့၊ သားလေးဟဲ့၊ ချစ်စရာလေးဟဲ့"

မမြကြည် ကလေးကို ဖက်နမ်းလိုက်ချိန်တွင် ကိုညွန့်တင်နှင့် မအေးနုတို့၏ မျက်နှာပေါ်က အပြုံးသည် တစ်ရွာလုံး၏ ရင်ကို အေးမြသွားစေလိမ့်မည်ဟုပင် ထင်ရလောက်သည်။ မမြကြည်သည်လည်း မအေးနု၏ အခြေအနေကို ကြည့်ပြီး ဝမ်းသာလွန်း၍ မျက်နှာမှာ အပြုံးကမ္ဘာကြီး ဖြစ်နေတော့သည်။

"ကဲ.. ညနေကျမှ လာခဲ့မယ်၊ လက်ဆောင်ပစ္စည်းတွေလည်း ပါတယ်၊ လာပေးမယ်၊ ကိုလှဖေတို့ အိမ်မှာပဲ တည်းမယ်"

"လက်ဆောင်ပစ္စည်းနဲ့ လာတဲ့ ဧည့်သည်ဆိုရင် ကြိုဆိုပါတယ်၊ နင်က ကိုယ်ပိုင်ကား အသစ်ကလေးနဲ့ လာတော့ ငါ့အိမ်မှာ တည်းပါလာဟယ်၊ ငါလည်း ဂုဏ်ရှိတာပေါ့"

"သေနာကောင်မ ပြောရှေ့မယ်၊ နင့်အိမ်ရှေ့မှာ ကားထားစရာ နေရာရှိလို့လား"

မမြကြည်က သူ့ထုံးစံအတိုင်း သွက်သွက်နောက်နောက် ပြောသည်။ မအေးနုက မျက်စောင်းလေးခဲပြီး ဆဲပစ်ခဲ့သည်။ မမြကြည်က မအေးနု၏ သားလေး ပါးနုနုလေးကို တအားမွှေးမွှေး ပေးပြီး သူ့အမေ လက်ထဲ ပြန်ထည့်ပေးလိုက်သည်။ ကိုညွန့်တင်က မမြကြည်ကို ပြုံးပြီး လက်ပြနှုတ်ဆက်၍ ကားကို စက်နှိုးလိုက်တော့သည်။

ကျောင်းနေဘက် ငယ်သူငယ်ချင်းတို့၏ ကြည်နူးစရာ မြင်ကွင်းလေးပြီးတော့ ကားဖြူလေးသည် သမဆိုင်ရှေ့မှ ငြိမ့်ခနဲ လိမ့်ထွက်သွားလေတော့သည်။

(၄၀)

ကိုညွန့်တင်နှင့် မအေးနုတို့သည် ရွာဦးကျောင်းဆရာတော် ဦးပညာဝံသကို လှူဖွယ်ဝတ္ထုများဖြင့် သွားကန်တော့ကြသည်။ ဆရာကြီး ဦးစံငွေ၊ ဦးကျီးညိုတို့ကိုလည်း ကန်တော့လက်ဆောင် ပစ္စည်းများဖြင့် သွားကန်တော့ကြသည်။ အဘိုးကြီးများက ဝမ်းသာအားရဆုပေးကြသည်။

မအေးနု၏ ဘဝမှာ အသာစီးရနေပြီဖြစ်သော်လည်း အငြိုးအာဃာတမထားဘဲ ဒေါ်မြကြိုင်မိသားစုကို သွားတွေ့သည်။ ဒေါ်မြကြိုင်ကို လက်ဆောင်ပစ္စည်းများ ပေးကမ်းသည့်အပြင် အိုစာမင်းစာ စားသွားနိုင်ရန် ငွေကျပ် ငါးထောင်တိတိ ကန်တော့လိုက်သည်။

မအေးနု၏ ခွင့်လွှတ် သိတတ်မှုများသည် ဒေါ်မြကြိုင်၏ နှလုံးသားကို ဓားပါးပါးဖြင့် မွှန်းနေသည်သို့ ခံစားရသဖြင့် ဒေါ်မြကြိုင်မှာ မျက်နှာကို ပဝါဖြင့် အုပ်၍ ငိုလေသည်။ လာရောက်ကန်တော့သူကို သင့်ရာ တော်ရာ ဆုပေးစကားလေးပင် မပြောနိုင်တော့။ သူပြုလုပ်ခဲ့သည့် မတရားမှုများကို နောင်တ တရားရ၍ ထင်သည် စကားတစ်ခုကို ကြိုးစား၍ ပြောသည်။

"အဒေါ်လည်း ကြာကြာနေရတော့မယ် မထင်ပါဘူး၊ အဒေါ့်ကို ခွင့်လွှတ်ပါသမီးရယ်"

မအေးနုက ကြင်နာလျှက်လှဲစွာ ပြန်ပြောလိုက်သည်။

"ကျွန်မအားလုံးကို ခွင့်လွှတ်ပြီးသားပါ အဒေါ်၊ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ပါဘူး၊ ကျွန်မဘဝ ဝဋ်ကြွေးမကင်းလို့ ခံခဲ့ရတာပါ၊ အခုတော့ ပြီးသွားပါပြီ၊ ဝဋ်တုံ့ ဝဋ်လှည့် ရှိသေးရင်လည်း ဒီမျှနဲ့ ကျေပါတော့လို့ ကျွန်မ တောင်းပန်ပါတယ်ရှင်"

မအေးနု၏ ခွင့်လွှတ်ရင်းနှင့် တောင်းပန်သော စကားများသည် ဒေါ်မြကြိုင်အဖို့ တရားသံဝေဂရဖွယ် ဖြစ်ရမည့်စကား နလုံးသားကို မြားမှန်သည်သို့ ခံစားရပြန်လေသည်။

(၄၁)

မအေးနု၏ မေတ္တာရပ်ခံ ဖိတ်ကြားထားချက်အရ ကိုလှဖေ၏ အိမ်တွင် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများ၊ ရပ်မိရပ်ဖများနှင့် မအေးနုကို ခင်မင်ရင်းနှီးသူများ ရောက်နေကြသည်။ အိမ်ရှင် ကိုလှဖေ မိသားစုက အချိုပွဲ၊ အဖန်ပွဲ၊ ကွမ်းဆေး၊ လက်ဖက်များဖြင့် ဧည့်ခံနေသည်။

ရန်ကုန်က ဧည့်သည်တွေ ရောက်လာသည့်နေ့ကစ၍ ကိုလှဖေ၏ အိမ်မှာ စည်ကားနေခဲ့သည်။ အိမ်ရှေ့မှာ ရပ်ထားသော မအေးနု၏ ကားအသစ်ကလေးကြောင့် ကိုလှဖေ၏ အိမ်မှာ အလိုလိုနေရင်း ကျက်သရေ တက်နေတော့သည်။

ကျေးရွာဥက္ကဋ္ဌကြီး ဦးအောင်ပွင့်၊ အတွင်းရေးမှူး ဦးစိန်မြင့်၊ တရားသူကြီးအဖွဲ့ဝင် အိမ်ရှင်ကိုလှဖေ၊ ရဲစခန်းမှူး ဦးမောင်မောင်တင့်၊ ကျန်းမာရေးမှူး ဦးအောင်နိုင်၊ ကျောင်းဆရာကြီးဟောင်း ဦးစံငွေ၊ လယ်သမား အဘိုးအို ဦးကျီးညို၊ လှည်းသမား နိဗ္ဗာန်ဆော်ကြီး ဦးညီပု၊ ကိုလှဖေ ဇနီးနှင့် မိခင် ဒေါ်အေးပု၊ မမြကြည်၊ မလှတင်၊ မတင်ညို၊ မခွေးမ စသော ခင်မင်းရင်းနှီး သူများအပြင် စိတ်ပါဝင်စားသူ အိမ်နီးချင်းများပါ လာရောက် နားထောင်ကြသည်။

ဒေါ်မြကြိုင်ကို မအေးနု ကိုယ်တိုင် သွားဖိတ်ခဲ့သော်လည်း သွေးတိုးလွန်း၍ ခေါင်းမူး နေသည်ဟု အကြောင်းပြပြီး မလာဘဲနေသည်။ ရပ်ရွာလူထုရှေ့မှာ မအေးနုနှင့် ပြန်လည် ရင်ဆိုင်ရမှာကို ရှက်၍ မျက်နှာပူနေဟန်လည်း တူပါသည်။

သင့်သလောက် လူစုံပြီဖြစ်၍ အိမ်ရှင်ကိုလှဖေက မအေးနု၏ ဆန္ဒအရ ယခုလို ဖိတ်ခေါ် ရခြင်း ဖြစ်ကြောင်းကို တိုတိုတုတ်တုတ် ရှင်းပြသည်။

"လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ရပ်ရွာလူကြီးမင်းများခင်ဗျား၊ ဒီနေ့ဟာ ကျွန်တော်တို့ ကျေးရွာအတွက် ကံကောင်းတဲ့နေ့ပါပဲ၊ ဘာကြောင့် ကံကောင်းတယ်၊ ဘယ်လို ကံကောင်းတယ် ဆိုတာကိုတော့ ကျေးရွာအာဏာပိုင် အဖွဲ့အစည်းနဲ့ ရပ်ရွာလူကြီးများကို ဖိတ်ကြားပေးဖို့ မေတ္တာရပ်ခံတဲ့ စေတနာရှင် မအေးနုက ပြောပါလိမ့်မည်ခင်ဗျား"

ကိုလှဖေက အခမ်းအနားမှူး လေသံဖြင့် စကားပိုင်းကို စတင်ဖွင့်လှစ်ပြီး မအေးနုကို ပွဲထုတ်လိုက်သည်။ သည်ပွဲက မအေးနု၏ သီးသန့်ပွဲဖြစ်၍ ကိုညွန့်တင်နှင့် ဦးထွန်းကြိုင်၊ ဒေါ် လှစိန်တို့မှာ ဧည့်သည်တော်တွေ အဖြစ် အခြားဧည့်ပရိသတ်များနှင့် ရောထိုင်နေကြရသည်။

မအေးနုသည် လူကြီးများကို လေးစားသော အမူအရာဖြင့် ထိုင်လျက်မှပင် ဦးညွှတ် အရိုအသေပြုလိုက်သည်။ ပြီးတော့မှ တိုတိုရှင်းရှင်းဖြင့် လိုရင်းကို ပြောချလိုက်သည်။

"အခုလို ကြွရောက်ချီးမြှင့်ကြတဲ့အတွက် ဦးလေးဦးအောင်ပွင့်နဲ့ ရပ်ရွာလူကြီးများ အားလုံးကိုပဲ အထူး ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ရွာကိုပြန်လာတာ အလှူလုပ်ဖို့ ပြန်လာတာ ဖြစ်ပါတယ်၊ ကျွန်မတို့ ရွာရဲ့ ရွာမိ ရွာဘများ ဘိုးဘွားစဉ်ဆက် ကိုးကွယ်လာခဲ့ကြတဲ့ ရွာ့ကျက်သရေဆောင်လည်း ဖြစ်တဲ့ ရွာဦးစေတီတော်ကို ထုံးသင်္ကန်း ကပ်လှူပြီး ထီးတော်ကို ရွှေချပါမယ်၊ ကျွန်မရဲ့ ဘဝမှာ ဒုက္ခမီးတွေ ငြိမ်းတဲ့ အထိမ်းအမှတ်နဲ့ ကျွန်မပိုင် ပြည်တော်သာ ခေါက်ဆွဲဆိုင်နေရာ မြေကွက်ကို ကျေးရွာ မီးသတ် အဆောက်အဦး ဆောက်လုပ်ရန် မြေနေရာအဖြစ် လှူဒါန်း လိုပါတယ်ရှင်၊ အဆောက်အဦး ဆောက်လုပ်ရန် မတည်ငွေ အဖြစ် ငွေတစ်သောင်း တိတိကိုလည်း လှူဒါန်းပါတယ်ရှင်"

မအေးနု၏ စကား ဆုံးသွားသောအခါ အိမ်ရှင်လည်းဖြစ် အခမ်းအနားမှူးလည်း ဖြစ်သော ကိုလှဖေက စတင်၍ ဩဘာ လက်ခုပ်တီးပေးလိုက်ရာ တက်ရောက်သူ အားလုံးကိုပင် ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြသည်။

ချစ်ဇနီး မအေးနု၏ ကုသိုလ်တော်အတွက် ဝမ်းသာပီတိ ဖြစ်နေသော ကိုညွန့်တင်၏ ရင်ခွင်ထဲက မအေးနု၏ သားငယ်လေးကပါ ပြုံးရယ်ရောယောင်ပြီး လက်ခုပ်တီးနေသဖြင့် မြင်ရသူတို့ အဖို့ ချစ်စရာ ကြည်နူးစရာ မြင်ကွင်းလေး ဖြစ်သွားရသေးသည်။

ကိန္နရီချောင်းကျေးရွာ၊ ရွာလယ်လမ်းဆုံရှိ ပြည်တော်သာ ခေါက်ဆွဲဆိုင် တည်ရှိခဲ့ရာ မြေနေရာကို ကျေးရွာမီးသတ် အဆောက်အဦး ဆောက်လုပ်ရန် မြေနေရာအဖြစ် လှူဒါန်းခြင်း သဘောတူ စာချုပ်နှင့် ကျပ်ငွေ တစ်သောင်းထည့်ထားသော စာအိတ်ကို မအေးနုက လက်ပွေ့ အိတ်ထဲမှ ထုတ်ယူလိုက်သောအခါ အခမ်းအနားမှူး ကိုလှဖေက အဆင်ပြေစေရန် ကြေညာပေးသည်။

"စေတနာရှင် မအေးနုမှ လှူဒါန်းတဲ့ မြေဂရံစာချုပ်နှင့် ငွေတစ်သောင်းကို လက်ခံပါရန် ကျေးရွာပြည်သူ့ကောင်စီ ဥက္ကဋ္ဌကြီးအား မေတ္တာ ရပ်ခံအပ်ပါတယ်ခင်ဗျား"

မအေးနုက စာအိတ်ရှည် တစ်အိတ်ကို ဥက္ကဋ္ဌကြီး ဦးအောင်ပွင့် လက်သို့ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ကမ်းပေးလိုက်သည်။ ဦးအောင်ပွင့်ကလည်း လက်နှစ်ဖက်ဖြင့်ပင် လှမ်းယူ လိုက်သောအခါ အားလုံးကပင် ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြသည်။ ကိုညွန့်တင်က မှတ်တမ်းတင် ဓါတ်ပုံ ရိုက်လိုက်သည်။

ကျေးရွာလူထုနှင့် ကျေးရွာအုပ်ချုပ်ရေး အလုပ်အမှုဆောင် အဖွဲ့ကိုယ်စား ဦးအောင်ပွင့်က ကျေးဇူးတင်စကား ပြောကြားရာတွင် မွန်မြတ်သော မအေးနု၏ အလှူအတွက် များစွာ ချီးကျူး ဝမ်းမြောက်မိကြောင်း၊ မြို့နယ်အဖွဲ့အစည်းသို့ အစီရင်ခံ တင်ပြပြီး ပီပီပြင်ပြင် ထင်ထင်ရှားရှား ဖြစ်အောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မကြာမီ ကာလအတွင်းမှာ မီးသတ် အဆောက်အဦး အကောင်အထည် ပေါ်လာအောင် ကြိုးစား ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပေးစကား ပြောကြားသည်။

ဦးအောင်ပွင့် စကားပြောပြီးသောအခါ မအေးနုက သူ့ ဆန္ဒတစ်ခုကို တင်ပြပြီး ရပ်ရွာကို အကူအညီ တောင်းသည်။

"ဦးလေးရှင့် .. ကျွန်မလေ ဘုရားကုန်းတော်ပေါ်မှာ မဏ္ဍပ်ထိုးပြီး အလှူရေစက် ချချင်ပါတယ်၊ အဲဒါ ဦးလေးတို့ အနေနဲ့ ခွင့်ပြု ကူညီပါလို့ မေတ္တာရပ်ခံပါတယ်ရှင့်"

ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကပင် ဝမ်းသာအားရ သဘောတူကြသဖြင့် ဦးအောင်ပွင့်က ခွင့်ပြုကြောင်းနှင့် လိုအပ်သည်များကို ကူညီမည်ဖြစ်ကြောင်း ကတိပေးစကားပြောကြားသည်။

"ငါ့တူမ ကြိုက်တဲ့နေရာမှာသာလုပ်ပါ၊ ဦးလေးတို့ ခွင့်ပြုပါတယ်၊ လိုအပ်တာကို ဟောဒီက ဦးလှဖေက တစ်ဆင့် ဦးလေးတို့ကိုပြောပါ၊ ဦးလေးတို့ ကူညီပါ့မယ်၊ ရပ်ရွာ လူငယ်အဖွဲ့တွေကလည်း လုပ်အားပေးကြပါလိမ့်မယ်"

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ လာမယ့် တနင်္ဂနွေနေ့မှာ လုပ်ချင်ပါတယ်ရှင်"

"ဖြစ်တယ်၊ ကြိုက်တဲ့နေရာမှာ လုပ်ပါ၊ မဏ္ဍပ်ဆောက်ဖို့နဲ့ ချက်ပြုတ်ရေး လုပ်အား လိုသမျှကို ဥပသကာ လူငယ်အဖွဲ့၊ အပျော်တမ်း မီးသတ်တပ်ဖွဲ့နဲ့ ကြက်ခြေနီ လူငယ်တွေ ဝိုင်းကူကြပါလိမ့်မယ်၊ ဦးလှဖေက ဦးဆောင်ပေးပါ၊ အားလုံး အဆင်ပြေရပါစေ့မယ် တူမရယ်၊ ကဲ .. စိတ်ချမ်းသာပေတော့"

ဦးအောင်ပွင့် လူကြီးပီပီ တိကျခိုင်မာသော ကတိကို ပေးလိုက်သောအခါ မအေးနု၏ ပဏာမ အလှူမင်္ဂလာ အခမ်းအနားလေး အောင်မြင်စွာ ပြီးမြောက်သွားလေတော့သည်။

(၄၂)

ကျေးရွာ၏ အားပေးကူညီမှုဖြင့် ကျေးရွာလူငယ် အဖွဲ့အစည်း အသီးသီးက ဝိုင်းဝန်း ကူညီကြရာ ရွာဦးဘုရားကုန်းတော်ပေါ်ရှိ ဇရပ်အိုလေးရှေ့တွင် အလှူ မဏ္ဍပ်ကလေး နေ့ချင်း ပြီးသွားသည်။

မအေးနု၏ အလှူမင်္ဂလာ သတင်းကလည်း ကိန္နရီချောင်းမှာသာမက အနီးအနားရွာများ ဖြစ်သည့် သဖန်းကွင်း၊ ကျောက်ပါးစပ်၊ ဆူးပုပ်ကုန်း၊ တောင်ပေါ်ကုန်း စသော ကျေးရွာများအထိ ပြန့်နှံ့နေသည်။

အလှူ့ဒါယကာမမှာ တစ်ခါက ကိန္နရီချောင်း ကျေးရွာမှ အရူးမ မိအေးနု ဆိုသူဖြစ်ကြောင်း၊ ယခုအခါ သဘော်သားနှင့် ညားပြီး ကိုယ်ပိုင်ကားဖြင့် ရွာကို ပြန်လာပြီး အလှူကြီး လုပ်နေကြောင်း၊ ရွာဦးစေတီ ထီးတော်ကို ရွှေချမည်ဖြစ်ကြောင်း၊ ကျေးရွာ မီးသတ် အဆောက်အဦးအတွက် ငွေနှင့် မြေနေရာ လှူကြောင်း၊ ဆင်းရဲ နွမ်းပါးသူများနှင့် သက်ကြီးရွယ်အိုများကို ဆေးဖိုးဝါးခနှင့် အစားအသောက်အတွက် ထောက်ပံ့ လှူဒါန်းကြောင်း၊ သူ့ခမျာ တကယ် မရူးဘဲ ဒေါ်မြကြိုင်တို့ မတရားလုပ်ပြီး ချုပ်နှောင်ထားခဲ့၍ ၁၈နှစ်လုံးလုံး အချုပ်ခန်းထဲမှာ နေခဲ့ရကြောင်း စသည်ဖြင့် လူတို့၏ သဘာဝအတိုင်း ဟုတ်တာရော၊ မဟုတ်တာရော လိုလျှင် လိုသလို ချဲ့ကားပြီး ပြောနေကြတော့သည်။

ထိုသတင်း စကားများကို ကြားရသော ဒေါ်မြကြိုင်မှာ ဒေါသလည်းထွက်၊ ရှက်လည်းရှက်သဖြင့် သွေးတိုးနှုန် မြင့်ပြီး အိပ်ရာထဲမှာ လဲလေတော့သည်။

စနေနေ့ညနေ ၃း၀၀ နာရီက စ၍ ဘုရားကုန်းတော်ပေါ်ရှိ မအေးနု၏ အလှူမဏ္ဍပ်မှာ သီချင်းမျိုးစုံ ဖွင့်နေသော လော်စပီကာ့ယ် အသံကို တစ်ရွာလုံးမှ ကြားနေရသည်။

ကိုလှဖေ၏ ဇနီး ဦးဆောင်သော မမြကြည်၊ မလှတင်၊ မတင်ညို၊ မခွေးမတို့၏ အမျိုးသမီး အုပ်စုက အချက်အပြုတ်များကို တာဝန်ယူနေကြသည်။

ကိုလှဖေ ဦးဆောင်သော ကျေးရွာလူငယ် ကာလသား အုပ်စုက ဝါးလုံးများဖြင့် ကြက်တက် ငြမ်းဆင်ပြီး စေတီတော်ကို ထုံးသင်္ကန်း ကပ်လှူနေကြသည်။

ငြမ်းကြီးဆင်၍ ထီးတော်ကို ရွှေချနိုင်ရန် သံတွဲမြို့မှ မှာယူရောက်ရှိလာသော ရွှေဆိုင်းများကို လှူဖွယ် ဝတ္ထု ပစ္စည်းများနှင့် အတူ မဏ္ဍပ်တွင်းရှိ စားပွဲပေါ်တွင် တင်ထားတာ တွေ့ရသည်။

တစ်ညလုံး ချက်ကြ ပြုတ်ကြ ကြော်ကြ လှော်ကြဖြင့် ပျော်စရာကြီး ဖြစ်နေသည်။ အလှူ့ဒါယကာမ မအေးနု၏ မျက်နှာသည်လည်း ကိန္နရီချောင်းကျေးရွာတွင် လမင်းတစ်ရာသာသည့် ပမာ ကျက်သရေ မင်္ဂလာအပေါင်း ခညောင်း၍ နေပါတော့သည်။

တစ်ခါတုန်းက ကိန္နရီချောင်းကျေးရွာမှာ လူရာမဝင်ခဲ့သော အရူးမ မိအေးနုသည် ယနေ့ နစ်ဆယ်ရာစု၏ စုပါစတား သဘော်သား အရာရှိကတော် ဖြစ်နေလေပြီ။ လင်ယောကျ်ား ခံ့ချောကြီးကို လက်တွဲ၍ သားဝဝလေးကိုချီ၊ ကားလှလှလေးကို စီးပြီး အလှူကြီးလုပ်ရန် ရွာကို ပြန်ရောက်လာသော မအေးနုကို မည်သူက အရူးမလို့ ခေါ်ဝံ့ပါတော့မည်နည်း။

လူသားတို့၏ ကံကြမ္မာ အလှည့်အပြောင်းများသည် တစ်ခါတစ်ရံ မယုံချင်စရာ ပုံပြင်ပမာ ဆန်းကြယ်တတ်သည်ကို မအေးနု၏ အဖြစ်အပျက်က သက်သေခံသလို ဖြစ်နေတော့သည်။

နက်ဖြန် တနင်္ဂနွေနေ့ နံနက်တွင် သူဌေးမ မအေးနုက သူပြုသမျှ ကုသိုလ်ကို မဟာပထဝီ မြေကို စောင့်သော ဝသုန္ဓေ သက်သေတည်၍ အမျှပေးဝေဦးမည် ဖြစ်သည်။

(၄၃)

တနင်္ဂနွေနေ့၏ အရုဏ်ဦးကို ဘုရားကုန်းတော်ပေါ်ရှိ မအေးနု၏ အလှူမင်္ဂလာ မဏ္ဍပ်မှ ဖွင့်လိုက်သော အသံချဲ့စက်သံက ကြိုဆိုလိုက်သည်။ တောရွာအလှူတို့တွင် အသံချဲ့စက်ဆရာတို့ ဖွင့်လေ့ရှိသည့် အစဉ်အလာအတိုင်း အလှူတော် မင်္ဂလာဖွင့် နဲ့ကြီးသံရှည်လျားလျားကြီးဖြင့် စတင်လိုက်သည်။

လက်ကွက်၊ သံစဉ် အစုံအလင်ဖြင့် လူးကာလိမ့်ကာ နိမ့်ကာမြင့်ကာ မှုတ်သွားသော နဲ့ကြီးဆရာသည် မောသွားဟန်တူသည်။ တဖြည်းဖြည်း တိုး၍ မှျင်းမှျင်းကလေး ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ဒွေးဒွေးမြင့်၏ ဘုရားပင့် သီချင်းသံက ဆက်တိုက် ထွက်ပေါ်လာသည်။ ဤခုနစ်ဆူကုန်သော မြတ်ဘုရားတို့သည် အလှူမင်္ဂလာ မဏ္ဍပ်ကို ပင့်ဖိတ်လိုက်သော ဘုရားပင့် သီချင်းသံနှင့်အတူ ကိန္နရီချောင်း တစ်ရွာလုံး နိုးကုန်ကြရတော့သည်။

ဒေါ်မြကြိုင်သည် ခေါင်းမူးနေသော်လည်း အိပ်ရာမှ ကြိုးစားထ၍ ဘုရားရှိခိုးသည်။ ဩကာသမှ မဆုံးမီ သွေးတက်လာပြီး အိပ်ရာပေါ်သို့ လက်အုပ်ချီလျက် လဲကျသွားလေတော့သည်။

ဒေါ်မြကြိုင် ဘုရားရှိခိုးရင်း အိပ်ရာပေါ်တွင် ပုဆစ်တုပ်လျက် လဲကျနေသည်ကို နံနက်ရှစ်နာရီကျော်မှ အောင်ပု၏ ဇနီးက တွေ့ရှိပြီး သူဌေးမင်း စည်းစိမ်ဖြင့် အိမ်အပေါ်ထပ်တွင် အိပ်နေဆဲဖြစ်သော သားတော်မောင် အောင်ပုကို နှိုး၍ ဝိုင်းဝန်းပြုစု ကြရသည်။

(မေတ္တာသတ္တောအနန္တော ... မြတ်ရှင်စော ဟောကြားတာတွေ ... ကမ္ဘာမြေလောကဇွေ ... သတ္တဝါတွေ ကျန်းမာပါစေ မေတ္တာရေလောင်း ဆုတောင်းကောင်းမှုခြွေ)၂

(အောင်ကြပါစေ)၂ ကာယစိတ္တသုခ ပုပုရွှရွ မှန်သမျှတွေ ကြံတိုင်းအောင် ပြီးမြောက်ကြစေ၊ သဇွေ .. သတ္တာ ... ဝေနေယျာတွေ ကျန်းမာစေကြောင်း ဆုရွှေတောင်းလို့ အောင်ကြောင်း မေတ္တာဝေ၊ ဘယာဘေးရန်အပေါင်းတွေ ကွာဝေးအမှန်ကြောင်း သွေးကြပါစေ...)

သံတွဲမြို့မှလာသော ခရီးသည်တင် လော်ရီကားအိုကြီးသည် နေမွန်းတည့်ချိန်လောက်တွင် ကိန္နရီချောင်း ရွာကြီး၏ လမ်းဆုံ လမ်းခွသို့ ရောက်ရှိလာပြီး ရပ်နေကျ နေရာတွင် ပင်ပန်းနွမ်းနယ်စွာဖြင့် ရပ်လိုက်သည်။ ကိန္နရီချောင်းရွာတွင် ဆင်းမည့်ခရီးသည်များ ဆင်းကြသည်။

မအေးနု၏ အလှူကို သာဓုခေါ်နိုင်ရန် အချိန်မီအောင် လိုက်လာသော သံတွဲမြို့မှ ဈေးသည်အပျိုကြီး မမြရွှေလည်း ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

မမြရွှေနောက်မှ ဘောင်းဘီရှည် ပွပွကြီးနှင့် အင်္ကျီလက်ရှည် အဖြူကို ဘောင်းဘီအပြင် ထုတ်ဝတ်ထားသော အသက်ခြောက်ဆယ်ခန့် အသားဖြူဖြူ လူကြီးတစ်ဦးပါ ကားပေါ်မှ လိုက်ဆင်းသည်။ ဖော့ဦးထုပ်ဆောင်းပြီး ကော်ကိုင်းပါဝါ မျက်မှန်တပ်ထားသည်။ သားရေတု လွယ်အိတ်ငယ်တစ်လုံးကို လွယ်၍ ထီးကောက်ကြီးကို တုတ်ကောက်သဖွယ် ထောက်၍ အားပြုရင်း ဟိုသည်ကြည့်နေသည်။ ဘယ်ကိုသွားရမှန်း မသိသူကဲ့သို့ ရပ်ပြီး တောင်ကြည့် မြောက်ကြည့် ကြည့်နေသည်။

မြို့မှလာသော ဈေးသည်အပျိုကြီးကို ခင်မင်ရင်းနှီးနေသည့် ရပ်သူရွာသားအချို့က အော်ဟစ်နှုတ်ဆက်ကြသည်။ အဒေါ်ကြီး တစ်ယောက်က အပျိုကြီးကို ကြည့်ပြီး လေသံမြှင့်၍ မေးသည်။

"ဒီအပျိုကြီး ဘာလာလုပ်ပြန်ပြီလဲ ကြွေးလာတောင်းတာလား"

"မဟုတ်ပါဘူး အဒေါ်ရယ်၊ အေးနုရဲ့ အလှူကို လာတာပါ။ အလှူက ဘုရားကုန်းတော် ပေါ်မှာလို့ ပြောတယ်၊ ဟုတ်ရဲ့လား မသိဘူး"

"ဟုတ်ပါ့တော်၊ အေးနက ကျုပ်တို့ ရွာဦးဘုရား ထီးတော်ကို ရွှေချတဲ့အပြင် သူပိုင်တဲ့ ပြည်တော်သာ ခေါက်ဆွဲဆိုင်ကိုလည်း ကျေးရွာမီးသတ် အဆောက်အဦးအတွက် လှူလိုက်ပြီဟဲ့၊ ဒီနေ့ ရေစက်ချမယ်၊ မြန်မြန်သွား၊ မှီသေးတယ်"

ရွာသူ အဒေါ်ကြီး၏ စကားကို ကြားရသော မမြရွှေက အလှူမဏ္ဍပ်ရှိရာ ဘုရားကုန်တော်ဘက်သို့ သုတ်ခြေတင်သွားသော်လည်း ဘောင်းဘီဝတ်လူကြီးမှာ အဒေါ်ကြီး စကားကြောင့် ကျောက်ရုပ်ကြီး သဖွယ် မလှုပ်မယှက် ရပ်ပြီး ပြည်တော်သာ ခေါင်ဆွဲဆိုင်ဟောင်း နေရာဘက်သို့ တရွေ့ရွေ့ လျှောက်သွားလေတော့သည်။

တစ်ခါတုန်းက ဦးအရှောင်၊ ဒေါ်အေးမြနှင့် မအေးနတို့ မိသားစုလေး ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည့် ပြည်တော်သာ ခေါက်ဆွဲဆိုင်ပျက်ကြီးရှေ့တွင် လောလော လတ်လတ် ရေးပြီး ချိတ်ဆွဲထားသော ဆိုင်းဘုတ်ငယ် တစ်ခုကို တွေ့ရသည်။

ဘောင်းဘီဝတ် လူကြီးသည် ပါဝါမျက်မှန်ကို အားပြု၍ ဆိုင်းဘုတ်ပေါ်ကစာတွေကို ကြိုးစားပြီး ဖတ်နေတော့သည်။

**ဦးအရှောင်နှင့်ဒေါ်အေးမြ (ကွယ်လွန်) တို့၏ သမီး**

**အလှူ့ဒါယကာမ မအေးနက**

**ဒုက္ခမီးငြိမ်းသည့် အထိမ်းအမှတ်ဖြင့် ဤမြေကွက်ကို ကျေးရွာမီးသတ် အဆောက်အဦး ဆောက်လုပ်ရန် မြေနေရာအဖြစ် လှူဒါန်းပါသည်။**

**နတ်လူ သာဓု ခေါ် စေသော်ဝ်။ ။**

**မအေးန**

ဘောင်းဘီဝတ်လူကြီးသည် အသံမထွက်ဘဲ ပါးစပ် လှုပ်၍ သာဓုခေါ်လိုက်သည်။ ပင့်သက်ကို ဝအောင် ဆွဲရှူ၍ ဖြည်းဖြည်း မှုတ်ထုတ်လိုက်သည်။ ခေါင်းတဆတ်ဆတ် ညိတ်၍ လေးကန်သော ခြေလှမ်းဖြင့် တစ်နေရာသို့ ဦးတည် ထွက်ခွာသွားလေတော့သည်။

ဘုရားကုန်းတော်ပေါ်ရှိ အလှူမင်္ဂလာမဏ္ဍပ်မှ ပျံ့လွင့်လာသော မအေးနု၏ အလှူရေစက်ချနေသံကို ကိန္နရီချောင်း တစ်ဖွာလုံးမှ ကြားနေရသည်။

သွေးတိုးလွန်း၍ ခေါင်းမူးသည့် ဝေဒနာကို အလူးအလဲ ခံစားနေရသော ဒေါ်မြကြိုင်သည် အိပ်ရာထဲမှာ ပက်လက်လှဲနေလျက်မှ ရှိခိုးကြောင့် လက်အစုံကို ရင်ဘတ်ပေါ်တွင် တင်ထားပြီး တရားနာနေသည်။ အလှူ မဏ္ဍပ်ရှိ အသံချဲ့စက်မှ ထွက်ပေါ်လာသော မအေးနု၏ ရေစက်ချ အမျှဝေသံကို သာဓုခေါ်နိုင်ရန် အာရုံစိုက်ပြီး နားထောင်နေသည်။ အောင်ပု၏ ဇနီးက ဒေါ်မြကြိုင်၏ ငယ်ထိပ်နေရာကို ယပ်ခတ်ပေးနေရသည်။

"ဤကောင်းမှု၏ အဖို့အစုကို သုံးဆယ့်တစ်ဘုံ အလုံးစုံ၌ ကျင်လည်ကျက်စား ဖြစ်ပွား၍ နေကြကုန်သော သဗ္ဗေသတ္တာ သတ္တဝါ ဝေနေယျအပေါင်းတို့အားလည်းကောင်း၊ မာတာပိတာနဲ့ ဆွေမျိုးဉာတိ အစရှိသည်တို့အား လည်းကောင်း၊ ပေတံကာလက်တာနံ ဘဝတစ်ပါးသို့ ပြောင်းသွားကြကုန်ပြီးသော မိဘဘိုးဘွားတို့အား လည်းကောင်း အမျှပေးဝေပါကုန်၏။ နိဗ္ဗာန်မရမီစပ်ကြား ဘဝများစွာ သံသရာ၌ ကျင်လည်ခိုက်မှ ဤဒါနကို သတိတွေဝေ မေ့လျော့လေက ဝသုန္ဒြေ ဤမြေစောင့်ကြပ် နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့သည် သက္ခိဌာနေ သက်သေအရာ၌ တိဋ္ဌတုမှန်စွာမသွေ တည်ပါစေသား အရှင်ဘုရား ... အမျှ ... အမျှ ...အမျှ ... ယူတော်မူကြပါရှင်"

ဒေါ်မြကြိုင်သည် မျက်စိကို မှိတ်ထားလျက်မှ ပါးစပ်လှုပ်၍ သာဓုခေါ်လိုက်သည်။ စိတ်အစဉ်သည် မအေးနုနှင့် ပတ်သက်ခဲ့ရသော အတိတ်တစ်ခွင်သို့ လွင့်မျော ရောက်ရှိသွားသည်။ မိမိတို့ ပြုလုပ်ခဲ့သည့် အမှားများအတွက် နောင်တတရား ကြီးစွာရနေတော့သည်။

စောစောစီးစီး မူးလာသော အောင်ပုသည် ယိုင်ထိုးယိုင်တိုင် အနေအထားကို ဟန်လုပ်ထိန်းပြီး မိခင်ကြီး အနီးမှာ လာထိုင်သည်။ အတော် ရေချိန်ကိုက်လာပုံရသည်။ မျက်စိက ရွဲပြီး မှေး၍ မျက်ခမ်းစပ်နေသူပမာ လိပ်မျက်တောင် ခတ်သလို ခတ်နေသည်။ အမူးသမားတို့ ထုံးစံအတိုင်း အတင်းကြိုးစား၍ မမူးဟန်ဆောင်လေ ပိုပြီး ပုံပျက်လေ ဖြစ်နေသည်။ အမေ့မျက်နှာနှင့် မယားမျက်နှာတို့ တစ်လှည့်စီ ကြည့်လိုက်သော အောင်ပု၏ မျက်နှာသည် တိုင်ကပ်နာရီချိန်သီး လှုပ်ရှားပုံမျိုး ဖြစ်နေသည်။ အားလေး လျှာလုံးသံကြီးဖြင့် မေးလိုက်သေးသည်။

"အမေ နေကောင်းသွားပြီးလား၊ နေမကောင်းရင်လည်း အမေ ဘာမှ မပူနဲ့ ကျွန်တော်ရှိတယ်၊ အမေ့အနားမှာ ကျွန်တော် ရှိတယ်၊ အမေ့သား အောင်ပုရှိတယ်၊ အောင်ပုဆိုတဲ့ အကောင်တစ်ယောက်လုံး အမေ့အနားမှာ ရှိတယ်၊ အမေ ဘာမှမပူနဲ့"

ဦးလည်ဆံကျိုးဖြင့် သူ့ရင်ဘတ်ကို သူပုတ်၍ ပြောလိုက်ပြီး သူ့မယားဘက်ကို လှည့်လိုက်သည်။

"မိန်းမ၊ နင် ငါ့အမေကို ဂရုစိုက်ရဲ့လားဟင်"

နီရဲပြီး ရွဲနေသော မျက်လုံးကြီးများဖြင့် မယားလုပ်သူကို ကြည့်လိုက်သည်။ သူ့မယားက ဘာမှ ပြန်မပြောဘဲ ဒေါ်မြကြိုင်၏ ဦးခေါင်းကို ယပ်ခပ်ပေးနေသည်။ အတော် စိတ်ဆင်းရဲနေပုံ ရသည်။

"ဟေ့မိန်းမ ... ငါမေးတာ ကြားရဲ့လား၊ ငါ့အမေကို နင် ဂရုစိုက်ရဲ့လားလို့ ငါမေးနေတယ်လေ၊ နင့်ယောကျ်ား အောင်ပု မေးနေတယ်လေ"

"တော်စမ်းပါရှင်၊ ကိုယ့်ဟာကိုယ် မူးလာရင် သွားအိပ်နေပါ"

အောင်ပုသည် မှေးပြီး ရွဲနေသော မျက်လုံးကြီးများဖြင့် သူ့မိန်းကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"ငါမူးတယ်၊ ငါ မူးနေတယ် ဟုတ်လား၊ နင် တော်တော် အပြောကောင်းတယ်၊ ငါ မူးနေတယ်ပေါ့၊ ထားလိုက်ပါတော့၊ ထားလိုက်ပါတော့ ... ဟား ... ဟား"

လျှာလေးသော အသံ၊ ရွံစရာကောင်းသော အမူအရာတို့ဖြင့် ပြောပြီး ခေါင်းတဆတ်ဆတ် ညိတ်၍ ရယ်လိုက်သည်။ အတော်ကြိုးစားပြီး ဟန်ဆောင်ထားရသော်လည်း အိပ်ရာထဲမှာ ပစ်လှဲချင်လှပြီ ဖြစ်ဟန်တူသည်။ ထိုင်နေရာမှ ကြိုးစားထပြီး ယိုင်ထိုး ယိုင်တိုင်ဖြင့် အပေါ်ထပ်သို့ တက်သွားတော့သည်။ တစ်နေကုန် အိပ်ပေတော့မည်။

ဒေါ်မြကြိုင်သည် မျက်စိမှိတ်ထားသော်လည်း သားတော်မောင် ကိုအောင်ပု သူ့အနီးမှ ထသွားပြီကို သိနေသောကြောင့် စိတ်အားငယ်စွာ မှိတ်ထားသော မျက်လုံးအစုံမှ မျက်ရည်ပူများ စီးကျလာသည်။ သားတစ်ယောက် ဆိုသလောက် အားမကိုးလောက်သည့်အဖြစ်ကို ဖြေမဆည်နိုင် ဖြစ်နေသည်။ ချွေးမလုပ်သူက လက်ကိုင်ပဝါ အနွမ်းလေးဖြင့် မျက်ရည်ပူတို့ကို တို့ယူသုတ်ပေးလိုက်ရသည်။

ဝင့်တုံ့ ဝင့်လှည့်တို့မည်သည် ရှောင်လွှဲ၍ မရသည့် ဓမ္မတာအတိုင်း မအေးနုအပေါ်တွင် စိတ်ထား ယုတ်မာခဲ့ကြသော ဒေါ်မြကြိုင် မိသားစု ကံကြမ္မာသည် ချားရဟတ်ပမာ တစ်ပတ်လည်၍ လာလေပြီထင်သည်။ ကာယကံရှင် မအေးနုက ဘာတစ်ခုမှ ကလဲ့စားချေ တုံ့ပြန်ခြင်း မပြုပါသော်လည်း ဒေါ်မြကြိုင်မှာ ဒုက္ခတွေ များလွန်း၍ သောကမျက်ရည် ပင်လယ်ဝေရလေပြီ။

ဘုရားကုန်းတော်ပေါ်ရှိ အလှူမဏ္ဍပ်တွင်းက အလှူ့ဒါယကာမ မအေးနု၏ မျက်နှာမှာတော့ လမင်းတစ်ရာ သာနေသည့်ပမာ ပြုံးရယ်ရွှင်ပြစွာဖြင့် ဧည့်ပွဲလာ ပရိသတ်ကို ကျေးဇူးတင်စကား ပြောကြားနေသည်။

"ကျွန်မရဲ့ အလှူဒါန ပြီးမြောက်အောင်မြင်အောင် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ အားပေးကြတဲ့ လူကြီး လူငယ် အားလုံးနဲ့တကွ ကြွရောက်ချီးမြှင့်ကြတဲ့ ပရိသတ်များအားလုံးကို အထူး ကျေးဇူးတင်ပါတယ်ရှင်"

အသံချို့စက်မှ ထွက်ပေါ်လာသော မအေးနု၏ စကားပြောသံများသည် ကျယ်လောင် ပြတ်သား၍ ကိန္နရီချောင်း တစ်ရွာလုံးမှ ကြားနေရသည်။

"ဒီနေ့ ဒီအချိန်မှာ ရွာမိရွာဘ ရွာသူ ရွာသားများ အားလုံး စိတ်ဝင်စားမယ့် ဝမ်းသာစရာ သတင်းတစ်ခုကို ပြောကြားလိုပါတယ်၊ ဟိုလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ကျွန်မရဲ့ အမေ ကွယ်လွန်တဲ့အခါ တစ်ရွာလုံး ပဟေဠိ ဖြစ်စေခဲ့တဲ့ ကျွန်မတို့ပိုင် ရွှေ၊ ငွေ၊ ရတနာတွေ ကိစ္စကို ဒီနေ့ ကျွန်မကိုယ်တိုင် ဖော်ထုတ် တင်ပြဖို့ပဲ ဖြစ်ပါတယ်"

မအေးနုထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသောအခါ ဘုရားပေါ်ရှိ အလှူမဏ္ဍပ်ထဲက ယောကျာ်း၊ မိန်းမ၊ လူကြီး၊ လူငယ်၊ လူလတ် တရားနာ ပရိသတ်များသာမက

ရွာထဲက အိပ်ရာပေါ်မှာ လဲနေသော လူမမာ ဒေါ်မြကြိုင်ပင် မိုတ်ထားသော မျက်စိပွင့်သွားအောင် အံ့အားသင့်သွားပြီး အသံချဲ့စက်သံကို နားစိုက် ထောင်နေတော့သည်။ အသံချဲ့စက်မှ မအေးန၏ အသံက ဆက်လက် ထွက်ပေါ်လာသည်။

"ကျွန်မရဲ့ အမေက သူကွယ်လွန်မယ့်နေ့ ညနေမှာ ကျွန်မကို ခေါ်ပြီး ဘုရားကုန်းတော်ပေါ်ကို သွားခဲ့တာ မှတ်မိကြဦးမယ် ထင်ပါတယ်၊ ဘုရားကုန်းတော်ပေါ် ရောက်ပြီး ပန်း၊ ဆီးမီး ကပ်လှူပြီးတဲ့အခါ အမေဟာ တစ်စုံတစ်ခုကို ဟောဒီ တနင်္ဂနွေ ဂြိုလ်တိုင်ရဲ့ ခြေရင်းမှာ မြှုပ်ခဲ့ပါတယ်။"

မအေးနက ခပ်လှမ်းလှမ်းမှာ ရှိသည့် တနင်္ဂနွေဂြိုဟ်တိုင်၏ ခြေရင်းကို လက်ညှိုးထိုးပြလိုက်သောအခါ ပရိသတ်များအားလုံးပင် ဂြိုဟ်တိုင်ခြေရင်းကို စိုက်ကြည့်လိုက်ကြသည်။

"ဘာပစ္စည်းတွေ မြှုပ်နှံခဲ့တယ်ဆိုတာကိုတော့ ကျွန်မလည်း မသိပါဘူးရှင်၊ အမေကလည်း ကျွန်မကို မပြောခဲ့ပါဘူး၊ ဒီပစ္စည်းတွေကို သမီးအတွက် အမေထားခဲ့တယ်လို့ပဲ ပြောခဲ့ပါတယ်၊ သမီးအရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျပြီး သော်မှ အနည်းဆုံး သားသမီး တစ်ယောက်ရပြီးမှ ဖော်ယူသုံးစွဲပါလို့ မှာခဲ့ပါတယ်ရှင်"

မအေးနသည် ပရိသတ်တို့၏ ရှေ့တန်းမှာ ထိုင်နေသော ချစ်လင် ကိုညွန့်တင်နှင့် သူ့သားလေးကို မျက်စိဝေ့ကြည့်လိုက်သည်။ သားအဖ နှစ်ယောက်လုံးက ပြုံးပြီး မအေးနကို ကြည့်နေကြသည်။

မဏ္ဍပ်တွင်းက ပရိသတ်များကတော့ ခေါင်းချင်းပူးပြီး တီးတိုး ပြောကုန်ကြတော့သည်။ မိအေးန အရူးမ ဘဝက ဒါကြောင့် ဘုရားပေါ်ကို ပြေးပြေးလာတာပဲကိုး စသည်ဖြင့် မှတ်ချက်တွေ ချကုန်ကြသည်။

ရွာထဲက လူမမာ ဒေါ်မြကြိုင်ကတော့ မျက်နှာကို ရှုံ့မဲ့ပြီး အောက်နှုတ်ခမ်းကို ကြိုးစားကိုက်လိုက်သည်။ သွေးတွေ ပိုတိုးလာတော့သည်။ မအေးနကို သူ့သားအောင်ပုနှင့်သာ ပေးစားနိုင်ခဲ့ပါလျှင် ဒီပစ္စည်းတွေကို သူရနိုင်သည်ဟုလည်း တွေးမိပြီး အောင်ပုနှင့် မအေးနတို့ကို တူစုံတွဲ၍ မင်္ဂလာဝတ်စုံ အပြည့်ဖြင့် မျက်စိမှာ မြင်ယောင်လိုက်မိသေးသည်။

ဒါပေမယ့် တကယ့် တကယ်မှာတော့ သားတော်မောင် ကိုအောင်ပုက အိမ်အပေါ်ထပ်မှာ မှူးပြီး ဖင်ပေါ်ပေါ်၊ ပေါင်ပေါ်ပေါ် ပိုးလိုးပက်လက်ဖြင့် တခေါခေါ မွန်၍ ဟောက်၍ အိပ်ပျော်နေလေသည်။

ကံကောင်းထောက်မ၍ အောက်တန်းစား ပိဋကတ္တရလုင်နှင့် လွဲခဲ့ရပြီးမှ ဝိဒေဟရာဇ် မင်းကြီးနှင့် ညား၍ မိဖုရား ဖြစ်ခဲ့ရသော ဥဒုမ္ဗဒေဝီနှင့် အလားသဏ္ဍာန်တူသည့် မဒေးနု၏ အသံက ထွက်ပေါ်လာပြန်သည်။

“အမေက ကျွန်မအတွက် ဘာပစ္စည်းတွေကို ဘယ်လောက် မြှုပ်ထားခဲ့တယ်ဆိုတာ သိရအောင် ဟောဒီ ဂြိုဟ်တိုင် ခြေရင်းကို တူးကြည့်ကြရအောင်ရှင်”

ကိုလှဖေနှင့် ကိုညွန့်တင်တို့က မဒေးနုကို ကူညီရန် ထိုင်ရာမှ ထလိုက်ကြသောအခါ ပရိသတ်များ အားလုံးပင် တနင်္ဂနွေ ဂြိုဟ်တိုင်ရှိရာသို့ ဝိုင်းအုံးသွားကြတော့သည်။

မဒေးနုသည် ဂြိုဟ်တိုင်ကို လက်အုပ်ချီ၍ တစ်စုံတစ်ခုကို ရွတ်ဆိုတိုင်တည်ပြီး အဓိဋ္ဌာန်ပြုလိုက်သည်။ အဓိဋ္ဌာန်ပြုပြီးသောအခါ ကိုညွန့်တင် ကမ်းပေးသော တူရွင်းငန်းပြားကို ကိုင်၍ ဂြိုဟ်တိုင်ခြေရင်းမှာ ဆောင့်ကြောင့် ထိုင်ချလိုက်သည်။

ဂြိုဟ်တိုင်ကို ဝိုင်းအုံထားသော ပရိသတ်များ သူ့ထက်ငါ ရှေ့ရောက်အောင် တိုးဝှေ့၍ ကြည့်နေကြသည်။ ဂြိုဟ်တိုင်ခြေရင်းမှ ဘယ်လိုပစ္စည်းတွေများ ပေါ်လာမလဲဟု သိချင်ဇောဖြင့် အသက်ရှူရန် တံတွေးမျိုးရန်ပင် မေ့နေကြတော့သည်။

မဒေးနုသည် ပန်းပေါ်မှ လျှောကျလာသော ယောဂီပဝါလေးကို ပန်းပေါ်သို့ သေချာအောင် ပြန်တင်လိုက်ပြီး ဂြိုလ်တိုင် ခြေရင်းမှ အုတ်ခဲပေါ်လာအောင် မြေလွှာကို ယက်လိုက်သည်။

နှစ်ပေါင်းနှစ်ဆယ်ခန့် မြေမှာမြုပ်နေခဲ့သော အုတ်ခဲသည် အကောင်းပကတိ တည်ရှိနေပေသည်။ မဒေးနုသည် အုတ်ခဲ ပတ်ချာလည်ကို တူရွင်းငန်းပြားဖြင့် ဆွ၍ အုတ်ခဲကို ဖော်ယူ ဖယ်ရှားလိုက်သည်နှင့် တပြိုင်နက် အုတ်ခဲအောက်ရှိ မြေတွင်းထဲမှ မြွေဟောက်တစ်ကောင်သည် ပါးပျဉ်းထောင်၍ မဒေးနုကို စူးစူးရဲရဲ ကြည့်နေတော့သည်။

ဝိုင်းအုံကြည့်နေကြသော ပရိသတ်များအားလုံး လန့်ပြီး ချာခနဲ လန်၍ နောက်ပြန် ဆုတ်လိုက်နိုင်ကြသော်လည်း မြွေပောက်နှင့် မျက်နှာချင်းဆိုင်၍ အနီးနေရာမှာ ထိုင်နေမိသော မအေးနုမှာ ပြန်းခနဲမို့ ထရန်ပင် အချိန်မရလိုက်တော့ပေ။

မာန်ဖီနေသော မြွေပောက်သည် မအေးနု၏ လက်ကို ပေါက်ရန် နောက်လှန် အားယူလိုက်ပြီးမှ ပစ္စည်း ပိုင်ရှင် အစစ်အမှန် မအေးနုမှန်း သိသွား၍ပေပဲလား၊ ဒါမှ မဟုတ် လူအုပ်ကြီးကို ကြောက်၍ပဲလား မပြောတတ်၊ တစ်ဖက်သို့ ခေါင်းလှည့်၍ ဂြိုဟ်တိုင်အနီးမှ ထွက်ပြေး ပျောက်ကွယ်သွားလေတော့သည်။

ထိတ်လန့်တုန်လှုပ်ပြီး ကြက်သေသေနေသော မအေးနုနှင့် ပရိသတ်များမှာ အခုမှပင် သတိရပြီး သက်မချနိုင်တော့သည်။

ဦးစံငွေ၊ ဦးကျီးညို၊ ဒေါ်အေးပု စသော လူကြီးများက သတိရ၍ ဂြိုဟ်တိုင်ခြေရင်းကို သပြေခက်ဖြင့် ပရိတ်ရေပက်ဖျန်းခြင်း၊ အမျှအတန်းဝေခြင်းများ ပြုလုပ်ပေးကြသည်။

"ပစ္စည်းပိုင်ရှင် မအေးနု ရောက်လာပါပြီ၊ အစောင့်အရှောက်များ ရှိက ရှောင်ကြ ရှားကြ၊ ပြုသမျှ ကုသလကို အမျှရကြ၍ ကောင်းရာသုဂတိဘုံဘဝကို သွားကြလော့ ... အမျှ ... အမျှ ... အမျှ"

လူကြီးများက သူတို့၏ ယုံကြည်ချက်ဖြင့် သူတို့ကိုယ်တိုင် ပြုလုပ်ပေးလိုက်သောအခါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အားလုံးကပင် သဘောကျကြသည်။

မအေးနုသည် သတိကြီးစွာထား၍ တူရွင်းငန်းပြားလေးဖြင့် မြေကို တူးဆွနေစဉ် ကိုညွန့်တင်သည် သားလေးကို ချီ၍ စိုးရိမ်ကြီးစွာ စောင့်ကြည့်နေသည်။

အုတ်ခဲအောက်သို့ နိုက်၍ တစ်မိုက်သာသာလောက် တူးမိသောအခါ ကြွက် သို့မဟုတ် မြွေတစ်ကောင် နေသွားခဲ့သော ကျင်း ဂလိုင်ပေါက်တစ်ခုကို တွေ့ရသည်။ အောက်ကို ဆက်တူး လိုက်သောအခါ အုတ်ခဲအောက် တစ်ထွာကျော်ကျော်ခန့်တွင် အဖုံးအုပ်ထားသော စဥ့်ရည်သုတ် အိုးငယ်လေး တစ်လုံး ပေါ်လာလေသည်။ မြေကျင်းအောင် သတ္တဝါသည် ရတနာအိုးမြှုပ်ထားသော မြေပွပွနေရာကို အလွယ်တကူ တွေ့ပြီး အသိုက်အမြုံအဖြစ် အသုံးပြုနေခဲ့ခြင်း ဖြစ်သည်။

စဥ့်အိုးငယ်၏ ပတ်ချာလည်တွင် မြေကျင်းအောင်း သတ္တဝါ၏ လှည့်ပတ်သွားလာနေခဲ့သော လမ်းကြောင်းကို တွေ့ရသည်။ မြေကြွက်လည်း ဖြစ်နိုင်သည်။ ထွက်ပြေးသွားသော မြွေဟောက်၏ အသိုက်အမြုံလည်း ဖြစ်နိုင်သည်။

မအေးနသည် စဥ့်အိုးငယ် ပတ်ချာလည်ကို မြေဆွ၍ အသာအယာဆွဲမ ယူလိုက်သည်။ မြေမြှုပ်၍ အနှစ် နှစ်ဆယ်ခန့် နေခဲ့ရသော စဥ့်အိုးငယ်လေး၏ အရွယ်မှာ ယောက်ျားကြီး လက်နှစ်ဖက် ထွာဆိုင်ကျော်ကျော်မျှသာ လုံးပတ်ရှိ၍ အမြင့် ရှစ်လက်မခန့်ရှိသော အိုးကလေး ဖြစ်သည်။ လက်နှိုက်၍ ဝင်သာရုံ ရှိသော အဝကျဉ်းလေးကို အဖုံးလေး အုပ်ထားသည်။

မအေးနသည် စဥ့်အိုးလေးကို ကိုင်လျက် စိုက်ကြည့်ပြီး မျက်ရည်ဝဲလာသည်။ သူ့အမေသည် လူ့ဘဝမှ အပြီးအပိုင် ထွက်ခွာသွားမည့်နေ့က ဒီအိုးကလေးကို မျက်နှာသုတ်ပဝါဖြင့် ပတ်ပြီး ပိုက်ယူလာခဲ့သည်ကို ပြန်လည် မြင်ယောင်ပြီး ဝမ်းနည်းသွားခြင်း ဖြစ်သည်။ ငိုချင်သည့် စိတ်ကို ထိန်း၍ စဥ့်အိုးလေးကို လက်နှစ်ဖက်ဖြင့် မကိုင်ပြီး မဏ္ဍပ်အတွင်းသို့ ယူဆောင်လာခဲ့သည်။ အထဲမှာ ဘာတွေ ရှိပါလိမ့်ဟု သိလိုကြသည့် ပရိသတ်ကလည်း မဏ္ဍပ်တွင်းသို့ ဝိုင်းအုံ လိုက်လာကြသည်။

မအေးနသည် စဥ့်အိုးလေးကို ကျေးရွာ ဥက္ကဋ္ဌကြီး ဦးအောင်ပွင့်ရှေ့တွင် အသာအယာချပြီး ကျုံ့ကျုံ့ထိုင်ချလိုက်သည်။ စိတ်မနိုင်တော့၍ စီးကျလာသည့် မျက်ရည်များကို ယောဂီ ပဝါလေးဖြင့် သုတ်၍ ပြောလိုက်သည်။

"ကျွန်မရင်ထဲမှာ ဝေဒနာအဟောင်းတွေ အသစ်ဖြစ်လာတယ် ဦးလေးရယ်၊ ကျွန်မ မကြည့်ချင်ဘူး၊ ဦးလေးတို့ပဲ ဖွင့်ကြည့်ကြပါတော့"

ပြောပြီး ယောဂီပဝါးလေဖြင့် မျက်နှာကိုအုပ်၍ ရှိုက်ငိုနေတော့သည်။

"တရားနဲ့ဖြေပါ တူမရယ်၊ ဒီအချိန်ဟာ တူမအတွက် ဝမ်းသာရမယ့် အချိန်ပဲ၊ ကဲ ... ဦးညွန့်တင်နဲ့ ဦးလှဖေတို့က လာပြီး ဖွင့်ကြပါ။ အထဲမှာ တွေ့တဲ့ ပစ္စည်းတွေကိုလည်း တိတိကျကျ မှတ်တမ်း တင်ကြပါဗျာ"

ဦးအောင်ပွင့်က မအေးနုကို နှစ်သိမ့်ရင်း ကိုညွန့်တင်နှင့် ဦးလှဖေတို့ကို တာဝန်ပေးလိုက်သည်။ ကိုညွန့်တင်သည် သားကလေးကို မအေးနု၏ ရင်ခွင်ထဲသို့ ထည့်လိုက်ပြီး ကိုလှဖေနှင့် အတူ စဉ့်အိုးလေးကို ဖွင့်ထုတ်စစ်ဆေးရန် နေရာယူလိုက်သည်။

ကိုလှဖေသည် စဉ့်အိုးလေး၏ အဖုံးကို အသာအယာ ဖွင့်လိုက်သောအခါ အထဲမှာ စာရွက်ခေါက်ကလေး တစ်ခုကို စတင်တွေ့ရသည်။ စာရွက်ခေါက်ကလေး၏ အောက်တွင် အဝတ်စဖြင့် ပတ်ထုပ် ဖုံးအုပ်ထားသော ရွှေ ငွေ ရတနာတွေဟု ယူဆရသည့် အထုပ်ကို တွေ့နေရသည်။

ကိုလှဖေသည် စာရွက်ခေါက်ကလေးကို နှိုက်ထုတ်လိုက်သည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က ပြုစုခဲ့သော ပစ္စည်းစာရင်းလေးဖြစ်သည်။ ဝါကြန့်ကြန့် အရောင်သို့ပင် ပြောင်းနေပေပြီ။ ကိုလှဖေက စာရွက်ကလေးကို အသာအယာ ဖြန့်ကြည့်နေစဉ်မှာတော့ အထဲက ပစ္စည်းတွေကို မြင်လိုလှပြီ ဖြစ်သော ပရိသတ်က အားမလို အားမရ ဖြစ်နေကြသည်။

စဉ့်အိုးလေးထဲတွင် ထည့်ပြီး မြှုပ်ထားခဲ့သည့် ရတနာ ပစ္စည်း စာရင်းကို ခဲတံတို တံထွေးဆွတ်၍ ရွှေအလေးချိန်နှင့်တကွ တိတိကျကျ ရေးမှတ်ထားခဲ့သော ဒေါ်အေးမြ၏ မသေမသပ် လက်ရေး စာလုံးလေးတွေကို လွမ်းဆွေး ကြေကွဲဖွယ်ရာ မြင်တွေ့ကြရသည်။

ကိုညွန့်တင်သည် စဉ့်အိုးလေးထဲက ပစ္စည်းတွေကို အုပ်ပတ်ထားသော အဝတ်ကို လှစ်၍ ကြည့်လိုက်ရာ အထဲမှာ ဝင်းဝင်း ဝါဝါ ရတနာ ရွှေ၊ ငွေ တို့ကို မြင်တွေ့ရတော့သည်။ တစ်ခုချင်းကို ဆွဲထုတ်၍ စားပွဲခင်းပေါ်တွင် စုပုံတင်ပြလိုက်သောအခါ အလှူပွဲလာ ပရိသတ်တို့မှာ ဟင်ခနဲ၊ ဟယ်ခနဲ ဖြစ်အောင် ဝမ်းသာ အံ့သြ ကြရတော့သည်။ ဆွဲကြိုး၊ ဘယက်၊ လက်ကောက်၊ နားကပ်၊ ဆွဲပြား၊ ငွေဒင်္ဂါးပြားတွေကိုပါ မြင်တွေ့ကြရတော့သည်။

မအေးနုမှာ ရွှေပုံကြီးကို ကြည့်ပြီး ဝမ်းမသာနိုင်ဘဲ မျက်ရည်တွေ ကျနေသည်။ သွားလေသူ မိခင်ကြီးကို လွမ်းဆွေးတသ၍ စိတ်ထဲက အမျှဝေရင်း ငိုနေမိတော့သည်။

ကိုလှဖေက မြင်သာအောင် ရတနာတွေကို တစ်ခုချင်း ကိုင်မြှောက်ပြီးမှ ရတနာ စာရင်းစာရွက်ကို အသာအယာ ဖြန့်၍ ဖတ်ပြရန် စကားချီးလိုက်သည်။

"ကြွရောက်လာကြတဲ့ လူကြီးမင်းများနဲ့ ရွာသူ ရွာသားများ ခင်ဗျား၊ ဒီနေ့ဟာ အလှူ့ဒါယကာမ မအေးနုအဖို့ ဝမ်းသာဝမ်းနည်း ဖြစ်ရတဲ့နေ့ပါပဲ၊ မအေးနုရဲ့ မိခင်ကြီးတော် ဒေါ်အေးမြ မကွယ်လွန်မီ အချိန်ကလေးမှာ မအေးနုအတွက် ရည်ရွယ်ပြီး မြေထဲမှာ မြှုပ်ထားခဲ့တဲ့ ရတနာ ပစ္စည်းတွေကို ပြန်လည် ဖော်ယူ ရရှိပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ရွာသူ ရွာသားများ အားလုံးက မအေးနုနဲ့ ထပ်တူထပ်မျှ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိတဲ့အကြောင်း ပထမ ပြောကြားလိုပါတယ်"

အသံချဲ့စက်မှ ထွက်ပေါ်လာသော ကိုလှဖေ၏ အသံသည် ကိန္နရီချောင်းရွာကို လွှမ်းခြုံသွားသည်။ အလှူသို့ မသွားရောက်နိုင်ကြသော ရွာသူ ရွာသားများမှာ အသံချဲ့စက်မှ ပြောကြားသံကို ကြားရသောအခါ ဗိုင်းငယ် ဝါဖတ်၊ ရေခပ် ထင်းခွဲ၊ တံမြက်လှည်း စသည့် လုပ်လက်စ အလုပ်များကို ရပ်၍ နားစွင့်နေကြတော့သည်။

သွေးတိုးလွန်း၍ အိပ်ရာထဲတွင် လဲနေသော ဒေါ်မြကြိုင်သည် ဒေါ်အေးမြ ဝှက်ထားခဲ့သော ရွှေတွေကို မအေးနု ရသွားပြီ ဆိုသော အသံကို ကြားရသောအခါ အမောဖောက်လာသည်။

မျက်လုံးကြီး ပြူးပြီး ဟောဟဲ ဟောဟဲဖြင့် ဇောချွေးတွေ ပြန်နေတော့သည်။

အသံချဲ့စက်မှ ကိုလှဖေ၏ အသံက ဆက်လက် ထွက်ပေါ်လာသည်။

"ကြီးတော် ဒေါ်အေးမြ လက်ရေးနဲ့ ကိုယ်တိုင် ရေးထားခဲ့တဲ့ ရွှေ၊ ငွေ ရတနာ ပစ္စည်း စာရင်းကို ဖတ်ပြပါ့မယ် ... အဟမ်း"

ကိုလှဖေသည် လည်ချောင်း ရှင်းလိုက်ပြီး မိုက်ကရိုဖုန်းခွက် အနီးသို့ ပါးစပ်ကို တိုးကပ်ပြီး စာရွက်ကို ဖတ်လိုက်သည်။

"ကျွန်မ မအေးမြသည် ကျွန်မ၏ သမီး မအေးနုအတွက် ရည်ရွယ်၍ အောက်ဖော်ပြပါ ရတနာ ရွှေ၊ ငွေ များကို မြှုပ်နှံ ထားခဲ့ပါသည်။ (၁) ကျောက်ဖြူ နှစ်ဆယ့်ငါးလုံးပါ ဘယက် တစ်ကုံး၊ တစ်ကျပ်သား၊ (၂) သံကြိုးပုံ ဆွဲကြိုး ငါးကုံး၊ ငါးကျပ်သား၊ (၃) ဆွဲပြားပါ အုန်းဆံကြိုးပုံ ဆွဲကြိုး သုံးကုံး၊ နှစ်ကျပ်သား၊ (၄) ပန်းလက်ကောက် နှစ်ကွင်း၊ နှစ်ကျပ်သား၊ (၅) ကြိုးဆစ်လက်ကောက် ဆယ်ကွင်း၊ ငါးကျပ် ခြောက်ပဲသား၊ (၇) နားကပ်နှစ်ရံ တစ်ကျပ်သား၊ စုစုပေါင်း ရွှေကျပ်ချိန်

တစ်ဆယ့်ရှစ်ကျပ် တစ်ရာ့ငါးဆယ်တိတိ ဖြစ်ပါသည်။ ပုံ မအေးမြ၊ ၁၃၂၅ခု၊ တပို့တွဲလဆန်း (၁၁)ရက်"

ကိုလှဖေ စာဖတ်၍ ဆုံးသွားတဲ့အခါ အလှူမဏ္ဍပ်ထဲက ပရိသတ်များက ဟာခနဲ ဖြစ်သွား ဖြစ်ကုန်ကြလေတော့သည်။

မဏ္ဍပ်အတွင်းက ပရိသတ်က ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြသံများကို အသံချဲ့စက်မှ ကြားနေရသည်။

ဒေါ်မြကြိုင်တစ်ယောက်မှ မျက်လုံးကြီး ပြူး၍ ဇောချွေးတွေ ပြန်နေရာမှ အရုပ်ကြိုး ပြတ်သလို ဇက်လည်း ကျိုးကျကာ မျက်စိပါ မှိတ်သွားလေတော့သည်။

အနားမှာ ပြုစုနေသော အောင်ပု၏ ဇနီးက ကြီးတော်၊ ကြီးတော်ဟု လှုပ်ခေါ်ကြည့်သည်။ နှာဝကို လေခံကြည့်သည်။ အသက် မရှိတော့ပြီကို သိလိုက်သည်နှင့် ကြောက်ပြီး ထွက်ပြေး လေတော့သည်။

မအေးနု၏ ကံကြမ္မာ အလှည့်အပြောင်း ကောင်းမှုအတွက် ဝမ်းသာပီတိ ဖြစ်နေကြသော အလှူပွဲလာ ပရိသတ်ထဲမှ မအေးနု၏ သူငယ်ချင်း အပျိုကြီး မမြရွှေသည် ဘုရားကုန်းတော် အတက် လမ်းဘက်သို့ မျက်တောင် မခတ်သော မျက်လုံးများဖြင့် စူးစိုက် ကြည့်နေသည်။

သံတွဲမြို့မှ သူနှင့်အတူ ကားစီးလာခဲ့သော ဘောင်းဘီဝတ် အသားဖြူဖြူ လူကြီးသည် ထီးကောက်ကြီးကို တောင်ဝှေးသဖွယ် အားပြု၍ ဘုရားကုန်းတော်ပေါ်သို့ တက်လာနေသည်ကို တွေ့ရသောကြောင့် ကြည့်နေခြင်း ဖြစ်သည်။

ကားပေါ်မှာတုန်းက သူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ထိုင်ပြီး လိုက်လာခဲ့သော ထိုလူကြီးကို သူ မြင်ဘူးသလိုလို သိသလိုလို ဖြစ်နေခဲ့သည်။ ဘယ်မှာ မြင်ဖူး သိဖူးပါလိမ့်ဟု စဉ်းစား မရ ဖြစ်နေခဲ့သည်။

ကိန္နရီချောင်းရွာသို့ ရောက်သောအခါ သူနှင့်အတူ ထိုလူကြီးပါ ကားပေါ်က ဆင်းသည်။ ယခု ဘုရားပေါ်သို့ တက်လိုက် လာချေပြီ။ ကော်ကိုင်းမျက်မှန်နှင့် ဖဲ့ဦးထုပ်ကြီးကြောင့်

ပုံဖမ်းရခက်နေခဲ့သည်။ ယခု သေသေ ချာချာ ဂရုစိုက် ကြည့်သောအခါ မအေးနု၏ အဖေ ဦးအရှောင်နှင့် တူသလိုလို ထင်လာ၍ မအေးနုကို လက်တို့ပြီး ပြလိုက်ရတော့သည်။

"ဟော့ အေးနု၊ ဟိုမှာ ကြည့်စမ်း၊ ဟိုလူကြီးဟာ ငါနဲ့အတူ မြို့ကနေ ကားစီးလာတဲ့ဟာ၊ ဒီလူကြီးကို ငါ မြင်ဖူးသလိုလိုပဲ၊ နင့် အဖေများလား မသိဘူး၊ ကြည့်စမ်းပါဦး"

မမြရွှေ၏ စကားကြောင့် မအေးနုသာမက မဏ္ဍပ်တွင်းက ပရိသတ်များပါ ဘောင်းဘီဝတ် လူကြီးကို ဝိုင်းကြည့်နေကြတော့သည်။

ဘောင်းဘီဝတ် လူကြီးသည် ရှူးဖိနပ်ကို ချွတ်ကိုင်လာ၍ ခုန်ဆွခုန်ဆွ ကားယိကားယား ဖြစ်နေသည်။ ဦးခေါင်းကို ငုံ့ပြီး လျှောက်လာသဖြင့် ဘယ်သူ ဘယ်ဝါဟု ပြောရန် ခက်နေကြသည်။ ကုန်းပြေပြေ မြေညီညီသို့ ရောက်၍ မျက်နှာကို မော့လိုက်သော အခါမှ မဏ္ဍပ်အတွင်းရှိ လူကြီးတွေထဲက ဦးအောင်ပွင့်က မှတ်မိ သွားတော့သည်။

"ဟော့ ... ဟိုဟာ ကိုအရှောင် မဟုတ်လား"

"ဟာ ... ဟုတ်တယ်ဟဲ့၊ အရှောင်ရယ်ပါလား"

သက်ကြီး ဝါကြီးများ အားလုံးက မှတ်မိသွားကြပြီး တညီတညွတ်တည်း ပြောလိုက်ကြသဖြင့် မအေးနုသည် သားလေးကို ကိုညွန့်တင် လက်ထဲသို့ ထည့်လိုက်ပြီး မယုံမရဲဖြင့် ထိုင်ရာမှ ထလိုက်သည်။

မဝံ့မရဲဖြင့် ရှေ့သို့ တိုးသွားပြီး ဘောင်းဘီဝတ် လူကြီးအနီးသို့ ကပ်သွားသည်။ လူကြီးသည် ထီးကို အားပြုထောက်ရင်း မောပမ်းနွမ်းနယ်စွာဖြင့် မအေးနုကို ကြည့်နေသည်။

မအေးနုသည် လူကြီးနှင့် နီးနိုင်သမျှ နီးအောင် တိုးကပ်သွားပြီး မျက်နှာကို သေသေချာချာ ကြည့်သည်။ ဟုတ်ပါသည်။ အဖေမှ အဖေအစစ်ပါ။ အိုသွားသည်မှ လွဲ၍ ဘာမှ ပြောင်းလဲမှု မရှိသဖြင့် မလွဲနိုင်ဟု ယုံကြည်သော်လည်း မဝံ့မရဲပင် မေးလိုက်ရတော့သည်။

"အဖေ ... အဖေ မဟုတ်လား ဟင်၊ ဦးအရှောင် မဟုတ်လား ဟင်"

အဖေ ငတ်နေသော မအေးနုသည် ရေငတ်သူ ရေတောင်းသည့် အသံဖြင့် အငမ်းမရ မေးလိုက်သည်။ လူကြီးသည်လည်း သမီးအရင်းကို မှတ်မိသွားပြီး ဖြစ်သည်။ လက်မှ ကိုင်ထားသော ထီးနှင့် ဖိနပ်ကို ပစ်ချလိုက်ပြီး ဝမ်းသာအားရ ကသောကမြော ပြန်ဖြေလိုက်သည်။

"ဟုတ်တယ်လေ၊ နင် ငါ့သမီးလေး အေးနု မဟုတ်လား ဟင်"

"အဖေ"

မအေးနုသည် ဖခင် တရုတ်ကြီး၏ အမေးကို မဖြေနိုင်တော့ဘဲ အဖေဟု အော်ခေါ်ပြီး လူကြီး ပြေးဖက်၍ အားရပါးရ ငိုချလိုက်တော့သည်။ လူကြီးသည်လည်း မအေးနုကို တယုတယ သိုင်းဖက်ပြီး အတွင်းလှိုက်၍ ရှိုက်ငိုနေတော့သည်။

မအေးနုသည် ဖခင်ကို ဖက်၍ အားရအောင် ငိုပြီးသောအခါ ဖခင်၏ ထီးနှင့်ဖိနပ်ကို ကောက်ယူလိုက်ပြီး ဖခင်၏ လက်ကို ဆွဲ၍ မဏ္ဍပ်အတွင်းသို့ ခေါ်လာခဲ့သည်။

မဏ္ဍပ်အတွင်းက ရွာခံသား လူကြီးများက ဝမ်းပန်းတသာ ကြိုဆိုကြသောအခါ ဦးအရှောင်မှာ ဝမ်းသာဝမ်းနည်း ဖြစ်နေရာတော့သည်။

မအေးနုသည်လည်း အနှစ် နှစ်ဆယ်ခန့် သေမှန်းရှင်မှန်း မသိနိုင်အောင် ကွဲကွာနေသော ဖခင်အရင်းကို မမျှော်လင့်ဘဲ ပြန်တွေ့သော ကလေးငယ်ပမာ ပျော်နေရှာတော့သည်။

"အဖေ၊ ဒီမှာ အမေ မြှုပ်ထားခဲ့တဲ့ ပစ္စည်းတွေ"

မအေးနုသည် တူးဖော်ရရှိထားသော ရွှေငွေလက်ဝတ် လက်စားများကို ကိုင်မြှောက်ပြီး ဖခင်ကြီးကို ဝမ်းသာအားရပြသည်။

ဤရွှေငွေ ပစ္စည်းများသည် တစ်ချိန်တစ်ခါက ဦးအရှောင် ပင်ပန်းကြီးစွာ ရှာဖွေ စုဆောင်းပေးခဲ့သော ပစ္စည်းများ ဖြစ်သည်။ ဦးအရှောင်သည် အရက်ရောင်းသော်လည်း အရက်မသောက်၊ လောင်းကစား ဝါသနာမပါ၊ အစားကိုသာ ကောင်းကောင်း စားသည်။ စွပ်ကျယ်အင်္ကျီ တစ်ထည်၊ ဘောင်းဘီတို တစ်ထည်ဖြင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး မနားမနေ

အလုပ် လုပ်ခဲ့သူ ဖြစ်သည်။ ပျက်စီးချိန် တန်လာသောအခါ လူ့ကျင့်ဝတ် တစ်ကွက်မှား၍ ဘဝ ပျက်သွားခဲ့ရရှာသူ ဖြစ်သည်။ ပတ်ဝန်းကျင် ယဉ်ကျေးမှုက ခွင့်မလွှတ်၍ ထွက်ပြေးခဲ့ရသူ ဖြစ်သည်။

ဦးအရှောင်သည် ရွှေ ငွေ ရတနာများကို တစ်ချက် လှမ်းကြည့်ရုံကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်၍ မျက်နှာ လွှဲလိုက်သည်။ ပြီးတော့မှ ဖြည်းဖြည်း ပြောလိုက်သည်။

"ဒီပတ်ကြီးတေဟာ တမီးရဲ့ အမေက တမီးအီတွက် ထားခဲ့လာပဲ၊ တမီးပဲ ယူပေါ့၊ တမီးလဲ့ပဲ ထိုက်တန်ပါတယ်၊ အီ အဖေနဲ့ မီထိုက်တန်ပါဘူး"

ဒီပစ္စည်းတွေဟာ သမီးရဲ့ အမေက သမီးအတွက် ထားခဲ့တာပဲ။ သမီးပဲယူပေါ့၊ သမီးနဲ့ပဲ ထိုက်တန်ပါတယ်။ အဖေနဲ့ မထိုက်တန်ပါဘူးဟု မပီမသ ပြောလိုက်သော တရုတ်ကြီး ဦးအရှောင်၏ စကားများသည် ရှာသူ ရှာသားများကို တရားသံဝေဂရစေတော့သည်။

"အဖေ ဟောဒါ သမီးရဲ့ ခင်ပွန်းလေ၊ ကိုညွှန့်တင်လေ၊ မှတ်မိတယ် မဟုတ်လား"

ဦးအရှောင်သည် ကိုညွှန့်တင်ကို သေသေချာချာ ကြည့်ပြီးမှ ညွှန့်တင် ဆိုသည့် နာမည်နှင့် ငယ်ရုပ်ကို ဖမ်းမိသွားဟန်တူသည်။

"လင် ရွှမ်းခံတဲ့ အီကောင်လေး၊ ဘုန်းကြီးကျောင်းတား မီဝုတ်လား"

နင် ဆွမ်းခံတဲ့ အကောင်လေး၊ ဘုန်းကြီးကျောင်းတား မဟုတ်လားဟု မေးလိုက်ရာ ကမ္ဘာပတ်လာခဲ့သော သဘောသား အရာရှိကြီး ကိုညွှန့်တင်မှာ ပြုံး၍ ဝန်ခံလိုက်ရတော့သည်။

မအေးနသည် ကိုညွှန့်တင် လက်ထဲက သားလေးကို ပွေ့ချီယူပြီး သူ့အဖေ တရုတ်ကြီးကို ပြလိုက်သည်။

"အဖေ ဒီမှာ အဖေ့မြေးလေး"

ရွှေငွေ ရတနာတွေကို ဂရုမစိုက်သော တရုတ်ကြီး ဦးအရှောင်သည် မြေးဦးလေးကို မြင်တွေ့လိုက်ရသောအခါ လွယ်ထားသော လွယ်အိတ်ကလေးကို ပစ်ချလိုက်ပြီး မအေးန လက်ထဲက ကလေးကို လှမ်းယူချီပွေ့ လိုက်လေတော့သည်။

မြေးကလေး မျက်နှာကို ကြည့်၍ ကြည်နူးနေသော ဦးအရောင်ကို ပရိသတ်က သဘောကျ၍ ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီးပေးလိုက်ကြသည်။

မအေးနသည် ဒုက္ခအားလုံးကို ဖြတ်ကျော် အောင်နိုင်သော အပြုံးမျိုးဖြင့် ပြုံး၍ ချစ်လင်ကိုညွှန့်တင်၏ လက်မောင်းကို ခိုတွဲပြီး ရွှေငွေရတနာများကို ပရိသတ် မြင်သာအောင် ကိုင်မြှောက်ပြလိုက်စဉ်မှာပင်-

အသံချဲ့စက်ဆရာသည် ချစ်ပန်းသဇင် ဇာတ်ကားမှ မင်းသမီး မြင့်မြင့်ခင် သီဆိုခဲ့သော သီချင်းဟောင်း တစ်ပုဒ်ကို ဖွင့်ပေးမိလျက်သား ဖြစ်သွားလေသတည်း။

"ပန်းပန်ရင် နန်းဆန်တယ်တော့၊ ငွေကြော့ကုသိုလ် ကြော့ကုသိုလ်တော့၊ ခုနေခါလာမစမ်းလေနဲ့ အလှမ်းကွာလိမ့် နေရာတကာ ကိုးဆယ်ဆ သာလိမ့်မယ်ရှင့်"

အဏ္ဏဝါစိုးမိုး


အရှုးမတစ်ယောက်ကို
လက်ထပ်ယူလိုက်သည့်
သင်္ဘောသားအရာရှိ လူပျိုကြီး
တစ်ယောက်အကြောင်း . . .
အဏ္ဏဝါနိုးမိုး
ပန်းပန်မှ နန်းဆန်တော့သည်